www.burmeseclassic.com



www.burmeseclassic.com

၂၀၀၅ ခုနှစ် စာပေဗိမာန်ဆုရ

ဝတ္ထုရှည်တတိယဆုရ

# ဝန်းစတာခမြစ်ရှုရုံသင်းပါလို့ လယ်ကွင်းကစိုးသံ မိုးသို့လျှံ

သိန်းဇော် (ရွှေလီဦး)

စီစဉ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ - ကြူဇော)
စာတည်း (တာဝန်ခံ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး ( ၄၅၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာန စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ခွေငယ်)က

မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍

မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာရေးကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အခန်း (၁)

## "ဆွမ်းတော်ချိ"

ဝန်းတောရွာ၊ ရွာလယ်လမ်းကြီးပေါ်မှ ဆွမ်းတော်ချိုဟစ်သံ၊ အသံရှင်မှာ ဆွမ်းချိုင့်တစ်ဖက် သပိတ်တစ်ဖက် တံပိုးဆိုင်းထမ်းလေးဖြင့် ထမ်းရင်း သံဃာတော်များ၊ ကိုရင်များ ဆွမ်းခံထွက်ရာပါလာသည့် မောင်ရွှေစာရေးလေးဖြစ်သည်။ မောင်ရွှေစာရေးကား အသက် ၁၂ နှစ်ခန့်ရှိပြီး လူပုံခပ်ပိန့်ပိန့်၊ သျှောင်ပေစူးလေးနှင့်ဖြစ်၏။ အသက် ငါးနှစ်အရွယ်လောက်ကပင် ရွာဦးဘုန်းတော်ကြီးကျောင်းသားအဖြစ် ရောက်နေပြီး ဖတ်ဆိုးလေးလည်းဖြစ်၏။ ဘုန်းတော်ကြီးကျောင်းသင်သော သမတဆယ်ဆောင်တွဲ၊ လောကနီတိ၊ ဖိုး၊ ကဗျာများ သင်ယူနေသလို၊ အနီးရှိ မူလတန်းကျောင်းတွင် စတုတ္ထတန်း ပညာသင်ကြားနေသူလေးလည်းဖြစ်၏။ အစစအရာရာ ဆရာတော်က တာဝန်ယူထားသည်။

"ဟေ့… ရွှေစာရေး ဆွမ်းတော်ဟစ်ဦးကွ… အိမ်တွေ ကျော်ကုန်ပြီ"

အနားတွင် ကပ်ပါလာသူ လူမွန်က ဆွမ်းတော်ဟစ်ရန် ကြေးမြွား သော ရွှေစာရေးကို သတိပေးလိုက်သည်။ ရွှေစာရေး လှည့်ကြည့်အဲ

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွ… ဆွမ်းတော်ဖို့" ဟုပြန်ပြောရင်း ဆက်တိုက် ဆွမ်းတော်ဟာစ်လိုက်သည်။ လှမွန်က ဆက်၍ ခပ်တိုးတိုးဖြင့်…

"ဟော့ကောင် ခပ်စိပ်စိပ်ဟာစ်ထားကွ၊ ရွှေလိပ်ပြာတို့ အိမ်နား ရောက်တော့မယ် မင်း မဟာစ်ချင်ဘူးလား၊ ငါဟာစ်လိုက်မယ်နော်" ဟု ပြောလိုက်လျှင် ရွှေစာရေး နောက်ပြန်လှည့်ကြည့်လိုက်ရင်း…

"ဟော့ကောင် ဘာပြောတာလဲ၊ မင်း ဟာစ်ချင်ဟာစ်ပါလား၊ ဒီမှာ ဆွမ်းအုပ်တွေ ပြည့်နေလို့ ထမ်းရတာ လေးရတဲ့အထဲကွာ၊ ကျောင်းလည်း မနေ့တစ်နေ့ကမှလည်း ရောက်သေးတယ်၊ လှတွင်ကျယ်လည်း လုပ်ချင် သေးတယ်၊ ဟင်း…" ဟု မကျေမနပ်ဖြင့် ပြန်ပြောလိုက်ရာ လှမွန့်မျက်နှာ မချိုမချဉ်ဖြင့်…

"အလကား ငါနောက်တာပါကွာ၊ စိတ်မတိုပါနဲ့ သူငယ်ချင်းရာ၊ တယ်လည်း ဒေါသကြီးတာကိုး၊ ဆရာတော်ကြီးက သည်းခံစိတ်ထား ရမယ်တဲ့၊ ကဲ… မင်းနားဦး ငါဟာစ်လိုက်ပါ့မယ် ဆွမ်းတော်ဖို့ ဆွမ်းတော် ဖို့" လှမွန်မှ ပြောလည်းပြော၊ အသံတောက်ဆတ်ဆတ်ဖြင့် ပုံမကျ ပန်းမကျ ဟာစ်နေရာ၊ ရွှေစာရေးကြိတ်၍ ပြုံးမိလိုက်သည်။ ရွှေစာရေးနှင့် လှမွန်ကား ငယ်ငယ်လေးကတည်းက ကစားဖော်တွေဖြစ်သလို၊ ညီအစ်ကို တွေလို ချစ်ခင်ကြ၏။ သို့သော် လူငယ်လေးများပီပီ အငြင်းအခုံစကားများ တာတော့ ထပ်နေလေပြီ။

"ရပ်တော်မူပါဦး ဘုရား"

ရွှေလိပ်ပြာတို့ အိမ်ရှေ့အရောက် ကြားလိုက်ရသည့် အသံက ရွှေလိပ်ပြာအမေ ဒေါ်ခင်မှုံအသံ၊ ရှေ့ဆုံးမှ ကြွနေသော ဦးပဥ္စင်းကြီး ဦးသောဘိမှစ၍ နောက်ဆုံး ကိုရင်လေးအထိ ဒေါ်ခင်မှုံ အိမ်ရှေ့တွင်



ငြိမ်သက်စွာ ရပ်နေကြပေပြီ။ ဒေါ်ခင်မှုံကား ထွက်မလာနိုင်သေး၊ ရွှေစာရေးနှင့် လှမွန်ကား ဒေါ်ခင်မှုံတို့ အိမ်ပေါက်ဝသို့ ကြည့်ရင်း ယည်တခဲ့ခဲ့ဖြစ်နေကြပြီ၊ ဟော… ထွက်လာသူက ဒေါ်ခင်မှုံမဟုတ် သူမ၏ တစ်ဦးတည်းသော သမီးလေး ရွှေလိပ်ပြာပင်ဖြစ်၏။ ပခုံးထက် တွင် ဖူးစောင်ပါးပါးလေးတင်ကာ ဆွမ်းထည့်သည့် ကြွေရည်သုတ် အစ်ကို ကိုင်လာပြီး ခြံဝသို့ အိမြွေရရ ထွက်လာသည့် ရွှေလိပ်ပြာလေးမှာ အုံလုံးသိမ်းပြီးစ ဆံယဉ်ခံတောက် ကောက်လေးဖြင့် ချစ်စဖွယ်လေး ဖြစ်သည်။ ရွှေစာရေးတို့နှင့် သက်တူရွယ်တူ အတန်းတူတွေဖြစ်ပြီး ချစ်ချစ် ခင်ခင်နေကြသော သူငယ်ချင်းတွေဖြစ်သည်။ စကြပြောင်ကြ ပြောမနာ ဆိုမနာတွေလည်း ဖြစ်သည်။ ယခုလို ဆွမ်းလောင်းရန်ထွက်လာသည့် အချိန်တွင်တော့ ရွှေလိပ်ပြာကိုကြည့်ရင်း ရွှေစာရေးတို့နှစ်ယောက် ငြိမ်ချက်သားကောင်းနေသည်။ ရွှေလိပ်ပြာ နောက်ဆုံး ကိုရင်လေး ဆွမ်းလောင်းပြီးသည်နှင့် ရွှေစာရေးကို ကြည့်ရင်း…

"ဟဲ့… ရွှေစာရေး အမေ့ကို စောင့်ဦး၊ ဟင်းဆွမ်းလောင်းမလို့ ထည့်နေတယ်" ရွှေလိပ်ပြာ ပြောပြီး ခြံထဲဝင်သွားတော့ ဒေါ်ခင်မှုံ ကပျာကယာဖြင့် ဟင်းချိုင့်ဆွဲထွက်လာသည်။

"ဟဲ့… ကျောင်းသားလေးတွေ ချိုင့်ပါတစ်ဝါတည်း ထည့်ပေး လိုက်မယ်၊ ညနေကျမှ ရွာထဲ ဆွမ်းအုပ်ပို့ရင် တစ်ပါတည်း ပြန်ယူလာခဲ့၊ ခနဲ့ဒလွန်သီးနဲ့ ဘူးသီးချဉ်ရေဟင်းနော်၊ မဖိတ်စေနဲ့၊ ဆရာတော်ကြီးက ကြိုက်ပါဘိသနဲ့ ရော…" ဟုပြောရင်း ရွှေစာရေး လက်ထဲသို့ ထည့်ရန် ပြင်နေစဉ် ရွှေစာရေးမှ…

"ဟော့… လှမွန် ငါ့မှာ ဆွမ်းအုပ်ကြီးနဲ့ မင်း ဒေါ်ကြီးခင်မှုံဆီ ဆွမ်းချိုင့်ယူလေကွာ" ဟုပြောလိုက်လျှင် ဒေါ်ခင်မှုံ လှမွန်ကိုကြည့်ရင်း–

www.burmeseclassic.com

www.burmeseclassic.com



"ဪ... ကိုသာညွှတ်သားလေးလား၊ ညနေ ဆွမ်းအုပ်ဖို့တဲ့ ကျောင်းသားနဲ့ ဒေါ်ကြီးချိုင့် ပြန်ပေးလိုက်နော်" ဟုထပ်မှာနေသဖြင့် လှမ္မိကလည်း...

"ဟုတ်ကဲ့ ဒေါ်ကြီး" ဟု ပြောရင်း ချိုင့်လှမ်းယူရင်း စကားတွေ အမြန်အလှန်ပြောနေသည်။ ရွှေစာရေးလည်း ခပ်ဝေးဝေးရောက်ပြီဖြစ်သော ဦးပဉ္စင်းများ၊ ကိုရင်များနောက်သို့ ခပ်သွက်သွက်လိုက်လာကာ ပါးစပ်မှလည်း...

"ဆွမ်းတော်ဗျို့... ဆွမ်းတော်ဗျို့... ဆွမ်းတော်ဗျို့" ဟု အဆက်မပြတ် ဟစ်နေရာ ရှေ့ဆုံးမှကြွနေသည့် ဦးသောဘိပင် နောက်ငဲ့ကြည့်တာ တွေ့လိုက်ရသဖြင့် အရှိန်သတ်လိုက်သည်။ သူ့စိတ်ထဲတွင်တော့ ရွှေလိပ်ပြာ အမေကြီးနှင့် ဆွမ်းခံထွက်တာနှင့်ကြုံတိုင်း တစ်ခုမဟုတ်တစ်ခု အမြဲအဖြစ်ပြော ညစာပေးတတ်တာ ခံရတာထပ်နေပေပြီ၊ ကျောင်းသားသစ် လှမ္မိကတော့ မသိသေး။

"ဟော့... ရွှေစာရေး စောင့်ပါဦးကွ"

ဆွမ်းချိုင့်ဆွဲလာရင်း ခပ်မြန်မြန်လာနေသည်။ ဆွမ်းခံကြွသည့် နောက်ဆုံး ကိုရင်လေးပင် ကျောင်းလမ်းချိုးသို့ ဝင်သွားလေပြီ။

"ဟာ... ဟော့ကောင်တွေ မင်းတို့တွေ့တာနဲ့အတော်ပဲ၊ တို့ ဒိုးပတ်ဝိုင်း သန်ဘက်ခါကို စလူတောင် ရွာအရှေ့က ဖိတ်ထားတယ်၊ မင်းတို့ နှစ်ယောက်လည်းပါတယ်၊ အဲဒီနေ့ စောစော ငါ့အိမ်လာခဲ့ကြပေ့" ဟု ရွာလမ်းဆုံတွင် တွေ့လိုက်ရသူ ကိုလှဝင်း ပြောလိုက်လျှင် လှမ္မိက အားရဝမ်းသာစွာဖြင့်...

"ဟာ... ဟုတ်လား ကိုကြီးလှဝင်း၊ ကျွန်တော်တို့လိုက်မယ်၊ လိုက်မယ်ဗျာ" ဟုပြောနေလျှင် ရွှေစာရေးမှ...



"ဟော့ကောင် လှမ္မိ တို့ ဒီအတိုင်းလိုက်လို့ ဘယ်ဖြစ်မှာလဲကွ၊ မင်းရော ငါရော ရွာဦးဘုန်းတော်ကြီးရဲ့ ကျောင်းသားတွေဖြစ်နေပြီကွ၊ ဆရာတော်ရဲ့ ခွင့်ပြုချက်ရမှ လိုက်လို့ရမှာပေါ့၊ ဪ ကိုကြီးလှဝင်း ဆရာတော်ကို လာလျှောက်ဦးနော်" ဟုပြောလိုက်သည့် ရွှေစာရေးစကားကြောင့် ကိုလှဝင်းတစ်ယောက် သဘောပေါက်သွားကာ...

"အေး... ငါ လေသွားတယ်ကွာ၊ အေး... ဟုတ်သားပဲ၊ မင်းတို့က ဆရာတော်ရဲ့ အုပ်ထိန်းမှုအောက်မှာပဲ၊ ဆရာတော်မသိဘဲ မင်းတို့ကို ငါခေါ်သွားလို့ကတော့ မင်းတို့ရော ငါရော ဆရာတော်ရဲ့ ကြိမ်ဖူး ဟင်းချို ချိုသလား၊ နှံ့သလား အမြည်းခိုင်းနေဦးမယ်ဟေ့"

"ဟား...ဟား...ဟား"

ဟုပြောလိုက်လျှင် ရွှေစာရေးတို့နှစ်ယောက် သဘောကျစွာ ရယ်လိုက်ကြရင်း ကျောင်းလမ်းချိုးဘက်သို့ ခပ်သွက်သွက်လှမ်းလိုက်ကြသည်။

ဧ ဧ ဧ ဧ ဧ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒကာကြီးသာညာထိတို့ ဖနီးမောင်နှံပါလား၊ ရွှေစာရေး ယပ်ခွဲပါဟေ့ နည်းနည်းပူလာတယ်"

တမို့တွဲလပြည့်ကျော်လာပြီမို့ နေ့လယ်နေ့ခင်း ပူလာချေပြီ၊ ဆရာတော်ကြီး ယပ်ခွဲရန်ပြောသဖြင့် ရွှေစာရေးလည်း ကျောင်းတိုင်ကြီးတွင် ချည်ထားသော ယပ်ခွဲကြိုးကြီးကို ဖြုတ်၍ လျှော့လိုက်တင်းလိုက်ဖြင့် ယပ်ကြိုးကြီးကို ခွဲနေလေတော့၏။ ကျောင်းမျက်နှာကြက်ဝယ် ဆင်ထားသော ခွဲယပ်ကြီး နှစ်ခု ရွေ့တိုးနောက်ဆုတ် လှုပ်ရှားမှုလေအရှိန်ကြောင့် ကျောင်းပေါ်ထိုင်နေသူအားလုံး လေအေးအေးလေး ရသွားတော့၏။ ဦးသာညာထိတို့မှ ဆရာတော်ကြီးကို ဝတ်ဖြည့်ပြီးသည်နှင့်…

"တင်ပါ့ဘုရား တခြား အထွေအထူးတော့ သိဝ်မရှိပါဘူးဘုရား၊ အလှူကိစ္စလေး လျှောက်ချင်လို့ပါဘုရား" ဟု အစချီလျှောက်ထားလိုက်လျှင် ဆရာတော်ကြီးမှ သဘာန်းပြင်ရှုလိုက်ရင်း…

"ဘာအလှူလဲကွဲ့… ဆက်လျှောက်ပါဦး"

"ဒီလိုပါဘုရား ဒီနှစ် ဆရာတော့်ကျောင်းမှာ ပို့ထားတဲ့ တပည့်တော်သား မောင်လှမွန်ကို လာမယ့် တပေါင်းလမှာ ရှင်ပြုပေးချင်လို့ပါဘုရား၊ အဲဒါ ဆရာတော်ဘုရားကို သင့်တော်မဲ့ အလှူရက်သတ်မှတ်ဖို့ လျှောက်ထားချင်လို့ပါဘုရား"



ဦးသာညာထိစကားကြောင့် ဆရာတော် ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ရင်း…

"အိမ်း… ဒါကြောင့် ဒကာကြီးက မောင်လှမွန်ကို ကျောင်းကြိုပို့ထားတာကိုး" ဟု အမိန့်ရှိလိုက်လျှင်, ဦးသာညာထိက လက်အုပ်ချီလျက်…

"ပထမတော့ ဒီလိုရည်ရွယ်ချက်နဲ့ မဟုတ်ပါဘူးဘုရား၊ လောကအကြောင်း၊ ဓမ္မအကြောင်း၊ သံသာ့အကြောင်း နိုးကပ်မှုရှိအောင်လို့ပါဘုရား၊ အခုဟာက တပည့်တော်ဖနီး မသင်ဥက ကျန်းမာရေးချူချာလာတာတစ်ကြောင်း၊ အခုလို စပါးရတဲ့နှစ်မျိုးမှာ သူ့သားကို ကိုရင်ဝတ်ပေးချင်တာတစ်ကြောင်းကြောင့် အခုလို စီစဉ်လိုက်တာပါဘုရား"

ဟု သူတို့အိမ်ထောင်စုအခြေအနေ လျှောက်ထားလိုက်လျှင် ဆရာတော်ကြီးက အနီးရှိ ဒေါ်သင်ဥကို တစ်လှည့်ကြည့်ရင်း…

"အင်း… အသက်ကြီးလာတော့ ခက်ပေသားပဲ၊ သဗ္ဗဝါမှန်သမျှ ကိုယ့်ကိုယ်ကိုမှ အစိုးမရကြတာပဲ… ဒါနဲ့ နေစမ်းပါဦး၊ ဒကာကြီးရဲ့ ဒီနှစ် လယ်ချောင်းမိုးမြေတွေရော လှတိုင်းတောင်းကြရဲ့လား" ဟု ဆရာတော်ကြီးမှ အမေးရှိလိုက်လျှင် ဦးသာညာထိမှ ကျုံ့ကျုံ့ပြန်လိုင်ရင်း…

မှန်ပါ့ဘုရား၊ ဒီနှစ်တွင် မဟုတ်ပါဘူး ပြီးခဲ့တဲ့နှစ်တွေကပါ တပည့်တော်တို့ ရွာနီးချုပ်စပ်နယ်ပယ်အားလုံး ရေသင့်မိုးသင့်မို့ အားလုံး စပါးထွက်တွေ ကောင်းကြပါတယ်ဘုရား၊ တပည့်တော်တို့ ဝန်ရေကာအတွင်းဘက် ရွာတွေတင်မဟုတ်ပါဘူးဘုရား၊ ဝန်မြစ်အနောက်ကမ်းတိုင်းကျွန်းတွေလည်း ငရုတ်၊ ပဲ၊ ဆေးတွေ တော်တော်ရကြပါတယ်ဘုရား" ဟုလျှောက်ထားလိုက်လျှင် ဆရာတော်ကြီးမှ တစ်ချက်ပြုံးလိုက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ကြားရတဲ့သတင်းက ကောင်းပါတယ် ဒကာကြီး၊ ဒါကြောင့်လည်း ဒီနှစ်ပိုင်းတွေ အလှူအတန်းတွေ များနေတာကိုး၊ အေးလေ… ကျုပ်တို့ ရေကာတာ အတွင်းပိုင်းနယ်တွေကတော့ တစ်မိုးမှ တစ်သီးစားကြရတာဆိုတော့ ရေမိုးသင့်တဲ့နှစ်ဟာ ထီပေါက်သလိုပဲပေါ့၊ သို့သော်လည်း မမေ့မလျော့ မပေါ့နဲ့ဆိုသလို ကောက်ပဲသီးနှံဆိုတာဟာလည်း ကျီထဲပုတ်ထဲရောက်မှ စိတ်ချရမယ့်ဟုတ်လား၊ အခွင့်အခါပေးတုန်း ဝီရိယ စိုက်ကြရအောင်စုကြ၊ ရတဲ့ပစ္စည်းဥစ္စာ သုံးပုံခွဲပြီး လှူသင့်တာလှူ၊ စားသင့်တာစား၊ ချန်သင့်တာချန် ဆိုသလို ထားနိုင်မှ တော်ကာကျမယ် မဟုတ်ဘူးလား ဒကာကြီး ခေါ်သင်ဥ"

ဆရာတော်မှ ခေါ်သင်ဥဘက် လှည့်မေးလိုက်လျှင် ခေါ်သင်ဥမှ ချောင်းတဟွတ်ဟွတ်ဆိုးရင်း…

"အဟွတ်…အဟွတ်…မှန်ပါ့ဘုရား၊ ဒါကြောင့်လည်း ဘုရားတပည့်တော်မ သားလေးကို ရှင်ပြုချင်တာပါဘုရား"

"အိမ်း… ကောင်းလေစွ ကောင်းလေစွ ဘုန်းကြီး ရက်ရွေးထားလိုက်မယ်၊ လာမယ့် ဥပုသ်နေ့ လာခဲ့ကြ"

"တင်ပါ့ဘုရား" ဦးသာညာဏ်တို့ စကားမဆုံးခင် ကျောင်းပေါ်သို့ လူပျိုကြီး ကိုလှဝင်းတို့အဖွဲ့ တက်လာသည်ကို မြင်သဖြင့် ဦးသာညာဏ်ကပင်…

"ဟော့… မောင်လှဝင်း၊ မင်းတွေ့တာနဲ့အတော်ပဲ၊ မင်းတို့ ငါ့အလှူမှာ ဒိုးပတ်တော့ လက်ပေါက်အောင်တီးရမယ်နော်" ဟုပြောလိုက်ရာ ကိုလှဝင်းမှ…

"ကြားပြီးပါပြီ ဘကြီးရ၊ ကျွန်တော်လည်း အားခဲနေပါတယ်" ဟုပြောရင်း ဆရာတော်ကြီး ဝတ်ဖြည့်နေလေ၏။ ဆရာတော်ကြီးမှ ကိုလှဝင်းကိုကြည့်ရင်း…



"ဟော့… မောင်လှဝင်း၊ ဘယ်ကဧည့်သည်တွေလဲ" ဟုမေးလိုက်လျှင် ကိုလှဝင်းက…

"မှန်ပါ့ဘုရား ဟိုဘက် ရေစိမ်းရွာက ဆွေမျိုးတစ်စုနဲ့ စုပေါင်းပြီး ရန်ကုန်မြို့ကလာလှူမယ့် အလှူရှင်တွေပါဘုရား၊ တပည့်တော်တို့ ပန်းတောရွာ ဒိုးပတ်ဝိုင်း နာမည်ကြီးနေတယ်ကြားလို့ လာပြီး ငှားကြတာပါဘုရား၊ အဲဒါ ရွှေစာရေးတို့ လူမှန်တို့ပါ ခွင့်ပြုပေးဖို့ လာလျှောက်ရင်း ဧည့်သည်တွေပါ ဘုရားဖူး ကျောင်းထဲရောက်ဖူးအောင် တစ်ပါတည်းခေါ်လာတာပါဘုရား"

ဟု လျှောက်လိုက်သည်နှင့် ဆရာတော်ကြီးက အားလုံးကို ဝေ့ကြည့်ရင်း…

"အေး… သာဓု… သာဓု၊ ဒကာသာညာဏ်တို့လည်း ခဏနေကြဦး၊ ဟော့… ရွှေစာရေး ယပ်ခွဲတာ ခဏရပ်လိုက်ကွယ်၊ တံမြက်လှဲနေတဲ့ ကျောင်းသားတွေ ဒီခေါ်လိုက်၊ ဧည့်သည်တွေအတွက် ထန်းလျက်တွေ ရေနွေးကြမ်းတွေ ချပေးခိုင်းလိုက်၊ သြော်… ဒကာကြီးသား မောင်လူမှန်ပါ ခေါ်လိုက်"

ဆရာတော် တစ်ဆက်တည်းအမိန့်ရှိလိုက်လျှင် ရွှေစာရေးလည်း မြည်းညင်းငြိမ်သက်စွာ ထသွားရင်း ဆရာတော်နိုင်းသည်များကို ဆောင်ရွက်နေလေတော့၏။ မကြာခင် မောင်လူမှန်လည်း ဆရာတော်ကြီးရှေ့သို့ ရောက်လာပြီး ကျုံ့ကျုံ့လေးထိုင်နေလေ၏။ အားလုံး ငြိမ်သက်သွားသော်မှ

"ကဲ… အားလုံး ထန်းလျက်နဲ့ ရေနွေးကြမ်း သုံးဆောင်ကြဦး၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ… မောင်လှဝင်းတို့ ရွှေစာရေးတို့ မောင်လှမွန့်တို့ မင်းတို့ ဒိုးပတ်ဝိုင်းကို အလှူရှင်များက လာငှားတယ်ဆိုတာ မင်းတို့ကို ချီးမြှောက်တာပဲ၊ တစ်နည်း ရွာဂုဏ်ရပ်ဂုဏ်တက်တာပဲ၊ အဲဒီတော့ ဘုန်းကြီးပြောချင်တာကတော့ မင်းတို့ကို ချီးမြှောက်သလို၊ မင်းတို့ကလည်း ချီးမြှောက်ခံနိုင်တဲ့ မှတ်ကျောက်တင်ခံနိုင်တဲ့ အရည်အချင်းရှိရမယ်၊ မှတ်ထားကြကွဲ့၊ ဘာပညာမဆို မသင်ကောင်းတာ၊ မတတ်ကောင်းတာ မရှိဘူး၊ မလုပ်ကောင်းတာ၊ မလုပ်သင့်တာပဲရှိတယ်၊ အဲဒီတော့ မင်းတို့မှာလည်း ဒိုးပတ်တီးတဲ့ပညာဖြစ်ဖြစ်၊ အသက်မွေးတဲ့ပညာဖြစ်ဖြစ်၊ တောင်မရောက်မြောက်မရောက်မဖြစ်စေနဲ့၊ ဓော်ကန့်လန့်မဖြစ်စေနဲ့၊ ဝါသနာပါတဲ့ အသက်မွေးပညာတစ်ခုကို တစိုက်မတ်မတ်လုပ်ရင် ဘဝတစ်လျှောက်လုံးမှာ အဲဒါနဲ့ ထမင်းစားလို့ရတယ်ကွဲ့၊ ဆရာသမား မိဘဂုဏ်ကျေးဇူးကို မမေ့မလျော့ သိတတ်ကြရင်တော့ ပိုပြီး ထူးကဲတာပေါ့ကွယ်၊ အခု မင်းတို့ ဒိုးပတ်ဝိုင်း ဆိုတာလည်း အပျော်အပါးဘက်တော့ မများကြစေနဲ့၊ ရည်ရွယ်ချက် မှန်ပါစေ ကြားကြရဲ့လား"

"မှန်ပါဘုရား"

"အေး… ချီးမြှောက်တဲ့လူကို မျက်နှာမဖျက်နဲ့၊ ကိုယ့်ရွာကိုယ့်ရပ်ကိုလည်း မျက်နှာမဖျက်နဲ့၊ ဟောဒီ ကျောင်းသားလူငယ်လေးတွေကအစ မင်းတို့ လူကြီးတွေအဆုံး၊ ပညာလို အိုသည်မရှိ ဆိုတဲ့ စကားအတိုင်း ဘယ်ပညာဖြစ်ဖြစ် သင်တဲ့အခါ ပညာစစ်ပညာမှန်ကို နည်းလမ်းတကျ ဆည်းပူးတတ်ရင် မိလောကီ လောကုတ္တရာနှစ်ဖြာအကျိုးကို သယ်ပိုးနိုင်တဲ့ လူချွန်လူကောင်းတွေဖြစ်မှာ သေချာပြီသာမှတ်ကြ၊ ကဲ… သူတော်ကောင်းတရားရွှေ ပွားများအားထုတ်နိုင်ကြပါစေကွယ်၊ ကဲ… ချမ်းသာသလို နေကြ"



"သာဓု… သာဓု… သာဓုပါဘုရား"

အားလုံး၏ သာဓုခေါ်သံအဆုံးဝယ် ဆရာတော်ကြီးမှ ကျက်သရေခန်းအတွင်း ပြန်ကြွသွားလေ၏။ သို့ဖြင့် ဦးသာဉာဏ်၊ ကိုလှဝင်းတို့လည်း ညှိသည်များကို တာဝတိံသာဘုရားကြီး၏ တန်ဆောင်းအတွင်း ရုပ်ပွားတော်များ ဖူးမြော်ရန် ပြောရင်း ကျောင်းကြီးပေါ်မှ ဆင်းလာကြတော့၏။ ရွှေစာရေး၊ လှမွန့်တို့မှာကား အခါအခွင့်သင့်တိုင်း ဆရာတော်ကြီး လောကီ လောကုတ္တရာနှင့်ယှဉ်သော ဩဝါဒစကားတွေ ကြားနေရသည်။ ထို့အတူ သူတို့ဘဝတိုးတက်ဖို့ ဘဝလမ်းညွှန်တွေ ဖြစ်ခဲ့၏။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အဲဒီတော့ မင်းတို့ သိထားဖို့က ဧရာဝတီမြစ်ကြီးရဲ့ မြစ်ခွဲတွေထဲမှာ ပထမဆုံးမြစ်ခွဲဟာ ဝေနံမြစ်ဖြစ်တယ်၊ ဟသ်ာတအထက်နားက ညောင်ကျိုးရွာကနေပြီး ခွဲထွက်လာတာဖြစ်တယ်၊ အဲဒီမြစ်ဟာ အနောက်ရိုးမတောင်တန်းကြီးနဲ့ယှဉ်ပြီး စီးဆင်းနေတာဖြစ်၍ အနောက်ရိုးမက ထွက်ရှိတဲ့ သစ်ဖောင်ဝါးဖောင်တွေ မျှောချရာမှာ အသုံးဝင်သလို၊ ယခင်က ပုသိမ်ကနေ ဟသ်ာတအထိ ရေဝတီသင်္ဘောကြီးတွေ သွားလာနိုင်ခဲ့ပေမယ့် မြစ်ကြောင်းကောလာလို့ အခုဆိုရင် ရေဝတီသင်္ဘောကြီးတွေ ငါးသိုင်းချောင်းမြို့အထိသာ သွားလာနိုင်တော့တယ်။ ဒါပေမယ့် ဧရာဝတီတိုင်းရဲ့ အနောက်ဘက်ဒေသကြီးတစ်ခုလုံးအတွက် သွားလာဆက်သွယ်ရေးအတွက် အလွန်အသုံးဝင်ဆဲဖြစ်တယ်ဆိုတာ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါဆရာ"

သတ္တမတန်း ပထဝီဆရာ ဦးလှကြည်မှ ဧရာဝတီတိုင်းအကြောင်း သင်ကြားစဉ် ဝေနံမြစ်နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေ ရှင်းပြနေလေ၏။ ဆရာဦးလှကြည်မှဆက်၍...

"ဒီဝေနံမြစ်ဆိုတာ မင်းတို့လည်း တွေ့ဖူးကြားဖူးတဲ့ ငါးသိုင်းချောင်းနားက တို့အရပ်ကခေါ်နေတဲ့ ငါးသိုင်းချောင်းမြစ်ပေါ့၊ ပုသိမ်ရောက်တော့လည်း ပုသိမ်မြစ်ပေါ့၊ အေး... အဲဒီမြစ်ဟာ မိုးအခါ ရေလျှံ



တတ်လို့ ရှေးနှစ်ကိုးဆယ်လောက်က လယ်မြေတွေများတဲ့ မြို့ တာတွင်းပိုင်းတစ်နယ်လုံးကို ဝေနံရေကာတာကြီးနဲ့ ကာပေးထားလို့ အဖိုးတန်လယ်မြေတွေ ထွက်ပေါ်ခဲ့တယ်၊ တစ်ဖက်ကမ်း ရေလျှံကမ်းဘက်မှာတော့ နုန်းတင်မြေနုတွေ နှစ်စဉ်ရလို့ ကိုင်းကျွန်းသီးနှံတွေဖြစ်တဲ့ ပဲမျိုးစုံ၊ ပြောင်း၊ ကြက်သွန်၊ ဂရုတ် စသည့်ထွက်ကုန်တွေ အများကြီး အထွက်ကောင်းတယ်ဆိုတာ ငါ့တပည့်တွေ အသိမှိုလား"

"သိပါတယ်ဆရာ" တပည့်များ ဖြေသံအဆုံး၊ ကျောင်းဆင်းခေါင်းလောင်းသံ ပေါ်လာသည်။

"ကဲ... ဒီနေ့ ဒီလောက်ပဲ နားထားပြီး နောက်နေ့တွေ ဆရာဆက်ရှင်းပြမယ်၊ မင်းတို့လည်း စာမေးပွဲတွေနီးနေပြီ၊ မပေါ့ကြနဲ့ ကဲ... မင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါ ဆရာ" ကျောင်းသားများ အခန်းအပြင်သို့ စုပြုံထွက်လာကြတော့၏။ ကျောင်းရှေ့ မန်ကျည်းပင်ကြီးတွင် ရပ်ဆေးပြန်ကြမည့် ကျောင်းသားများ ကိုယ့်အုပ်စုနှင့်ကိုယ် ရှိနေကြသလို တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စောင့်လျှက်ရှိကြ၏။ ထိုအထဲတွင် ပန်းတောရွာမှ မြို့ကျောင်းသို့ လာရောက်တက်သူများဖြစ်သော ရွှေစာရေး၊ လှမွန်၊ ရွှေလိပ်ပြာ၊ ခင်သဲ၊ ခင်သန်းဝင်း၊ မလှပို၊ တက်ပုတို့ အဖွဲ့ကား ဆုံနေကြ၊ လှမွန်နှင့် ရွှေလိပ်ပြာ၊ မလှပိုတို့က အမြဲတမ်းလိုလို စက်ဘီးပါလာတတ်သလို၊ ရွှေစာရေး၊ ခင်သဲ၊ တက်ပုတို့က အမြဲတမ်းလို သုံးမိုင်ကျော်ဝေးသော ရွာသို့ ခြေကျင်ပြန်နေကျ။ ပန်းတောစလူတောင်၊ ကြီးကြာကွင်းရွာများမှ ကျောင်းသားအများစုမှာလည်း ခြေကျင်ကျောင်းတက်ကြ၏။

"ဟေ့... ရွှေစာရေး လှမွန်တို့ရောက္ခ၊ မရောက်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း အနားရောက်လာသူ တက်ပုကို မန်ကျည်းပင်အမြစ်ပေါ်တွင် ထိုင်နေသူ ရွှေစာရေးက လွယ်အိတ်စလွယ်သိုင်းလိုက်ရင်း…

“ရွှေလိပ်ပြာ စက်ဘီးပေါက်သွားလို့ လူမွန် သွားပြင်နေတယ်ကွ၊ ခင်သန်းဝင်းနဲ့ မလှပိုတို့က ဈေးထဲကို သူတို့အမေတွေမှာတဲ့ ဆေးတွေ ခဏသွားဝယ်တယ်၊ ဒီမှာစောင့်ပြီးမှ သွားကြမယ်တဲ့၊ ဒီမှာ သူတို့ လွယ်အိတ်တွေ၊ ရွှေလိပ်ပြာနဲ့ ခင်သဲတော့ ဗိုက်ဆာလို့ မုန့်သွားစားလေရဲ့”

ရွှေစာရေးသည် တက်ပုကို မန်ကျည်းပင် အမြစ်ဆုံကြီးပေါ် တင်ထားသော လွယ်အိတ်ပုံကို ပြလိုက်သည်။

“ဟော… ပြောရင်း လူမွန်လာပြီဟေ့၊ လူမွန် စက်ဘီးမရသေးဘူးလား” ရွှေစာရေးက တစ်ဆက်တည်း မေးလိုက်လျှင် လူမွန် ခေါင်းကုတ်ရင်း…

“စက်ဘီးလိုတဲ့ပစ္စည်းတွေ နည်းနည်းထည့်ရမှာမို့ စက်ဘီးပြင်တဲ့ ကိုကုလားကြီး ဈေးထဲသွားဝယ်နေတယ်ကွ၊ နာရီဝက်လောက်တော့ စောင့်ရမယ်တဲ့၊ ဒါနဲ့… ဟိုအဖွဲ့တွေရော”

ဟု မေးလိုက်လျှင် ခပ်လှမ်းလှမ်းမှလာနေသော ရွှေလိပ်ပြာနှင့် ခင်သဲကို မြင်လိုက်သည်နှင့်…

“ဟိုမှာ မချောနှစ်ယောက်လာနေပြီ၊ ဟိုနှစ်ယောက်တော့ မလာသေးဘူး”

ဥဩ… ဥဩ…ဥဩ… ထိုစဉ် မနီးမဝေး ကုက္ကိုပင်ကြီးပေါ်မှ ဥဩတွန်သံ ပေါ်လာသည်။ တက်ပုမှ ဆိုင်းမဆင့်ဗုံမဆင့်ဖြင့်…

“ဩော် ဥဩတွေတောင် တွန်ပါပေါ့လား၊ ကျောင်းကြီးလည်း ပိတ်တော့မယ်နော်၊ ဒီလိုအချိန်ရောက်ရင် ငါစိတ်ထဲ လွမ်းသလိုလို ခံစားရ



တယ်ကွာ” ဟု လွမ်းလွမ်းဆွေးဆွေး ပြောလိုက်လျှင် အနားရောက်လာသူ ခင်သဲမှ…

“အမယ်… ဘာလွမ်းတာလဲ၊ လူနဲ့စကားနဲ့ မလိုက်လိုက်တာ တက်ပုရယ်၊ ပုတဲ့လူ လွမ်းရင် လူတိုင်းမသနားဘူး၊ နင်… ခင်သန်းဝင်း ပြန်လာမှ ပြန်လွမ်းပြ” ဟုပြောလိုက်လျှင် ရွှေစာရေးတို့အဖွဲ့ သဘောကျသွားသလို ဝိုင်းရယ်လိုက်ကြသည်။ တက်ပု ရှုံ့မဲ့သွားပြီးမှ မျက်နှာတည် လိုက်ကာ

“ငါ အကောင်းပြောတာပါဟာ၊ နင်တို့ စဉ်းစားကြည့်ကြဦး၊ တို့လည်း ရွာကျောင်းကနေ မြို့ကျောင်းရောက်တဲ့ အရွယ်ရောက်လာ၊ နွေမိုးဆောင်းရာသီတွေ ပြောင်းလာသလို တို့အသက်တွေ တစ်နှစ်ထက် တစ်နှစ် ကြီးလာပြီမဟုတ်လား၊ ဟော… နောက်ဆို တို့ ဒီကျောင်းကြီးက ၁၀ တန်းအောင်တာနဲ့ ခွဲခွာကြရဦးမှာ မဟုတ်လား၊ အဲဒါတွေကို အခုလို ဥဩတွန်သံလေးတွေကြားရတိုင်း တို့ တစ်နှစ်တစ်နှစ် ကုန်ဆုံးခဲ့တာကို စာမေးပွဲကြီးဖြေဖို့ ကျောင်းပိတ်ဖို့နီးတာနဲ့ ယှဉ်ပြီး ဝမ်းနည်းသလိုလို တကယ်ခံစားမိလို့ပါဟာ” တက်ပု စကားကြောင့် အားလုံးငြိမ်ကျသွားသည်။ ပြီးမှ ရွှေလိပ်ပြာက…

“အေးဟာ… တက်ပုပြောမှ တွေးမိတယ်နော်၊ ငါတို့ ဒီကျောင်းကြီးမှာ ၁၀ တန်းအောင်ပြီးရင် ဘယ်လိုအခြေအနေရှိမယ် မပြောတတ်သေးဘူးနော်” ဟုပြောလိုက်လျှင် ခင်သဲမှ…

“ဟာ… ငါတော့ ၁၀ တန်းအောင်ရင် ငါဝါသနာပါတဲ့ ဆရာမ ဖြစ်အောင်လုပ်မယ်ဟာ၊ ကဲ ဒီက… ကိုရွှေစာရေးရရော” ဟုမေးလိုက် လျှင် ရွှေစာရေး သစ်မြစ်ဆုံပေါ်ထိုင်နေရာမှ ထလိုက်ရင်း…

www.burmeseclassic.com

"အေးဟာ… နင်တို့မေးလို့ ဖြေရရင်တော့ ငါနောက်နှစ်တောင် ကျောင်းတက်ဖို့ မသေချာဘူးဟ"

"ဟင်… ဟာ… အို…" သူငယ်ချင်းများ၏ အံ့သြသံနှင့်အတူ ရွှေလိပ်ပြာမှ…

"ဟဲ့… ရွှေစာရေး၊ နင်က ဘာဖြစ်လို့လဲ၊ နင် ကျောင်းမတက်ချင်တော့လို့လားဟင်" ဟုမေးလိုက်လျှင် ရွှေစာရေးမှ အားလုံးကို ကြည့်ရင်း…

"ငါ ကျောင်းတက်ချင်ပါတယ်ဟာ၊ ၁၀ တန်းလည်း အောင်ချင်တယ်၊ ဒါပေမယ့် ငါ့အမေက ကျန်းမာရေးမကောင်းဘူးဟ၊ နောက်ပြီး ငါ ကျောင်းတက်နိုင်ဖို့ အမေက ကောက်စိုက်၊ ဈေးရောင်းနဲ့ ရှမ်းကန် ရတာ၊ တို့သားအမိအဝကို အားလုံးသိကြတာပဲမဟုတ်လား၊ အဲဒါကြောင့် ပါဟာ" ဟု သူ့ဘဝကို ဖြေပြလိုက်လျှင် တက်ပုက…

"ဟော့ကောင် ဘာမှ အားမငယ်ပါနဲ့ကွာ၊ တို့လည်း ဝိုင်းကူညီမှာ ပေါ့၊ လိုတာရှိရင်ပြောပေါ့ကွာ၊ မဟုတ်ဘူးလားဟေ့" ဟုပြောလိုက်လျှင် အားလုံးက ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။ ထိုစဉ် အဝေးတစ်နေရာ လေအသင့်ဝယ် အဆိုတော် တွံတေးသိန်းတန်၏ အသီးတစ်ရာ အညှာ တစ်ခု သီချင်းသံတချို့ပျံ့လွင့်လာသည်။

(××× ဟိုမှာ ဒီမှာ ကြည့်ကြစမ်းရယ်လို့××× လက်ညှိုးညွှန်ပြ တို့ဘဝအခြေတွေ××× ပြောင်းချင်ရာ ပြောင်းကြပေမယ့်××× ရွာကျောင်းက ခေါင်းလောင်းသံက တလွင့်လွင့်သာမြဲပေ××× တို့များ ငယ်ငယ်တုန်းက ××× ရွာအစွင်လမ်းဆီကနေ××× လက်ချင်းယှက်ကာ××× ပြေးကာလွှား ကာ××× ကျောင်းတက်လာကြတာတွေ××× မေ့နိုင်ပါလား မင်းတို့ ငါတို့



သူငယ်ချင်းတွေ။

××× ××× ××× တစ်လမ်းစီ သွားခဲ့ကြပေ ဟော့သူငယ်ချင်း ရေ××× ဟော့သူငယ်ချင်းရေ)

အားလုံးက သီချင်းသံကို နားထောင်ရင်း ငြိမ်သက်နေကြသည်။ တကယ်လည်း သူတို့ပြောနေသည့် စကားတွေနှင့်အညီ ကြားလိုက်ရသည့် သီချင်းမို့ ကြားနေကြဖြစ်ပေမယ့် မကြားဖူးသလို နားစိုက်ထောင်မိ ကြသည်။ သီချင်းသံဆုံးသွားတော့ လှမွန်မှ…

"အေးကွာ… အခုနကြားရတဲ့ အသီးတစ်ရာ အညှာတစ်ခု သီချင်းဟာ အရိုးခံစာသားတွေနဲ့ ဘယ်တော့မှ မရိုးနိုင်တဲ့ သီချင်းပဲနော် တို့လည်း တစ်နေ့ ဒီသီချင်းထဲကလို တစ်လမ်းစီသွားရမှာတော့ သေချာ တယ်၊ တက်ပုပြောသလိုပေါ့ကွာ၊ ကဲ… ခင်သန်းဝင်းတို့ ပြန်လာတော့ မယ်၊ စက်ဘီးလည်းပြီးသောက်ပြီ၊ မင်းတို့ ဒီမှာစောင့်ကြ၊ ငါသွား ယူလိုက်ဦးမယ်" ပြောရင်း စက်ဘီးယူရန်ထွက်သွားသည်။ မန်ကျည်းပင် ကြီးအောက်ရှိ သူငယ်ချင်းတစ်စုမှာတော့ တစ်ဦးနှင့်တစ်ဦး ဘာစကားမျှ မပြောဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်လျက် ထိုစဉ် အဝေးတစ်နေရာမှ အဖော်ကွဲ ဥသြတစ်ကောင်၏တွန်သံ လွမ်းလွမ်းဆွေးဆွေး ကြားနေရသလို၊ သူတို့၏ ဘဝများသည်လည်း…။"

✽ ✽ ✽ ✽ ✽

www.burmeseclassic.com

# အခန်း (၄)

ပန်းတောရွာ၏ မှောင်ရီပျိုးစအချိန်၊ လပြည့်ကျော်ပြီမို့ လထွက်နောက်ကျ၍ လရောင်က ပေါ်မလာသေး၊ အဝေးတစ်နေရာမှ ကြားလိုက်ရသည့် အသံများကြောင့် ရွှေစာရေးတစ်ယောက် နားစွင့်နေလိုက်သည်။ တင်းကုပ်ထဲတွင် တံမြက်စည်းလှဲနေရာမှ ခါးဆန့်လိုက်ပြီး အသံလာရာဆီသို့ မှန်းဆကြည့်လိုက်သည်။ အဝေးတစ်နေရာ လယ်ကွင်းဆီမှ မသဲမကွဲကြားနေရသည့် ဆူဆူညံညံ အသံများက တစ်စတစ်စနီးလာပြီး ပြတ်ပြတ်သားသား ကြားလာရသည်။

"တာကျိုးလာတယ်ဟေ့"

"ရေတွေ၊ နောက်ကတက်လာနေပြီ"

"နွားတွေ၊ လူတွေ ပြောင်းကြတော့၊ ပြောင်းကြတော့"

ကွင်းထဲဘက်မှ အော်ဟစ်ပြောသံတွေ၊ မေးသံတွေ ဆူညံနေသည်။

"ဟေ့ ဒီဘက်တဲစုက လူတွေ၊ ဘာတွေပြန်မေးနေတာလဲ၊ တာကျိုးတာ မသိဘူးလား၊ ရွာပေါ်တက်ကြတော့၊ ပြောင်းကြတော့ဟေ့"

ကွင်းထဲမှ ရေသံတွေ တစ်အုန်းအုန်း၊ လူသံတွေ တစ်ရှန်းရှန်း ကြားနေရသည်။ အသံကျယ်ကျယ်နှင့် အော်ဟစ်သတိပေးနေသော လူတစ်ယောက်အသံက ကွင်းထဲတွင် အဆက်မပြတ်၊ သည်လူတွေ စကား



အရခိုလျှင် ရွှေစာရေး ကြားခဲ့ရသည့် သတင်းကား မှန်လေပြီ၊ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့က ငဝန်ရေကာတာ ထိန်ငူရွာက ပေါက်ထွက်သွားသည်။ လူ၊ ကျွဲ၊ နွားပစ္စည်းများ ကုန်းမြင့်ရာ ရွှေ့ပြောင်းထားကြဖို့ သက်ဆိုင်ရာက သတိပေးနှိုးဆော်စာထုတ်သည်။ ကျေးရွာလူကြီးများနှင့်ကြားရသူအပေါင်း သည်လောက်အထိ ဖြစ်လိမ့်မည်ဟုမထင်၊ လွန်ခဲ့သည့် ၆၈ နှစ်ခန့်၊ ခရစ်သက္ကရာဇ် ၁၉၂၃ ခုနှစ် ငဝန်တာကျိုးခဲ့ဖူးသည်ဟု ကြားဖူးခဲ့ကြသည်။ ယခုတစ်ခါ နှစ်ပေါင်း ၇၀ နီးမှ ကြားရသည့်အဖြစ်မို့ ကြောက်ရမှန်းမသိ၊ အလေးမမူ၊ ရေလျှံခဲ့လျှင်လည်း သည်လောက်ဖြစ်လိမ့်မည်မထင်ကြ၊ ရွှေစာရေးပင် သူ့ဘွားအေကြီးရှိစဉ်က မကြာခဏပြောဖူးခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၈၅ ခုနှစ်၊ ငဝန်တာ ကျိုးပေါက်ခဲ့ကြောင်း၊ ကျိုးပြီး ၃ ရက်အကြာ၊ သူတို့ရွာတွေ ကွင်းထဲတွေ ရေလျှံခဲ့ကြောင်း ကြားဖူးခဲ့သည်။ လှေတွေ၊ သမ္ဗန်တွေ ကွင်းထဲအနှံ့ သွားနိုင်သည်အထိ၊ ရေပြင်ကျယ်ကြီးဖြစ်သွားပြီး ငါးကြီးတွေလည်း ဝေါတတ်ကြောင်း၊ ငယ်စဉ်က ဘွားအေကြီး ပြောပြသည့် ပုံပြင်လိုလို၊ တကယ်လိုလို အဖြစ်အပျက်တွေ ကြားစက ကလေးပီပီ ရေတွေကြီးလျှင် လှေတွေစီး၍ ပျော်လိုက်ချင်သည်ဟုပင် စိတ်ကူးယဉ်ခဲ့ဖူးသည်။

"သားရေ ဘာသံတွေလဲ ဆူညံနေတာဘဲ၊ နားထောင်စမ်း"

ရွှေစာရေးအမေ ဒေါ်သိန်းမြင့်၏ အိမ်ပေါ်မှလှမ်းမေးသံ

"အမေ အရှေ့ဘက်က တာကျိုးလာတယ်လို့ပြောတယ်၊ သား လယ်ကွင်းဘက်ထွက် စုံစမ်းကြည့်ဦးမယ်"

"သားရေ သူတို့ပြောသလိုဟုတ်ရင်တော့ နွားတွေ၊ တာပေါ်မောင်းထားမှဖြစ်မယ်၊ လှူကာရှောင်နိုင်တယ်၊ တိရစ္ဆာန်တွေကခက်မယ်"

"ဟုတ်ကဲ့ပါအမေ၊ ကျွန်တော်အခြေအနေ ထွက်ကြည့်ဦးမယ်၊ လိုအပ်ရင် မြအောင်တို့နဲ့ တိုင်ပင်ပြီး စီစဉ်မယ်အမေ"

www.burmeseclassic.com

www.burmeseclassic.com



"အေး……အေး"

ရွှေစာရေး မိခင်ကြီးကို အကျိုးအကြောင်းပြောပြခဲ့ပြီး ကွင်းထဲဘက်သွားရန် လက်နှိပ်ဓာတ်မီးယူပြီး နွားရိုက်ကြိမ်လုံး ခါးကြားထိုးကာ တဲပြင်သို့ထွက်လိုက်သည်။ ကွင်းထဲဘက်တွင် လူသံတွေကပို၍ ကျယ်ကျယ်လောင်လောင် ကြားနေရသည်။ တဖြည်းဖြည်းထွက်လာသည့် လရောင်ကြောင့် စပါးမရိုက်ရသေးသည့် လယ်ကွက်များထဲတွင် ရေတွေဖွေးနေတာ တစ်ခွင်တစ်ပြင်ကြီး မြင်နေရသည်။ ရေသံတွေက တဝုန်းဝုန်းဖြစ်နေသည်။ ရေသံများက လယ်ကွက်ထဲဖြတ်ပြီး ဖြစ်သလိုသွားနေသည့်လူတွေကြောင့် ဖြစ်ပေါ်နေသော အသံတွေဖင် တချို့လည်း ကောက်စိုက်ပြီးသား လယ်ကွက်တွေလည်းမရှောင် ဖြတ်လာကြသည်။ နွားအော်သံတွေလည်း ကြားနေရသည်။ လရောင်ကြောင့် အဝေးတစ်နေရာမှ လူတွေ၊ နွားတွေ မဲမဲတွေ့နေရသည်။

"ဟော့ လူတွေ လယ်ထဲက မဖြတ်ပါနဲ့၊ စပါးတွေစိုက်ထားပြီးပြီဗျ"

မြအောင်က တင်းကုတ်ဦးထွက်ကာ အသံကုန်အော်ဟစ်နေသည်။ လယ်ကွက်ထဲဖြတ်သည့် လူတွေက အဆက်မပြတ် ကလေးသံတွေ၊ ခွေးသံတွေပါ ဆူညံနေသည်။ လက်နှိပ်ဓာတ်မီးရောင်တွေ တစ်ဝင်းဝင်း မီးတုတ်ကြီးတွေ တစ်ကိုင်ကိုင်ဖြင့် လူတန်းကြီးတွေ့နေရသည်။

"ဟော့… လူတွေ ပြောတာမကြားဘူးလား၊ ကန်သင်းပေါ်ကသွားကြပါ၊ စပါးပင်တွေ ပျက်ကုန်ပါ့မယ်"

မြအောင်အသံက ပြာထွက်နေသည်။ မနေ့တစ်နေ့က စိုက်ထားသည့် လယ်ကွက်တွေမို့ စပါးပင်တွေ လူနင်းမခံနိုင်တာအမှန်။

"ခင်ဗျား ကန်သင်းပေါ်သွားရင် ချောင်လိုတာနဲ့ ဘယ်မရိုးရောက်မှာလဲဗျ၊ ရေကနောက်ကလိုက်လာပြီ၊ ခင်ဗျားတို့ကလည်း ဘာလုပ်နေတာလဲ၊ သေချင်လို့လား၊ ပြေးတာမယုံရင်လဲ နေကြဗျာ၊ ကျွန်တော်တို့ကမြင်ခဲ့ပြီဗျို့"

ကွင်းထဲမှတက်လာသူအဖွဲ့ထဲမှ အသံကျယ်ကျယ်နှင့် လူတစ်ယောက်က အတိအကျပြောသွားသည်။ မြအောင်ကား ဆက်မပြောတော့၊ နှုတ်ဆွံ့နေသည်။

"ဟော့… မြအောင် အခြေအနေတွေဘယ်လိုလဲ"

"မသိပါဘူးကွာ၊ တာကျိုးလာတယ်ဆိုပြီး ပြေးလာကြတဲ့လူတွေ မနည်းဘူး၊ ငါတို့ရွာနီးချုပ်စဝ်ကတော့ မဖြစ်နိုင်ဘူးကွ၊ သူတို့စကားသံတွေက ဒို့အသိထဲက အသံမျိုးမဟုတ်ဘူး"

"အေး သူတို့ပြောတာလဲဟုတ်နိုင်တယ်၊ ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်လောက်ကစပြီး ချောင်းရေတွေ တိုးလာတယ်ကွ၊ ငါ့ လယ်အောက်က ကျွင်းတွေတောင် ရေဝင်သွားပြီ"

"ဟာ ဒါကတော့ နှစ်စဉ်နှစ်တိုင်း ဖြစ်နေကျ အောက်ရေတိုးတာပါ ရွှေစာရေးရာ ဒါက မြစ်ကရေလျှံဝင်တာဘဲ အဲဒါကိုကြောက်ပြီး သူတို့က ပြေးလာတာလားမှ မသိတာ"

"မဟုတ်သေးဘူး မြအောင်၊ ပြီးခဲ့တဲ့ နှစ်ရက်လောက်က ငဝန်တာကြီး လေးမျက်နှာမြို့ထဲက ကျိုးလို့ လူတွေ၊ နွားတွေ ကုန်းမြင့်ရာ ရွှေ့ထားကြရို့ ရွာလူကြီး ဦးကျော်သိန်းအိမ်မှာ စာရောက်တယ်ကွ၊ အို့ တစ်တွေက မကြုံဖူးတော့ မကြောက်ကြတာ၊ အလေးမထားကြတာ၊ ခင်းလည်း ကလေးတွေနဲ့အရေးအကြောင်းဆိုရင် ဒုက္ခဖြစ်နေမှာပဲ၊ ရွာပေါ်

www.burmeseclassic.com

www.burmeseclassic.com



တက်နေကြပေါ့၊ ငါလဲ ဒီညတော့ မအိပ်ဘူး၊ ရွာပြန်ရောက်ရင် လူမွန်ခေါ်ပြီး အခြေအနေစောင့်ကြည့်နေမယ်ကွာ၊ အခြေအနေထူးရင် အားလုံးကို သတိပေးနိုင်တာပေါ့”

မြအောင်က သက်ပြင်း လေးလေးတွဲတွဲချလိုက်ရင်း…

“လယ်တွေစိုက်ပြီးကာမှ ဒုက္ခပါပဲကွာ”

“ငါလဲ မင်းလိုပေါ့ကွာ၊ ငါးဧက မနေ့မှ စိုက်ပြီးတာ ကောက်စိုက်ခတောင် ခင်သဲတို့အုပ်စု အကြေမပေးရသေးဘူး၊ ကဲ အဲဒါတွေထား မလေးတင့်တို့ သားအမိခေါ်၊ ကလေးတွေအိပ်နေရင်လဲ နှိုးကွာ၊ ငါပါ တစ်ပါတည်း ပိုင်းကူမယ်”

ရွှေစာရေးပြောတော့ မြအောင် သူ့ဇနီး မလေးတင့်အား ကလေးတွေ နှိုးရန် လှမ်းပြောသည်။ သူကိုယ်တိုင်က သူ့ခိုင်းနွားကြီးနှစ်ကောင် ကြိုးဖြုတ်နေသည်။ ရွှေစာရေးက ယောင်ယောင်နနဖြင့် နိုးလာသော မြအောင် ကလေးနှစ်ယောက်အနက် တစ်ယောက်ကို ပခုံးတွင် ခွတင်လိုက်တာ တစ်ယောက်ကို လက်ကဆွဲထားရင်း…

“ကဲ မလေးတင့် စားအိုးစားခွက်နဲ့ အဝတ်အစားတွေပါ သလောက် ပိုမြက်ခင်းထဲထည့်၊ ရှေ့ ယောဒီကောင် နင်လက်ကဆွဲ၊ ခြင်ထောင်တွေ စောင်ထုတ်တွေရှက်၊ မြအောင်ရေ ဝန်စီစလယ်ထည့်ထားတဲ့ မြက်ခြင်းပင့်ပေးကွာ ငါထမ်းပြီးသွားနှင့်မယ်”

မလေးတင့်မှာ အစကပင် နုံနုံအအမို့၊ ယောင်တိယောင်ချာဖြစ်နေမည်စိုးသဖြင့် ရွှေစာရေးက ခပ်မြန်မြန် စီစဉ်နေသည်။

ရွှေစာရေး ကလေးတစ်ယောက် ပခုံးခွတင်ကာ မြက်ခင်းနှစ်လုံး တံပိုးလျှိုထမ်းပြီး ထွက်ခဲ့သည်။ မြအောင်တို့လင်မယားကတော့ တင်းကုပ်



ထဲမှာပင် ရှိသေးသည်။ ရွှေစာရေး မြန်မြန်ရွာပြန်တက်ခဲ့သည်။ မတက်လို့ကလဲမဖြစ်၊ အခြေအနေကဘာမှန်းမသိ၊ အမေမျှော်နေရှာမည်။ ပါလာသည့်ပစ္စည်းများနှင့် ကလေးတစ်ယောက်ကို မလေးတင့်အိမ်ပို့ခဲ့ပြီး အိမ်နီးချင်းတွေအစ်ခဲ့ကာ အိမ်သို့အမြန်ပြန်လာခဲ့သည်။

ဟိုဒီ အော်သံ၊ ခေါ်သံတွေက မငြိမ်သေး၊ ရွာထဲကဖြတ်သွားကြသော ကွင်းထဲ၊ ကျွင်းထဲမှ လူများကြောင့် တစ်ရွာလုံးကျွတ် စီညံနေ၏။ ရွာစ် ပန်းတောသားတွေ အစုလိုက်လုံးပြုံးကုန်ပြီး၊ ကွင်းထဲမှ တက်လာသူလူအုပ်များကား တစ်အုပ်ပြီး တစ်အုပ် ကလေးသံတွေ၊ ခွေးဟောင်သံတွေ ဆူညံလျက်၊ ရေလွှတ်ရာ ဗုသိမ်၊ မုံရွာကားလမ်းမကြီးဘက်သို့ အသုတ်လိုက်ထွက်သွားကြပေပြီ။

“သား အခြေအနေဘယ်လိုလဲ”

အိမ်နှင့် တင်းကုပ်အကြား ထွက်၍ မေးနေသော အမေ့အသံကြောင့် ရွှေစာရေး နွားတင်းကုပ်ထဲ မဝင်သေးဘဲ…

“တာကျိုးတာတော့ ဟုတ်လောက်တယ်အမေ၊ ကျွန်တော်လဲ မြအောင်တဲနားထိ ဆင်းသွားကြည့်တာ၊ ကွင်းထဲကျွင်းထဲကလူတွေ တက်လာကြတာတော့ မနည်းဘူး၊ ရေစရေနတော့မတွေ့ရသေးဘူး၊ ဟုတ်မဟုတ်သေချာအောင် လူမွန်နဲ့တိုင်ပင်ပြီး ရေအခြေအနေစောင့်ကြည့်မယ်၊ အမေအိပ်ချင်အိပ်ပေတော့၊ သူတို့ပြောသလို ဟုတ်တောင် ရေက တဖြည်းဖြည်းချင်းလာနေတာဖြစ်နိုင်တယ်၊ ဝုန်းခနဲ မဖြစ်နိုင်ပါဘူး အမေ”

“အေး သားရယ် အမေ့ခုနစ်နှစ်သမီးလောက်က ကြုံဘူးတာတွေ ကြောက်သကွဲ့ မင်းအဘိုးအေး၊ အဘွားအေတွေ ပြောဖူးတာကတော့၊ အမေတို့ဆီ ရေက သုံးရက်လောက်ကြာမှ ရောက်လာတယ်တဲ့၊ အနိမ့်အရပ်တွေ ရေက အရင်ဝင်ပြီးမှ ဒီဘက်လှည့်တက်လာတာကွဲ့၊ သူတို့ပြောတာလဲ

www.burmeseclassic.com

www.burmeseclassic.com



မြန်နိုင်တာပဲ၊ သူတို့ဆီရောက်လို့ ပြောလာကြတာဖြစ်မှာပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ် သတိဝီရိယရှိရှိနေရမှာပေါ့"

"စိတ်ချပါအမေ သား လှမွန်တို့ အပိုင်းဘက်ထောသွားလိုက်ဦးမယ်"

ရွှေစာရေး နွားတင်းကုပ် သေသေချာချာပိတ်ပြီး ရွာလမ်းအစပေါ် ထွက်လိုက်တော့ လထွက်လာပြီမို့ လင်းနေသည်။ လူသံတွေ၊ ခွေးဟောင်သံတွေ ငြိမ်သက်သလောက်ငြိမ်သွားပေပြီ။ လှမွန်အိမ်ရောက်တော့ လှမွန်တို့ တစ်အိမ်လုံး မအိပ်ကြသေးဘူး။ သူတို့ လယ် ၁၅ ဧကလည်း ပြီးခဲ့သည့် လေးငါးရက်ကပင် စိုက်ပြီးခဲ့သည်။ ကွင်းထဲတင်းကုပ်မှ ရွာအိမ်သို့ ပြန်ရောက်ကာပင် မကြာသေး၊ ရွာမြင်သည့်နေရာ မျှည်းများ ရွှေစာရေးဝင် ဝိုင်းကူသယ်ခဲ့ရသေးသည်။

"ရေအခြေအနေ ကျွန်တော်တို့ခြံစပ် ကောက်ရိုးပုံပေါ်ကနေ စောင့်ကြည့်နေချင်တယ်ဘကြီး၊ အရေးအကြောင်းဆိုလဲ ကြိုသိရတာပေါ့၊ တစ်ညအိပ်ရေးပျက်ရင်လဲ ပျက်ပါစေ ဒါမှ အခြေအနေသိရမှာ"

ရွှေစာရေးက သူ့အစီအစဉ်တွေ ပြောပြနေသည်။ လှမွန့် ဖခင် ဘကြီးသာဒွန်းက ခေါင်းတညိတ်ညိတ်၊

"အေး မင်းတို့သူငယ်ချင်းနှစ်ယောက်ကိုတော့ ဘကြီးစိတ်ချတယ်၊ ဒါပေမယ့် လက်နှိပ်ဓာတ်မီးကောင်းကောင်း ဆောင်သွား ဘကြီးဆီက ငါးတောင့်ထိုးယူသွားကွာ၊ လက်ကြားမှိန်းလဲဆောင်ထား၊ ရေကြီးလာတော့ မြွေကင်းကြောက်ရတယ်ကွဲ့"

"ဟုတ်ကဲ့ ဘကြီး... လှမွန် လောက်လေးခွနဲ့ လောက်စာလုံး အစိတ်၊ နှစ်ဆယ် ထည့်ခဲ့ကွာ"



လှမွန် ယူစရာရှိတာယူပြီး သူငယ်ချင်းနှစ်ယောက် ရွှေစာရေးတို့ အိမ်ဆက်ထွက်ခဲ့သည်။

ကောင်းကင်တစ်ခုလုံးလင်းနေသည်။ လဆုတ် (၄) ရက်နေ့ည လမင်းကြီးကား ပြည့်သော်လည်း ထိန်ထိန်သာနေသည်။ ကြယ်ရောင်တွေလည်း လင်းနေသည်။ ကောက်ရိုးပုံထိပ်မှ ကွင်းထဲမျှော်ကြည့်လိုက်တော့ လရောင်၊ ကြယ်ရောင်တွေကြောင့် မိုးမှောင်မှောင်တစ်ချို့ မြင်နေရသည်။ မိုးမှောင်မှောင်အရောင်များကား စိုက်ပြီး ပေါ်ခင်းတွေနှင့် ကုက္ကိုပင်၊ ထိန်ပင်၊ တောတန်းချုပ်တွေဖြစ်ပြီး ရေမွှေးမွှေးကတော့ ပေါ်မစိုက်ရသေးသည့် တမန်းပြင်တွေ၊ လယ်ကွက်တွေ၊ တစ်ချို့လယ်ကွက်ထဲတွင်များကား သော ပျိုးလက်များ ရေမွှေးမွှေးတွင် လူတွေငုတ်တုပ်ထိုင်နေသလို မဲမဲမြင်နေရသည်။ တစ်ခါတစ်ရံ အဝေးဆီမှ လူသံသဲ့သဲ့၊ ခွေးဟောင်သံသဲ့သဲ့ အပြင် တောင်လေအဝှေ့တွင် ပါလာသောအသံချဲ့စက်မှ သီချင်းသံလိုလို၊ ပြဇာတ်ထဲက စကားပြောသံ၊ တီးလုံးသံတွေ တစ်ခါတစ်ခါကြားနေရသည်။ တောင်ဘက် ခပ်ဝေးဝေးရွာဘက်က လူတွေသိပ်မတူသေး၊ သိလည်း သူတို့အရပ်က ကုန်းမြင့်ဘက်တွင်ရှိ၍ သိပ်ကိစ္စမရှိ။

"ရွှေစာရေး မင်းရွှေလိပ်ပြာတို့ အပိုင်းဘက်ရောက်သေးသလား"

"မရောက်ဖြစ်ဘူးကွ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ၊ မင်းသူတို့အပိုင်းဘက် မလာတာကြာပြီလို့ ငါ့ကိုပြောလိုက်တယ်၊ နောက်ပြီး လယ်အခြေအနေလဲ မေးနေတယ်ကွ"

"အေးကွာ လယ်အခြေအနေတော့ မင်းပြောလိုက်လဲပြီးတာပဲ၊ သူတို့အပိုင်းမရောက်ဖြစ်တာက အလုပ်မအားလို့၊ ရွာထဲခြေဦးမလှည့်ဖြစ် ဖါရွှာ၊ သွားဖြစ်လည်း သူတို့အိမ်ဘက်မဝင်ရဲပါဘူး၊ သူ့အမေကြီးက ငါ့ဆို သိပ်ကြည်တာမဟုတ်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာကွာ၊ သူ့အမေ မကြည်လဲ ရွှေလိပ်ပြာက မင်းကို ငါတို့ထက်ခင်ပါတယ်ကွာ၊ ငါနဲ့တွေ့ရင် မင်းအကြောင်းဘဲ မေးနေတာ၊ ရောက်ရင်လဲဝင်ပါကွာ သူငယ်ချင်းတွေဘဲ"

"ဟာ နေပါစေသူငယ်ချင်းရာ၊ ဟိုတစ်ခါ လူရှေ့ သူရှေ့မှာ သူ့အမေကြီး ငါ့ကိုပြောထားတဲ့စကား အခုထက်ထိ ကြားယောင်တုန်း၊ ရှက်တုန်းကွာ"

"ဟာ ဒါတွေထားပါတော့ကွာ၊ ဪ ဒါနဲ့ ခင်သဲတို့ ဒီနှစ် မင်းလယ်မှာ ပုတ်ပြတ်စိုက်တယ်ဆို"

"အေး ဟုတ်တယ်ကွ၊ အမေက ခင်သဲတို့အဖွဲ့ကို မနှစ်ကတည်းက သဘောကျတော့ လက်ကိုမလွှတ်တော့ဘူး၊ သူတို့အဖွဲ့က ညီလဲညီတယ်၊ ကောက်စိုက်တာ လက်ဆုပ်မှန်သလို၊ ကောက်ကွက် ပြည့်တယ်၊ တွင်တယ်ကွ၊ နောက်ပြီး သူတို့ ၁၀ ယောက် တစ်စုက တစ်နေ့ တစ်ဧက ကျော်ပြီးတယ်ကွ၊ အဲဒါကြောင့် ငါလဲ သဘောကျတာ"

"ဟာ ဘာသဘောကျတာလဲ၊ ရွှေစာရေး၊ ရွှေလိပ်ပြာအမေကြီးနဲ့ အဆင်မပြေလို့၊ ရွှေလိပ်ပြာကိုမေ့ပြီး ခင်သဲကို အိမ်ရှင်မရွေးချင်ပြီလား"

"ဟာ… မင်းက ခင်သဲအပေါ် ဒီစိတ်မထားတော့၊ ရွှေလိပ်ပြာအပေါ်တော့ ဒီစိတ်ထားတယ်ပေါ့ ဟား… ဟား…"

"ဟာ… တော်စမ်းကွာ… မင်းဟာက ရေတွေကြီးတယ်ဆိုလို့ စိတ်ညစ်ရတဲ့အထဲ"

"ဟား…ဟား စတာပါကွာ… ကဲ… ရွှေစာရေး မင်း စောင့်ကြည့်ဦး၊ ငါမေးလိုက်ဦးမယ်"

ပြောရင်းဆိုရင်း လူမွန်တစ်ယောက် ကောက်ရိုးပုံ ကျင်းခတ်ကာ ခွေခွေလေးအိပ်နေလေပြီ၊ ရွှေစာရေးကား လယ်ကွင်းဖက်ဆီ မျှော်ကြည့်နေ



မိပြန်သည်။ မြင်ရသည့်မြင်ကွင်းကား ယခင်အတိုင်းပင်၊ အမှန်တကယ် ရေတိုးလာပါက မြင်နေသည့် စပါးစိုက်ခင်းကြီးကား စိမ်းမှောင်မှောင် အရောင်ပျောက်၍၊ ရေဖွေးဖွေးတပြင်တည်းဖြစ်သွားပေတော့မည်။ အခု သည်အခြေအနေမဟုတ်၊ မြအောင်တို့ပြောသလို ဒါက မြစ်ဘက်က တက်လာသည့် အောက်ရေကြီးတာဖြစ်ပါစေ၊ ဝေနတာမကျိုးပါစေနဲ့ဟု ဆုတောင်းနေမိသည်။ တစ်ခါတစ်ခါ ရွှေလိပ်ပြာ မျက်နှာလေး ပေါ်လာသည်။ ရွှေလိပ်ပြာကား ငယ်သူငယ်ချင်းဖြစ်သလို၊ ဖွင့်မပြောကြပဲ ရွှေစာရေး ရင်ထဲမှ ချစ်သူ၊ ထို့အတူ ရွှေလိပ်ပြာကလည်း သူ့အပေါ် တိမ်းမယောင်၊ ယိမ်းမယောင်၊ သူငယ်ချင်းထက် ပိုတာအမှန်၊ ထိုစဉ် တိုက်တိုက်ဆိုင်ဆိုင် အဝေးတစ်နေရာမှ ပျံ့လွင့်လာသော အသံချိုစက်မှ သီချင်းသံကား အဆိုတော်အောင်သူ၏ "ကဏ္ဍီဝါဖိနပ်စီး၊ ရွှေထီးဆောင်း" သီချင်းစာသားအချို့…

"ရေဘောင်ဘင်စီးပါလို့ မြစ်ကြီးရောဝတီ… ကိုယ့်ချစ်သူကို လည်း ပြောလိုက်ပါ့အတည်××× ကျွန်တော့်ချစ်သူကိုလည်း ပြောလိုက်ပါ့ အတည်×××"

"ရေဘောင်ဘင်စီးပါလို့ မြစ်ကြီး ဒီဝေန်×××" ရွှေစာရေး တိုးတိုးလေး စာသားလေးပြောင်း၍ ဆိုမိလိုက်သလို ရေဘောင်ဘင်ပြည့် နေသည့် ဝေန်မြစ်ရေပြင်ကြီးကို မြင်ယောင်နေမိသည်။

"အောက် အီး အီး အွတ်"

မန်ကျည်းပင်အထက်မှ တောင်ပံခတ်၍ တွန်သံပေးလိုက်သော သူ၏ ကြက်ဖကြီး၏ သက်ကြီးခေါင်းချ တွန်သံကြောင့် ရွှေစာရေး အတွေးစပြတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟောကောင် ရွှေစာရေး ကွင်းထဲမှာ ရေတွေဖွေးနေပြီကွ… ထ… ထ"

ရွှေစာရေး တောက်ရိုးပုံကလိုင်အတွင်းမှ လူးလဲထ၏။ မျက်စိကို ပွတ်သတ်၍ ကွင်းထဲသို့ ကပျာကယာကြည့်လိုက်သည်။ ရေတွေဖွေး၍ နေသည်။ နံနက် အုံးမောင်းခေါက်မှ သူမှေးခနဲပျော်သွားသည်။ မထူးခြား၍ လူမွန်ကို မနိုးဘဲ သူအိပ်မိလိုက်သည်။

"ဟာ… ထိန်ငှ တာကျိုးတယ်ဆိုတာ မှန်နေပြီပေါ့ လူမွန်၊ နွားတွေ တာပေါ်မောင်းမှ ရေလာအုံအခြေအနေရတော့ တဖြည်းဖြည်းလာ တဲ့ပုံဘဲကွ၊ တို့ ပြင်ချိန်ဆင်ချိန်ရတယ်။ ကဲ… မင်းလည်း အိမ်ပြန်စီစဉ်စရာ ရှိတာ စီစဉ်တော့"

"အေး… ဟုတ်တယ်၊ ရေကြီးရင်လူတွေက အိမ်ခေါင်မိုးမှာ နေနိုင်ပေမယ့် နွားတွေကခက်တယ်၊ သူများတွေပြောသလို တောင်ရိုးဘက် မောင်းမှဖြစ်မယ်ဟေ့"

နောင်… ဝေ…ဝေ

"သဗ္ဗာဝါများ… ကျန်းမာချမ်းသာကြပါစေ၊ ကျွန်ုပ်၏ ကောင်းမှု ကုသိုလ်အမျှဝေပါ၏ အမျှ… အမျှ"



ရွှေစာရေး အမေ့ကို အသံမပေးဘဲ နွားတင်းကုပ်ထဲဝင်ကာ နွားတွေကို နွားသေးချ၊ နွားချေးကြုံး လုပ်နေလိုက်သည်။ နွားစာများနှင့် အညစ်အကြေးများ တင်းကုပ်သိမ်း တံမြက်စည်းဖြင့် လှည်းကျင်းသည်။ ပြီးလျှင် နွားတွေကို ရေတိုက်ရန် စည်ပိုင်းထဲ ဖွဲနုထည့်၍ မွှေနေသည်။

"ဟဲ… မိုက်ကယ်ထွက်စမ်း" ပေတေတေနေသော သူ့နွား မိုက်ကယ်ကို ဆွဲထုတ်ပြီး ရေတိုက်သည်။

"သားလေး ရေ အခြေအနေဘယ်လိုလဲ"

"အမေ… တာကျိုးတယ်ဆိုတာ မှန်နေပြီ၊ အရှေ့ဘက်က ရေတွေ တဖြည်းဖြည်းတက်လာတယ်၊ နွားတွေကို ကုန်းမြင့်တဲ့နေရာပို့ထား မှ ဖြစ်မယ်အမေ"

"ဘုရား… ဘုရား… အေးကွယ်၊ မင်းနွားကြီးတွေ မြစ် ဟိုဘက်ကမ်း ရိုးမတောင်ခြေ ကညင်ဆိုင်က မင်းဘကြီးဆီပို့မှ ဖြစ်မယ်၊ တစ်ယောက်တည်းတော့ မသွားနဲ့၊ အဖော်တွေနဲ့စုသွားနော်… သား"

"ဟုတ်ကဲ့အမေ၊ ဒါနဲ့ ကျွန်တော်သွားတုန်း အမေတစ်ယောက် တည်းဖြစ်နေမှာ၊ ခင်သဲတို့အိမ် အမေခဏသွားနေနော်၊ သားအရင် လိုက်ပို့ မယ်"

"နေပါစေသားရယ်… အမေနေလို့ရပါတယ်၊ တော်ကြာ ခင်သဲတို့ အရိကထဲတွေ ဖြစ်နေပါမယ်"

"အို… မဟုတ်တာ အမေရယ်၊ အမေတစ်အိမ်အိမ်သွားနေ သား သွားလို့ဖြစ်မှာပေါ့၊ နို့မို့ရင် သားစိတ်မချဘူးအမေ"

"အေး… ဒါဆိုလည်း မသော့မေတို့ အိမ်ပို့၊ သူတို့အိမ်ကုန်းက မြင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန်းမြင့် ပြောသော မသော့မဆိုသည်မှာ ခင်သဲ၏အမေဖြစ်သည်။ ခင်သဲတို့ သားအမိနှစ်ယောက်နေထိုင်သော အိမ်ကြီးမှာ သူ့အဖေ ရှိစဉ်က ဆောက်ခဲ့သော သွပ်မိုးပျဉ်ထောင် နှစ်ထပ်အိမ်ကြီးဖြစ်သည်။ နှစ်ပေါင်း ၃၀ ကျော်ပြီ၊ အမိုးသွပ်ချပ်တွေက သံချေးပင်တက်နေလေပြီ။ သို့သော် အိမ်ကြီးမှာ ယက်မလျှိုဆောက်ထားသော ပျဉ်းကတိုးနှစ်တောင်ပတ်အိမ်ကြီးဖြစ်သဖြင့် ခိုင်ခိုင်ခန့်ခန့်ရှိသေးသည်။ ခင်သဲ၏ အစ်ကို နှစ်ယောက်မှာ အိမ်ထောင်ကျသွားသဖြင့် တစ်အိုးတစ်အိမ်စီနေကြသည်။ ရွှေစာရေး မိခင်ကြီး ပြောသလို အိမ်ခြံကုန်းကြီးလည်းမြင့်၊ အိမ်ကြီးကလည်း နှစ်ထပ်အိမ်ကြီးမို့ ရေမြုပ်မှာတော့မပူရ။ သို့သော် ခင်သဲတို့မှာ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်မို့ ခင်သဲတို့ ကရိုကထဖြစ်မှာလည်း အမေစိုးရိမ်နေခြင်းဖြစ်သည်။

"ရွှေစာရေး... ဘယ်ရောက်နေလဲ၊ ရေတွေတက်လာတယ်၊ အရီးလေးသိန်းမြင့်ကို အိမ်ဖက်ခေါ်သွားမယ်" ပြောရင်း အိမ်ပေါ်ရောက်လာသည့် ခင်သဲ၊ တစ်ကိုယ်လုံး ရေတွေရွှဲနေသည်။ စောပွပိပိ ကျစ်ကျစ်ရစ်ရစ် အသားညိုစိမ့်စိမ့်နှင့် ခင်သဲမှာ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျလှသည်။

"ဟဲ့... ရွှေစာရေး နင်ဘယ်မှာလဲ၊ အရီးလေးသိန်းမြင့် အရီးလေး ပစ္စည်းတွေ ကျွန်မပေး အိမ်ဖက်ရွှေ့ရအောင်"

ခင်သဲ၏ အသံစူးစူးဖြင့် လှမ်းခေါ်တော့မှ ရွှေစာရေး နွားတင်းကုပ်ထဲမှ နွားနှစ်ကောင် ဆွဲထုတ်ပြီး၊ အိမ်ရှေ့ မာလကာပင်တွင် ချည်လိုက်ရင်း-

"ငါ ဒီမှာပါဟ၊ ခင်သဲ နင်တို့အိမ်တောင် အမေ့ကို ခဏပြောင်းထားမလို့ဟ"



"နင်ကပြောနေ၊ အခု ငါလာခေါ်တာ၊ အရီးလေး အဝတ်အစားတွေ ခင်သဲ သိမ်းလိုက်ဦးမယ်နော်၊ ဘုရားစင်ပေါ်က ပုတီးပါယူလာခဲ့မယ်နော် အရီး"

"အေး... အေး"

ခင်သဲကား ပြောပြောဆိုဆို၊ ဒေါ်သိန်းမြင့် အတွက်လိုအပ်မည့် ပစ္စည်းများစုသိမ်း၍ ရွှေစာရေး ပုဆိုးတစ်ထည်ဖြန့်ခင်းကာ ထုပ်ပိုးနေသည်။ ခင်သဲကား သွက်လက်ချက်ချာသလို၊ ရွှေစာရေးတို့ သားအမိအပေါ် သံယောဇဉ်ရှိသည်။ ထို့အတူ ဒေါ်သိန်းမြင့်ကလည်း ခင်သဲအပေါ် သမီးရင်းလိုချစ်သည်။ ခင်သဲ လှုပ်ရှားနေပုံကို ကြည့်ရင်း ရွှေစာရေးမှာ ညီမလေးတစ်ယောက်ရှိလျှင် အမေ့အတွက် အလွန်အထောက်အကူရမည်ကို တွေးမိသည်။

"ရွှေစာရေး အရီးလေးကို ငါခေါ်သွားပြီ"

ခင်သဲ ကား... အထုပ်ကြီးခေါင်းပေါ်ရွက်ကာ၊ တစ်ဖက်မှ ဒေါ်သိန်းမြင့်ကို ဆွဲ၍ အိမ်ပေါ်က ဆင်းလာသည်။

"သားလေး... နွားတွေ သေသေချာချာကြည့်ဆွဲသွားပါကွယ်၊ တံတားပေါက်တွေ ဘာတွေ ကျွံပါမယ်"

"ဟုတ်ကဲ့ပါအမေ... ဟိုကောင်တွေမျှော်တော့မယ်၊ ကျွန်တော်လည်း သွားတော့မယ်"

ပြောရင်း မာလကာပင်တွင် ချည်ထားသော နွားနှစ်ကောင်ကို ကြိုးဖြုတ်ကာ ရွှေစာရေး ရွာလမ်းပေါ်မောင်းတင်လိုက်သည်။ ထိုနွားနှစ်ကောင်ဖြစ်သော မိုက်ကယ်နှင့် သန်းကျော်ဇောကား ရွာလမ်းမှာ ခုတ်ခဲကျိုးတွေမို့ ခွာခြောက်၍ နင်းနေသည်။ ရွှေစာရေးလည်း နွားနှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ထိန်းမောင်းရင်း လှမွန်တို့အဖွဲ့နှင့် ကားလမ်းမကြီးဘက် မောင်းတက်ခဲ့သည်။ ကားလမ်းမကြီး မရောက်ခင် ရွာလမ်းကား ရွံ့ဗွက်တွေ ထနေလေပြီ။ တစ်ချို့နေရာ ရေတွေတောင် ကျော်နေပေပြီ၊ သို့နှင့် ကားလမ်းမကြီးသို့ တက်ရာ ရွာလယ်ချောင်းတံတားရောက်လာသည်။ တံတားကြီး ရေမြုပ်စပြုနေလေပြီ၊ ကလေးတစ်အုပ်ကား သွားရင်းလာရင်း ဆော့ကစားကာ ရေကူးနေကြသည်။ တချို့က ကုက္ကိုပင်အကိုင်းပေါ်၊ တချို့က ကျီးပင် အကိုင်းဝေါတက်ကာ ဒိုင်ဗင်တွေ ထိုးချနေကြသည်။ သူတို့ကြောက်ရ လန့်ရမှန်းမသိကြ၊ မိဘတွေ ပစ္စည်းတွေ သယ်ဟာယ်၊ ရွှေ့ဟာယ် ပြင်နေကြသဖြင့် အခွင့်ကောင်းယူကာ အစွမ်းကုန် ပျော်မြူးနေကြသည်။

"ငါ မသေဘူး၊... ရေကူးတတ်တယ်ဟေ့... စိမ်... စိမ်... စိမ် ပြီဟေ့... ဝုန်း..."

ကလေးအုပ်ကြားမှာ အရှူးဘိုထင်က ကုက္ကိုပင်ပေါ်ခွဆုံမှ ဒိုင်ဗင်ထိုးချရင်း အော်နေသည့်အသံကို ကြားနေရသည်။ လှမွန်၊ ဖိုးထောင်တို့ နွားအုပ်တွေ ရေထဲမောင်းချရင်း ချောင်းတစ်ဖက်ဖြတ်ကူးနေသည်။ ပေ ၅၀ ကျော်ကျယ်သည့် ချောင်းမှာ ပေ ၁၀၀ ကျော် ရေပြင်ကျယ်ကြီးဖြစ်နေပြီ၊ ချောင်းတစ်ဖက်ကမ်းတွင် ရွာထဲမှ ဘကြီးဒိုးမောင်တို့ လူစုကို တွေ့ရသည်။ နွားတွေ ကူးပို့နေခြင်းဖြစ်သည်။

"ဟေ့... ရွှေစာရေးတို့ နွားတွေ ဘယ်မောင်းမှာလဲ"

"ဘကြီး... အနောက်ဘက် ကညင်ဆိုင် ဘကြီးဘိုးမြင့်တို့ဆီ မောင်းပို့မလို့"

"အေး.... အေး၊ နွားတွေတော့ ရေလွတ်ရာပို့ကြပါကွာ၊ လူတွေကတော့ ဟို အရူးဖိုးထင် အော်သလိုဘဲ ငါမသေဘူး၊ ရေကူးတတ်တယ်



ပေါ့၊ သဘာဝအန္တရာယ်ဆိုတာ တားမရတဲ့အဆုံးကျရင် ရင်ဆိုင်ရ၊ ဖြေရှင်းပေးရမှာပေါ့ကွာ၊ အလျှော့ပေးလို့တော့ ဘယ်ရမလဲ၊ ဒီကောင် ဖိုးထင်ပြောတာ ဒို့ရွာအတွက် ကောင်းတဲ့နိမိတ်ကောက်ရမှာပဲဟေ့၊ ဒို့ရွာသားတွေအားလုံး ငါမသေဘူး၊ ရေကူးတတ်တယ်လို့၊ လူတိုင်း လက်မထောင်ရမဲ့ကိန်းပဲကွ"

"ဟုတ်တယ်ဘကြီး၊ ကျွန်တော်တို့လည်း ငါမသေဘူး၊ ရေကူးတတ်တယ်၊ ကိန်းဆိုက်လာပြီ၊ သွားမယ် ဘကြီး"

လှမွန်က ဘကြီးဒိုးမောင်ကိုပြောရင်း နွားတွေကို ကားလမ်းဘက်တာရှုလိုက်သည်။ ရွှေစာရေး ရင်ထဲမှာတော့ ကညင်ဆိုင်ရောက်ဖို့ စိတ်စောနေသလို သူ့အမေအတွက်လည်း စိတ်မချ၊ နောက်ဆံတင်းနေသည်။ သို့သော် "ငါမသေဘူး ရေကူးတတ်တယ်" ဆိုသည့်စကား စိတ်ထဲမှာ ရွတ်လိုက်ရင်း ခြေလှမ်းတွေသွက်နေသည်။

ဏ ဏ ဏ ဏ ဏ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ပန်းတောအုပ်စုအတွင်းရှိ ကျေးရွာသူကျေးရွာသားများ သိစေရန် ကြေညာအပ်ပါသည်။ လက်ရှိ နစ်မြုပ်နေတဲ့ ရေအတိုင်းအတာထက် နောက်ထပ် နှစ်တောင် (သို့) သုံးပေခန့် ဆက်လက်ပြီး တက်နိုင်တာမို့ မြေအနိမ့်ပိုင်းရှိ အိမ်များ၊ အိမ်အခြေနိမ့်သည့် အိမ်များ၊ အိမ်အခြေများ မြှင့်ထားကြဖို့၊ ခိုင်ခိုင်မာမာ နှီးများ၊ ဝါးများဖြင့် ချည်နှောင်ကာရံထားကြဖို့ ကလေးသူငယ်များ သတိထားစောင့်ရှောက်ကြဖို့ အထူးသဖြင့် မြွေ၊ ကင်းအန္တရာယ် သတိရှိကြဖို့ နှိုးဆော်အပ်ပါတယ်။ အခုအချိန်မှာ အသင့်တော်ဆုံးအနေနဲ့ ရွာဦးဆရာတော် ကျောင်းဝင်းအတွင်း စုစုဝေးဝေး ပြောင်းရွှေ့နေထိုင်ကြဖို့ တိုက်တွန်းအပ်ပါတယ်ခင်ဗျား"

ပန်းတောရွာ တစ်ရွာလုံး ရေမြုပ်ပြီး သုံးရက်မြောက်နေ့တွင် ပန်းတောဘုန်းကြီးကျောင်းမှ အသံချဲ့စက်ဖြင့် ကြေညာလိုက်သောအသံက ညဦးပိုင်းအချိန်တွင် ထွက်ပေါ်လာသည်။ တစ်ကွင်းလုံး၊ တစ်ရွာလုံး ရေများပြည့်နေသော အချိန်ဖြစ်သဖြင့် အသံချဲ့စက်မှ ထွက်ပေါ်လာသည့် ကြေညာသံကား ရေရိပ်ကြောင့် ဟိန်းထွက်နေသည်။ လှည်းနေလှေအောင်း မြင်းစောင်းမကျန် ကြားနေရသည်။ ထိုကြေညာချက်ကို ပီပီသသသုံးကြိမ်သုံးခါ ဟစ်ပေးနေရသူက ရွှေစာရေးပင်၊ ရေနစ်မြုပ်ခံနေရသော ကာလတွင် ရွာလူကြီး ဦးကျော်သိန်း၊ ရွာမိရွာဖ ဦးဒိုးမောင်၊



ဦးမန်းကြာနီ၊ ဦးသောင်းတို့ ဦးဆောင်မှုဖြင့် ကျေးရွာပြည်ခိုင်ဖြိုး၊ စည်းရုံးရေးမှူး မောင်သက်ဦးနှင့် အဖွဲ့ဝင်စောအောင်နိုင်တို့ အစပြု၍ ရွှေစာရေး၊ လှမွန်၊ တက်ဖု (ခေါ်) မင်းသန်း၊ ငွေဦးအပြင် မိန်းကလေးများထဲမှ ခင်သဲ၊ မညီမိုးနွဲ့၊ ခင်သန်းဝင်း၊ နော်ဖောမူတို့ လူငယ်များကလည်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွဖြင့် ကျရာတာဝန်ယူကြသည်။ ယောကျ်ားလေးများကား ရေဘေးကယ်ဆယ်ရေးအတွက် ရွာဘုံစုပေါင်းဝယ်ယူထားသော ဆယ့်နှစ်တောင်လှေ၊ ဆယ်တောင်လှေများဖြင့် ရွာထဲ၊ ကွင်းထဲမှ အိမ်ထောင်စုများ အပြောင်းအရွှေ့ အကူအညီပေးကြရသည်။ မိန်းကလေးများကား ချက်ရေး၊ ပြုတ်ရေး အခက်အခဲရှိသည့် အိမ်ထောင်စုများအတွက် ထမင်းချက်၊ ဟင်းချက်၊ ထမင်းထုပ်ကမ်း လုပ်ငန်းများအပြင် နေ့ခင်းပိုင်း ကလေးသူငယ်များ ရေလွှတ်ရာ ဇရပ်ထဲတွင် စု၍ မိမိတို့ တတ်သလောက် မှတ်သလောက် ပုံတိုပတ်စပြော၍ ထိန်းကျောင်းပေးသည့် တာဝန်ပါယူကြသည်။ ထို့ကြောင့်ပင်လျှင် အိမ်ထောင်အများစုကား ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်လာကြသလို အနည်းငယ်အိမ်တချို့ကား မိမိတို့ အိမ်မှာပင် မြှင့်မြင့်နေထိုင်ဆဲဖြစ်သည်။ သို့သော် ကျောင်းထဲသို့ ပြောင်းရွှေ့ကြသည့် အိမ်ထောင်စုများသဖြင့် ရွာထဲတွင် အိမ်ခြေကျဲသွားသဖြင့် ကျန်သည့်အိမ်များ ညရေးညတာ နီးစပ်စုဝေးမှုမရှိတော့၊ တချို့လည်း နီးစပ်ရာအိမ်မြင့်မြင့်များတွင် လူတွေ၊ တိရစ္ဆာန်တွေ ဖြစ်သလို နေကြရသဖြင့် အချိန်ကာလကြာသည်နှင့်အမျှ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးနှင့် အခြားအကြောင်းများ အခက်အခဲတွေ့နိုင်သည်။ စသည့်အကြောင်းများ မျှော်တွေးကား ကျေးရွာတာဝန်ရှိ လူကြီးများနှင့် ရွာမိရွာဖများတိုင်ပင်၍ တစ်ရွာလုံးကို စည်းအဝေးခေါ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… အားလုံး နားထောင်ကြပါ၊ အခုလို တစ်ကွဲတစ်ပြားနဲ့ ကြာရှည်နေကြမယ်ဆိုရင် အချိန်ကြာလာတာနဲ့အမျှ အားလုံးအခက်အခဲတွေ ရှိလာနိုင်မယ်၊ ရေက မြန်မယ်၊ နေးမယ်ဆိုတာ ဘယ်လိုမှ မခန့်မှန်းနိုင်သေးဘူး၊ အဲဒါကြောင့် လုံခြုံရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အစစအခက်အခဲ ရှိတာနိုင်ပါတယ်၊ အခုလို ကျောင်းထဲမှာ ကယ်ဆယ်ရေးစခန်းလည်း ဖွင့်ထားတော့၊ ရွာသူရွာသားတွေ စုစုဝေးဝေးနဲ့ရှိနေပြီး၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကူညီနိုင်ကြသလို ဝိုင်းဝန်းဆောင်ရွက် ပံ့ပိုးနိုင်ကြပါတယ်၊ ရွာထဲမှာ တစ်အိမ်စ နှစ်အိမ်စခွဲနေကြရင်တော့ မသမာသူဆိုတာမရှိတော့ဘူးလို့ မပြောနိုင်ပါဘူး၊ အရေးရယ်၊ အကြောင်းရယ်၊ တွေးကြည့်ကြပါ။ ဒို့မြန်မာစကားထဲမှာ နွားကွဲရင် ကျားဆွဲတတ်တယ်ဆိုတဲ့ စကားလည်း ကြားဖူးကြမှာပေါ့၊ အဲဒါကြောင့် ရှေ့ရေးကိုတွေးပြီး စုစုဝေးဝေးနေကြဖို့ အားလုံးကို တိုက်တွန်းပါတယ်"

ရွာမိရွာဖ ဦးဒိုးမောင်က အကျိုးအကြောင်းဖေဖန်သုံးသပ်၍ ရွာထဲ အနည်းစုနေထိုင်သော ရွာသားများအား တိုက်တွန်းသည်။

"ဟာ… ဟုတ်တယ်၊ ကျွန်တော်တို့ ကျောင်းထဲပြောင်းမယ်"

ရွာတောင်ပိုင်းမှ အေးမောင် သဘောပေါက်သွားသဖြင့် ဦးဒိုးမောင် စကားကို လက်ခံသလို ရွာလယ်ပိုင်းမှ ဒေါ်ကျင်နုမှလည်း…

"အဲဒါတွေ ကျွန်မတို့ မတွေးမိဘူး၊ တစ်အိမ်တည်း နှစ်အိမ်တည်းခွဲနေရတာ အရေးရယ်၊ အကြောင်းရယ်ဆို ခက်ပြီပေါ့ရှင်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဘကြီးဒိုးမောင်ပြောတာမှန်တယ်၊ ကျွန်တော်တို့ တစ်စုတစ်ဝေးတည်း နေမှဖြစ်မယ်"

စသည်ဖြင့် တစ်ယောက်တစ်ပေါက်ပြောနေကြသည်။ ရွာလူကြီးဖြစ်သူ ဦးကျော်သိန်းမှလည်း…



"ကဲ အားလုံးနားထောင်ကြပါ၊ အဲဒီတော့ ရွာထဲက ပြောင်းမယ့် အိမ်ထောင်စုတွေကို လူငယ်တွေအဖွဲ့က လှေတွေနဲ့ စနစ်တကျသယ်ယူပို့ဆောင်ပေးကြမှာပါ။ နောက်တစ်ချက်ကလည်း ကျေးရွာအတွင်း လူသူကင်းမဲ့သွားတဲ့ အိမ်တွေအတွက် လူငယ်လူရွယ်တွေကို စနစ်တကျကင်းအဖွဲ့တွေ ဖွဲ့ပြီး ညဖက်လှေတွေနဲ့ လှည့်လည်စောင့်ရှောက်ဖို့ စီစဉ်ပြီးပါပြီ၊ အခုကြားဖြတ်အနေနဲ့ ကျွန်တော်တို့ မြို့နယ်သမဝါယမအသင်း တာဝန်ရှိသူ ဦးကြည်ဝင်းမှ စကားအနည်းငယ်ပြောမှာဖြစ်တဲ့အတွက် အားလုံးနားထောင်ကြပါ"

ဦးကျော်သိန်း စကားကြောင့် အစည်းအဝေးလာသူအားလုံး ငြိမ်သက်စွာ နားစွင့်လျက် ဦးကြည်ဝင်းမှ မတ်တပ်ရပ်လိုက်ကာ…

"ကျွန်တော်ကတော့ မြို့နယ်သမဝါယမအသင်းအမှုဆောင် ဦးကြည်ဝင်းပါ၊ အခုလို အစည်းအဝေးနဲ့ ကြုံတုန်း ပြောခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ မြို့နယ်သမဝါယမအသင်း အနေနဲ့ လမ်းညွှန်မှုခံယူပြီး အခုလို ရေဘေးသင့်တဲ့ ကျေးရွာသူကျေးရွာသားများကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ အိမ်သုံးပစ္စည်း၊ ဆေးဝါးကအစ စာရင်းမှတ်စနစ်လို့ခေါ်တဲ့ အကြွေးစနစ်နဲ့ရောင်းပေးမှာ ဖြစ်ပါတယ်၊ အဲဒီလို ရောင်းတဲ့နေရာမှာ တစ်နေရာတည်းမှာ စုစုဝေးဝေးရှိနေတဲ့နေရာမှာ အဓိက ထားပြီး ဖြန့်ဝေရောင်းချမှာပါ။ ပန်းတောရွာဆိုရင်လည်း အခု ဘုန်းတော်ကြီးကျောင်းကို စက်လှေနဲ့ ပစ္စည်းတွေတင်လာပြီး မနက်ဖြန်ကစပြီး ရောင်းချပေးမှာ ဖြစ်တဲ့အတွက် ကျေးရွာတာဝန်ရှိ လူကြီးများနှင့် ကျေးရွာသမဝါယမအသင်းက စနစ်တကျ အိမ်ထောင်စုစာရင်းပြုစုပြီး စာရင်းမှတ်စနစ်နဲ့ အပတ်စဉ်ရောင်းချပေးသွားမှာပါ။ နောက်တစ်ချက်ကလည်း အဖက်ဖက်က ကယ်ဆယ်ရေးပစ္စည်းတွေကိုလည်း အခုလိုကယ်ဆယ်ရေးစခန်းတွေဖွင့်ထားတဲ့ ဘုန်းတော်ကြီးကျောင်းတို့၊ ခမ္မာရုံတို့ စာသင်ကျောင်းတို့မှာ ရောက်ရှိနေတဲ့ အိမ်ထောင်စုတွေကို အဓိကထားပြီး

www.burmeseclassic.com

www.burmeseclassic.com



အခမဲ့ကူညီပေးမဲ့ အစီအစဉ်တွေလည်း ရှိပါတယ်၊ မကြာခင် သက်ဆိုင်ရာ တာဝန်ရှိသူတွေ ရောက်ရှိလာပြီး ဆောင်ရွက်ပေးတော့မယ့်အကြောင်း လည်း ကြိုတင်အသိပေးထားတာပါ။ ကျွန်တော်တို့ သမဝါယမ ကုန်စက်လှေကတော့ မနက်ဖြန် နေ့လယ်ပိုင်း စတင်ရောင်းချပေးမဲ့ အကြောင်းနဲ့ အခုနောက်ပိုင်း ရေကျမဲ့အချိန် ပြန်လည်ထူထောင်ရေးကာလ မှာလည်း စပါးမျိုးတို့ ပျိုးပင်ပျိုးလက်တို့၊ ပဲမျိုးတို့ ဖြန့်ဝေပေးမဲ့ အစီအစဉ် တွေ ရှိပါသေးတယ်၊ ဒါအပြင် အဖက်ဖက်က ပံ့ပိုးပေးမှာ ဖြစ်ကြောင်း အသိပေးအပ်ပါတယ်ခင်ဗျား"

"ဖြောင်း… ဖြောင်း… ဖြောင်း"

တိုင်ပင်ထားမှုမရှိဘဲ ဦးဝင်းကြည်စကားအဆုံး လက်ခုပ်သံဆူညံ သွားသည်။ အားလုံးကလည်း ဦးဝင်းကြည်စကားကြောင့် အားတက် ပျော်ရွှင်သွားကြသည်။

"ဟာ… ကောင်းတယ်ဗျာ"

"ကျေးဇူးတင်ပါတယ်"

"ပျိုးတွေ၊ မျိုးတွေ ရရင်တော့ ရေကျတာနဲ့ စပါးတွေ၊ ပဲတွေ ပြန်စိုက်မယ်ကွ"

အားလုံးက ရင်ထဲက မျှော်လင့်ချက်ကိုယ်စီ ထုတ်ဖော်လျက် ထိုစဉ် ရွာလူကြီး ဦးကျော်သိန်းမှ…

"ကဲ အားလုံးနားထောင်ကြဦး၊ အခုပြောသွားသလို အစီအစဉ်တွေ ရှိတဲ့အတွက် ကျေးရွာသားအားလုံး အခုလိုအချိန်မျိုးမှာ စုစုဝေးဝေး နေကြ ရင် အလုပ်လုပ်ရတာ ပိုပြီး အဆင်ပြေမှာပါ။ ပြောင်းဖို့ အခက်အခဲရှိသူများ လည်း မောင်သက်ဦးတို့ မောင်ရွှေစာရေးတို့နဲ့ ဆက်သွယ်ကြပါ၊ ကဲ အားလုံး အချိန်နဲ့မီစီစဉ်ကြပါ"

## အခန်း (၇)

"အမေ ဘကြီးဒိုးမောင်တို့ ရွာလူကြီးဦးကျော်သိန်းတို့ ပြောသလို ဆိုရင် သမီးတို့အိမ်တွေ တစ်ကွဲတစ်ပြား ခွဲမနေသင့်တော့ဘူးအမေ"

"အေး… သမီးပြောမှ အမေတွေးမိပြီး ကြောက်လာတော့တယ်၊ ဒါပေမဲ့ အကြာကြီးတော့ ဒီလိုရောရောနှောနှော မနေနိုင်ပေါင်၊ နောက်ပြီး မတွေ့ချင် မမြင်ချင်တဲ့ လူတွေကလည်း ရှိသေးတယ်အေ့… ခဏတော့ ပြောင်းနေရမှာပေါ့၊ ရန်ကုန်က သမီးဒေါ်လေးတွေနဲ့ အဆက်အသွယ်ရပြီး ရင်တော့ မြို့ပြောင်းနေရမယ်၊ ကဲ… ဟိုသေတ္တာတွေထဲ ပစ္စည်းတွေ သေသေချာချာထည့် သမီး၊ ဆန်တွေတော့ အပေါ်ထပ်တင်ထားပြီး ဖိုးမောင်တို့၊ ကျော်လင်းတို့ အစောင့်ခိုင်းထားရမယ်"

"ရွှေလိပ်ပြာရေ… နင်တို့ ပစ္စည်းတွေသယ်လို့ရပြီလား"

"အေး… တက်ပုရေ လှော်လာခဲ့ လှော်လာခဲ့"

သို့ဖြင့် ရွှေလိပ်ပြာနှင့် မိခင်ဖြစ်သူ ဒေါ်ခင်မွှုတို့ လှေများနှင့် ပစ္စည်းများအား အခေါက်ခေါက်သယ်နေကြရသည်။ ကျောင်းရောက်နေ သော ပစ္စည်းပုံကြားက ဒေါ်ခင်မွှု မခွာနိုင်၊ အိမ်မှာကျန်သည့်ပစ္စည်းများကို ရွှေလိပ်ပြာနှင့် ဝမ်းကွဲအစ်ကိုတွေဖြစ်သော ဖိုးမောင်တို့ ကျော်လင်းတို့နှင့် တလှည့်စီ လှေနှင့်လိုက်ကာ အခေါက်ခေါက် သယ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… တို့သွားနှင့်ပြီ ရွှေစာရေး… ရွှေလိပ်ပြာစောင့်ပြီး တင်ခဲ့ကွာ၊ ငါတို့ညီမက သိပ်နေးတာပဲ"

ပြောပြောဆိုဆို ကျော်လင်းတို့ ညီအစ်ကိုတွေ၊ သက်ဦးတို့ လှေနှင့် ထွက်သွားကြပေပြီ။

"ဟာ… ဟော့ကောင်တွေ၊ ရွှေလိပ်ပြာလာပါပြီကွ၊ သေစွာတွေ ငါ့လှေပေါ်တင်၊ ရွှေလိပ်ပြာကို မင်းတို့စောင့်ခေါ်သွား" ရွှေစာရေးအော်ပြောနေသည်။ ရွှေလိပ်ပြာ အိမ်ရှေ့တံခါးပေါက် ထွက်လာပြီး…

"ဘာလဲ ရွှေစာရေး နင့်လှေပေါ် ငါ့ကို တင်မခေါ်ချင်လို့လား"

"ဟာ… မဟုတ်ပါဘူး ရွှေလိပ်ပြာရာ၊ လာ… တက်ပါ ငါ့ကို အိတ်ပေး နင်… ရေထဲပြုတ်ကျနေဦးမယ်၊ နေဦးနော် ငါထိန်းပေးမယ်။ ငါ့လက်ကို အားပြုဆင်း"

ရွှေလိပ်ပြာမှာ ရွှေစာရေးဂရုတစိုက်ဖေးမမှုကြောင့် လှေပေါ် အဆင်ပြေပြေ ရောက်သွားသလို၊ ရွှေစာရေးအပေါ် စိတ်ဆိုးပြေသွားသည်။ ထိုစဉ် တက်ပုလှေကျူးလှော်လာရင်း အနားရောက်လာကာ…

"ဟော့… ရွှေစာရေး၊ ရွှေလိပ်ပြာ ငါ့လှေပေါ်အတက်နိုင်း၊ မင်းတို့ နှစ်ယောက်ထဲ ကျန်ခဲ့တယ်ပြောလို့ အဘွားကြီး ဒေါ်သူပုန်ထနေတယ်၊ ဒီမှာတော့ မင်းသားနဲ့ မင်းသမီးလို အကြင်နာတွေပိုလို့"

"ဟင်းနော်… ဘာတွေပြောနေတာလဲ" ရွှေလိပ်ပြာကား တက်ပု စကားကြောင့် ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကလေးငုံ့ကာ ပြောနေသည်။

"ကဲပါဟယ်… နင်ကလဲ၊ ငါကမသိတာကျနေတာပဲ၊ နင်ပြောင်းမစီးနဲ့တော့ ရွှေစာရေး ငါလှေနဲ့ မင်းလှေလဲပြီး လှော်သွားတော့မ တဲ့ မြန်မြန်လာ"



သို့ဖြင့် ရွှေစာရေး တက်ပုလှေပေါ်အရောက်၊ တက်ပုက ရွှေစာရေး လှေပေါ်ပြောင်း၊ တက်ပုနှင့် ရွှေလိပ်ပြာ၊ ရွှေစာရေး ရှေ့ကသွားပေပြီ။

"ကဲ… ရွှေစာရေး သူ့အမေကြီးဆူမှာစိုးလို့ ရွှေလိပ်ပြာကို ငါ့လှေပေါ် တင်သွားတာနော်၊ ရွှေလိပ်ပြာကတော့ မင်းလှေစီးချင်မှာပဲ မဟုတ်ဘူးလား ရွှေလိပ်ပြာ"

တက်ပု စကားကြားတော့ ရွှေလိပ်ပြာက တက်ပုကို ခေါင်းငုံ့၍ ရှေ့နှင့်လှမ်းပက်သည်။ ရွှေလိပ်ပြာ ပက်လိုက်သောရေများကား၊ လှေချင်းယှဉ် လှော်လိုက်လာသည့် ရွှေစာရေးမျက်နှာကို ရွှဲရွဲစိုသွားသည်။

"ဟာ… ကောင်မလေး ရှက်ရမ်းရမ်းပြီး ရေနဲ့ဘယ်သူ့ပက်နေတာလဲ"

တက်ပုစကားကြောင့်၊ ရွှေလိပ်ပြာမော့ကြည့်လိုက်တော့ ရွှေစာရေး ခေါင်းတွေ၊ မျက်နှာတွေ၊ ရေတွေရွှဲစိုလို့၊ ရွှေလိပ်ပြာ ပြာပြာသလဲဖြင့် "စိတ်မဆိုးနဲ့နော်… ရွှေစာရေး"

"မဆိုးပါဘူးဗျာ၊ ရွှေစာရေး ရင်ထဲမှာ အချစ်ရေစင်ပက်ဖျန်းလိုက်သလို ထင်ပါသတဲ့ဗျား ဟား… ဟား"

တက်ပု အရွှန်းဖောက်ပြောရင်း လှေကို ကျူးလှော်လိုက်သည်။ ရှေ့ဦးတွင် ထိုင်လိုက်သွားသော ရွှေလိပ်ပြာကား လက်ကလေးတပြုပြု၊ ရွှေစာရေးရင်ထဲတွင်တော့ အပျော်ကလေးများ စီးဝင်လျက်၊ သည်အပျော် စိတ်ကလေးများကား လှော်တက်အရှိန်ကြောင့် ရေတွင်ဖြစ်ပေါ်သွားသော ဂိုင်းများပမာ နိမ့်ချည်မြင့်ချည် တသိမ့်သိမ့်…

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကဲ… ဒါနဲ့ အစုစုကို ရေစက်ချကြရအောင်"

ဆရာတော် တရားဟောအပြီး၊ ရေစက်ချ၊ အမျှဝေပြီးသည်နှင့် သာဓုခေါ်သံများကား တစ်ကျောင်းလုံး ဟိန်းထွက်သွားသည်။ သီလ ပေးပြီးသည်နှင့် ဥပုသ်သီတင်းဆောက်တည်သူ သီလသည်များအား အကျွေးအမွေးဖြင့် ဧည့်ခံသည်မှာ ပန်းတောရွာ၏အစဉ်အလာပင်။ ယနေ့ လည်း အလှည့်ကျ အလှူရှင် ဒေါ်ခင်မို့ မိသားစုမှ မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေး ဝေယျာဝစ္စကို၊ လူငယ်လူရွယ် အမျိုးသား၊ အမျိုးသမီးလေး များက တာဝန်ယူကြသည်။

"ရွှေလိပ်ပြာ… နင်တို့ ရန်ကုန်သွားတော့မယ်ဆို…"

အေး… ခင်သဲရယ်၊ အမေ့အစီအစဉ်ပါ။ ရေတာက်တိုန်းခဏသွား နေကြဖို့ စီစဉ်ထားတယ်၊ ရေကျရင်တော့ ပြန်လာမှာပါ။ ငါလည်း နင် တို့နဲ့ တို့ရွာလေးကို ခွဲမသွားချင်ပါဘူးဟာ၊ အခုဟာက နင်တို့ သိတဲ့အတိုင်း ပဲ မဟုတ်လား…"

မုန့်ပွဲများပြင်နေရာတွင် ခင်သဲအမေးကို ရွှေလိပ်ပြာ သက်ပြင်း တစ်ချက်ချရင်း ပြောလိုက်သလို အနားရောက်လာသူ ရွှေစာရေး မျက်နှာ ကို လှမ်းကြည့်လိုက်သည်။ ခဲသဲမှ အသံခပ်အုပ်အုပ်ဖြင့်…



"သူငယ်ချင်းရာ… ငါတို့ အခုလို တစ်နေရာတည်းမှာ တစ်စု တစ်ဝေးတည်း နေရတဲ့အရသာ၊ ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူးဟယ်၊ ဒါပေမဲ့ ရွှေလိပ်ပြာရယ်… ဒို့ရွာလေးတော့ အမြဲခွဲမသွားပါနဲ့ဟာ"

"အေးပါ ခင်သဲရယ်… ငါ… နင်တို့နဲ့ ဒို့ရွာလေးကို ဘယ်တော့ မှ ထာဝရစွန့်ခွာမသွားဘူးဆိုတာ ငါထပ်ပြောပါရစေ သူငယ်ချင်းရယ်"

ရွှေလိပ်ပြာရေ… အရီးဒေါ်ခင်မွှေက ဆရာတော်ကို မိသားစုတွေ ထန်တော့ဖို့ လာခဲ့ပါတဲ့"

အပျိုခေါင်းဆောင် ဒေါ်မအေးအသံကြောင့် ရွှေလိပ်ပြာ စကားဖြတ် လိုက်ရင်း၊ မျက်နှာချင်းဆိုင်ရှိ ရွှေစာရေးမျက်နှာ တစ်ချက်လှမ်းကြည့်ရင်း ပြုံးပြလိုက်ရင်း…

"ရွှေစာရေး… ငါတို့ မနက်ဖြန်လောက် ရန်ကုန်သွားတော့မယ်၊ တစ်ပါတည်း နှုတ်ဆက်ခဲ့တယ်နော်"

ဟုပြောရင်း ကျောင်းကြီးပေါ်ရှိ ကျက်သရေခန်းရှေ့သို့ ထွက်လာ ခဲ့သည်။ ရွှေစာရေးကား ရွှေလိပ်ပြာထွက်သွားရာဖက်ကြည့်ရင်း သက်ပြင်း ချလိုက်သည်။ အနားရှိ ခင်သဲမျက်နှာကို လှမ်းကြည့်ရင်း…

"ခင်သဲ ရွှေလိပ်ပြာတို့ တကယ် ရန်ကုန်သွားတော့မှာပေါ့နော်.."

"အေးလေ… နင်လည်းကြားလိုက်သားပဲ ရွှေစာရေးရယ်…"

"ဒီဘက် ခဏ ခင်သဲ၊ နင့်ကို ငါ အကူအညီတောင်းစရာရှိလို့"

"ဘာများလည်း ရွှေစာရေး"

မုန့်ပွဲပန်းကန်များ ဆေးကြောနေရာနှင့် ခပ်လှမ်းလှမ်းရှိ ရေအိုးစင်ဆီ ဘက်သို့ လျှောက်လာရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ခင်သဲရာ၊ ငါ့ကိုတစ်ခုကူညီပါဦး" ရွှေစာရေးက ခပ်တိုးတိုးဖြင့် အမောတကောပြောနေသည်။

"ဘာလဲ ရွှေစာရေး၊ ဘာအကူအညီလဲ"

"ဒီလိုဟာ… ငါရွှေလိပ်ပြာကို ချစ်နေမိပြီဟာ၊ အဲဒါ နင် သူ ရန်ကုန်မသွားခင် ပြောပေးပါဟာ၊ နောက်ပြီး အဖြေလေး တစ်ပါတည်း ပေးနိုင်ရန်လည်း ပေးဖို့ပြောပေးပါဟာ၊ နင်နဲ့သူက တကယ်အရင်းနှီးဆုံးမို့ အကူအညီတောင်းတာပါဟာ… နော်… နော်"

"ရွှေစာရေး… နင်တကယ်ပြောနေတာလား"

"ဟာ… တကယ်ပြောတာပါဟာ၊ နင်မယုံလို့လား၊ ငါတကယ် ချစ်တာပါဟာ၊ နောက်ပြီး သူ့အချစ်ကို ငါရမယ်လို့လည်း ယုံကြည် တယ်ဟာ နော်… ခင်သဲ"

ရွှေစာရေးက သူရင်ထဲမှာ မျှော်လင့်ချက်ကို ခင်သဲကို ဖွင့်ဟ တိုင်ပင်သည်။ ခင်သဲက ရွှေစာရေးကို ရီဝေစွာ ကြည့်ရင်း…

"ယုံတယ် မယုံဘူး မဟုတ်ရပါဘူး… ရွှေစာရေးရယ်၊ နင်ပြော တဲ့အကူအညီ ငါပေးမှာပါ။ သူမြို့ကို မသွားခင် နင်လိုချင်တဲ့အဖြေကို ငါရအောင် ကြိုးစားပေးပါမယ်"

"ဟာ ဝမ်းသာလိုက်တာ… ခင်သဲရယ်၊ သူတို့က ကျောင်းကြီး ပေါ်မှာနေတော့ ငါအတွက် အခွင့်အရေးမသာဘူးပေါ့ဟာ၊ နောက်ပြီး သူ့အမေကြီးက ငါတို့နှစ်ယောက်စကားပြောတာတောင် ကြိုက်တာ မဟုတ်ဘူးမို့လား၊ အဲဒါကြောင့် နင့်ကို အပူကပ်ရတာပေါ့ခင်သဲရာ၊ နင်လိုချင်တဲ့အကူအညီ ငါ့ကိုတောင်းပေါ့ဟာ"



ရွှေစာရေး စကားကြောင့် ခင်သဲမျက်နှာကြုတ်သွားသည်။ ရွှေစာရေးမျက်နှာကို တည့်တည့်စိုက်ကြည့်ရင်း-

"နင့်ဆီက အကူအညီ ဟုတ်လား"

"မလိုပါဘူး… ရွှေစာရေးရာ နင့်အတွက် ငါကူညီရတာ ကျေနပ် ပါတယ်၊ ကဲ ပန်းကန်တွေလည်း ပုံနေပြီ ငါသွားဆေးလိုက်တော့မယ်"

ပြောရင်း မုန့်ပွဲများဆေးရန် ထွက်သွားသော ခင်သဲကို ကြည့်ရင်း ရွှေစာရေး ရင်ထဲဝယ် ခင်သဲကို ကျေးဇူးတွေ တင်နေမိသည်။

⌘ ⌘ ⌘ ⌘ ⌘

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ခင်သဲ သူတို့ ဒီနေ့ မနက်သွားကြတော့မယ်ဆို"

ကျောင်းလှေကားထိပ် လှေဆိုက်လျှင် ချက်ချင်း ကျောင်းပေါက်ဝတွင် အသင့်တွေ့ရသူ ခင်သဲအား ရွှေစာရေး သိလိုစောဖြင့် လှမ်းမေးလိုက်သည်။

"အေး ဟုတ်တယ်၊ ရွှေစာရေး အဲဒါ သူတို့သွားမယ့် ပုံတောင်၊ ပစ္စည်းတွေတောင် တင်ပြီးသွားပြီ၊ အခု ဆရာတော်ကို ကန်တော့နေကြတယ်၊ မကြာခင် သွားကြတော့မှာ"

"အေးဟာ… ညက ဒို့ကင်းလှည့်မှို့ အခုနံနက်ခင်း ရွာထဲအိမ်တွေ အခြေအနေလိုက်ကြည့်နေလို့ ကြာသွားတာ၊ ဒါနဲ့ ငါ့အတွက်"

"တိုးတိုးပြော ရွှေစာရေး၊ နင့်အတွက် ရွှေလိပ်ပြာ… ညက ငါ့ကို စာပေးခဲ့တယ်၊ သူတို့သွားမှယူ နင်ကျောင်းပေါ်တက်ဦးမှာလား"

"အေး… ဒို့တာဝန်ပြီးကြောင်း ဦးကျော်သိန်းတို့၊ ဘကြီးဒိုးမောင်တို့ ပြောရဦးမယ်"

ရွှေစာရေး ကျောင်းပေါ်ရောက်တော့ ဒေါ်ခင်မှုံတို့ တစ်တွေ ဆရာတော်ကို ကန်တော့ပြီးသွားချေပြီ၊ ရွှေစာရေးလည်း ဘကြီးဒိုးမောင်တို့နှင့် အတူထိုင်ရင်း ရွှေလိပ်ပြာကို လာခေါ်သူတွေကို အကဲခတ်ကြည့်နေမိ



သည်။ လာခေါ်သူတွေထဲတွင် ရွှေလိပ်ပြာအဒေါ် ဒေါ်ခင်ယုံနှင့် ရွှေလိပ်ပြာနှင့် ရွယ်တူလူငယ်နှစ်ယောက်ပါသည်။ ဒေါ်ခင်ယုံ၏ တူတွေဟု ပြောကြသည်။ ဒေါ်ခင်မှုံရွှေမျိုးများက တင်စရာ ကျန်သေးသည့်ပစ္စည်း ပုံတောင်ပေါ်တင်ပေးနေကြသည်။ ကျောင်းပေါ်၊ ဇရပ်ပေါ်များမှ ရွာသူရွာသားများက ဒေါ်ခင်မှုံတို့ ရွှေလိပ်ပြာတို့ကို လက်ပြနှုတ်ဆက်ကြသည်။ မြို့သားလူငယ်နှစ်ယောက်က နေကာမျက်မှန်ကိုယ်စီတပ်၍ ပုံတောင်ပေါ် အနေ့သားထိုင်နေကြသည်။ ပုံတောင်ကား စက်နှိုးမရသဖြင့် မထွက်နိုင်သေး၊ ပုံတောင်မောင်းသမား ချွေးဖြိုက်ဖြိုက်ကျနေပေပြီ။

"ရွှေစာရေး… ညှို့သည်တွေ အားနာဖို့ကောင်းနေပြီကွာ၊ ပုံတောင်ကူနှိုးပေးလိုက်ကြပါဦးကွာ"

ဘကြီးဒိုးမောင် စကားကြောင့် ရွှေစာရေး ကျောင်းလှေကားခြေရင်းတွင် ရပ်ထားသောပုံတောင်ဆီသို့ ဆင်းလာခဲ့သည်။ ပုံတောင်သမားက စက်နှိုးသည့်ဂေါက်တံ ရွှေစာရေးထံလှမ်းပေးရင်း နေရာဖယ်ပေးသည်။ ရွှေစာရေး လေးငါးပတ်လှည့်ပြီး နှိုးကြည့်သည်။ မနှိုးသေး၊ မီးခိုးလိုက်ရုံသာရှိသည်။ တစ်ခါနှိုး နှစ်ခါနှိုး မရသေး။ နောက်ဆုံး ဆယ်ပတ်ခန့် ခပ်သွက်သွက်လှည့်ပြီး နှိုးတော့မှ နိုးတော့သည်။

"ကျေးဇူးတင်လိုက်တာ… တစ်ခါတစ်လေကျွန်တော့် ပုံတောင်က ဖောက်တတ်တယ်ဗျာ"

"အားလုံးသွားကြပြီ ဟေ့"

ဒေါ်ခင်မှုံ၏ အော်နှုတ်ဆက်သံအဆုံး ပုံတောင်သမားက လီဗာတင်သာ စက်လှေကို ကျောင်းပေါက်ဝဘက်သို့ တာစူလိုက်သည်။ ရွှေစာရေး အုတ်ခုံလှေကားရင်းတွင် ရပ်ကာ နဖူးပေါ်မှ စီးကျလာသော ချွေးစေးသုတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ရွှေလိပ်ပြာကို လက်ပြနှုတ်ဆက်နေမိလျက်သား ဖြစ်သွားသည်။ ရွှေလိပ်ပြာကလည်း သူ့ကို အားပါးတရ ပြန်ပြီး နှုတ်ဆက်နေသည်။ ကျောင်းခြံစည်းရိုးကို ကျော်ဖြတ်သွားသော ပွဲထောင်ကား စက်သံဆူညံလျက် ကွင်းထဲဘက်သို့ ပြတ်ထွက်သွားချေပြီ။ ပွဲထောင်အရှိန်ကြောင့် ဖြစ်ပေါ်လာသော လှိုင်းများက အရှိန်ပြင်းပြင်းနှင့် ကျောင်းလှေကားရင်းကို ဆောင့်နေသည်။ ပွဲထောင်သံနားစွင့်နေရင်း ရွှေစာရေးတစ်ယောက် ရင်ထဲဝယ် ဝမ်းနည်းသလို ခံစားနေရသည်။ ထိုစဉ်ခပ်လှမ်းလှမ်း ဇရပ်ပေါ်မှ…

"ရွှေစာရေး… အမေမူးလဲသွားလို့"

"ဒေါ်သိန်းမြင့် မူးလဲသွားလို့"

"ဟာ… ရွှေစာရေး လှေကို မစောင့်နိုင်တော့ ရင်ခေါင်းလောက်ရှိသည့် ရေထဲခုန်ဆင်းကာ ဇရပ်ဘက်သို့ အမြန်ကူးသည်။

"အမေ… အမေ"

အော်ခေါ်ရင်း ဇရပ်ပေါ် ပြေးတက်လိုက်သည်။ သူ့အမေ ဒေါ်သိန်းမြင့်ကား ခင်သဲရင်ခွင်ထဲတွင် မှိန်နေတာ တွေ့လိုက်ရသည်။ အနားမှာလည်း အားလုံး စိုးရိမ်စိတ်နှင့် ဝိုင်းပြီးပြုစုနေကြသည်။

"ဟင်း… ဟင်း… အင်း"

"အမေ… အမေ… အမေ သတိရပြီလား"

ရွှေစာရေး ခြေစမ်း လက်စမ်းနှင့် စိုးရိမ်စိတ်နှင့်ခေါ်နေမိသည်။

"အင်း… အင်း"

"ဟော… လူလေး… ရွှေစာရေး အမေသတိရလာပြီ၊ ခင်သဲနှင့်အမေကို ကြည့်ထားလိုက်ပါ၊ ငါ ကျန်းမာရေးမှူးသွားပင့်လိုက်မယ်၊ ဟိုဘက်ရွာ ရောက်နေတယ်ကြားတယ်"



"အေး… စိတ်ချ ရွှေစာရေး"

"သား… လူလေး… ရွှေစာရေး အမေသတိရပါပြီကွယ်၊ ရေရိုပ်၊ လှိုင်းရိုပ်ကြည့်ရင်း မိုက်ခနဲဖြစ်သွားတာပါကွယ်"

"အို… မဟုတ်တာ အမေရယ်၊ သား ကျန်းမာရေးမှူးနဲ့ အမေကို ...စ်ပါတည်းပြချင်တယ်၊ မြခေါင်ရေ လှေကြီးဖြုတ်ကွာ"

ပြောပြောဆိုဆို ရွှေစာရေးနှင့် မြခေါင် ထွက်သွားကြပေပြီ။ ဒေါ်သိန်းမြင့်ကား အသက် ၇၀ ကျော်ပြီဖြစ်၍ ချူချာချင်သည်။ အခုလို ...ကြီးသည့်ကာလများတွင်တော့ ရေရိုပ်၊ လှိုင်းဒဏ်ကြောင့် လူကြီးပိုင်း ...တွေ ကျန်းမာရေးချို့ယွင်းတတ်ကြသည်။

ထိုနေ့မှစ၍ ဒေါ်သိန်းမြင့် သိပ်နေမကောင်းချင်တော့၊ မလန်းဆန်း ...ပဲ လူကြီးမို့ အားနည်းတာလည်းပါသည်။ ရေထဲ၊ လှိုင်းပုတ်သည့်ဒဏ် ...တွေ့အကြုံနည်းသည့်အရပ်မို့ သက်ကြီးပိုင်းတွေ ကျန်းမာရေးထိခိုက်ကြသည်။ ထိုရက်အတွင်း သားထောက်၊ သမီးခံနည်းသူ ဒေါ်သိန်းမြင့်ကို ...သဲတို့ မိန်းကလေးတစ်သိုက်က ပြုစုပေးကြသည်။ အထူးသဖြင့် ခင်သဲ ...ကိုယ်ဖိရင်ဖိ ပြုစုပေးသည်။

"ရွှေစာရေး… မင်းအမေဂရုစိုက်၊ အားရှိတဲ့ ကြက်သားစွပ်ပြုတ် ...တိုက်ပေး၊ အအေးမမိစေနဲ့၊ အခုလို ရေကြီးကာလဆိုတော့ သက်ကြီး ...အိုတွေ အနေအထိုင် ဂရုစိုက်ပေးပါ၊ အနားမှာလည်း လူအမြဲရှိပါ ...ကွာ"

ကျန်းမာရေးမှူး ကိုရဲအောင် နှစ်ရက်တစ်ပတ် သုံးရက်တစ်ပတ် ...သိန်းမြင့် အကြောင်းပြု၍ အားလုံးကို ကျန်းမာရေး ဂရုစိုက်ပေးသည်။ ...စာရေးလည်း ဆေးဝါး ဓာတ်စာ မပြတ်စေရ။ အညစ်အကြေးကအစ ...အရာရာ ခင်သဲက တာဝန်ယူ လုပ်ကိုင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေစာရေး… ခေါ်လေး ဒီနေ့ ဆန်ပြုတ်နည်းနည်းပိုသောက် တယ်ဟဲ့"

"အေး… ခင်သဲရာ၊ နင့်အခုလို ငါ့အမေကို ဂရုစိုက်တော့ ငါလည်း တစ်ရွာလုံးကိစ္စအတွက် ဘကြီးဒိုးမောင်တို့ ဦးလေးကျော်သိန် တို့နဲ့ ဝိုင်းကူနိုင်တာပေါ့ဟာ"

"အေးဟာ… ဒို့ရွာမှာ အခုလို ရေဘေးကြုံနေတဲ့အချိန်မှာ ဒို့လူငယ်တွေ တတ်နိုင်တဲ့ဖက်က မကူညီလို့မဖြစ်ဘူးလေ၊ အားလုံးက လည်း တစ်ရွာလုံးမှ တစ်အိမ်တည်းဆိုသလို၊ တစ်မိသားစုတည်းက ကိစ္စတွေလို သဘောထားရမဲ့ အချိန်မဟုတ်လား၊ နင်က တတ်နိုင်တဲ့ကိစ္စ တွေ ဝိုင်းကူနေတာလည်း မိဘ၊ ညီအစ်ကို မောင်နှမပြုစုနေရသလိုပေါ့ဟာ နင့်အမေ ကျန်းမာရေးလည်း ငါတို့က ဒီလိုပဲ သဘောထားပြုစုနေတာ ဘာမှ နောက်ဆံမတင်းနဲ့"

"အေးဟာ… အခုလို အမေ ထူထူထောင်ထောင်ဖြစ်လာတာ နင်တို့ကျေးဇူးကြောင့်ပါ၊ ငါတို့ယောက်ျားလေးတွေလည်း တာဝန်ကျတဲ့ စာရေးက ကျန်းမာရေးကြောင့် မလာနိုင်တော့ စာရင်းဇယားကအစ လူကြီး တွေ ဝိုင်းကူလုပ်ပေးရ၊ နောက်ပြီး ရေဘေးကယ်ဆယ်ရေး ပစ္စည်းတွေ မြို့သွားထုတ်ရ၊ ဒို့လူငယ်တွေ မပါလို့ ဘယ်ဖြစ်မလဲ"

"အေး…-ဟုတ်ပါတယ်၊ နင်တို့၊ လှမွန်တို့၊ သက်ဦးတို့ ညဖက်လည်း လုံခြုံရေးပါရ၊ အစစအရာရာ ဝိုင်းကူနေတော့ လူကြီးတွေက အားကိုးယုံကြည်နေကြတာ၊ အခုလို အရေးကြုံတဲ့အချိန် အခုလို ညီညီ ညာညာနေတာတွေ့ရတော့ ဆရာတော်တောင် ချီးမွမ်းနေပြီဟ၊ နောက်ပြီ အခုမကြာခင် ရေမြုပ်လို့ ကျောင်းပိတ်ထားရတဲ့ ကျောင်းသားလေးတွေ စာသင်နိုင်ရေး ဝိုင်းဝန်းကြိုးစား အခြေရှာဖို့ လုံးပမ်းနေကြပြီ"



"အေးဟာ… ရေကြီးလို့ အခြေအနေပျက်တာကို လက်မြှောက် အရှုံးပေးနေမဲ့အစား ဒို့ဆောင်ရွက်သင့်တာတွေ ဝိုင်းဝန်းကြိုးစားရဦးမှာ၊ သြော်… ဒါနဲ့ ခင်သဲ… အမေနိုးရင် အဖောအရောင်ပျောက်ဆေးလေး ရေကျက်အေးနဲ့ တိုက်လိုက်ဦးနော်"

"အေး… အေး"

"ရွှေစာရေးရေ… စပါးပြန်စိုက်မဲ့ ကေတွေအတွက် မျိုးစာရင်း ကောက်ဖို့ ဦးလေးကျော်သိန်းခေါ်နေပြီဟေ့" ကျောင်းပေါ်မှ လှမွန်၏ အော်ခေါ်သံ…

"ကဲ… ငါသွားဦးမယ်၊ အမေနိုးရင်လည်း ပြောလိုက်ဦးနော်"

"အေး… အေး"

ရွှေစာရေး ခင်သဲကို သူ့မိခင်ကြီးအတွက် မှာစရာရှိတာတွေ မှာနေ သည်။ ထိုစဉ် လှမွန် လှေဇရပ်ခြေရင်းရောက်လာပြီဖြစ်၍ ရွှေစာရေး တစ်ယောက် လှေကားရင်းသို့ အမြန်ဆင်းသွားလေသည်။

ခင်သဲတစ်ယောက် ဒေါ်သိန်းမြင့်အနားတွင် ယပ်ခတ်ပေးရင်း ကျန်ခဲ့သည်။ သူမစိတ်ထဲတွင် ဒေါ်သိန်းမြင့် ကျန်းမာရေးအတွက် စိတ်ပူ နေမိသလို၊ ရေမြန်မြန်ကျပါစေဟု ဆုတောင်းနေမိသည်။

×× ×× ×× ×× ××

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကဲ… အဲဒီတော့ ကျွန်တော်တို့ စပါးစိုက်တောင်သူအားလုံ
မကြာခင်ရေကျတော့မှာမို့၊ ရေကျတာနဲ့ တစ်ပြိုင်နက် အချိန်မီ စပါးပြန်စိုက်
နိုင်ဖို့ အခုအချိန်ကစပြီး မျိုးစပါးတွေ စုဆောင်းထားရမယ်၊ လိုအပ်ချက်ရှိရ
စိုက်ပျိုးရေးဌာနတို့ ကုန်သွယ်လယ်ယာတို့နဲ့ ဆက်သွယ်ရယူရပါမယ်
အဲဒီ ထုတ်ယူမဲ့ စပါးဖိုး ငွေတန်ဖိုးကို သဓေါယမအသင်းကနေ စာရင်းမှတ်
စနစ်နဲ့ သီးနှံပေါ်ပေးသွင်းနိုင်ရန် စီစဉ်ထားပါတယ်။ နောက်ပြီး စပါးစိုက
ရင် ရေတင်ဖို့ လက်လှမ်းမမီတဲ့ လယ်တွေမှ ပဲမျိုးစုံစိုက်ဖို့ ကြိုတင
ဆောင်ရွက်ရပါမယ်။ တောင်သူလယ်သမားအားလုံး စိတ်ဓာတ်မကျပါနဲ
အချိန်ရာသီရှိပါသေးတယ်။ စပါးမမီ ပဲစိုက်မယ်။ ပဲမမီ နွေစပါးစိုက်ကြ
မယ်။ လုပ်ချင်တဲ့ စိတ်ပဲလိုပါတယ်။ အားလုံးလိုအပ်ချက်ကို ကူညီမဲ့
ဌာနတွေအဆင်သင့် ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဖက်ကလည်း
လုပ်ငန်းခွင်မှာ အချိန်ပြည့် တက်ညီလက်ညီလုပ်နိုင်ဖို့ အခုလိုအခါမျိုးမှာ
ကျန်းမာရေး ဂရုစိုက်ရပါမယ်။ မလိုအပ်ပဲ ရေထဲမကြာခဏဆင်းတာတို
ကလေးသူငယ်တွေ အမှုမဲ့၊ အမှတ်မဲ့ ရေတွေမသောက်မိကြဖို့၊ ရေကို
အကြည်ခံ ကျိုချက်သောက်ကြဖို့ အထူးသတိပြုကြပါ။ မကြာခင်မှာလည်း
ဒီကျောင်းဝိုင်းထဲရောက်နေတဲ့ ကျောင်းသားလေးတွေ စာသင်မပျက်ဖို
မဖြစ်ဖြစ်တဲ့ နည်းနဲ့ ကျောင်းပြန်ဖွင့်ဖို့ စီစဉ်ထားပါတယ်၊ ဇရပ်တစ်ခု
တစ်ခု ကျောင်းဆောင်တစ်ဆောင်နဲ့ တစ်ဆောင် ဝါးတံတားတွေ ထိုးနေ



ပြီ။ အဲဒါတွေကိုတော့ မိုးထဲရေထဲမှာ အသက်အရွယ်ကြီးသူတွေလုပ်ရင်
ကျန်းမာရေးထိခိုက်နိုင်တာမို့ ကျေးရွာရှိ၊ လူငယ်တွေကိုပဲ အားကိုးပြီး
လုပ်နေကြရတာပါ။ လူငယ်တွေကလည်း ကိုယ့်ကျေးရွာကို ချစ်တဲ့စိတ်နဲ့
ခိုမကပ် လုပ်နေတာ တွေ့ရတော့ဝမ်းလည်းသာ ကျေးဇူးလည်းတင်ပါ
တယ်"

ကျေးရွာလူကြီး ဦးကျော်သိန်းမှ စကားဝိုင်းလည်းမက၊ အစည်း
အဝေးလည်းမကျ၊ ကျောင်းပေါ်စုဝေးရောက်နေသူအားလုံးကို ရှာရှေ့ရေး
သွားနွေးတိုင်ပင်အသိပေးနေကျ။ ကျေးရွာ ရွာမိရွာဖ ဦးဒိုးမောင်မှလည်း

"ရွာလူကြီး ဦးကျော်သိန်း ပြောတာ မှန်ပါတယ်။ အခု ကျွန်တော်
တို့ရွာသားတွေဟာ အရေးကြုံလို့ အခုလိုစုဝေးနေရတဲ့ မမျှော်လင့်တဲ့
အဖြစ်ကြောင့် ဘာအမြတ်ရသလဲဆိုတော့ တစ်ရွာတည်းသား၊ တစ်မိ
တည်းသား၊ တစ်အိမ်တည်း၊ တစ်ဝန်းတည်းရောက်နေကြတော့ တစ်ဦး
အကြောင်း တစ်ဦး ပိုမိုနားလည် လာကြသလို၊ ချစ်ခင်ရင်းနှီးမှု ပိုရှိကြပြီး
သားစုစိတ်ဓာတ် ပိုပြင်လာကြပါပြီ။ ကျောင်းကြီးပေါ်မှာ၊ ဇရပ်ကြီးတွေ
ပေါ်မှာ စုဝေးနေကြ၊ စုဝေးစားသောက်ကြ၊ တစ်ဦးနဲ့ တစ်ဦး အခုလို
သွားနွေးညှိနှိုင်းကြနဲ့ တကယ့် တစ်အိမ်ထောင်စုထဲမှာ နေကြတဲ့ မိသားစု
တွေလို ဖြစ်နေကြပါပြီ။ တစ်ဦးကိုတစ်ဦး ကူညီလို့ တကယ့်ကြည်နူးစရာ
ပါ။ အဲဒီစိတ်ဓာတ်ကို ထာဝရလိုန်းသိမ်းထားနိုင်ကြရင်တော့ ဒို့ဝန်းတော
ရွာလေးဟာ တကယ့်စံပြကျေးရွာလေးတစ်ရွာအဖြစ် ရပ်တည်နေမှာပါ။
အဲဒီလို ဖြစ်ဖို့လည်း မျိုးဆက်သစ်လူငယ်၊ လူရွယ်တွေက လက်ဆင့်ကမ်း
ထိန်းသိမ်းသွားရမှာမို့ လူငယ်တွေကို အားကိုးခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်
လည်း တို့ကျေးရွာက လူငယ်တွေက ကိုယ့်အိမ်ထောင်စုက လူကြီးမိဘ၊
ညီငယ်၊ ညီမငယ်တွေအတွက် အကျိုးဆောင်ပေးရတယ် ဆိုတာအသိ
ရှိထားကြပါ။ မကြာခင်ကာလ ရေတွေကျသွားတဲ့အချိန်မှာ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ထူထောင်ရမဲ့ ရွာရဲ့အရေးကိစ္စအားလုံး အမောင်တို့၊ အမိတို့ကို အပ
တယ်''

ဘကြီးဒိုးမောင်စကားဆုံးတော့ ရွှေစာရေး၊ မောင်သက်ဦး
လူငယ်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသ
သူတို့ရင်ထဲတွင် ပန်းတောရွာရှေ့ရေးကို တာဝန်ယူကြမည့်အသိကိုယ
ကိုယ်၄ ကိန်းအောင်းလျက်... ရွှေစာရေးက...

''ဘကြီးတို့ပြောသလို ကျွန်တော်တို့လူငယ်တွေ တစ်ရွာလုံးအ
ကို မိသားစုအရေးလို့ သဘောထားပြီး အရေးကြီးသွေးနီးတဲ့စိတ်နဲ့ မကြာ
လုပ်ရမယ့် ပြန်လည်ထူထောင်ရေးကာလတင်မဟုတ်ဘူး ဘကြ
တစ်သက်လုံးဆောင်ရွက်သွားမှာပါလို့ ကတိပြုပါတယ်''

မောင်သက်ဦးမှလည်း...

''ဟုတ်ပါတယ်ခင်ဗျား... ကျွန်တော့်သူငယ်ချင်း ရွှေစာ
ပြောသလိုပါပဲ၊ ကျွန်တော်တို့ ရွာလေးရဲ့ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေ
ပညာရေး၊ ကျန်းမာရေး အစစကို ကိုယ့်အားဉာဏ်အားရှိသရွေ့ ကျွန်တေ
တို့ လူငယ်တွေ စိတ်တူကိုယ်တူနဲ့ ဆောင်ရွက်ကြမှာဖြစ်သလို၊ ဆောင်ရွ
နိုင်အောင် ကျွန်တော်တို့ တာဝန်ယူစည်းရုံးပြီး၊ မဖြစ်မနေဆောင်ရွက်ပါမ
လို့ ထပ်ဆင့် ကတိပြုပါတယ်ခင်ဗျား...''

''အေး... သာဓု... သာဓု... သာဓုကွာ''

အားလုံးက ချီးမွမ်းသာဓုခေါ်ကြသလို ဘကြီးဒိုးမောင်မှလည်း...

''ဒါမှ... ငါတို့ ပန်းတောသားလူငယ်တွေကွ... ပန်းတေ
သားကွ''

အားလုံးက ပြုံးရွှင်တက်ကြွလျက်....

⌘ ⌘ ⌘ ⌘ ⌘

# အခန်း (၁၁)

''ရွှေစာရေး... မင်းအမေ မောနေတယ်''

ကျောင်းကြီးပေါ်တွင် အိမ်ထောင်စုများအား ဆန်၊ ဆီ အစထား၍
ရှုတ်၊ ကြက်သွန်၊ မီးထွန်းရန် ရေနံဆီကအစ စာရင်းလုပ်နေသော
ရွှေစာရေး လုပ်လက်စများ ဖြတ်လိုက်ရင်း၊

''ဟာ... ဟုတ်လား ဦးလေး၊ ကျွန်တော်ကျောင်းပေါ်မလာခင်
အတောင် အကောင်းသားပဲ၊ ဆန်ပြုတ်တောင်တိုက်ခဲ့သေးတယ်။ လာ...
ဦးလေး''

ပြောရင်း ရွှေစာရေး အတင်းဇရပ်ဖက်သို့ လှေနှင့်ကူးခဲ့သလို
သားတချို့လည်း လိုက်လာခဲ့ကြပြီး ရွှေစာရေးတို့နေရာ ဇရပ်တွင်လည်း
တ်ရုတ်သဲသဲဖြစ်နေသည်။

''ခင်သဲ... အခြေအနေဘယ်လိုလဲ''

ရွှေစာရေးလှေပေါ်မှ အတင်းဆင်းရင်း သူ့မိခင်နားတွင် ယပ်ခပ်
နေသော ခင်သဲကို လှမ်းမေးလိုက်သည်။ ခင်သဲကား မျက်နှာမကောင်း

''ရွှေစာရေး ဒေါ်လေးသိန်းမြင့် မောနေတယ်ဟ''

ဒေါ်ခင်သိန်းကား အသက်ကို မှျင်းမှျင်းရှူရင်း ရင်တစ်ခုလုံး
ချည်မြင့်ချည်ဖြစ်နေသည်။ ရွှေစာရေး သူ့မိခင်ကိုကြည့်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အမေ… အမေ"

ရွှေစာရေး ခပ်တိုးတိုးခေါ်ကြည့်သည်။ ဒေါ်သိန်းမြင့်ကား သူ့သာ အသံကြောင့် မျက်လုံးကို အနည်းငယ်ဖွင့်ကြည့်ရင်း ပါးစပ်မှ အားယူ

"သား လိမ်လိမ်မာမာနေနော်…" ပြောရင်းမောနေသည်"

"အမေ… စကားသိပ်မပြောနဲ့နော်၊ အမေ… မောနေမယ်"

"သားလေး" "အမေ"

"ခင်သဲ… ခင်သဲ… အမေ့အပေါ် ကျေးဇူးရှိတယ် စောင့်ရှောက်နော်"

"ဟုတ်ကဲ့အမေ… စိတ်ချပါ၊ အမေစကားသိပ်မပြောပါနဲ့"

ဒေါ်သိန်းမြင့်ကား ပြောရင်းမောနေသည်။ ခင်သဲကား ဒေါ် သိန်းမြင့်ကို ပွေ့ပိုက်ထားရင်း ယပ်ခပ်ပေးနေသည်။ ရွှေစာရေးကာ ခြေမကိုင်မိ လက်မကိုင်မိ အားလုံး လူကြီးလူငယ်တွေ စိတ်မကောင်းကြ ခင်သဲပွေ့ထူထားသော ဒေါ်သိန်းမြင့်၏ခေါင်းကား တစ်ဖက်လည်သွား သည်။

"အမေ… အမေ…"

ရွှေစာရေး သူ့မိခင်အား ပါးချင်းကပ်၍ ခေါ်သည်။ ဒေါ် သိန်းမြင့်ကား ပျော့ခွေသွားချေပြီ၊ ခင်သဲကား ရှုံ့ရှုံ့ ငိုနေသည် အနားရောက်လာသူ ဦးဒိုးမောင်က-

"ငါ့တူ… ရွှေစာရေး၊ မင်းအမေမရှိတော့ဘူး၊ ငါ့တူ တာဝန်ကျေ ပါတယ်ကွာ"

"အမေ… အမေ" ရွှေစာရေးကား အသံကုန်အော်ဟစ်လျှ မျက်ရည်တွေ စီးကျလာသည်။



"တော… ဆရာတော်ကြွလာတယ်"

"ကဲ… ဒကာကြီး ဒိုးမောင်တို့ ရွှေစာရေးနဲ့တိုင်ပင်ပြီး စီစဉ်ပေးကြ ပါ။ ဒကာမကြီးအသက်က (၇၀) ကျော်နေပြီးဆိုတော့ မှည့်နေပြီပေါ့ကွယ်၊ ကဲ… ထုံးစံအတိုင်းစီစဉ်ကြ"

"တင့်ပါ့ဘုရား"

ဆရာတော်ကြီးပြန်ကြွသွားတော့ ရွာမိရွာဖများနှင့် ကျေးရွာလူကြီး များအားလုံး စုဝေးတိုင်ပင်ကြတော့သည်။

"ကဲ… ရွှေစာရေး မင်းဆန္ဒပြောရရင်တော့ အခုလို ရေကြီးနေ တော့ ရေကျမှ သင်္ဂြိုဟ်ရင် မကောင်းဘူးလားဘကြီး၊ ရေမြှုပ်တဲ့အရပ်မှာ လုပ်ထားသလို… ထုံးစံအတိုင်း…"

ရွှေစာရေး စကားမဆုံးလိုက်ရ ဦးဒိုးမောင်မှ လက်ကာပြရင်း

"ရွှေစာရေး… မင်းဆန္ဒ ဘကြီးသိတယ်၊ ဘကြီးတစ်ခုပြောမယ်၊ မင်းစဉ်းစား အခုချိန်ခါ သင်္ချိုင်း ရေမြုပ်နေတော့ မင်းအမေ အခေါင်းကို သင်္ချိုင်းမှာ ဂုတ်စီးပြီး ရေထဲမြှုပ်ထားမှဖြစ်မယ်၊ အဲဒီလို လုပ်ထားပြီ ရေကျမှ ကျင်းတူးပြီး သင်္ဂြိုဟ်ရမှာနော်၊ အဲဒီကော့ ဒီဟာစ်လနှစ်လအတွင်း အခေါင်းထဲ ငါးရှဉ့်တွေပြည့်နေမှာကွ ငါးရှဉ့်က လူသားတို့၊ အပုတ်အပွတို့ ဆို သိပ်ကြိုက်တာ၊ အဲဒါကြောင့်မင့်… ရေကျမှ သင်္ဂြိုဟ်ရင် ငါးရှဉ့်တွေပါ သင်္ဂြိုဟ်ရမယ်။ နောက်တစ်နည်းကျတော့ လေးတိုင်စင်တို့၊ သစ်ပင်ခွဆုံတို့ မှာ တင်ထားပြန်ရင်လည်း ကြာလာရင် လေတင်၊ လေအောက်ခံနိုင်ကြမှာ မဟုတ်သလို၊ တစ်ဦးတစ်ယောက် တစ်မိသားစုဆန္ဒကြောင့်၊ တစ်ရွာလုံး ကျန်းမာရေးထိခိုက်ရမဲ့အဖြစ်ကွ၊ အဲဒီတော့ ဘကြီး… အကောင်းဆုံး အကြံဉာဏ်ပေးချင်တာကတော့ ဝါးဖောင်ပေါ်တွင် သွပ်ပြားခင်းပြီး မီး

www.burmeseclassic.com

www.burmeseclassic.com



သကြိုဟ်ပြီး ပြာကို အိုးနဲ့ထည့်ထား၊ ရေကျမှ ခြေမြှုပ်၊ ဒါမှမဟုတ် ရေထဲမျှောရင် မျှော၊ အဲဒါအသင့်တော်ဆုံးပဲ"

ဦးဒိုးမောင်စကားကြောင့် ရွှေစာရေး အဖြေမပေးနိုင်၊ မှိုင်လျက်၊ ဦးကျော်သိန်းမှလည်း…

"ဟုတ်တယ်ငါ့တူ… ကိုဒိုးမောင်ပြောသလိုပဲ အခုအချိန်မှာ ရေကလည်း ဆောင်ဘင်ဖြစ်နေတယ်၊ အားလုံးလည်း အဆင်ပြေ ထုံးစံလည်းဖြစ်အောင် ဖောင်ပေါ်မှ (၃) ရက်ထားပြီး မီးသင်္ဂြိုဟ်လိုက်ရင် ပိုကောင်းမယ် ငါ့တူ၊ မင်းအမေ သင်္ဂြိုဟ်ရေး စည်စည်ကားကား ဖြစ်ဖို့ အတွက်တော့ ဘကြီးတာဝန်ယူတယ် ငါ့တူ ကဲ… ဘယ်လိုလဲ"

"ဘကြီးတို့ကောင်းသလို စီစဉ်ပါ၊ ကျွန်တော် လက်ခံပါတယ် ခင်ဗျာ" သို့ဖြင့် ရွှေစာရေး မိခင်ကြီး သင်္ဂြိုဟ်ရေး ကိစ္စကို ဦးဒိုးမောင် ရွာလူကြီး ဦးကျော်သိန်းနှင့် ရွာမိရွာဖများ စီစဉ်မှုဖြင့် အားလုံးအဆင်ပြေခဲ့သည်။ စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းဖြင့် ကူညီပံ့ပိုးကြသည်။ အသုဘချသောနေ့တွင် ရေဖော်ဆွဲ၍ ချသည်။ အလယ်ဖောင်ပေါ်တွင် တင်ထားသော ဒေါ်သိန်းမြင့်အလောင်းကို အမျိုးသားကြီးငယ်များက လှေများနှင့် ရံလိုက်သည်။ သတ်မှတ်ထားသောနေရာရောက်လျှင် အမျိုးသားများလှော်သော လှေက တစ်ဖက်၊ အမျိုးသမီးများလှော်သော လှေကတစ်ဖက်သို့ အပြိုင်ဆွဲကြသည်။ ညာသံပေး၍ သူ့ဖက်ကိုယ့်ဖက် ဆွဲသောကြောင့် ဖောင်မှာ ဟိုဖက်ပါလိုက် သည်ဖက်ပါလိုက်ဖြစ်နေသည်။ ထိုသို့ဖြစ်နေစဉ် အခြားလှေတစ်စီးမ ပတ်မ၊ စည်၊ နှဲ၊ လင်းကွင်းတို့ဖြင့် တီးခတ်ပေးနေသည်မှာ ရေပြည့်နေသော ကွင်းထဲတွင် လှူသံ၊ ဆိုင်းသံ၊ ဆူညံနေသည်။ သတ်မှတ်ထားသော အချိန်မလွန်မီ၊ လူကြီးများကြီးကြပ်၍ သင်္ချိုင်းသို့ ပြိုင်တူဆွဲပို့ကြတာ၊ ဖောင်ပေါ်တွင် မီးသင်္ဂြိုဟ်လိုက်ကြပြီး



ပြာများကို ရေတွင်မျှောပေးလိုက်ကြသည်။ ရေဖောင်ဆွဲချသည်မှာ သူတို့ အရပ်တွင် ကြွယ်တောင့်ကြွယ်ခဲ့ဖြစ်သဖြင့် တစ်ရွာကျော်၊ နှစ်ရွာကျော်မှ ဆွေမျိုးသားချင်းများ၊ လှေဖြင့် လာရောက်ပို့ဆောင်ကြသလို၊ မမြင်ဖူး၊ မတွေ့ဖူးသည့် လူများလည်း လာရောက်ကြည့်ရှုကြသဖြင့် အလွန်စည်ကားခဲ့သည်။

ရွှေစာရေးအနေနှင့် အခက်အခဲကြားမှ သင်္ဂြိုဟ်ရသော သူ့မိခင်အတွက် သေကကောင်းသည်ဟု ကျေနပ်စွာတွေးမိသည်။ သူ့အမေ ကျန်ခဲ့သော ဖန်ပုတီးလေးနှင့် အဝတ်အစားများကို ရွာထဲရှိ သူ့မိခင်နှင့် သက်တူရွယ်တူများအား ကန်တော့လိုက်သည်။ သူ့မိခင်ကျန်ခဲ့သော ချယ်နားတောင်းတစ်ရံအား ရောင်း၍ ရက်လည်ဆွမ်းသွတ်နေ့တွင် ဆရာတော်ကြီးနှင့်တကွ ဦးပဉ္စင်း နှစ်ပါး၊ ကိုရင် ငါးပါးတို့အား သင်္ကန်းဝယ်လှူသည်။ ထိုနေ့စာ ရွာလူကြီး ဦးကျော်သိန်းမှ…

"ကဲ… မောင်ရွှေစာရေး… ငါ့တူ၊ မင်းအမေမရှိတော့ ဇရပ်ကနေ ကျောင်းကြီးပေါ်ပြောင်းလာခဲ့တော့ကွာ၊ ဘကြီးတို့အဖွဲ့နဲ့အတူနေ၊ အတူ စားပြီး နေကြတာပေါ့"

သို့ဖြင့် ရွှေစာရေး ကျောင်းကြီးခြေရင်းခန်းဘက်တွင် နေရာယူလိုက်သည်။ နေရာကား ကျယ်ကျယ်ဝန်းဝန်းမဟုတ်၊ ကျောတစ်နေရာစာသာ၊ သူ့အိပ်ရာဘေးတွင် လူမွှန်နှင့် အခြားသူငယ်ချင်းများအိပ်ကြသည်။ သူငယ်ချင်းအားလုံးက ရွှေစာရေးကို အားပေးကြသလို၊ လူကြီးသူမများကလည်း မိခင်အတွက် တာဝန်ကျေသည့်သူငယ်ဟု ချီးမွမ်းကြသည်။ ထိုစကားတွေကြောင့် ရွှေစာရေးစိတ်ထဲတွင် စိတ်ကျေနပ်ရသော်လည်း သူ့မိခင်ကြီးအတွက် ဝမ်းနည်းစိတ်က မပျောက်နိုင်၊ မိခင်မျက်နှာတရေးရေး မြင်ယောင်လျက်ရှိသည်။

၏ ၏ ၏ ၏ ၏

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"ကျွန်တော့်သားတော့ လွှတ်ချင်တယ် ကိုသာညွှန့်၊ ဟိုရောက်ရင် လုပ်အားခမနည်းရမှာဗျ"

ရွာအထက်ပိုင်းမှ ဦးထွန်းသာစကားကြောင့် အားလုံးစိတ်ဝင်စားလျက်…

"အေးဗျာ… ကျုပ်လည်း စဉ်းစားနေတာဗျ။ ရေကျလို့ လယ်ပြန်စိုက်ရင် ကုန်မဲ့ငွေကမနည်းဘူးဗျ။ နောက်ပြီး ကျုပ်လယ်ကရေတင်ဖို့ ချောင်းကဝေးတော့ မသေချာဘူးဗျ၊ အဲဒီလို စပါးစိုက်မဲ့ အရင်းအနှီးကို ကျွန်တော့်သား နိုင်ငံခြားသွားအလုပ်လုပ်ရေးမှာ ပုံအောလိုက်ရင် ကောင်းမလားလို့ စဉ်းစားနေတာဗျ၊ မလောက်လည်း နွားနိုင်း (၂) ကောင်ရောင်းမယ်ဗျာ"

"ဟာ… ကောင်းမလားလို့ စဉ်းစားမနေနဲ့ ကောင်းကိုကောင်းတာဗျ၊ ဟိုမှာ လေးငါးခြောက်လလောက် လုပ်ရင် ခင်ဗျားငွေပြန်ပေါ်ပြီပေါ့ဗျာ၊ ဒီမှာ ကိုသာညွှန့်၊ ကျုပ်လည်း လယ်စိုက်ပြီး တာကျိုးသွားလို့ စိုက်စရိတ်ကုန်တာကလွဲပြီး ဓာတ်မြေသြဇာပတ်ဖို့ ဆောင်ထားတဲ့ ငွေက အဆင်သင့်ဗျ။ အဲဒါကြောင့် ကျွန်တော့်သားကို ပို့ဖို့ဆုံးဖြတ်လိုက်တာဗျ။ ဟိုမှာ မခင်မှုံတို့ အဆက်အသွယ်တွေက သိပ်ကောင်းတယ်လေ"

ဦးထွန်းသာ စကားကြောင့် ရွာလယ်ပိုင်းမှ ဦးချစ်မောင်မှလည်း…



"ဟုတ်တယ်ဗျ၊ အခုလို ရွာကလူတွေ ရေမျှောကမ်းတင်ဖြစ်နေတဲ့ အချိန်၊ ဒေါ်ခင်မှုံမိသားစု အဆက်အသွယ်နဲ့ အခုလို ကျုပ်တို့ရွာသားတွေ အလုပ်လုပ်ရတာကိုက ကံကောင်းတာပေါ့ဗျာ။ သူ့သမီး ရွှေလိပ်ပြာလေးလည်း ရန်ကုန်က ကုမ္ပဏီတစ်ခုမှာ အလုပ်ရပြီတဲ့၊ လစာမနည်းကောင်းဆိုပဲဗျ၊ ကျွန်တော်တို့ အချင်းချင်းသိဖို့ပြောရဦးမယ်၊ တခြားလူတွေကြားရင် ကောင်းမှာတော့မဟုတ်ဘူး၊ ကျုပ်တို့သားတွေ ဒီလိုအချိန် ရွာမှာဆက်ထားရင် တစ်ရွာလုံးရဲ့ အလုပ်လုပ်နေရတာနဲ့ အချိန်ကုန်နေမယ်။ အဲဒီတော့ အခြေအနေ ပေးတုန်း ကြိတ်ပြီး ကြိုးစားလိုက်ကြစို့"

ဦးချစ်မောင်မှ ခပ်တိုးတိုးဖြင့် သူ့ရည်ရွယ်ချက်၊ ထင်မြင်ချက်များ ပြောနေသလို ဦးသာညွှန့်မှလည်း…

"ဟာ… ဒါအခွင့်အရေးပဲ ဘယ်လက်လွှတ်ခံနိုင်မလဲဗျာ၊ နောက်ပြီး မခင်မှုံတို့ ရန်ကုန်ရောက်သွားတာ ကျွန်တော်တို့ရွာသားတွေအတွက် မင်္ဂလာပဲဗျာ၊ ဒီမှာဆိုရင် ရေကကျလိုက်တက်လိုက်နဲ့ ဟိုဟာလုပ်ရနိုး၊ ဒီဟာလုပ်ရနိုး ရှေ့ရေးက မရေရာပါဘူးဗျာ၊ ကျွန်တော်တော့ သားကို ပို့ဖို့ဆုံးဖြတ်လိုက်ပြီဗျာ၊ မယ်မင်းကြီးမ ကျေးဇူးရှင်မိသားစုတွေ ကျန်းမာပါစေဗျာ၊ ဒီထက်တိုးတက်ကြီးပွားပါစေ"

"ကဲ… ကိုသာညွှန့်၊ ဒီပြင်လူတွေ သိပ်မသိစေနဲ့၊ တော်ကြာ ကျွန်တော်တို့ ခင်ဗျားတို့ကို ဟိုအဖွဲ့တွေက မကျေမနပ်ဖြစ်နေမယ်၊ တိုးတိုး တိတ်တိတ်လုပ်ဗျာ"

ကျောင်းကြီးတစ်ဖက်စွန်းထောင့်တွင် ဦးသာညွှန့်တို့ လူစုကား တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးတိုင်ပင်လျက်၊ ဒေါ်ခင်မှုံ ရွှေလိပ်ပြာတို့ မိသားစုကိုလည်း ချီးမွမ်းပြောဆိုလျက်၊ ထိုသတင်းများကြောင့် ရွာသားတချို့လည်း မစားရ ဝမခန်း ဖြစ်ကုန်ကြသည်။ ငွေကြေးမပြည့်စုံသူများက

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်သားသမီးများကို ထောက်ပံ့ပေးမည့်သူရှိပါက နိုင်ငံခြားပို့ချင်သည့် ရောဂါထလာသည်။ ဦးသာညွှတ်တို့လို ငွေရေးကြေးရေး လွယ်သူတွေကလည်း သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး ကြိုးစားနေကြပေပြီ။ တချို့ကလည်း နိုင်ငံခြားတွင် ကျွန်သွားမခံ၊ ကိုယ့်အရပ်၊ ကိုယ့်ဒေသကျရာအလုပ်လုပ်စားမည် ပြောသူကပြောဖြင့် ဟိုတစ်စု သည်တစ်စု ပြောဆိုဆွေးနွေးကြသည့် စကားဝိုင်းတွေ တွေ့လာရသည်။

ကျောင်းအလယ်ခန်းတစ်နေရာတွင်တော့ ရွာလူကြီးဦးကျော်သိန်း၊ ဦးဖိုးမောင် စသည့်ရွာဗိုရွာဖများနှင့် လူငယ်တချို့မှာ ရေကျ၍ စိုက်ပျိုးမြေများ ပြန်လည်ပေါ်လာလျှင် စပါးစိုက်ပျိုးရေးအတွက် မျိုးလိုအပ်ချက်၊ ဆောင်းသီးနှံ လျာထားချက်များ ကျေးရွာစိုက်ပျိုးရေးတာဝန်ခံနှင့် စာရင်းပြုစုကြ၊ ဆွေးနွေးကြ၊ တာဝန်ခွဲဝေကြသဖြင့် အလုပ်ရှုပ်လျက်ရှိကြသည်။ ထိုစဉ် ဦးဒိုးမောင်မှ…

"ဟော့… လူမွန်တစ်ယောက် ခြင်ပါလား၊ သူတို့အဖွဲ့ မနက်ဖြန်ကို ပုံပိုးပစ္စည်းတွေ သွားထုတ်ဖို့ တာဝန်ပေးရဦးမယ်"

"ဟော… ဟိုမှာ… လူမွန်တို့အဖွဲ့ ကျောင်းပေါ်တက်လာကြပြီ။ ဟော့… လူမွန် လာကွ၊ ဒီမှာ ဘကြီးတို့က မနက်ဖြန် မင်းတို့အဖွဲ့ မင်းခေါင်းဆောင်ပြီး ပုံပိုးပစ္စည်းတွေ ထုတ်ဖို့ပြောနေတယ်"

လူမွန်မှာ ရွှေစာရေးစကားကို ဘာမှမတုံ့ပြန်၊ တက်တက်ကြွကြွမရှိ။

"ဟော့ကောင်… နေမကောင်းဘူးလား၊ ရေနွေးလာသောက်လေကွာ၊ ခင်သဲတို့ဆီမှာ ဆေးတွေရှိတယ်ကွာ၊ လိုရင်ကြိုတင်သောက်ထား၊ ဟော့ မနက်စောစောထရမှာနော် ငါလည်း လိုက်မယ်"

လူမွန်မှာ ရွှေစာရေးနှင့် စကားဝိုင်းရှိ လူကြီးများကို အားတုံ့အားနာကြည့်ရင်း…



"ရွှေစာရေး… နက်ဖြန် မင်းပဲ လိုက်သွားကွာ၊ ငါနဲ့ မိုးမြင့်တို့ (၄) ဦး ရန်ကုန်သွားဖို့ စီစဉ်ထားတယ်၊ မိုးမြင့်အဖေ ဦးချစ်မောင်နဲ့ ငါ့အဖေပါလိုက်မှာ၊ ဒေါ်ခင်မှုံတို့ဆီကနေ သူတို့ အဆက်အသွယ်နဲ့ နိုင်ငံခြားသွားမလို့"

"ဟေ" … "ဟာ"

ရွှေစာရေး အံ့သြသွားသလို၊ ဦးဒိုးမောင်တို့ လူကြီးများလည်း လူမွန်စကားကြောင့် စိတ်မကောင်းဖြစ်သွားသည်။ လူမွန်ကား ရွှေစာရေးကဲ့သို့ ရွာရေး၊ ရပ်ရေး၊ တက်တက်ကြွကြွလုပ်နေသည် မဟုတ်ပါလား။ ပြီးခဲ့သည့် ညကပင် ရွာလုံခြုံရေးကင်း သူတို့ထမ်းဆောင်ခဲ့သေးသည်။

"မင်း… တကယ်ပြောတာလား လူမွန်" ရွှေစာရေးစကားကို လူမွန် ပါးစပ်မှ မဖြေ၊ ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက် ရွှေစာရေးတို့ ဝိုင်းမှ ထွက်သွားသည်။

ရွာလူကြီး ဦးကျော်သိန်းမှလည်း…

"မအံ့သြနဲ့ ရွှေစာရေး၊ ငါ ဒီသတင်းတွေ ကြားထားပြီးပြီ၊ သူတို့မိဘတွေ စီစဉ်တာဘဲ၊ ကိုယ်လမ်းကိုယ်ရွေးကြတာဘဲကွာ၊ ဘာတတ်နိုင်မလဲ၊ ဒို့ကတော့ ဒို့ရွာလေးအတွက် ကျန်တဲ့လူနဲ့ ဆောင်ရွက်ကြတာပေါ့ မဟုတ်ဘူးလား"

ကျေးရွာလူကြီး ဦးကျော်သိန်းက စိတ်မကောင်းစွာပြောသည်။ ရွှေစာရေးရင်ထဲ လူမွန်လို ကျေးရွာအတွက် လက်တွဲဖော်တစ်ယောက် ရွာကထွက်သွားမည်ဖြစ်သဖြင့် စိတ်ထဲမကောင်းသလို ခံစားလိုက်ရသည်။ ချက်နှာလည်း မကောင်းတော့၊ လူမွန်ကား စကားဝိုင်းနားမှ ထွက်သွားကာ ခင်းမောင်နှင့် တီးတိုးစကားပြောလျက်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေစာရေး… မင်းလည်း စိတ်ဝင်စားရင် သွားလို့ရတယ်ဇော်၊ အရင်းအနှီးက မင်းအတွက်ဆို ဘကြီးကူညီနိုင်တယ်၊ သူများတွေလို မင်းရှိတာ မထုခွဲရပါဘူး၊ ငါ့တူရာ ရည်ရွယ်ချက်ရှိရင်ပြော"

ဘကြီးဒိုးမောင်၏ သူ့အပေါ် တကယ့်စေတနာစကား၊ သို့သော် ရွှေစာရေး ဦးဒိုးမောင်ကို ကြည့်ရင်း ခေါင်းတွင်ခါလိုက်ကာ…

"ဘကြီး… ကျွန်တော့်မှာ ကိုယ်ပိုင်ငွေရှိလည်း မသွားဘူး၊ ဘကြီးစေတနာ ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်စိတ်မကောင်း ဖြစ်တာက၊ ရွာအတွက် အားကိုးနေရတဲ့ ကျွန်တော့်သူငယ်ချင်းတွေ ရွာကို စွန့်ခွာသွားကြလို့ပါ။ အားလုံးရှေ့မှာ ကျွန်တော်ပြောပါရစေ။ ကျွန်တော့် ရွာကို ကျွန်တော့်မွေးရပ်မြေကို စွန့်ပြီး ဒီအချိန်မှာ မသွားဘူးဘကြီး၊ ဟောဒီလို တစ်ရုတစ်ဝေးတည်း နေရတော့မှ ကျွန်တော်တို့ ရွာသားတွေ အရေးကိစ္စကို ကိုယ့်မိသားစု အရေးကိစ္စလို့ မြင်လာတယ်၊ သံယောဇဉ်ရှိလာတယ်၊ ဟောဒီလိုအချိန်မျိုးမှာ ပိုပြီးမသွားနိုင်ပါဘူး ဘကြီး"

ရွှေစာရေးကား ကျောင်းပေါ်ရှိ အုပ်စုလိုက် မှိုခိုနေသည့်ကလေး၊ လူကြီး သက်ကြီးရွယ်အိုများကို တစ်ချက်ဝေ့ကြည့်ရင်း သူ့ဆန္ဒကို ပြောပြ ပုံက်သည်။ သူပြောလိုက်သည့် စကားကြောင့် ရင်ထဲပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ ဦးဒိုးမောင်မှ ရွှေစာရေး ပခုံးဖက်လိုက်ရင်း…

"ဒါမှ ငါ့တူကွ၊ ဘကြီးတို့ တစ်ရွာလုံးက အားကိုးထိုက်တဲ့ လူငယ် လူရွယ်တွေအားလုံး ဒီစိတ်မျိုးတွေထားနိုင်ရမယ်ကွ၊ အခုလို အချိန်မျိုးမှာ ဒီလိုစိတ်ထားမျိုးကြားရတာ တစ်ရွာလုံးအတွက် တန်ဖိုးရှိတဲ့ အားတွေပဲ၊ ဂုဏ်ယူပါတယ် ငါ့တူရာ"

ဘကြီးဒိုးမောင်မှာ အားတက်သရော ပြောနေသလို ရွာလူကြီး ဦးကျော်သိန်းမှလည်း



"ဟုတ်တယ် ငါ့တူကွ၊ တို့တစ်တွေက အသက်ကြီးပြီ၊ ရပ်ရေး ရွာရေး လက်ဆက်ကမ်း အမွေဆက်ခံမဲ့မျိုးဆက်သစ်လူငယ်တွေ ရှိနေတာတွေ့ရတာတွေ့ရတော့ ဝမ်းသာတယ်ဗျာ"

"စိတ်ချပါ ဘကြီးတို့ရာ… ကျွန်တော်တို့ စိတ်တူကိုယ်တူနဲ့ ဘကြီးတို့ပေးတဲ့ တာဝန်ယူဖို့အသင့်ပါ"

မောင်သက်ဦးမှ ရဲရဲတွံတွံ ပြတ်သားစွာ ပြောလိုက်သလို စကားဝိုင်းရှိ လူငယ်အားလုံးကလည်း တက်ကြွရွှင်လန်းလျက် လူကြီးများက ခေါင်း တညိတ်ညိတ်-

"အေးကွာ… မင်းတို့စကားတွေ ကြားရတာ ဝမ်းသာပါတယ်၊ အခုဟာက ဒေါ်ခင်မုံကလည်း သူ့ဖက်ကကြည့်ရင်လည်း မှန်တာပဲ။ ရည်ရွယ်ချက်ရှိတဲ့ ရွာသားတွေ ကောင်းစားရေးအတွက် ဆောင်ရွက်တာကိုး ကွ၊ ရေတက်စက ဒို့ရွာကို လာခေါ်တဲ့ သူတူဝမ်းကွဲက အဆက်အသွယ် ကောင်းဆိုဘဲ၊ ဘာပဲဖြစ်ဖြစ် ရွာအတွက် ဝမ်းသာစရာပေါ့ကွာ"

ဦးထွန်းဝမှ ဝင်ပြောနေသလို ရွှေစာရေးလည်း ဒေါ်ခင်မုံတို့မိသားစု အကြောင်း ပါလာသဖြင့် ဒေါ်ခင်မုံတို့ မိသားစု မျက်နှာတွေ အစီစီပေါ်လာ သလို၊ ရွှေလိပ်ပြာမျက်နှာကလေးကား မျက်စိထဲမှာ တဝဲလည်လည်..

"ဘကြီး… ဒေါ်ခင်မုံတို့ ကြိုးစားတာက လူတစ်စု ကောင်းစား ရေး၊ ကျွန်တော်တို့ လုပ်နေတာက တစ်ရွာလုံးကောင်းစားရေး၊ ယှဉ်ကြည့် လို့မရပါဘူး… ဘကြီးရာ၊ သူက သူများနိုင်ငံသွား ကျွန်ခံမဲ့ စီမံကိန်း၊ သူ့လိုလူမျိုး စိတ်ဓာတ်မျိုး တစ်ရွာလုံးရှိရင် ရွာပျက်မှာပေါ့"

တက်ပုက ရှုံ့ကာ မဲ့ကာဖြင့် သူ့အမြင် ဝင်ပြောနေသည်။ ဦးဒိုး မောင်လည်း…

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… တို့အရင်လုပ်စရာ ဆက်လုပ်ကြရအောင်၊ စိုက်ကြပ်လည်း အားနာဖို့ကောင်းနေပြီ၊ မနက်ဖြန် စောအောင်နိုင်၊ ရွှေစာရေးတို့တက်ပုတို့ပဲ တာဝန်ယူလိုက်ကြတော့"

"ဟုတ်ကဲ့… ဘကြီး"

သို့ဖြင့် စာရင်းလုပ်ကြ၊ ဆွေးနွေးကြဖြင့် ညနေစောင်းခဲ့သည်။ ရွှေစာရေးလည်း ဘကြီးဒိုးမောင်တို့နှင့် ထမင်းအတူစားပြီး၊ စောစောအိပ်ယာဝင်ခဲ့သည်။ အိပ်ရာပေါ်ရောက်နေသော်လည်း ရွှေစာရေးတော်တော်နှင့် အိပ်မပျော်၊ မိမိဘဝရှေ့ရေး၊ ကျေးရွာသူ ကျေးရွာသားများ၏ လက်ရှိအခြေအနေများ၊ နောက် သူချစ်ရသော ရွှေလိပ်ပြာ၊ အတွေးများက ချာချာလည်နေသည်။ ရွှေလိပ်ပြာကို သတိရခြင်းနှင့်အတူ ရွှေလိပ်ပြာပေးခဲ့သော စာခေါက်လေးသည်၌ ဖတ်ရပေါင်းများသဖြင့် အလွတ်တောင်ရနေပေပြီ။

"ရွှေစာရေး နင့်ကို ငါမစုန်းပါဘူးဟယ်၊ အခုလောလောဆယ်အချိန်မှာ အချစ်တွေတည်ဆောက်ပြီး၊ စိတ်အလို လိုက်ရမဲ့အချိန်တွေမဟုတ်ပါဘူး၊ ဘဝပြန်လည်အတည်တကျဖြစ်ဖို့ ကြိုးစားရတဲ့အချိန်မှိနင့်ဘဝတိုးတက်အောင် ကြိုးစားနော်၊ အချိန်အခါသင့်တဲ့အချိန် အတူနေနိုင်ကြိုးစားထားလို့ပြောရင် နင်ကျေနပ်လောက်ရောပေါ့ဟယ်၊ ငါ့ဘဝအတွက်ဘဝကြင်ဖော်ဟာ နင်လိုငယ်ပေါင်းကြီးဖက်က လွဲပြီး ဘယ်သူဖြစ်မှဖြစ်မလာနိုင်ပါဘူး၊ ငါ ရွာကိုပြန်လာတဲ့အချိန် နင့်အတွက် ဝမ်းသာစရာအဖြေတွေပါလာမှာပါဟယ်၊ ငါ့ကိုလည်း နင်စောင့်၊ နင့်ကိုလည်း ငါစောင့်မယ်လို့နော်… ရွှေစာရေးရယ်"

"ဟူး… ရင်မောလှပါလား ရွှေလိပ်ပြာရယ်၊ နင့်ကို ငါဘယ်ကာလအထိ စောင့်ရလို့၊ ငါ့ကို နင်က ဘယ်မှာစောင့်ပြီး အဖြေပေးမှာလဲမအေ၊ ငါ့ရင်ထဲမှာတော့ နင်ဟာ ငါ့ရဲ့ ငယ်ချစ်ဦးပါဟာ"



စိတ်ထဲမှာ ရေရွတ်ရင်း ရွှေစာရေး အတွေးအာရုံဝယ် ရွှေလိပ်ပြာမျက်နှာလေး မြင်ယောင်လိုက်၊ တဖြည်းဖြည်းဖြင့် လိပ်ပြာလေးတွေဖြစ်သွားလိုက်၊ ဟိုဒီပျံသန်းနေသည့် လိပ်ပြာရောင်စုံလေးတွေ များသည်ထက် များလာလိုက်ဖြင့် အတွေးအာရုံဝယ် ရောထွေးလျက်။ စိတ်အစဉ်သည် အရိပ်အသွင်ဖြင့် အတိတ်ကို ဖြစ်စေပြန်ချေဦးတော့သည်။ မြင်လည်း မြင်ယောင်လာရသော အတိတ်အချိန်မှာ သကြံန်ကာလတစ်ခုပင်ဖြစ်သည်။

နှစ်စဉ် ပန်းတောရွာတွင် ကျင်းပနေကျ၊ နှစ်ဆန်း (၁) ရက်နေ့ပေါင်းရှင်ပြုပွဲအတွက် လူငယ်လူရွယ်အားလုံး အဖွဲ့ဖွဲ့၍ ဒိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် အလှူခံနေကြ၊ ဒိုးပတ်ဝိုင်းက မြိုင်ဆိုင်လျက်–

"ဟေ့… အဖွဲ့သားတွေ အားလုံးနားထောင်ကြဦး၊ ဒီတစ်ခါအလှည့်ကျတဲ့အိမ်က ဒေါ်ခင်မှုံတို့အိမ်နော်၊ သူတို့အိမ်မှာ မြို့က ဧည့်သည်တွေရောက်နေတယ်။ ဒို့ဝိုင်းလည်း အားပေးချင်လို့တဲ့၊ အဲဒီတော့ တီးတဲ့လူ၊ ဆိုတဲ့လူ၊ ကတဲ့လူအားလုံး ပညာကုန်ပဲဟေ့၊ ဆုအပြင် အလှူငွေလည်းများများထည့်မယ်တဲ့ဟေ့"

"ဝေး… ဟေး… ဟေး…"

ဒိုးပတ်ဝိုင်းနှင့် အလှူခံအဖွဲ့ခေါင်းဆောင် ကိုလှဝင်း၏ စကားအဆုံးအားလုံးက အားရဝမ်းသာဖြစ်သွားကြပြီး၊ ဒေါ်ခင်မှုံတို့ ခြံကျယ်ကြီးထဲအဖွဲ့လိုက်ဝင်သွားကြသည်။ ကုက္ကိုပင်ရိပ်၊ ဝါးပင်ရိပ်များအပြင် ခရေပင်ကြီးအရိပ်များကြောင့် ခြံကြီးမှာ နေပြောက်ပင် မထိုးဟုထင်ရသည်။ သွပ်မိုး၊ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးမှာ ဟည်းနေသည်။ အိမ်ကြီးအပေါ်ထပ်ဧည့်ခန်းဆောင်တွင်တော့ ဧည့်သည်တွေက နေရာယူထားကြပြီး၊ ရွှေစာရေးတို့ အလှူခံအဖွဲ့၊ တီးဝိုင်းအဖွဲ့ဝင်လာသည်ကို ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုးပတ်ဝိုင်းတွင် အဖွဲ့ခေါင်းဆောင် ကိုလှဝင်းနှင့် ကိုသာဘုန်းတို့က ဒိုးပတ်၊ ကိုစိန်းမြင့်က ပလွေ၊ ကိုအောင်မြင့်က ဝါးလက်ခုပ်၊ တက်ပုက လင်ကွင်း၊ တက်ညီလက်ညီ ဟန်ပါပါတီးနေကြသည်။ အကမှာတော့ ဦးရွှေရိုး၊ ဒေါ်မိုးအက၊ ဦးရွှေရိုးကား ဖြူဖြူသွယ်သွယ်၊ ရွှေစာရေးက ဟန်ပါပါ နှုတ်ခမ်းမွေးအတုတပ်လျက် ပုသိမ်ထီးနှင့် စတိုင်ထုတ်၍ နာမည်ရအောင် ကတတ်သဖြင့် သူက ဦးရွှေရိုး ပင်တိုင်ဖြစ်သလို၊ သွက်သွက်လက်လက်၊ ပျော်ပျော်နေတတ်သူ လှမွန်က ဒေါ်မိုးနှင့် လိုက်ဖက်သည်။ သူတို့အတွဲက ပွဲအကောင်းဆုံး၊ လိုက်ဖက်အညီဆုံးအတွဲပင်၊ ဒေါ်ခင်မှုံတို့ ခြံကျယ်ကြီးထဲ အိမ်ရှိကွက်လပ်ဝယ် ဒိုးပတ်ဝိုင်းအဖွဲ့နေရာယူ၍ အလယ်တွင်တော့ ဦးရွှေရိုး၊ ဒေါ်မိုးတို့က အတွဲညီညီ၊ အပေးအယူမျှမျှ ကပြလျက်၊ ပွဲကျလျက်၊ ရွာသားများအပြင် ဧည့်သည်များ လက်ခုပ်လက်ဝါးတီး၍ အားပေးကြသည်။ အလှူခံအဖွဲ့ကား ရွာလယ်လမ်းမကြီးအတိုင်း ပုံမှန်လာကြပြီး ဒေါ်ခင်မှုံတို့လို ဖိတ်ခေါ်သည့်အိမ်များတွင် အိမ်ရှင်ကျေနပ်အောင် သီးသန့် ကကြသဖြင့် အလှူငွေအပြင် ဆုငွေက ပါလိုက်သေးသည်။ ထို့ကြောင့် အဖွဲ့သားများက အားတက်ပျော်ရွှင်နေကြသည်။ အဆို၊ အတီး၊ အက ခဏနားလိုက်စဉ် ကိုလှဝင်းမှ အသံချဲ့စက်ဖြင့်-

"ကွယ်လွန်သူ ဦးမောင်မြအား ရည်စူး၍ ဇနီးဖြစ်သူ ဒေါ်ခင်မှုံနှင့် သမီး ရွှေလိပ်ပြာတို့က နှစ်သစ်၊ နှစ်ဆန်းမှာ ပြုလုပ်မယ့် ရွာဘုံအလှူကြီး အတွက် ငွေသုံးထောင် ထည့်ဝင်သလို၊ ရန်ကုန်မြို့မှ ဧည့်သည်များဖြစ်တဲ့ ဒေါ်ခင်ယုံနှင့် သား မောင်ခင်မောင်ဇင်နှင့် မိတ်ဆွေတစ်စုက သဒ္ဓါ ထက်သန်စွာဖြင့် အလှူတော်ငွေ ၅၀၀၀/ ကျပ် ထည့်ဝင်လှူဒါန်းပါတယ် ခင်ဗျား"

"ဝေ… ဟေး… ဟေ…"



ကိုလှဝင်း ကြေညာသံ အဆုံးဝယ် ဒိုးပတ်ဝိုင်းမှ ညာသံပေးရေး အစွမ်းကုန်တီးခတ်လိုက်ကြသလို ဦးရွှေမိုး၊ ဒေါ်မိုးအကစုံတွဲမှလည်း ဟန်ပန်အပြည့်ဖြင့် အပြိုင်ကနေကြရာ အားပေးနေကြသူများ သူ့ဖက် ကိုယ့်ဖက် လက်ခုပ်သြဘာပေးလျက် ဧည့်သည်တစ်စုနှင့် ဒေါ်ခင်မှုံကား လလာဆောင်မှ ပြုံးပြုံးကြီးကြည့်နေကြသည်။

"ဟော… ရေကစားတဲ့အဖွဲ့လာပြီဟေ့" ဒိုးပတ်ဝိုင်း အဆုံးသတ် ချိန် ရွာထဲမှ အမျိုးသမီး၊ အမျိုးသားရေပက်အဖွဲ့ကား ရွာစဉ်လျှောက် ရေပက်ရင်း ဒေါ်ရွှေမှုံတို့ အိမ်ဝိုင်းတွင် နှစ်ဖွဲ့ဆုံကြသည်။ ထိုအဖွဲ့မှ လူကြီးသူမများအား ရေဖလားတွင် အမွှေးနံ့သာများထည့်ပြီး သပြေခက်နှင့် ရေပက်ကြသလို၊ လူကြီးသူမများကိုလည်း နိုးစပ်ရာ ရေတွင်း၊ စက်တွင်း၊ များတွင် ခေါင်းလျှော်၊ ရေချိုးပေးသည့်အဖွဲ့ဖြစ်သည်။ နှစ်ဆန်း (၁) ရက်တွင်တော့ သည်အဖွဲ့မှ ဦးဆောင်၍ ရွာတန်ဆောင်းအတွင်းရှိ ရုပ်ပွား တော်များအား ရေသပ္ပာယ်ကြသည်။ သည်အဖွဲ့ကို တောင်ပိုင်းမှ တာလသားခေါင်းဆောင် ကိုဘိုးတင်နှင့် ရွာမြောက်ပိုင်းမှ အမျိုးသမီး ခေါင်းဆောင် မနှင်းမေတို့က ခေါင်းဆောင်သည်။ သူတို့အဖွဲ့ကား အိမ်တွင်းပုန်း အမျိုးသမီး၊ အမျိုးသားများကို ရေအတင်းလောင်း၍ သူတို့အဖွဲ့ထဲပူးပေါင်းစေသည်။ အဖွဲ့ထဲ တစ်နေ့တာလိုက်ရသည်။ တချို့ ရေကြောက်၍ ပုန်းကြ၊ ပြေးကြ၊ ရေပက်ကြသဖြင့် တစ်အိမ်ဝင်လျှင် ပျော်စရာကြီးဖြစ်နေတော့သည်။ ပန်းတောရွာသားများကား သင်္ကြန် ဘွင်းဝယ် အလှူဒါနလုပ်နေသလို၊ ရေပက်လည်းကြမ်းကြောင်း ယခင်က နာမည်ကြီးသည်။ ဟိုးရှေးယခင်ကဆိုလျှင် အမျိုးသမီးတစ်ဖွဲ့၊ အမျိုးသား တစ်ဖွဲ့ သပ်သပ်ခွဲ၍ ရေကစားကြသလို အဖွဲ့ထဲမပါသည့် အမျိုးသားများ ကို အမျိုးသမီးအဖွဲ့မှ လိုက်ဖမ်းပြီး၊ ကြိုးချည်၊ အိုးမဲသုတ်၊ မျောက်က

www.burmeseclassic.com

www.burmeseclassic.com



အကာနိုင်းဖြင့် နှစ်သစ်ကို ဖျော်ရွှင်စေရာမနံတီးကြသည်။ များသောအားဖြင့်
အမျိုးသမီးအဖွဲ့ကို အဖျိုကြီးများ၊ အသက်အရွယ်ကြီးပြီး မောင်းတင်
ခေါင်းတင် အမျိုးသမီးကြီးများက ဦးဆောင်ကြသည်။

"ကဲ… ညီမလေး ရွှေလိပ်ပြာ၊ ရေပက်ခံဖို့ထွက်ပါ"

အပျိုခေါင်းဆောင် မနှင်းမေ၏ စကားသံအဆုံးဝယ်

ရွှေလိပ်ပြာကား မနေသော ကပိုကရိုလေးဖြင့် အိမ်ပေါ်မှ ဆင်းလာ
သည်။ ဦးရွှေမိုးလုပ်သူ ရွှေစာရေးကား ရွှေလိပ်ပြာ ယဉ်စေအလှကို
တိတ်တခိုးတွယ်တာမိတာ ကြာခဲ့ပြီ၊ ငယ်သူငယ်ချင်းတွေ၊ သွားအတူ
လာအတူ၊ ကစားအတူ ငယ်ငယ်ကနေခဲ့ပေမဲ့ အခုလို တစ်ဆယ်ကျော်
လေးငါးခြောက်နှစ်မှာတော့ အခေါ်အပြော မပျက်ပေမဲ့ အနေဝေးသွားပြီ
သို့သော် ရွှေလိပ်ပြာကား သူတို့ငယ်သူငယ်ချင်းများနှင့်တွေ့လျှင် ငယ်စဉ်က
လိုပင် ဆက်ဆံသည်။ သို့သော် သူမိခင် ဒေါ်ခင်မှုံ၏အုပ်ချုပ်မှုအောက်တွင်
ရွှေလိပ်ပြာ ဖွေတက်လာပ်၊ ဒေါ်ခင်မှုံကား အဆင့်အတန်းခွဲချင်သည့် စိတ်
သည်။ သူ့သမီးကိုလည်း ရွာထဲတွင် ငွေကြေးပြည့်စုံသူ သားသမီးတွေနှ
သာ အပေါင်းအသင်းလုပ်စေသည်။ ရွှေလိပ်ပြာကား ငယ်စဉ်က
ပန်းတောရွာ မူလတန်းကျောင်းသူ၊ ကျောင်းသားဘဝကပင် အ
ကျောင်းသွား၊ အတူကစား၊ အတူစားခဲ့သည့် သူငယ်ချင်းများတော့ အ
ခင်မင်သည်။ သူမိခင်ဆန္ဒကို ရှေ့တွင် တစ်မျိုးနေပြ၍ ကွယ်ရာတွ
အပေါင်းအသင်းမပျက်နေသည်။ သည်သူငယ်ချင်းများထဲတွင် ရွှေစာ
ကား ရွှေလိပ်ပြာ၏ အခင်မင်ဆုံးယောက်ျားလေးသူငယ်ချင်းဆိုလျှင် မှ
ရွာနှင့် ငါးမိုင်ဝေးသော မြို့ကျောင်းတက်တော့လည်း အတူတူ
ကျောင်းသွားတာတော့ မတူတော့၊ ရွှေလိပ်ပြာ၊ လှမွန်၊ မိဘပြ
သည့်သူများကား ကျောင်းတက်၊ ကျောင်းပြန် စက်ဘီးနှင့် ရွှေစာ



ဖြင့်မြအောင်၊ ခင်သဲ၊ တက်ပုတို့တစ်စုကား ခြေလျင်လျှောက်၍ ကျောင်းတက်
ကြသည်။ အခန်းတူ၊ အတန်းတူ၊ ရွှေစာရေး၊ ခင်သဲ၊ ရွှေလိပ်ပြာတို့ကား
ကျောင်းရောက်လျှင်တော့ အတွဲများသည်။ တစ်ဦးနှင့်တစ်ဦး ကျောင်းစာ
ကအစ တိုင်ပင်ဖော်တိုင်ပင်ဖက်၊ တစ်ဦးမုန့် တစ်ဦးဝေစားသည့် ဘဝတွေ၊
ရွာရောက်လျှင်တော့ အကြောင်းရှိမှတွေ့ကြသည်။ ဒေါ်ခင်မှုံအလိုကျ
ရွှေလိပ်ပြာအိမ်သို့ မရောက်ကြ၊ အကြောင်းရှိမှသာ ရောက်ကြသည်။

"ဒေါ်လေး… နှင်းမေ… ကျွန်မ ချမ်းနေပြီ၊ အားလုံးကျေနပ်ကြ
တော့နော်"

ရွှေလိပ်ပြာကား အမျိုးသမီးအဖွဲ့မှ ရေလောင်းတာခံရင်း
တောင်းပန်လိုက်သည်။ အားလုံးပြုံးရွှင်ကျေနပ်စွာ၊ ရယ်လိုက်ကြသလို
ဒိုးပတ်ဝိုင်းခေါင်းဆောင် ကိုလှဝင်းက–

"ဦးရွှေမိုးနဲ့ ဒေါ်မိုးတို့ရဲ့ အိမ်တွင်းပုန်းရွှေလိပ်ပြာလေးကို အတာ
ရေပက်ကာသဘောကျတဲ့အနေနဲ့ တစ်ချီတစ်မောင်းနွှဲလိုက်ကြစို့"

ဟုပြောလိုက်ရာ ရွှေစာရေးမှ တောက်ခါင်ကာဖြင့်

"ဟိုကောင်မလေးညှို့တိုတို၊ အတာရေပက်လို့ရို၊ သူ့ကိုကြည့်ရင်
မကျေနပ်သလို၊ နှုတ်ခမ်းစူလို့ငို" အစချီကာ ဟိုကောင်မလေးညှို့တိုတို
သီချင်းအသွားဖြင့် ဟန်ပါပါဆိုကနေရာ အားလုံးမှ သဘောကျ ပွဲကျနေ
တော့သည်။

"ကဲ… အဆို အက ကောင်းတဲ့၊ ဦးရွှေရိုးအတွက်" ဟု
ရှက်တရက်ပြောရင်း အိုးမဲအတင်းဝင်ခွဲသည်။ ရွှေလိပ်ပြာနှင့် ခင်သဲ
ကြောင့် ဦးရွှေရိုးမျက်နှာမှာ နှုတ်ခမ်းမွေးကြီးဖြတ်ကျသွားသလို၊ အိုးမဲတွေ
ချယ်နှာအနေနဲ့ ပေကျံသွားတော့သည်။ ကြိုးတိုကြားတာဖြစ်နေသော ဦးရွှေရိုး

www.burmeseclassic.com

www.burmeseclassic.com



က သူ ရွှေစာရေးမျက်နှာကြောင့် အားလုံးက သဘောကျစွာ ရယ်မောကြသည်။ ခင်သဲနှင့် ရွှေလိပ်ပြာလည်း သူတို့လုပ်ရပ်ကြောင့် ရယ်စရာဖြစ်သွားသော ရွှေစာရေးအဖြစ်ကိုကြည့်ရင်း သဘောကျစွာ တခစ်ခစ်ရယ်မောနေကြသည်။ အားလုံးက ပျော်ရွှင်လျက်-

"ရွှေစာရေးမလုပ်နဲ့ဟာ မျက်နှာတွေမဲကုန်ပြီဟ"

"ဟယ်… ကောင်စုတ်၊ ဒို့ပြန်ပြီး အိုးမဲတွေ သုတ်တယ်ဟ… ပြေး… ပြေး… ရွှေလိပ်ပြာ"

အိုးမဲတွေပေနေသူ ရွှေစာရေးမှာ သူ့မျက်နှာမှ အိုးမဲများကိုယူကာ ပြောင်လှောင်ရယ်မောနေသူ ခင်သဲနှင့် ရွှေလိပ်ပြာ မျက်နှာဖြူဖြူလေးများအား ရုတ်တရက် ပြန်သုတ်လိုက်ရာ၊ အလစ်အငိုက်ဖြစ်သဖြင့် အိုးမဲတွေနှင့် ပေကျံသွားတော့သည်။ ဆီနှင့် ဒယ်အိုးဖင်မှ အိုးမဲများကိုရော၍ လက်တွင်ကပ်သုတ်ခါ တခြား သူကိုလိုက်သုတ်ခြင်းဖြင့် သကြိန်တွင်း အိုးမဲချေကြသည်မှာ တောဓလေ့တစ်ရပ်ဖြစ်သည်။ ရွှေလိပ်ပြာလည်း နောက်ထပ်မသုတ်နိုင်ရန် အိမ်ပေါ်တက်ပြေးသွားတော့သည်။

"ကဲ… ဒို့အဖွဲ့တွေတော်လောက်ပြီ သွားကြမယ်၊ ကဲ… မောင်တို့…" ဟု ကိုလှဝင်းက မောင်တို့ဟု အသံရှည်ဆွဲကာ ထိုင်လိုက်လျှင်…

"ဝေး… ဝေး… ဟေး…" ဟု အဖွဲ့သားများကပြန်၍ ဖောက်လိုက်ပြီး ဝိုင်းစရန်အဖွဲ့သားများ လက်များ မြှောက်လိုက်စဉ်မှာပင် အိမ်ပေါ်မှ ဒေါ်နှင့် မောနှင့် ဆင်းလာသော ဒေါ်ခင်မှုံပုံစံကြောင့် ရပ်နေကြတော့သည်။

"ဟော့… မောင်လှဝင်း ခဏနေပါဦး" ဟုပြောရင်း အိမ်ဖက်တစ်ချက်လှည့်ကြည့်ရင်း…" ရွှေလိပ်ပြာ ငါ့သမီး အလိမ္မာက-မဟုတ်တဲ့



လူတွေနဲ့ အရောဝင်လို့ အခုလို အိမ်ရှေ့မဲ့ဖြစ်တာပေါ့… ဒီမှာ ရွှေစာရေး မင်းမှတ်ထားဖို့က လူဆိုတာ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်အဆင့်အတန်း တူတာတွေနဲ့သာ အရောဝင်ရတယ်မဟုတ်၊ မင်းလိုလက်လုပ်လက်စား တံငါသားက ငါ့သမီးလိုလူမျိုးနဲ့ အခုလိုအရောတဝင်မနေပါနဲ့ အဆင့်မတူဘူးဟဲ့" ဒေါ်ခင်မှုံ စကားကြောင့် ရွှေစာရေး ပထမအံ့သြသွားသလို အများရှေ့တွင် ခါးသောက်၍ သူ့ကို ပြောနေသဖြင့် မျက်နှာမထားတတ်အောင် ရှက်သွားသည်။

"မောင်လှဝင်းတို့အဖွဲ့ကိုတော့ အားနာပါတယ်၊ ဒီမှာ ရွှေစာရေးပါ တစ်ပါတည်းသိသွားအောင် ငါပြောလိုက်မယ်၊ ငါ့သမီး ငါ့ကွယ်ရာမှာ နင်တို့လိုဟာတွေနဲ့ အပေါင်းအသင်းလုပ်နေတာ ငါသိတယ်၊ နာမည်ကိုက ရွှေစာရေးတဲ့ ရွှေစာရေးဆိုတာ ရွှေစား ငွေစာရေးမဲ့၊ ရေးတဲ့ရွှေစာရေး မဟုတ်ဘူး၊ သူ့မွေးတဲ့ရက်က အင်းတွေ၊ ချောင်းတွေ၊ လယ်တွေထဲမှာ ငါးရွှေစာရေးတို့ ငါးသလဲထိုးတို့ အများကြီးရကြလို့ အင်းသမားသူ့အဖေက ငါးရွှေစာရေးလို့ မှည့်ထားတာမှတ်ထား နာမည်ကိုက တိရစ္ဆာန်နာမည်နဲ့ ဘင်း…ဟင်း"

ဒေါ်ခင်မှုံက ရွှေစာရေးကိုပြောသလို အများသိအောင် ငယ်ကျိုးငယ်နာ ဖော်ပြနေသည်။ ရွှေစာရေးကား ခေါင်းမဖော်တော့၊ သည်အဖြစ်ကြောင့် ကိုလှဝင်း ဒေါသဖြစ်သွားသလို ရွှေစာရေးဘက်က မခံနိုင်တော့။

"ဒီမှာ ဒေါ်လေးခင်မှုံ ရွှေစာရေးကို ဒီလောက်နှိမ်မပြောပါနဲ့ဗျာ… ဒေါ်လေးသမီးနာမည်ကရော တိရစ္ဆာန်နာမည် မဟုတ်ဘူးလား၊ ကြံဖန်ပြီး အဆင့်အတန်းခွဲတယ်ဗျာ… ကိုယ့်တစ်ရွာတည်းသားတွေ ဆိုများ…"

www.burmeseclassic.com

www.burmeseclassic.com



တူဝမ်းကွဲတော်စပ်သူ ကိုလှဝင်းစကားကြောင့် ညှိုသည်တွေက လည်း ရှိနေပြန်သဖြင့် ဒေါ်ခင်မွှံ၏ ဒေါသသည် ကိုလှဝင်းထံကူးစက် သွားတော့၏။

"ဒီမှာ မောင်လှဝင်း မင်းနဲ့ မဆိုင်ရင်ဝင်မပြောနဲ့၊ အေး… ငါ့သမီး နာမည် ရွှေလိပ်ပြာဆိုတာက ရွှေလိပ်ပြာအရုပ်ကြောင့်၊ တစ်ကျပ် သားရှိတဲ့ ရွှေလိပ်ပြာ ရင်ထိုးကို သူ့အဘွားငယ်ငယ်ထဲက အမွေပေးခဲ့လို့ ရွှေလိပ်ပြာလို့ တွင်တာမှတ်ထား၊ နာမည်ကိုက အမြင့်မှာနေတဲ့ ကောင်းကင် မှာပျံတဲ့ လိပ်ပြာ၊ ရွှေလိပ်ပြာ၊ မင်းရွှေစာရေးက ရေအောက်မှာနေတဲ့ ညှီစော်နံတဲ့ငါး၊ မရောနဲ့ မယှက်နဲ့ သိအောင် ပြောတာဟေ့၊ ဟင်း… ဟင်း"

ဒေါ်ခင်မွှံကားပြောရင်း အိမ်ပေါ်ပြန်တက်သွားရင်း ရွှေလိပ်ပြာကို ဆူနေတော့သည်။ ဒေါ်ခင်မွှံ ညီမဖြစ်သူ ဒေါ်ခင်ယုံလည်း သူ့အစ်မ ပြောစကားသဘောကျလျက်… ထိုစဉ် ကိုလှဝင်းက…

"ဒီမှာ ဒေါ်လေးခင်မွှံ… ကျွန်တော့်ဦးလေးနဲ့ ပတ်သက်နေလို့ ဒီလောက်သည်းခံနေတာမှတ်ပါ။ တစ်ကြောင်းမထောက်၊ တစ်ကြောင်း ထောက်လို့နော်၊ ဒေါ်လေးပုံစံမျိုးသာဆိုရင်၊ တစ်ရွာလုံးက ကြဉ်ထားအောင် ကျွန်တော်လုပ်ပြီးပြီ၊ ကဲ… တို့သွားမယ်"

အားလုံး ဒေါ်ခင်မွှံ အိမ်ဝိုင်းထဲမှ ထွက်လာကြသည်။ တစ်ယောက် တစ်ပေါက် မကျေမနပ်ပြောဆိုလျက် ရွှေစာရေးကား မျက်နှာမကောင်း

"ကဲ… ရွှေစာရေး ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ မင်း ဘယ်လိုခံစားရမယ်ဆိုတာ ငါကိုယ်ချင်းစာပါတယ်ကွာ၊ တို့ရွာဖျားရောက် အောင် လေးငါးချိုခွဲလိုက်ကြစို့…"



"ကိုကြီးလှဝင်း ကျွန်တော်အိမ်ပြန်တော့မယ်ဗျာ… ကျွန်တော်ရှက် တယ်၊ အမေသိရင်လဲ စိတ်ကောင်းမှာမဟုတ်ဘူး"

ရွှေစာရေးကား မျက်နှာညှိုးငယ်စွာဖြင့် ပြောရင်း အိုးမဲပေနေသော မျက်နှာပြင်ပေါ်ဝယ် မျက်ရည်များ လိမ့်ဆင်းလာသည်။

"ရွှေစာရေးရာ မင်းယောကျ်ားမဟုတ်လား၊ မျက်ရည်ကျပြီး အရှုံး ပေးစရာမလိုဘူးကွ၊ တို့ဆက်လုပ်ရမဲ့ကိစ္စက တစ်ရွာလုံး လူရေးတန်းရေး ကုသိုလ်ပြုရေးအတွက် အကျိုးဆောင်နေတာကွ၊ အပျော်လုပ်နေတာ မဟုတ်ဘူး၊ အခုအချိန် မင်းမလိုက်ရင် တို့ဝိုင်းက ဘယ်ပြည့်စုံတော့မှာလဲ၊ အဲဒီတော့ တစ်ရွာလုံးက ချော်လင့်ပြီး အားပေးနေတဲ့ တို့အဖွဲ့ မင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် အိုကွာ ရှင်းရှင်းပြောရရင် ဟို မိန်းမကြီး ကြောင့် ပျက်ရတော့မှာလား… သူ့ကို ဒေါသဖြစ်လို့ စိတ်ဓာတ်ကျလို့ဆိုပြီး မင်းလိုက် မကတော့ဘူးဆိုရင် သူ့ကို မင်းက တစ်ရွာလုံးမျက်နှာကြည့်တဲ့ အရှုံးပေးသွားတဲ့လူဖြစ်သွားမှာပေါ့ကွာ၊ ကဲ သေသေချာချာ မင်းစဉ်းစား"

ရွှေစာရေးတစ်ယောက် ကိုလှဝင်း၏စကားကြောင့် တွေတွေကြီး ဖြစ်နေသည်။ အားလုံးက သူ့ကို ဝိုင်းကြည့်ကြလျက် ထိုစဉ် ရွှေစာရေး တဖြည်းဖြည်း ခေါင်းမော့လိုက်ကာ ပုသိမ်ထီးကိုဖွင့်လိုက်ရင်း အနားရှိ ဒေါ်မိုးကို လက်ချိတ်၍ ဟန်ပါဝါကလိုက်ရာ ဒိုးပတ်အဖွဲ့သားအားလုံးက ညီညီညာညာဝိုင်း၍ ညာသံပေးသံနှင့်အတူ ပြိုင်တူတီးလိုက်သံကား မိုးဖွင့် လုမတတ်။ ထိုဒိုးသံနှင့်အတူ ရွှေစာရေး၏ဦးဆောင်မှု ကပြနက်ကား ဖန်တော ရွာ လမ်းမကြီးတစ်လျှောက် အားပေးနေသူများအလယ် ပွဲလယ်တင့်လေ၏။

"ဟေ့… ဘာတဲ့တုံး… ဟေလား… မောင်… တို့… ဝါး…"

www.burmeseclassic.com

www.burmeseclassic.com



ညာသံပေးသံနှင့်အတူ ဒိုးပတ်မှာ မြိုင်ဆိုင်လျက်ရှိနေတော့သည်။

“ဟေ့… ရွှေစာရေး ဘာတွေ ဟေးလားမောင်တို့ဝါးလုပ်နေတာလဲ၊ အရုဏ်လာလို့ မိုးတောင်လင်းတော့မယ် ထ… ထ… ဟေ့ သူများတွေ လှေတောင် ရေပက်ပြီးကုန်ပြီ။”

အနားလာနှိုးသူ သက်ဦးစကားကြောင့် ရွှေစာရေး လူးလဲထလိုက်သည်။ သူ၏အတွေးမှ အစပြုသည့် အိပ်မက်သည်လည်း အဆုံးသတ်သွားသည်။ ဟိုဟိုဒီဒီ ကြည့်လိုက်တော့ ဆရာတော်ကြီးပင် အရုဏ်ဆွမ်းဘုန်းပေးနေပေပြီ။ ဆရာတော်အနားတွင်တော့ ဦးဒိုးမောင်၊ ဦးကျော်သိန်းနှင့် လူငယ်တစ်စု ဝိုင်းထိုင်ပြီး ဒီနေ့လုပ်ကြမယ့် အစီအစဉ်တွေ ပြောနေကြနေပြီ။ ရွှေစာရေးမျက်နှာသစ်နေစဉ် ဆရာတော်ကြီး ဆွမ်းဘုန်းပေးသွားပြီး ရေနွေးကြမ်းပင် သုံးဆောင်နေပြီ၊ အနားတွင် ဝတ်ဖြည့် ကန်တော့နေကြသူ တစ်စုကို သေသေချာချာ ကြည့်မိတော့ လှမွန်တို့တစ်တွေ၊ အထုပ်အပိုးတွေ ကိုယ်စီနှင့် ဆရာတော်မှ ဆုပေးပြီး ဆုံးမစကားတွေ မိန့်ကြားနေသည်။

“ရွှေစာရေး… ငါတို့ သွားတော့မယ် သူငယ်ချင်း၊ ရွှေလိပ်ပြာကို ဘာမှာဦးမလဲ”

လှမွန်က ရွှေစာရေးနားလာပြီး နှုတ်ဆက်သည်။ လှမွန်တို့၊ မင်းထွဋ်တို့၊ မိုးမြင့်တို့ ဦးဆောင်သည့် ပန်းတောရွာမှ လူငယ် ၅ ဦး၊ ရည်ရွယ်ချက်က ရန်ကုန်မှ ဒေါ်ခင်မှုံတို့အဆက်အသွယ်နှင့် နိုင်ငံခြားသွားအလုပ်လုပ်မည့်သူတွေ၊ ရန်ကုန်ကို လှမွန်ဖခင် ဦးသာညာဏ်နှင့် မင်းထွဋ်ဖခင် ဦးထွန်းသာတို့က လိုက်ပို့ပြီး အဆင်ပြေအောင် အားလုံးစီစဉ်ကြမည်ဖြစ်သည်။ ရွှေစာရေး လှမွန်ကို ပခုံးဖက်လိုက်ရင်း…

“အထွေအထူးတော့ မှာစရာမရှိပါဘူး၊ သူငယ်ချင်း… မင်းတို့ တခြား တစ်နေရာ ထွက်သွားကြတော့ ငါ့ရင်ထဲ စိတ်မကောင်းဖြစ်မိတယ်



ကွာ… ဒါတော့လည်း [illegible] ကိုရာ တိုးတက်ကြောင်း ရှာကြ [illegible] မဖြစ်ဆိုတဲ့ စကားလည်း ရှိသားပဲ၊ ဒါပေမယ့် သူငယ်ချင်းရာ မင်းရွှေလိပ်ပြာတွေ့ရင် ပြောလိုက်ပါ၊ ရွှေစာရေးကတော့ ပန်းတောရွာမှာ ထာဝရရှိနေပါတယ်လို့၊ နောက်ပြီး တို့သူငယ်ချင်းတွေအားလုံးကို ပြောချင်တာကတော့ သွားသင့်တဲ့အချိန်သွားပြီး၊ ပြန်သင့်တဲ့အချိန်မှာလည်း တို့ရွာလေးကို ကောင်းသောပြန်လာခြင်းနဲ့ ပြန်လာနိုင်ဖို့ မျှော်နေမယ်ကွာ”

“အေးပါကွာ… သူငယ်ချင်းရာ… ငါတို့လည်း ကိုယ့်ရဲ့ရွာကို စွန့်ခွာသွားရတာ စိတ်မကောင်းပါဘူး၊ အ ခြေအနေကြောင့်ပါ၊ ကဲ… ငါသွားမယ် သူငယ်ချင်း၊ ဟိုမှာ… ခင်သဲတို့လည်း မြို့ဈေးကိုသွားဖို့ ငါတို့ ပဲ့ထောင်ကြုံနဲ့ လိုက်ဖို့စောင့်နေကြတယ်”

“ဘာ”

ရွှေစာရေး အသံကျယ်သွားသည်။ ကျောင်းလှေကား အုတ်ခုံစီသို့ အကြည့်ရောက်ပြီး လှမွန်တို့ရှေ့က အမြန်ဆင်းခဲ့သည်။ ပဲ့ထောင်အနား အုတ်ခုံပေါ်တွင် ခင်သဲကို အရီးလေးအေးသွယ်တို့နှင့်အတူ မြို့သို့ လမ်းကြုံလိုက်ရန် စောင့်နေသည်ကိုတွေ့လိုက်ရသည်။

“ခင်သဲ… နင်ဈေးသွားမလို့လား”

“အေးလေ… အရီးလေးတို့နဲ့ ဈေးသွားမလို့၊ လမ်းကြုံလို့ လှမွန်တို့ ပဲ့ထောင်နဲ့လိုက်မလို့တောင် စောင့်နေတာ”

“မလိုက်နဲ့ဟာ” “ဟင်”

“ဩော်… ဒီလိုပါဟာ၊ ဩော် အရီးလေး ကျွန်တော်တို့လှေတွေ မြို့ကို ပစ္စည်းတွေသွားတင်ဖို့ အခုထွက်တော့မှာ၊ လှမွန်တို့က ပစ္စည်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သူတို့က မြို့ကို ဈေးဝယ်သော်ဘို့အဖိသွားရမှာနဲ့ အမြန်မောင်းကြမှာလေ၊ အဲဒါ… အရှိုးလေးတို့ မိန်းမသားတွေအတွက် ရေနဲ့ လှိုင်းနဲ့ဆိုတော့"

"ဟာ… ဟုတ်လား ရွှေစာရေး… အရီးတောင် ပွဲတောင်ထွက်တော့မယ်ဆိုပြီး ဒီကောင်မ ခေါ်နေလို့ သနပ်ခါးတောင်မပွတ်ရသေးဘူး၊ မင်းတို့လှေကြုံရှိရင် မင်းတို့နဲ့ အသွားအပြန်လိုက်မှာပေါ့"

"ခဏစောင့် အရီးလေး၊ ကျွန်တော်… ဘကြီးဒိုးမောင်တို့ မှာစရာ ရှိမလားမသိဘူး၊ သွားမေးပြီးရင် လှေထွက်မယ်၊ ခင်သဲရော၊ ဘယ်လိုလဲ… ပွဲတောင်နဲ့လိုက်မှာလား၊ လှေနဲ့လိုက်မှာလား" ဟု

မေးလိုက်လျှင် ခင်သဲမှဖြေမီ ဒေါ်အေးသွယ်မှ ဖြတ်၍

"တဲဒါ ရွှေစာရေးရယ်… ခင်သဲရော အရီးလေးရော မင်းလှေနဲ့ လိုက်မယ်၊ မဟုတ်ဘူးလား ခင်သဲ"

ခင်သဲကား ပါးစပ်မဖြေ၊ ရွှေစာရေးကို ပြုံးပြုံးကြီး ကြည့်နေသည်။ ထိုစဉ် လူမွန်တို့အဖွဲ့ကား အထုပ်ကိုယ်စီဖြင့် ပွဲတောင်ပေါ် နေရာချနေသည်။ သူတို့လူစုတော့ ပွဲတောင်ထွက်ဖို့ တာစူနေသည်။

"ခင်သဲတို့ အရီးလေးတို့ လိုက်ရင် တက်လေ" လူမွန်ကခေါ်သလို ဒေါ်အေးသွယ်မှ…

"လူမွန်ရေ… တို့ လူမစုံသေးလို့၊ ရွှေစာရေးတို့ လှေနဲ့မှ လိုက်တော့မယ်"

"အားလုံးသွားပြီ၊ ရေပ်ကအဖွဲ့တွေ ကျွန်တော်တို့သွားပြီနော်… နှုတ်ဆက်တယ်"



"အားလုံးသွားမယ်နော်"

ပွဲတောင်ပေါ်မှ လူမွန်တို့၊ မင်းထွဋ်တို့ လူစုကား ကျောင်းဝင်းထဲရှိ လူများကို နှုတ်ဆက်နေကြသည်။ ကျောင်းဝင်းထဲရှိ လူများကလည်း ပြန်လည်နှုတ်ဆက်လျှက်၊ ထိုစဉ် ပွဲတောင်မောင်းသမားက စက်နှိုးလိုက်လျှင် ကျယ်လောင်စွာ ထွက်ပေါ်လာသော အသံကြောင့် အိပ်တန်းဆင်းဖိုင်းတစ်အုပ် ကုက္ကိုလ်ပင်ကြီးပေါ်မှ ထပျံသွားသည်မှာ ဖွေးခနဲဖြစ်သွားသည်။ ပွဲတောင်အရှိန်ကြောင့် လှိုင်းများက သိမ့်ခနဲ ကျောင်းတိုင်တွေကို လာတိုးသည်။ ပွဲတောင်ထွက်သွားရာ ကျောင်းပေါက် လက်ပံပင်ကြီးပေါ်တွင်တော့ လင်းဆွဲကြီးတွေ ဟီးလေးခိုနေကြသည်မှာ ညည်းနေသည်။ ပွဲတောင်ပေါ် ပါသွားသူအားလုံးက ပျော်လင့်ချက်ကိုယ်စီဖြင့် ရော်ရွှင်စွာ လက်ပြနှုတ်ဆက်ထွက်သွားကြလေပြီ။ သည်မြင်ကွင်းအားလုံးကို ကြည့်ရင်း ရွှေစာရေး သက်ပြင်းတစ်ချက် လေးလေးတွဲ့တွဲ့ချလိုက်ရင်း လှေကြိုးကို ဖြုတ်လိုက်သည်။

"ခင်သဲတို့၊ အရီးလေးတို့ တက်ကြ၊ ယောကောင်တွေ… သွားကြမယ်ဟေ့"

ရွှေစာရေး လှေကိုထိန်းရင်း ကျောင်းအုပ်ခုံမှ ခွာလိုက်သည်။

"ခင်သဲ… ဟိုလက်ပံပင်ပေါ်က လင်းဆွဲကြီးတွေ ကြည့်ရင်း ငါတစ်ခုတွေးမိတယ်ဟ"

ရွှေစာရေးစကားကြောင့် ခင်သဲနောက်လှည့်ကြည့်ရင်း

"ဘာတွေးမိတာလဲ ရွှေစာရေး"

"သြော်… သူတို့လည်း တို့ရွာသားတွေနဲ့တူလိုက်တာ အချိန်တန်ရင် နေ ပျံထွက်လိုက်ကြ၊ အစာရှာကြ၊ ပြန်လာလိုက်ကြနဲ့ ပါလားလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစာရေးစကားအဆုံး ခင်သဲ တွေးတွေးဆဆဖြင့် "ဒါ… သဘာဝပဲ… ရွှေစာရေးရယ်"

ရွှေစာရေး ဘာမှထပ်မပြောတော့။ ရှေ့တည့်တည့်လှေဦးစူပြီး လှော်တက်ကို သုံးလေးချက် ခပ်ပြင်းပြင်းလှော်လိုက်သည်။ ပွဲထောင် စက်သံကား ခပ်ဝေးဝေးရောက်သွားချေပြီ။

၏ ၏ ၏ ၏ ၏

## အခန်း (၁၃)

"ဟော့… ရေကျသွားပြီကွ၊ ရေကျသွားပြီ"

ကျောင်းလှေကားတစ်ဆစ်ချိုးပေါ်မှ နံနက်ခင်း ဝေလီဝေလင်းအချိန်၊ အားလုံးကြားအောင် အားရဝမ်းသာအော်ပြောနေသည့် ဦးဒိုးမောင်၏ အသံကြောင့် ကျောင်းပေါ်၊ ဇရပ်ပေါ်မှလူများ ထွက်ကြည့်ကြသည်။ အားလုံးက ရေကျတာကို မျှော်လင့်နေကြသည်။

"ရေက ခြောက်လက်မလောက် ကျသွားတာကွ၊ အတက်အကျ မရှိဘဲ ရေတန်းနေတာ သုံးရက်ရှိပြီ၊ ဒီညမှ ကျသွားတာ၊ ဟိုမှာကြည့် မှတ်ထားတဲ့တိုင်"ဟုပြောရင်း ဦးဒိုးမောင်တစ်ယောက် သူမှတ်သည့် အမှတ်အသားဝါးတုတ်ကို ပြနေသည်။ ဝါးတုတ်ကိုခိုင်ခိုင်စိုက်၍ တည့် တည့်ထောင်ထားကာ၊ ရေပြင်နှင့်တပြေးတည်း၊ တညီတည်း အလျှားလိုက် ထား၍ ဝါးတုတ်တိုင်တွင် ကပ်ချည်ထားသော နီးဝါးစိတ်လေးမှာ ရေနှင့် ခြောက်လက်မခန့် ကွာနေသည်။

"ဒီလောက် ရေဆွဲပုံကြည့်ရင် ရေကျတာအမှန်ပဲဗျ"

ရွာလူကြီး ဦးကျော်သိန်းမှ ဝင်၍ပြောသလို၊ ရွှေစာရေးမှလည်း သင်ပင်များ ကျောင်းတိုင်များကို လက်ညှိုးထိုးပြရင်း…

"ဟုတ်တယ်ဘကြီးရ… သစ်ပင်တွေ၊ ကျောင်းတိုင်၊ ဇရပ် တိုင်က ရေရစ်တွေကျန်ခဲ့တယ် ဟိုမှာကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစာရေးစကားကြောင့် အားလုံးကြည့်လိုက်တော့ တစ်ချို့သစ်ပင်များတွင် ရေရစ်များအပြင် သစ်ရွက်ခြောက်တွေ၊ အမှိုက်တွေကပ်လျက်ကျန်ခဲ့သည်။ ရေကျသည့်အမှတ်အသားတွေ တွေ့နေရသည်။

"ကဲ… ဒီနေ့နံနက်တော့ မင်္ဂလာပဲဟေ့။ အခု နေ့ခင်းလည်း မြို့နယ်တာဝန်ရှိသူတွေနဲ့ ဌာနဆိုင်ရာတွေလာကြပြီး၊ ရေကျရင် ဒို့ရွာသားတွေလုပ်ရမယ့် ရှေ့လုပ်ငန်းတွေ အသိပညာပေး၊ ဆွေးနွေးပွဲလုပ်မှာနဲ့ တိုက်ဆိုင်နေတယ်ဟေ့။ မနေ့ကတည်းက အသံချဲ့စက်နဲ့လည်း ကြေညာထားတယ်၊ အားလုံး အစည်းအဝေးတက်ကြဖို့ မမေ့ကြနဲ့ နေ့ခင်းထမင်းစားပြီးရင် ကျောင်းကြီးပေါ် စောစောလူစုထားဟေ့ လူစုံအောင်လဲလာကြ"

ရွာလူကြီး ဦးကျော်သိန်းစကားအဆုံးတွင် အားလုံးက အားရဝမ်းသာစာက်ကြွစွာဖြင့်…

"လာမယ်… လာမယ်… စိတ်ချ… စိတ်ချ…"

အားလုံးက တညီတည်းပြောလိုက်သလို၊ ရေကျသွားပြီဖြစ်၍ ပျော်ရွှင်နေကြပေပြီ။

"ရွှေစာရေး စာသင်ကျောင်းမှာနေတဲ့လူတွေ ပြောင်းနေဖို့တန်းဆောင်းထဲမှာ အဆင့်ထိုးတာ ပြီးပြီလား"

"ဟုတ်ကဲ့ ဦးလေးကျော်သိန်း၊ ဒီနေ့နံနက်ပိုင်းဆို ပြီးပါပြီ၊ ကြမ်းခင်းလေးပဲ လိုပါတော့တယ်"

"အေး… ဒါဆို မင်းတို့လူငယ်တွေ ပြီးအောင်လုပ်ကြကွာ၊ မနက်ဖြန် သောကြာနေ့ နေကောင်းတယ်၊ စပြီး အပြောင်းခိုင်း တနင်္လာနေ့ကျောင်းဖွင့်ကြမယ်"

"ဦးလေး… ဆရာ၊ ဆရာမတွေရော စုံလို့လား"



"အေး… ဆရာတချို့၊ ဆရာမတချို့တော့ လောလောဆယ် မလာနိုင်ကြသေးဘူး၊ ဒါပေမဲ့ ဒို့ကျောင်းအုပ်ဆရာကြီး ဦးစံရှိန်နဲ့ တိုင်ပင်ထားပြီးပြီ၊ ရွာကစာသင်ပေးနိုင်တဲ့၊ မမှုတွေးရယ်၊ ခင်သဲရယ် ဝိုင်းကူ စာသင်ပေးကြမှာကွ"

"ဦးလေး ခင်သဲက ၁၀ တန်း မအောင်ဘူးလေ"

"အေး… အဲဒါငါသိပါတယ် ရွှေစာရေးရ၊ ခင်သဲက ၁၀ တန်း မအောင်ပေမဲ့ အခုလို အရေးရယ်၊ အကြောင်းရယ်၊ အရေးတကြီးလိုအပ်တဲ့အချိန် အတန်းငယ်တွေတော့ သင်ပေးနိုင်ပါတယ်၊ ဆရာကြီးနဲ့လဲ ညှိနှိုင်းပြီးပြီ၊ လိုအပ်ရင် တက်ပုဆောင်း ခေါ်ရင်ခေါ်ရအုံးမှာ ခင်သဲလဲ ကလေးတွေစာပြရင်း သူ့လည်း ၁၀ တန်းပြန်ဖြေခိုင်းရမယ်ဟေ့"

"ဩော်… ဟုတ်လှာဦးလေး ဒါဆိုကောင်းပါတယ်။ ကျွန်တော်တို့လူငယ်အဖွဲ့လည်း၊ မူလတန်းကျောင်းကလူတွေ မြန်မြန်ပြောင်းနိုင်ရေး ဒီနေ့အပြီးသတ် အခင်းတွေခင်းမယ် ဦးလေး"

"အေး… မြန်မြန်သာလုပ်ကြကွာ၊ ရေတွေနဲ့ဆိုတော့ ကလေးတွေလည်း စာမသင်ရတာ (၂) လပြည့်တော့မယ်၊ ရေကျတောင်၊ လမ်းတွေ၊ တံတားတွေ ပြင်ရဆင်ရ၊ အိမ်တွေ၊ နွားတင်းကုပ်တွေပြင်ရနဲ့ ရွာသားတွေ အားကြမှာမဟုတ်တော့ဘူး၊ နောက်ပြီး စိုက်ရေး၊ ပျိုးရေးကလည်း ကျန်သေးတယ်မို့လား၊ ခြေခင်းလက်ခင်းသာမှ၊ အခြေကျစောင့်နေရင်တော့ ဒီနှစ် ကလေးတွေ စာသင်ရမှာမဟုတ်တော့ဘူး၊ အဲဒါကြောင့် အမြန်စီစဉ်ရတာဟေ့"

ကျေးရွာလူကြီး ဦးကျော်သိန်းမှ ရွာလူကြီးပီပီ တွေးသျှော်မှန်းပြောသောစကားမှာ မှန်သည်။ ရေကျသည့်တိုင် ဖန်းတောလူရွာသားတွေ

www.burmeseclassic.com

www.burmeseclassic.com



အခြေမကျနိုင်သေး၊ ပုံမှန်ပြန်ဖြစ်ဖို့ မနည်းကြိုးစားရအုံးမည်။ သည်လို ထူထောင်ရေးကာလများတွင် လုပ်သလိုမဖြစ်၊ ဖြစ်သလိုလုပ်ရမည့်အချိန်၊ ထို့ကြောင့်ပင်လျှင် ရွှေစာရေးတို့လူငယ်တွေကို တိုက်တွန်းနေခြင်းဖြစ်သည်။ ရွှေစာရေးတို့လူငယ်တွေအဖွဲ့ကလည်း တက်ညီလက်ညီရှိကြသည်။ ပြောရင်းဆိုရင်းနှင့်ပင် တန်ဆောင်းအတွင်း ကြမ်းခင်း ခင်းကြသည့်နေရာတွင် လူစုလုပ်ကိုင်နေကြပြီ၊ ရွှေစာရေးတို့ မောင်သက်ဦးတို့ ဦးဆောင်သည့်လူငယ်အဖွဲ့မှာ လုပ်ငန်းလုပ်စဉ် ပျော်ပျော်ရွှင်ရွှင်၊ နောက်လားပြောင်လားဖြင့် လုပ်တတ်ကြသည်။

“ကဲ… သူငယ်ချင်းတို့ ဒီအဆင့် တို့ကြမ်းခင်းတွေ မြန်မြန်ပြီးမှ ကလေးတွေ မြန်မြန်စာသင်ရမှာနော်၊ စာသင်ကျောင်းမှာ အခုနေကြတဲ့ အိမ်ထောင်စုတွေလဲ မနက်ဖြန်နေ့ကောင်းတယ်၊ အချိန်မီ အပြောင်းခိုင်းရမယ်ဟေ့”

ရွှေစာရေးစကားအဆုံး သက်ဦးမှ—

“ဟေ့… ရွှေစာရေး ဒီနေ့ပြီး၊ ဒီနေ့ပြောင်းခိုင်းရမယ်ကွ၊ စနေ၊ အင်္ဂါ ရွေးမနေနဲ့ ရေတွေကြီးလို့ သူတို့ပြောင်းလာတုန်းက ပြဿဒါး၊ ရက်ရာဇာရွေးနေလို့လား”

သက်ဦးစကားကို ရွှေစာရေးစောဒကမတက်နိုင်၊ သူတို့အထဲတွင် အသက်အကြီးဆုံးဖြစ်သူ ကိုလှဝင်းမှ

“အေးကွ၊ သက်ဦးပြောတာ မှန်တာဘဲကွ၊ အဲဒီတော့ ညနေစောင်းလို့ တို့ကြမ်းခင်းပြီး စာသင်ကျောင်းကနေ ဒီကိုပြောင်းပေါ့၊ ကဲ… အဲဒါကြောင့် အချိန်မနှောင်းခင် တို့လည်း တစ်ချီတစ်မောင်းပေါ့ကွာ ဟား… ဟား…. ဟား”



ကိုလှဝင်းစကားကြောင့် လူငယ်အားလုံးသဘောကျသလို တက်ပုတမှုလည်း

“ကဲ ဆရာတို့ ဒီအတိုင်းပြောင်းလို့မရဘူးနော်၊ ကျွန်တော်တို့ အားလုံးမပါလို့ဘယ်ဖြစ်မလဲ ကိုကြီးလှဝင်းရ မိုးချုပ်ခါနီးမှာ သူတို့ပစ္စည်းတွေ ဝိုင်းသယ်ပေးရလို့ ကျွန်တော်တို့ ညောင်းဦးမှာဗျ၊ ညောင်းဦးမှာ ဟီးဟီး…”

တက်ပုမှ ဟန်နှင့်ပန်နှင့် ငိုသံဖြင့်လုပ်ပြလိုက်ရာ အားလုံးဝိုင်းရယ်မောသံ၊ တန်ဆောင်းအတွင်း ဆူညံနေတော့သည်။

တန်ဆောင်းအတွင်း ကြမ်းခင်းပေး၊ လူတွေပြောင်းရွှေ့ရေး စီစဉ်၊ စာသင်ကျောင်းလေးကိုပုံမှန်လည်ပတ်နိုင်အောင် စီစဉ်နေချိန်တွင်၊ ကျောင်းကြီးပေါ်တွင်လည်း စိုက်ရေး၊ ပျိုးရေး ဆွေးနွေးနေကြပေပြီ၊

“ကဲ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ရေကျရင် အဆင်သင့် စိုက်နိုင်၊ ပျိုးနိုင်ဖို့၊ ရေမမြုပ်တဲ့မြို့နယ်တွေမှာ သွားပြီး ပျိုးတွေတောင်းယူထားပြီးပြီ၊ ရေကျလို့စိုက်ပျိုးနိုင်ချိန်မှာ တောင်သူတွေရော၊ လယ်လုပ်သားတွေရော၊ နေ့စားလုပ်သားတွေရော၊ အချိန်မီ အင်တိုက်အားတိုက် စိုက်ကြ၊ ပျိုးကြဖို့ပဲ၊ ရေအခက်အခဲရှိနိုင်မယ့်လယ်တွေ၊ ခဏ အချိန်ဆောင့်ပြီး၊ ပဲမျိုးစုံကြဲပက်ဖို့ စီစဉ်ထားပါတယ်၊ ရေဝေးပြီး လယ်စိုက်ချင်ရင်တော့၊ မြေအောက်ရေရရှိဖို့ စက်တွင်းတူးလို့ရပါတယ်၊ လိုအပ်တဲ့ အကူညီမှုတွေ ပံ့ပိုးမှုတွေကိုတော့ ကျေးရွာလူကြီးတွေနဲ့ညှိနှိုင်းပြီး ဖြည့်ဆည်းပေးမှာပါ။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ထွန်ရေး ယက်ရေး၊ ရေရရှိရေး ကျန်းမာရေး၊ ပညာရေးအပြင်၊ စိုက်ဘဏ်ထုတ်ပေးဖို့အထိ၊ စီစဉ်ထားပါတယ်၊ တောင်သူတွေဘက်ကလည်း မြေလွတ်၊ မြေလပ်မကျန်ရအောင်

www.burmeseclassic.com

စိုက်ရ၊ ပျိုးရမှာဖြစ်ပါတယ်''ဟု မြို့နယ်တာဝန်ရှိသူတစ်ဦးမှ စတင်ဆွေးနွေးသည်။ စိုက်ပျိုးရေးမန်နေဂျာ ဦးရဲနောင်မှလည်း-

''ကျွန်တော်တို့ စိုက်ပျိုးရေးဌာနအနေနဲ့ စပါးမျိုးတွေ၊ ပျိုးတွေအပြင် ပဲမျိုးစုံမျိုးတွေ ဖြန့်ဝေပေးမယ့်အပြင်၊ အခုလိုရာသီဥတု၊ မိုးလေဝသနဲ့ ကိုက်ညီအောင် စိုက်ရမယ့်နည်းစနစ်တွေကို၊ ကျေးရွာတိုင်း၊ ကျေးရွာတိုင်းမှာ စိုက်ပျိုးရေးဌာနကတာဝန်ခံတွေထားပြီး ဆောင်ရွက်ပေးမှာပါ၊ နောက်ပြီး စက်မှုလယ်ယာကလည်း ထွန်စက်ကြီးတွေနဲ့တစ်မျိုး၊ လက်တွန်းထွန်စက် စသည်တို့နဲ့ အချိန်မီထွန်ယက်ပေးကြမှာပါ''

ဦးရဲနောင်မှ ရှင်းလင်းပြောပြအပြီး၊ မြို့နယ်သမဝါယမအသင်း အမှုဆောင် ဦးကြည်ဝင်းမှလည်း-

''အခုနပြောတဲ့ ဆောင်ရွက်စရာရှိတဲ့လုပ်ငန်းတွေကို ဌာနဆိုင်ရာဝန်ထမ်းတွေအကူအညီယူပြီး ကိုယ့်လယ်မြေတွေမှာ အင်တိုက်အားတိုက်ဆောင်ရွက်ကြပါ။ အဲဒီလိုဆောင်ရွက်လို့ ကုန်ကျမယ့် ကုန်ကျစရိတ်တွေကို ကျွန်တော်တို့သမဝါယမက စာရင်းမှတ်စနစ်နဲ့ ကူညီပေးသွားမှာပါ။ သီးနှံပေါ်တဲ့အခါမှ ဆပ်ကြရမှာမို့ အောင်မြင်ရေးသာအဓိကထားပြီး၊ မြေလပ်မကျန်ရအောင် အင်တိုက်၊ အားတိုက် အချိန်မီစိုက်ကြဖို့ အခုကတည်းက လုပ်မဲ့သူတွေ ကြိုတင်ပြင်ဆင်ထားကြဖို့၊ တစ်ချို့ လုပ်အား အခက်အခဲရှိသူတွေလည်း၊ လုပ်ချင်တဲ့သူတွေနဲ့ ဆက်သွယ်ထားကြဖို့နဲ့ တာဝန်ရှိသူတွေ၊ ဝန်ထမ်းတွေကို ရေမကျခင်ကာလမှာ အဆင့်ဆင့်တင်ပြထားကြပါ။ စာရင်းပေးကြပါ''

ကျောင်းပေါ်ရှိ တောင်သူအားလုံးမှ ဆွေးနွေးချက်များအပေါ် သဘောကျနှစ်ခြိုက်လျှက်၊ ဌာနဆိုင်ရာများမှ ရေကျလျှင် လုပ်ဆောင်ရမည့်ကိစ္စများ အသီးသီးဆွေးနွေးကြအပြီး၊ ကျေးရွာလူကြီးဦးကျော်သိန်းမှ



''ကဲ… တာဝန်ရှိလူကြီးတွေ ပြောဆိုဆွေးနွေးသွားတဲ့အတိုင်း အားလုံးရဲ့လိုအပ်ချက်တွေကို ဘက်စုံ၊ တက်စုံ၊ နေရာစုံ စနစ်တကျနဲ့ ဖြည့်ဆည်းပေးမှာဆိုတော့ ကိုယ့်ဘက်က အားသွန်ခွန်စိုက်လုပ်ကြဖို့ဘဲ လိုတော့တယ်။ နောက်ပြီး တဆက်တည်းပြောရရင် လာမဲ့တနင်္လာနေ့မှာ ကျေးရွာမူလတန်းကျောင်းကို ဖြန့်ဖွင့်မှာပါ။ ကလေးတွေ ကျောင်းတက်ဖို့ မိဘတွေအနေနဲ့ ရေထဲမိုးထဲမှာဖြစ်တဲ့အတွက် ဂရုတစိုက်နဲ့ ကြိုပို့လုပ်ပေးကြပါ။ လိုအပ်ရင် လူငယ်တွေအဖွဲ့ကို အကူအညီတောင်းပါ။ နောက်ပြီး ကျန်းမာရေးဆရာမလေး နော်လေးလေးနွယ်ပြောသလို ရေကို ကျိုချက်သောက်ကြပါ။ ချိုးရေကိုလည်း စဉ့်အိုးထဲမှာ ကျောက်ချင်ထည့် ရေကြည်ခံပြီးမှ အသုံးပြုကြရင် ပိုသင့်တော်မှာပါ။ နောက်ပြီး ရေကျလာတာနဲ့အမျှ ခြင်တွေကိုက်လာတော့မှာ--- ဒါသဘာဝပဲ၊ အဲဒီတော့ ကလေးသူငယ်တွေ ခြင်တွေမကိုက်ရအောင် ဂရုတစိုက်ထားကြယ်ပါ။ အခုရက်ပိုင်းမှာ လင်းဝက်ငှက်တွေ အော်နေတာကြားရတယ်။ မိုးနည်းတော့မှာမို့ မိုးရေတွေရသလောက်ခံထားကြပါ။ ဒါ အကောင်းဆုံးသောက်ရေပဲ၊ ကျန်တာတွေတော့ နောက်ထပ်ဆွေးနွေးကြတာပေါ့။ ကျေးရွာသူ၊ ကျေးရွာသား တောင်သူလယ်သမားတွေဘက်က ဘာများတင်ပြစရာရှိသေးလဲ''

''မရှိပါဘူး'' တညီတညွတ်တည်းပြောလိုက်သံ၊ တစ်ကျောင်းလုံး ဟိန်းထွက်သွားသည်။ အားလုံး အသံငြိမ်မှ ကျောင်းထောင့်တစ်နေရာမှ ဦးလှလှ ထရပ်လိုက်ပြီး-

''ကျွန်တော်အနေနဲ့ပြင်တင်ပြရရင် အခုရေကျလို့ စိုက်ဖို့ ပျိုးဖို့ လိုလာရင်၊ ကျွန်တော့်အနေနဲ့ ကျန်းမာရေးကလည်းမကောင်း၊ သားသမီးခံကလည်း မရှိဆိုတော့ ကျွန်တော်လုပ်ခွင့်ရထားတဲ့ ငါးဧကလယ်ကို လူကြီးမင်းတို့သင့်တော်သလို ဆောင်ရွက်ပေးပါ''

www.burmeseclassic.com



"ဟင်း" "ဟာ"အသံတွေထွက်သွားသည်။ ထိုစဉ် ကျေးရွာ ရှာမိ၊ ရွာဖ ဦးဒိုးမောင်ကပင်-

"ကဲ… ကိုလူလူ၊ အဲဒီကိစ္စတွေအားလုံး ကျွန်တော်တို့ကျေးရွာ အဖွဲ့တွေ တိုင်ပင်ထားပြီးပြီ၊ တစ်ရွာလုံးအကြောင်း ကျွန်တော်တို့ စစ်တမ်း ကောက်ထားတယ်၊ ဘာမှမပူနဲ့ အားလုံးအဆင်ပြေအောင် လုပ်ပေးမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ်"

"ကဲ… ကျုပ်တို့လူတွေအားလုံး တာဝန်ရှိသူတွေပြောသွားတဲ့ အတိုင်း တက်ညီလက်ညီနဲ့ ကိုယ့်လယ်မြေမှာ အင်တိုက်အားတိုက် လုပ်ကြစို့၊ ကဲ… လုပ်ကြမယ်မဟုတ်လား"

"လုပ်မယ်" "စိုက်မယ်" "စိတ်ချ"စသည့်အသံများကား အားမာန်အပြည့်ဖြင့် အားရဖွယ်ရာ ထွက်ပေါ်လာသည်။ ထိုအသံများ စဲသည်နှင့် ဦးဒိုးမောင်တစ်ယောက် သူ့ရွာသားများ၏ ညီညီညာညာ အားတက်သရောပြောနေသည့်အတွက် အားရဝမ်းသာဖြင့် ဌာနဆိုင်ရာ လူကြီးများကို မိန့်မိန့်ကြီးပြုံးပြလိုက်ရင်း "အဲဒါ ကျွန်တော်တို့ပန်းတောရွာ လေးရဲ့ ပြန်လည်ထူထောင်ရေးကာလ ပုရစ်ဖူးချိန်အားမာန်တွေပေါ့ဗျာ" ဟု ပြောလိုက်လျှင် ရင်းနှီးနေသော စိုက်ပျိုးရေးမန်နေဂျာ ဦးရဲနောင်မှ

"ဟာ… ဦးဒိုးမောင်က ကဗျာစကား စာစကားနဲ့ပါလားဗျ၊ ပရစ်ဖူးချိန်လား ပရစ်ဦးချိန်လား ပုရစ်ကိုက်ချိန်တော့မဟုတ်ပါဘူးနော်" ဟု နောက်လိုက်ရာ ဦးဒိုးမောင်မှာ ပြာပြာသလဲလက်ကာပြရင်း-

"ဟာ… ဆရာ ရဲနောင်ကလည်း၊ ပုရစ်ကိုက်တာ မဟုတ်ပါဘူးဗျာ ပရစ်ဖူးချိန်ဆိုတာ ကျွန်တော်တို့တောရွာတွေမှာ စစ်ရွက်တို့၊ မန်ကျည်း



ရွက်တို့၊ မရမ်းရွက်တို့ အကိုင်းအဖျားကနေ အရွက်ကလေးတွေထွက်မဲ့ အငုံအစို့ကလေးတွေကနေ အရွက်ကလေးနုစ်ရွက်၊ ညှာတံ အပတ် ကလေး ကနေ ထွက်စအချိန် ပုရစ်တောင်လေးတွေနဲ့ အလွန်တူလို့ ပုရစ်ဖူးချိန်လို့ ခေါ်တာပါဗျာ၊ အပင်ကြီးပေး အရွက်ဖားဖားကြီးတွေ စိမ်းလန်းဝေဖြာလို့ အဲဒီလိုအခြေအနေမျိုးကနေ အစတည်ရတာဗျ၊ ကျွန်တော်တို့ရွာ စည်ပင် ဝေဖြာဖွံ့ဖြိုးလာဖို့ အစကာလမို့ ပုရစ်ဖူးချိန်လို့ တင်စားလိုက်တာပါဗျာ ဟား… ဟား…"ဦးဒိုးမောင် သူ့စကား သူသဘောကျစွာ ဟားတိုက် ရယ်သည်။ တကယ်လည်း သည်ကာလမှာ ပန်းတောရွာတစ်ရွာလုံး၏ ပုရစ်ဖူးချိန်ကာလဝင် မဟုတ်ပါလား……။

❧ ❧ ❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"စိုက်ကြပ်ရေ တစ်ကွင်းလုံး၊ တစ်ကျင်းလုံး ရေကျသွားတော့ စပါးရော၊ မြက်ပင်တွေရော ဘာမှမရှိတော့ဘူးဗျာ၊ အဝေးကလှမ်းကြည့်ရင် မီးလောင်ပြင်ကြီး ကြည့်နေရတဲ့အတိုင်းဘဲဗျာ" ရွှေစာရေးစကားကြော စိုက်ကြပ်အခေါ်ခံရသူ ကိုတိုးမြင့် တစ်ချက်ပြုံးလိုက်ရင်း-

"ကိုရွှေစာရေး ခင်ဗျားပြောတာတော့ မှန်ပါတယ်ဗျာ၊ ဒါပေ ခင်ဗျားတို့ရွာသားတွေ၊ တောင်သူတွေအားလုံးအတွက် အဆိုးထဲက အကောင်းဆိုသလို အဖိုးတန်တဲ့ရတနာတွေ ရလိုက်တာဗျ"

"ဘာရတနာလဲဗျ"

"ဒီမှာကြည့်လေဗျာ ခင်ဗျား ဟောဒီလယ်ကွက်က ကန်သင် ဘောင်ကြည့် လက်နဲ့ယက်ကြည့် ဘာတွေတွေ့ရမလဲ"

ကျေးရွာမန်နေဂျာ ကိုတိုးမြင့်စကားကြောင့် ရွှေစာရေး ကန်သင် ဘောင်မြေကြီးထဲသို့ လက်ထိုး၍ ကြည့်လိုက်သည်။ လက်ထဲပါလာသည် ရွှံ့နှစ်များကို ကြည့်ရင်း-

"တမန်းနှစ်တွေလေဗျာ ဘာထူးလို့လဲ"

"ထူးပြီလား ကိုရွှေစာရေးရာ ခင်ဗျားတို့တစ်တွေ မိုးဦးကျ ထွန်ယက်ထားတဲ့ တမန်းနှစ်က ဒီလောက်တက်မှာလားဗျ… ဒီလော များမှလား၊ အဲဒါဟို… ဝန်တာကြီးပေါက်သွားလို့ စီးလာတဲ့



ဝန်မြစ်ရေထဲကပါလာတဲ့ မြေနုတွေဗျ၊ နုန်းမြေတွေဗျ၊ အဲဒါ ကြောင့် သဲရောင်၊ မြေနုရောင် ရောနေတာ၊ ဒါကြောင့်မို့ အဝေးကကြည့်ရင် ခင်ဗျားပြောသလို ကြည့်နေကျ၊ မြင်နေကျ အရောင်မဟုတ်ဘဲ အနီရောင် သန်းနေတာပါ၊ မီးလောင်ပြင်လို့ မတင်စားပါနဲ့ဗျာ၊ ရွှေအိုရောင်ပါ၊ ရွှေအိုရောင်အနှစ်တွေ၊ ရတနာတွေပါဗျ"

"ဟာ… ဟုတ်လား ကိုတိုးမြင့် ခင်ဗျားတကယ်ပြောတာလား"

"အမှန်ပြောတာပါ ကိုရွှေစာရေး၊ ခင်ဗျား မယုံရင်ကြည့်၊ ဟောဟို ဆိုရင်ကျားမောင်လယ် အခု ကောက်စိုက်နေတယ်မဟုတ်လား၊ ခင်ဗျား သုံးရက်အတွင်းကြည့် စပါးပင်ဝါသွားမှာမဟုတ်တော့ဘူး၊ တဆက်တည်း စိမ်းနေရမယ် စောင့်ကြည့်ဗျာ"

"ဟာ… တကယ်ပဲလား စိုက်ကြပ်ရာ၊ ကျွန်တော်တို့ မိုးဦးက စိုက်တဲ့ စပါးကတော့ စိုက်ပြီး ဖြန့်ဝါသွားတာ ၁၅ ရက်လောက်ကြာမှ ပြန်စိမ်းတာဗျ"

"အဲဒါတင်မဟုတ်သေးဘူး ကိုရွှေစာရေး မြစ်ရေဝင်တဲ့ ကိုင်းကွင်း တွေမှာ ပဲတွေ၊ နှမ်းကြာတွေစိုက်ထားတာ ခင်ဗျားတွေ့ဖူးမှာပေါ့ ဘယ်လောက်များ ကောင်းလိုက်၊ သန့်လိုက်သလဲ၊ အဲဒီလိုပဲ ခင်ဗျားတို့ကွင်း တွေမှာ ဒီနှစ် ပဲစိုက်စိုက်၊ နှမ်းကြာစိုက်စိုက် အဲဒီအတိုင်း ကောင်းရမယ်ဗျ၊ ခင်ဗျားမယုံရင် စောင့်ကြည့်"

"ဟာ ယုံပါတယ် စိုက်ကြပ်ရာ ကျွန်တော်လည်း မလေ့လာမိ ဘူးပါ၊ ကိုတိုးမြင့်ပြောသလို ဖြစ်ပါစေဗျာ၊ ဒါမှ ကျွန်တော်တို့အတွက် ဒီနှစ်က၊ တကယ်ရတနာတွေဖြစ်မှာဗျ"

"ကဲ… ကိုရွှေစာရေး ဟို စစ်တစ်ပင်ကွင်းဖက်လှည့်ကြစို့ ဟိုမှာ

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သိန်းတို့ လူကြီးတွေ၊ မြေစာရင်းတို့ စက်မှုလယ်ယာအဖွဲ့တို့နဲ့ ပေါင်းပြီး စောင့်နေကြမှာဗျ၊ အေးဗျာ ကိုရွှေစာရေးလည်း တစ်ရွာလုံးက အားကိုးနေရတဲ့သူဆိုတော့ မအားရအောင် အများအကျိုးဆောင်နေရသူ ဆိုတော့ ပင်ပန်းမှာပေါ့ဗျာ"

"ဟာ ကိုတိုးမြင့်၊ ကျွန်တော် အခုလိုလုပ်နေရတာကို ပင်ပန်းတယ် မထင်ပါဘူးဗျာ၊ အခုအချိန်မှာ တစ်ရွာလုံးကလူတွေအားလုံးနဲ့ ရေကြီးစဉ်ကာလက အတူနေ၊ အတူစား၊ တစ်ယောက်အကြောင်း တစ်ယောက် နီးနီးကပ်ကပ်သိကြရတော့ အရင်ကထက် သံယောဇဉ်ဖြစ်မိတာအမှန်ပဲဗျာ၊ တစ်မိတည်းပေါက်ဖွားထားတဲ့ မိသားစုတွေလိုဘဲ သဘောထားတယ်။ အဲဒါကြောင့်လည်း သူတို့အကျိုးဆောင်ပေးရတာ တကယ့်ကိုဝမ်းသာသလို ကျွန်တော့်အပေါ် အားကိုးတာကိုလည်း ဂုဏ်ယူဝမ်းသာတယ်ဗျာ သူတို့အားကိုးထိုက်တဲ့ လူတစ်ယောက်ဖြစ်အောင်လည်း ကျွန်တော် အမြဲကြိုးစားနေမယ်ဗျာ"

"ဟာ… ဝမ်းသာတယ်ဗျား၊ ကိုရွှေစာရေးစိတ်ထား ကျွန်တော် ဂုဏ်ယူပါတယ်ဗျာ"

တဖြည်းဖြည်းနှင့် သူတို့နှစ်ယောက် စကားပြောရင်း ကိုရင်ကျားမောင်လယ်ဦးဘက် ရောက်လာကြသည်။

"ဟော ရွှေစာရေးတို့ စိုက်ကြပ်တို့ပါလား၊ ကျွန်တော်တို့ဆီ လာနားပါဦး၊ ကောက်ညှင်းပေါင်းရော၊ ရေနွေးကြမ်းပါ ရှိပါတယ်၊ စကားပြောရင်း ခဏနားသွားပါဦး"ကိုရင်ကျားမောင်က အတင်းခေါ်နေသလို၊ သူတို့ဘက်လျှောက်လာနေသည်။

"ကိုကျားမောင် ဘယ်နှဧကလောက် စိုက်မှာလဲ"

"ဟာ စိုက်ကြပ်ရေ၊ ကျွန်တော့်လယ်က ချောင်းနားနီးတော့



၁၀ ဧက အကုန်စိုက်မှာ၊ သီးထပ်ရင် စပါးမျိုးဆိုတော့ ခိတ်ချရတယ်ဗျာ"

"ကောင်းတယ်ဗျ အခု စက်တင်ဘာလဆိုတော့ ကျွန်တော်တို့ မြန်မာလဆို တော်သလင်းပေါ့ဗျာ၊ သီးထပ်ဆိုရင် တန်ဆောင်မုန်းလကုန် ရိတ်ရမှာဗျ၊ ခင်ဗျား ပဲစိုက်ဖို့ပါ မီတယ် ကိုကျားမောင်"

"အဲဒါကြောင့် ကျွန်တော်လည်း အချိန်မီစိုက်ပြီးဖို့ တောက်စိုက်မ ရသလောက် ခေါ်စိုက်နေတာဗျ၊ လာဗျာ ဟိုကန်သင်းဆုံပေါ်မှာ ကောင်ညှင်းပေါင်းတောင်းရှိတယ်၊ ရေနွေးကြမ်းသောက်ရင်း စားလိုက်ပါဦး"

ကိုကျားမောင် ကန်သင်းဆုံတွင် အားလုံးထိုင်လိုက်ကြရင်း ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်း စားရင်းသောက်ရင်း ရွှေစာရေးမှ-

"ကိုကျားမောင်က အခုလိုရေကျတာနဲ့ စိုက်နိုင်ဖို့၊ ရွာထဲက ဘုန်းမြင့်တွေ ရေပေါ်တာနဲ့ ပျိုးထောင်ခဲ့တာ ကိုတိုးမြင့်ရဲ့ အဲဒါကြောင့် သူများတကာထက် စောစောစိုက်နိုင်တာပေါ့ဗျာ"

ကောင်းတယ်ဗျာ၊ နောက်နှစ်ရက်၊ သုံးရက်လောက်ဆို ကျွန်တော်တို့စီစဉ်ထားတဲ့ပျိုးတွေ ရောက်လာတော့မှာဗျ၊ လိုအပ်တဲ့လူတွေဆီက ချက်ချင်းခွဲဝေပေးဖို့ ကျေးရွာလူကြီးတွေနဲ့ ညှိထားတယ်ဗျ၊ ဘာဘဲ ဖြစ်ဖြစ်ဗျာ၊ အခုလို မဖြစ် ဖြစ်တဲ့နည်းနဲ့ ကိုယ်ပျိုးကိုယ်ထောင်ပြီး စိုက်နိုင်ရင်တော့ ပိုကောင်းတာပေါ့ဗျာ၊ တချို့လူများကလည်း ကူညီတာစောင့်ရင်း ဆတ်ခဲမယ်ဆိုရင် မကြိုးစာချင်ကြဘူးဗျ။ ကျွန်တော်တို့ တောင်သူတွေမှာ ကိုကျားမောင်လိုလူမျိုးတွေ များများရှိသင့်တယ်ဗျ ကိုရွှေစာရေး"

"ဟာ သိပ်ရှိသင့်တာပေါ့ဗျာ အော်ဒါနဲ့ ကိုကျားမောင်

www.burmeseclassic.com

www.burmeseclassic.com



ကောက်စိုက်မအရေအတွက်ကတော့ ကျွန်တော်ရေတွက်ကြည့်ရသလောက် ၅၀- ကျော်ပဲဗျ၊ ဒါနဲ့ ဟို… ပျိုးလက်သင်နေတာ ခင်သဲလား၊ ကိုကျားမောင်"

"ဟုတ်တယ်လေကွာ ခင်သဲ ကျောင်းပိတ်ထားတဲ့ နှစ်ရက်မှာ ကောက်ဆင်းစိုက်တာလေ၊ ခင်သဲကတော့ ကြိုးစားတယ်မောင်ရေ"

ကိုကျားမောင်စကားကြောင့် ရွှေစာရေး ခေါင်းညိတ်မိလိုက်သည်။

"တဲ ကိုကျားမောင်၊ ကျွန်တော်တဆက်တည်း ကောက်ကွက်တွေ ကြည့်သွားမယ်ဗျာ"

စိုက်ကြပ် ကိုတိုးမြင့်နှင့် ကိုကျားမောင် စိုက်ပြီးသွားသည့် လယ်ကွက်အတွင်းဆင်းကာ စပါးကောက်ကွက်တွေ တိုင်းတာတွက်ချက်နေကြသည်။ ရွှေစာရေးလည်း ခင်သဲတို့ကောက်စိုက်မတွေရှိရာ ကန်သင်းပေါ်လျှောက်လာရင်း-

"ခင်သဲ… ကြိုးစားလှချည်လားဟ တော်ကြာ ဖျားနေလို့ ကျောင်းသားလေးတွေ စာသင်ပျက်နေပါဦးမယ်ဟာ"

"ဩော်… ရွှေစာရေး… ဒီလောက်တော့ရပါတယ်ဟာ… ငါမလုပ်ဖူးတာမှ မဟုတ်တာပဲ"

ထိုစဉ် ကောက်စိုက်မအုပ်ထဲတွင်ရှိနေသူ အပျိုခေါင်းဆောင် မနှင်းမေက-

"ဒါနဲ့… နေပါဦး… ရွှေစာရေးရဲ့၊ အခုလိုမေးတာ ခင်သဲကို စိုးရိမ်လို့မေးတာလား၊ ကလေးတွေ စာသင်ပျက်မှာစိုးလို့လား"

"ဟာ… မမနှင်းမေကလည်း အားလုံးပါပါတယ်ဗျာ"

ရွှေစာရေးကား ပြာပြာသလဲ ပြန်ဖြေလိုက်ရင်း ရွှေစာရေး



မြန်လှည့် ရှန်မြင်လိုက်သည်။ ရွာတောင်ပိုင်းမှ မသန်းဝင်းမှလည်း

"နေပါဦး… ရွှေစာရေးရဲ့၊ လယ်တောထဲမှာကြီးတဲ့ ပန်းတောသူ ခင်သဲ ကောက်စိုက်လို့ မဖျားပါဘူးဟာ၊ မဟုတ်မှလွဲရော နင်သံယောဇဉ် ရှိတဲ့ မြို့ကမမနဲ့ မှားပြောမိသလား ရွှေစာရေးရယ်၊ ဟား…ဟား…"

ကောက်စိုက်သမ မသန်းဝင်းစကားကြောင့် ဝိုင်းရယ်သံများ ထွက်လာသလို ခင်သဲမှလည်း

"အေး… မသန်းရေ ညည်းပြောမှ… ငါသတိရတော့တယ်၊ ဟုတ်တယ်၊ ရွှေစာရေးက ငါ့ကိုသံယောဇဉ်ရှိလို့ မေးတာမှမဟုတ်တာပဲ၊ သူ့သံယောဇဉ်ရှိတဲ့လူတွေနဲ့ မတွေ့တာကြာလို့ တယောင်ကတမ်း ပြောမိတာပါဟယ်"

ခင်သဲစကား ဘာကိုဆိုလိုသည်ကို ရွှေစာရေးသိသဖြင့်

"ခင်သဲ၊ နင်ပြောတာ ဘာမှမဆိုင်ဘူး၊ ငါတကယ့်စေတနာနဲ့ နင့်ကိုပြောတာပါဟာ"

ရွှေစာရေးစကားကြောင့် မနှင်းမေအကွက်ရသွားကာ

"ဩော်… ရွှေစာရေးက ခင်သဲကို စေတနာတွေ၊ သံယောဇဉ် တွေကြောင့် မေးတာတဲ့ဟော့၊ နင့်စေတနာ ငါတို့သိပါတယ်ဟာ ရွှေစာရေးရယ်၊ ဟား… ဟား…"

ကောက်စိုက်မတစ်ဖွဲ့လုံး ပွဲကျလျှက်၊ ရွှေစာရေးဆက်ပြောနေလျှင် ပိုဆိုးမည်ဖြစ်သဖြင့်

"ဟာ… မမနှင်းမေကလည်း ဘာတွေပြောနေတာလဲ… သွားတော့မယ်ဗျာ၊ စကားအကောင်း ပြောလို့မရတော့ဘူး"

"ဟား… ဟား… ဟား"

www.burmeseclassic.com

www.burmeseclassic.com



ကောက်စိုက်သမများ ရယ်မောသံကား အဆက်မပြတ်တော့... ရွှေစာရေး၊ ကိုတိုးမြင့်တို့ဘက် အတင်းထွက်လာတော့သည်။

"ဘယ်လိုလဲ ရွှေစာရေး၊ မင်းရွာထဲမှာ တစ်ယောက်နဲ့တစ်ယောက် ခပ်တည်တည်နေလို့ရမယ်၊ ကွင်းထဲကကောက်စိုက်မအုပ်စုမှာတော့ စကား ကြည့်ပြော၊ တစ်ယောက်တစ်ပေါက် စကားအကျအနကောက်ပြောကြလို့ အရှက်ကွဲသွားမယ်၊ အခုလည်း ခံလာရပြီးမဟုတ်လား"

ကိုကျားမောင် ရွှေစာရေးအဖြစ်ကို အတတ်သိလိုက်သလို ပြောလိုက်လျှင်–

"ဟား... ကိုကျားမောင် ဘယ်လိုသိသလဲ၊ ဟုတ်တယ်ဗျ၊ ကျွန်တော် စကားဖြတ်ပြီး အတင်းပြန်ပြေးလာရတယ်"

"သိတာပေါ့ကွာ၊ ဒို့လယ်သမားတွေ ဒီကောက်စိုက်ချိန်မှာ လူစုံ ကြတာမဟုတ်လား၊ ကောက်စိုက်သမတွေဆိုတာ ရွာထဲမှာ တစ်နှစ်လုံး ကြားရမြင်ရ သိရတဲ့သတင်းမှန်သမျှ၊ စကားမှန်သမျှ၊ ကောက်စိုက်ရင်း ဟကြ၊ ဆိုကြ၊ လွှတ်လွှတ်လပ်လပ်ရယ်လိုက်ကြ၊ ပြောင်လိုက် ပြင်လိုက်ကြ၊ ဒါ ကောက်စိုက်မသဘာဝဘဲကွ၊ မင်းလည်း အကြောင်း ရှိမှာပေါ့ကွာ၊ ဟား...ဟား..."

"ဟာ... ကိုကျားမောင်ကလည်း ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဖြစ်နေပါပြီဗျာ၊ ကဲ... စိုက်ကြပ်ရေ... သွားကြစို့"

"ဟား... ဟား"

ကိုကျားမောင်၏ အသံသြသြကြီးနှင့် ရယ်သံကြီးကာ ခပ်သွယ် လှမ်းကာပင် ကြားနေရသည်။

❧ ❧ ❧ ❧ ❧

## အခန်း (၁၅)

"ရွှေစာရေးရေ၊ လယ်တွေထဲမှာ စပါးပြန်စိုက်တဲ့ကောတော့ နည်းပြီးပြီကွ၊ ရေအဆင်ပြေနိုင်မယ့်နေရာကတော့ ကုန်သလောက် ဖြစ်နေပြီ၊ အခု သီတင်းကျွတ်လပြည့်ကျော်ပြီဆိုတော့ ပဲစိုက်ဖို့ရာသီ ရောက်ပြီကွ၊ အဲဒါကြောင့် ဒီနေ့ စက်မှုလယ်ယာက တို့ရွာအတွက် လက်တွန်းထွန်စက် သုံးစီး ပို့လိုက်တယ်၊ ထွန်စက်ကြီးကတော့ တစ်ပါတ် အတွင်း ရောက်လာလိမ့်မယ်"

"ဟုတ်လား... ဦးလေး... ကျွန်တော်လည်း ကျွန်တော့်လယ် ငါးဧကအပြင် ဦးလေးတို့ချပေးတဲ့ ဆယ်ဧက၊ ဒီနေ့ရေတင်ရင်း ဦးလေး ထွန်းအုံတို့လယ်တွေဘက် ရောက်သေးတယ်၊ သူတို့လည်း ထွန်စက် မျှော်နေကြတယ် ဦးလေး"

ရွာလူကြီးဖြစ်သူ ဦးကျော်သိန်းအိမ် တက်ပုနှင့် ရွှေစာရေး ရောက်တော့ လက်တွန်းထွန်စက်တွေ ရောက်နေသည့်သတင်း ကြားလိုက် ရသည်။

"အေး... အဲဒါငါပြောမလို့ မင်းကိုမှာလိုက်တာပဲ၊ အခု သမဝါယမအသင်းမှာ ခထားတယ်၊ ပဲစိုက်ဖို့ ထွန်ဖို့ ယာတ်ရှိ သင့်တော်မယ့်မြေတွေမှာ ထွန်စက်ကြီးမဆင်းနိုင်သေးတော့၊ လက်တွန်း ထွန်စက်က ဆင်းပြီးထွန်းနိုင်တယ်ကွ၊ ပါလာတဲ့မောင်းတာဝန်ခံနဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်း ညှိနှိုင်းပြီး ထွန်ရှိလုပ်ကြစို့။ ဟော… ပြောရင်းဆိုရင်း နိုက်ကြွပ် ပါလာတာ၊ စက်မောင်းတာသနဲ့ ကိုတင်ရွှေလေ၊ ဗျို့… ဆရာတို့… ဖျော်နေတာကြာပြီဗျ။ လာကြ… လာကြ…"

ဦးကျော်သိန်းမှ အားရဝမ်းသာခေါ်လိုက်သလို စက်မောင်း ခေါင်းဆောင် ကိုတင်ရွှေမှလည်း နိုက်ကြွပ်ကိုတိုးမြင့်ကို မေးငေါ့ပြရင်း

"ဟောဟောရောက်လာနိုင်… ဦးလေးကျော်သိန်းရေ… ဟော နိုက်ကြွပ်လေ… သူတာဝန်ကျရွာတွေ မြို့မော် ရကြွာတို့ နှင်းပန်း မျိုးတွေ တစ်ပါတည်း ထွန်စက်ကြွှ တင်ချင်တယ်ဆိုလို့ ဖောင့်တင် လို့ဗျို့၊ အခု သမြေကျွင်းရွာမှာ သူ့အဖွဲ့တွေ ရကြွာမျိုးဆိတ်တွေချနေ မစောင့်ဘဲ ဖြတ်လမ်းကလာခဲ့တာဗျ"

"ဟုတ်တယ်ဦးလေးရေ့ ပန်းတောအုပ်စုအတွက်လည်း မျိုး တင်ခဲ့ပြီ၊ တဲ… ကိုရွှေစာရေးရေ ကျွန်တော်တို့အုပ်စုက မြေ ထွန်စက်ဆင်းနိုင်တာနဲ့ ရကြွာတွေ၊ မတ်ပဲ၊ ပဲတီစိမ်းတွေ အချိန် ထွန်ယက်ပြီး ကြဲနိုင် လိုတော့တာယ်ဗျို့၊ အခုတောင် ကျွန်တော်တို့နယ် တချို့ရွာတွေ ရေကျမြဲပြီး၊ အချိန်မီ၊ အခါမီ ရောက်ကလိုက်ပြီး၊ မထွန် မယက်နိုင်တော့ မြေတွေလွှန်ကုန်ကြတယ်ဗျ၊ မြေပတ်တွေလည်း ထွဲတုံး အဲဒါ တစ်ချို့ရွာတွေမှာဆိုရင် ပဲတွေ မြေပြင်မှာပက်ပြီး မြေပက်ကွဲတွေ တံမြက်စည်းကြမ်းနဲ့ လိုက်သိမ်းချနေရတယ်ဗျို့"

ကျေး/ကျ ကိုတိုးမြင့်စကားကြောင့် ဦးကျော်သိန်းအိမ်တွ ရောက်နေသူအားလုံး တအံ့တသြဖြစ်သွားကြသလို၊ ဦးကျော်သိန်းမှလည် အထူးအဆန်းစကား ကြားရသဖြင့်

"ဟာ… မောင်တိုးမြင့် မြေပက်ကွဲထဲ ပဲမျိုးချရလို့ ဖြစ်ပါ့မလား"



အလိုက်လျှင် ကိုတိုးမြင့်စကြောင့် ကိုတင်ရွှေမှတင် အားလုံးကို တစ်ချက် ပြုံကြည့်လိုက်ရင်း

"ဟုတ်တယ်… ဦးလေးရ မေ့မနဲ့ ကျွန်တော်ကိုယ်တွေ့ဗျ ကျွန်တော်တို့ ထွန်စက်တွေ၊ ထွန်ယက်ရှိမပြမ်းနိုင်လောက်အောင် မြေတွေ ထွန်ပြီး မြေမာတွေ၊ မြေပတ်ကွဲတွေဖြစ်နေတဲ့လယ်တွေမှာ ဒီအတိုင်းလုပ်နေ ကြတာခင်ဗျ၊ အခု နောက်ဆုံးထွန်စက်တွေ စမ်းပြောင်လာတဲ့ မီးတော ရွာမှာ မြေပတ်အကြီးကြီးထဲကပဲပင်တွေ၊ ရကြွာပင်တွေတောင် တော်တော် ညည်နေပြီဗျ ဒီလိုသာသာဝရေနှရာယ်ကြုံရတဲ့ ဖြစ်တောင့်ဖြစ်ခဲနှစ်မျိုးမှာ၊ ထုံးသလို မဖြစ်တော့၊ ဖြစ်သလိုလုပ်ပြီး ထွင်းလုံးနေ့ မြေလဝ်၊ မြေလွှတ် ရောနှံရအောင် ဖြန့်လည်မိုက်ပျိုးရေးအစားထိုးသီးနှံတွေ အောင်မြင်ရေး ညည်မျိုးစုံနဲ့ ကြိုးစားနေကြရတာဗျ"

ကိုတင်ရွှေစကားကြောင့် ရွှေစာရေး ဦးကျော်သိန်းကို ကြည့်လိုက် ရင်း…

"ဟာ… ဒါဆိုရင်၊ ကျွန်တော်တို့ရွာက တော်သေးတာပေါ့နော်၊ ရေကျတာ စပ်ဖြည်းဖြည်းကျတော့၊ ပြင်ဆင်ချိန်လည်းရ၊ ထွန်စက်တွေ အလည်း အုပ်စုလိုက်ထွန်ယက်နိုင်ဖို့ ကြိုရောက်နေ၊ ရောက်ပြီး ကိုတိုးမြင့် အလည်း ပဲမျိုးတို့ ရကြွာမျိုးတို့၊ ပန်းနှမ်းမျိုးတို့ အသင့်ဖြစ်အောင် ကြိုးစားထားတယ်ဆိုတော့ ကျွန်တော်တို့ရွာသားတွေ၊ အချိန်မီ၊ အလုပ် လုပ်ကြဖို့ နှိုးဆော်တိုက်တွန်းဖို့ပဲ လိုတော့တယ် ဦးလေးရေ"

"အေးကွာ… အဲဒါကြောင့် မင်းတို့လူငယ်အုပ်စုတွေကိုပဲ ရွာ ရှေ့ထောင်ရေးကာလမှာ ဒီသီးနှံတွေ အချိန်မီအခါမီ စိုက်နိုင်ရေး ထား နေရတာပေါ့ကွာ၊ အသက်ကြီးတဲ့ လူကြီးပိုင်းတွေအနေနဲ့က နေ့ရောညရော အချိန်ပြည့် တွင်းထဲဆင်းဖို့ဆိုတာ မလွယ်ဘူးလေ၊ အခုတောင် စက

www.burmeseclassic.com

www.burmeseclassic.com



(၂၀၀၀) ကျော်ရှိတဲ့ တို့အုပ်စု စပါးဧက (၁၀၀၀) ကျော် စိုက်ထား ပြီးတဲ့အပြင် ဆောင်းသီးနှံတွေစိုက်ဖို့ ဧက (၁၀၀၀) လောက် ကျန်သေး တယ်ဆိုတော့ ကြိုးစားရအုံးမှာပေါ့ကွာ"

ဦးကျော်သိန်းစကားကြောင့် ရွှေစာရေး ခေါင်းညိတ်လိုက်ရင်း

"ဟုတ်ပါတယ်ဦးလေး၊ ဦးလေးပြောတဲ့ ကျန်တဲ့ဧကတွေ မှာတောင်၊ အခု မြေအနေတော်တာနဲ့ ကျွဲတွေ၊ နွားတွေနဲ့ ရသလောက် ထွန်ယက်စိုက်နေကြပြီခင်ဗျာ၊ ဟောဒီက ဆရာတို့ဌာနက စက်အားတွေ ဝင်လိုက်ရင်တော့ တစ်ကွင်းလုံးကောပြည့် စိုက်နိုင်ဖို့သေချာပါတယ် ဦးလေး"

"ဟုတ်ပါတယ်... ကိုရွှေစာရေး၊ ကျွန်တော်တို့ ထွန်စက် တွေလည်း နေ့ရော၊ ညပါ ထွန်ယက်နိုင်ဖို့ မီးကအစ ပြင်ဆင်ထားပါတယ် အချိန်က လုပြီးလုပ်ရမှာမဟုတ်လား၊ ထွန်စက်အဖွဲ့တိုင်းမှာ အက အမောင်းတွေရော၊ ရွာကကူညီမယ့် ကိုရွှေစာရေးလို လူငယ်အကူအဖွဲ့ ရော အသင့်ရှိနေကြမယ်ဆိုရင် လူမနား၊ စက်မနားဆိုသလို လုပ်နိုင် ပေါ့ဗျာ၊ ဦးလေးကျော်သိန်းပြောသလို လူငယ်တွေဆိုတော့ ပင်ပန်းခံနိုင်တ ပေါ့ဗျာ"

"ဟုတ်တယ်... ကိုတင်ငွေရေ၊ ကိုရွှေစာရေးတို့အဖွဲ့တွေကတော့ ကျွန်တော်တို့ဌာနအတွက်လည်း အားကိုးရတယ်ဗျို့၊ အားကိုးအားထာ ပြုရတဲ့သူတွေထဲမှာတော့ ကိုရွှေစာရေးက ထိပ်ဆုံးကပဲဗျို့"

စက်မောင်းခေါင်းဆောင် ကိုတင်ငွေစကားကို ကျေးရွာမန်နေဂျ ကိုတိုးမြင့်မှာ ဖြည့်စွက်ပြောလိုက်သလို ဦးကျော်သိန်းမှလည်း

"ဟုတ်တယ်... ကိုတင်ငွေရေ ရွှေစာရေးကတော့ မောင်တိုး



ပြောသလိုပဲ၊ ကျေးရွာတာဝန်ရှိသူတွေကိုယ်စား ကူညီဆောင်ရွက်ပေးတဲ့လူ ဖြစ်သလို၊ ရွာသူရွာသားတွေရဲ့ ကိုယ်စားလှယ်ဆိုလဲ မမှားဘူး၊ အားလုံး ကလည်း ယုံကြည်အားထားနေကြတယ်လေ၊ အဲဒါကြောင့်... ဟို ဥပမာလို ရွာကရွှေမိ ဖြစ်နေတာပေါ့ဗျာ" ဟု ပြောလိုက်လျှင်

တစ်ချိန်လုံးနားထောင်နေသူ တက်ပုမှ

"ဟာ... ဦးလေးကျော်သိန်းကလည်း ရွှေစာရေးကို ရွာကရွှေမိ ဆိုတော့ ကျွန်တော့်သူငယ်ချင်းက ယောကျ်ားစစ်စစ်ကနေ၊ မိန်းမဘဝ ပြောင်းရတော့မလို ဖြစ်နေမှာပေါ့ဗျာ၊ ဥပမာ ရွာကချက်ကြီးတို့၊ ပါလေရာ ပွဲကြီးတို့ဆို ယောကျ်ားမို့ တော်သေးတာပေါ့ဗျာ"

"ဟား... ဟား... ဟား..."

တက်ပုစကားကြောင့် အားလုံး ဝါးခနဲပွဲကျသွားသလို ရွှေစာရေး ကလည်း ခေါင်းကုတ်ကာ တက်ပုကိုကြည့်လိုက်ရင်း

"ဟာ... တက်ပုကတော့ လုပ်ချလိုက်ပြန်ပြီကွာ၊ ဦးလေးက မိုးရိုးသဘောနဲ့ ဥပမာပေးတာကွ၊ မိန်းမနဲ့ယောကျ်ား ကွာရုံပါပဲ၊ မင်းကျမှ ငါ့မှာမည်ပျက်စာရင်း ပါရတော့တယ်ကွာ" ဟု ခပ်ညည်းညည်း ပြော လိုက်လျှင် အားလုံး မရယ်ဘဲမနေနိုင်ကြတော့၊ တက်ပုမှ ပြာပြာသလဲ ဆက်ကာပြရင်း

"ဟို... လောလောဆယ် စဉ်းစားမရလိုက်လို့ပါကွာ၊ မင်းက အားပန်းဆံသီချင်းထဲက ပွဲတိုင်းကျော်တဲ့သာလှပါကွာနော်... ဦးလေး ကျော်သိန်း"

တက်ပုကို ပြုံးပြုံးကြီးပြန်ကြည့်ရင်း ဦးကျော်သိန်းမှ

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ တက်ပုရာ… ငါပြောတဲ့ ရွှေမိဘဲဖြစ်ဖြစ်၊ မင်းပြောတဲ့ သာလှဘဲဖြစ်ဖြစ်၊ မမှားပါဘူးကွာ၊ တို့တောရွာရဲ့ ရုပ်ပါတွေပါပဲ။ အဓိကကတော့ ငါတို့ တစ်နယ်လုံး၊ တစ်ရွာလုံးမှာရှိတဲ့ မြေဩဇာသလင်းခါ နေတဲ့ လယ်မြေတွေကို ဆရာတို့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး စပါး၊ ပဲဒီစိမ်း နေကြာ၊ ပန်းနှမ်း၊ ဘိုကိတ်၊ ပြောင်းစတဲ့ ဆောင်းသီးနှံတွေကို ရာသီမီ အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ဖို့ တို့အားလုံး ရွှေမိတို့၊ သာလှတို့လို ဝင်ပါကြဖို့ပဲ၊ အရေးကြီးတယ်ပေါ့" ဟုပြောရင်း ဦးကျော်သိန်းမှ တစ်ဝိုင်းလုံးကို ပြုံးကြည့်နေသည်။

BURMESE CLASSIC .com

ကျေးရွာခန်နေဂျာ ကိုတိုးမြင့်မှလည်း

"ဟုတ်တယ်… ဦးလေးရေ၊ ဒါမှလည်း ကျွန်တော်တို့ ကွင်းထဲ နေရာအနှံ့ ဆောင်းသီးနှံတွေရောင်စုံပြာ ဖြစ်ထွန်းမှာပေါ့ဗျာ၊ ဒီလိုဖြစ်ဖို့ ကျွန်တော်တို့ဌာနဆိုင်ရာတွေက တတ်ကျွမ်းတဲ့ပညာတွေ၊ ပိုးမွှားတွေ တာဝန်ယူ ကူညီသလို၊ ဦးလေးပြောတဲ့ ရွှေမိတို့၊ ကိုသာလှတို့ လူမျိုးတွေ များများပါလာဖို့သာ လိုတော့တယ်ဗျို့"

ကိုတိုးမြင့်စကားအဆုံး တက်ပုက ရွှေစာရေးကိုကြည့်ရင်း…

"ကဲ… ရွှေမိ… ဟော် မှားလို့ ကဲ… သာလှ၊ ကဲ… ဗျို့ ယောက်ျားဘသား အားထည့်လိုက်ကြစို့"

တက်ပုမှ ရွှေစာရေးဘက်လှည့်ရင်း ပုံနှင့်ပန်းနှင့်လုပ်ပြရင်း အဲ့ ဖောက်ပြောလိုက်လျှင် တစ်ဝိုင်းလုံ သဘောကျစွာရယ်မောလိုက်ကြ သည်။

✤ ✤ ✤ ✤ ✤

## အခန်း (၁၆)

"ခင်သဲ… ကျောင်းကပြန်လာပြီလား"

အိမ်ပေါက်ဝတွင် ရုတ်တရက်တွေ့လိုက်ရသော မိုးမြင့်ကြောင့် ခင်သဲ အတွေးပြတ်သွားသလို အိမ်ထဲလှမ်းကြည့်လိုက်ရင်း

"မိုးမြင့် ဘာကိစ္စရှိလို့လဲ… အမေနဲ့တွေ့ပြီးပြီလား၊ အမေရော"

"ကိစ္စမရှိပါဘူးဟာ… လာတုန်းကတော့ အိမ်လည်လာတာပဲ အခုတော့ အိမ်စောင့်ဖြစ်သွားတယ်၊ နင့်အမေ အခုနက ရွာအရှေ့ပိုင်းက ဘကြီးဘိုးထယ်… လေထိုး၊ လေအောင့်ဖြစ်နေလို့ နှိပ်ဖို့လာခေါ်သွားလို့ ခေါ်လိုက်သွားတယ်"

ခင်သဲအမေ ဒေါ်သော့မေကား ရွာထဲတွင် အနှိပ်ကောင်းမှု လေထိုးလေအောင့်၊ အကြောတင်၊ လက်ပြင်ညှန့်ငုတ် စသည့် ထက်တလေဖြစ်တတ်သည့် ဝေဒနာသည်များ၏အားထားရာ၊ ဒေါ်သော့ မေတို့ ဘိုးစဉ်ဘောင်ဆက် ရွာမှာအားထားရသော အနှိပ်သည်ပညာကို အမွေခံခဲ့ကြသည့်မိသားစုတွေ၊ အခု ဒေါ်သော့မေတို့ မွေးချင်းများထဲ တွင်တော့ ဒေါ်သော့မေက အများအားထားရဆုံးဖြစ်သည်။ ထို့ကြောင့် ခင်လျှင် အရေးရယ်အကြောင်းရယ်ဆိုရင် နှိပ်ဖို့လာဝင့်ကြပြီး၊ မိုးမြင့် ပြောသော ဘကြီးဘိုးထယ်ဆိုသည်မှာ ခင်သဲတို့နှင့် ဆွေမျိုးမတော်သလို ကျေးဇူးလည်းမကင်း။

www.burmeseclassic.com

www.burmeseclassic.com



"အေး… အခုလို အိမ်ကြည့်ပေးထားတာ ကျေးဇူးတင်ပါတယ်ဟာ၊ အိမ်တံခါးဖွင့်လိုက်အုံးမယ်၊ နင်လည်း ရေနွေးကြမ်း သောက်သွားဦးလေဟာ"

"ဟာ… ရပါတယ် ခင်သဲရာ… လုပ်မနေပါနဲ့၊ ဒါနဲ့… နင်အိမ်ထဲမဝင်ခင် ဒီခုံတန်းလျားလေးမှာ ခဏထိုင်ပါဦးလား၊ ဒီနေရာလေးက လေလည်းတိုက်တယ်၊ နောက်ပြီး နင့်ကိုလည်း အခုလို အချိန်လေးမှာ စကားပြောချင်လို့"

"ဘာများလဲ မိုးမြင့်… နင်ဘာပြောမှာလဲ"

ခင်သဲကား ကျောင်းကပြန်လာသည့်ပုံစံအတိုင်းပင် သစ်ပင်ရိပ်အောက် ထိုင်ခုံတွင်ဝင်ထိုင်လိုက်ရင်း မိုးမြင့်ကိုပြန်မေးလိုက်သည်။

မိုးမြင့် ခေါင်းတဖျင်းဖျင်းကုတ်လိုက်ရင်း…

"ဒီလိုဟာ… အခု ငါ့ရင်ထဲမှာခံစားနေရတဲ့ ခံစားချက် နင့်ကိုဖွင့်ပြောပြီး တိုင်ပင်ချင်လို့ပါဟာ"

မိုးမြင့်စကားကြောင့် ခင်သဲတစ်ချက်ပြုံးလိုက်ရင်း

"ဟင်… လာပြန်ပြီတစ်ယောက်၊ ဘာလဲ မိုးမြင့် နင်လည်း ရွှေစာရေးလို ခံစားနေရပြန်ပြီလား"

မိုးမြင့်ပြောစကားကြောင့် တစ်ခါက ရွှေစာရေးတစ်ယောက် ခင်သဲကို အကူအညီတောင်းသည့်အဖြစ်သတိရကာ ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် မိုးမြင့်က ရွှေစာရေးတိုင်ပင်သည် ဆိုသည့်စကားကို မည်သို့ထင်လိုက်သည်မသိ

"ဘာ… ရွှေစာရေးက နင့်ကို ဘာခံစားချက်တွေ ပြောထားဖူးလို့လဲ… ပြောပါဦးဟ… ဘာတွေလဲ"မိုးမြင့်က အလောတကြီး မေးနေသည်။



"ဒီလိုပါ… ရွှေစာရေးက သူချစ်နေတဲ့သူတစ်ယောက်ကို ပြောပေးဖို့ အကူအညီတောင်းဖူးလို့ပါဟာ"

"ဪ… ဟုတ်လား… တော်ပါသေးရဲ့ဟာ"

"ဘာလဲဟ… တော်ပါသေးတယ်ဆိုတော့"

"ဒီလိုပါခင်သဲရာ… ငါတို့နင်တို့ဆိုတာ ငယ်ငယ်ကတတည်းက ငယ်ပေါင်းကြီးဖော်တွေမဟုတ်လား၊ အခုလေ ငါရန်ကုန်က ပြန်ရောက်ပြီးကတည်းက ငါ့စိတ်တွေတစ်မျိုးဖြစ်နေတယ်၊ အဲဒါ နင့်ကိုဖွင့်ပြောပြီး တိုင်ပင်ချင်လို့"

BURMESE CLASSIC .com

"မိုးမြင့်ရာ… နင့်ဟာကလည်း နိဒါန်းတွေများလိုက်တာ ဘာတိုင်ပင်မှာလဲ… ကဲပြော"

"ဒီလိုဟာ… ငါဖွင့်ပြောတော့မယ် ငါ့ခံစားချက်ကို ရှင်းရှင်းပြောရရင် နင့်ကို ငါချစ်မိနေပြီဟာ…၊ အဲဒါ… နင့်သဘောထားကို သိပါရစေဟာ"

"ဟင်… မိုးမြင့်… နင်တကယ်ပြောနေတာလား"

"တကယ်ပါဟာ… ဘာလည်း နင်မယုံလို့လား"

"အေးပါ… ငါယုံတယ်ပဲထားဦး… ဒါက အဓိကမဟုတ်ပါဘူး မိုးမြင့်ရယ်… နင်တို့ ငါတို့တစ်တွေဆိုတာ ငယ်ပေါင်းကြီးဖော်တွေနော်… အဲဒီတော့ ငါ့သဘောထား နင့်ကိုသိအောင်ပြောမယ်နော်… ဒီလိုဟာ နင်တို့ ငါတို့အရွယ်ဟာ အချစ်ကို အရူးအမူးနဲ့ ရင်ခုန်ရမယ့်အရွယ်တွေ မဟုတ်တော့ဘူး၊ ဘဝအသိနဲ့ပဲ ထာဝရလက်တွဲဖော် ရွေးကြရမှာလေ၊ အဲဒီတော့ နင်နဲ့ငါ တိုင်ပင်တဲ့သဘောနဲ့ ငါမေးမယ်… နင်အမှန်အတိုင်း ဖြေနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ခင်သဲရာ... ငါအမှန်အတိုင်းဖြေမယ်၊ နင်ဘာသိချင်သလဲ... ပြော"

"နင့်ကို ဘကြီးချစ်မောင်က ဘဝတိုးတက်ရေးအတွက် ငွေရှာဖို့ ရှိတဲ့နွားတစ်ရှဉ်း ရောင်းပြီး လယ်ထဲသုံးမယ့်ငွေနဲ့ပေါင်းပြီး နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ ရန်ကုန်ကအဆက်အသွယ်တွေဆီကို လွှတ်တယ်နော်"

"အေးလေဟာ... ဒါပေမယ့် ဟိုမှာအခြေအနေမကောင်းမှန်း ကြိုသိလို့ ငါမလိုက်တော့ဘူးလေ"

"ကဲ... ထားပါတော့ ဟိုကိုမလိုက်ဖြစ်တဲ့နင် အဲဒီငွေတွေကို ရန်ကုန်မှာ သုံးရင်းဖြုန်းရင်း နောက်ဆုံး လောင်းကစားတွေလုပ်လို့ ကုန်ခဲ့တာမဟုတ်လား"

ခင်သဲစကားကြောင့် မိုးမြင့်မျက်နှာ နီမြန်းသွားကာ ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်သွားရင်း

"ခင်သဲ... နင်အဲဒါတွေ ဘယ်သူပြောလဲ"

"ဘယ်သူပြောရမလဲ မိုးမြင့်ရယ်၊ တို့ပန်းတောရွာမှာ တစ်ယောက်အကြောင်း တစ်ယောက်သိတာ ဘာဆန်းသလဲ၊ နောက်ပြီး ရွာတည်နေပုံကိုကလည်း ရွာဝိုင်းကြီးမဟုတ်လား အားလုံး မိသားစုတွေလို ဆက်ဆံနေကြတာပဲဟာ၊ အဲဒီတော့ နင့်လုပ်ဆောင်ချက် ကောင်းသေးရဲ့လား"

"ဟာ... အဲဒါကတော့ ငါသက်သက် ဖြုန်းနေတာမဟုတ်ပါဘူး၊ အဖေရှာပေးတဲ့ငွေကို လူပေါင်းမှားပြီး ဆတိုးအောင်လုပ်ခဲ့မိလို့ ဖြစ်ခဲ့တာပါဟာ၊ နောက်ပြီး နိုင်ငံခြားမသွားတာက ဟိုမှာအဆင်မပြေနိုင်ဘူးလို့ ရန်ကုန်ရောက်တော့ ကြိုပြီး ကြားလိုက်ရတာရယ်၊ နောက်ပြီး ရွာကိုလွမ်းတာရယ်။ အဲဒါကြောင့် ငါကံကောင်းသွားတာပေါ့ဟာ၊ အခု ဟိုရောက်



နေတဲ့ လူမွန်တို့အုပ်စု အဆင်မပြေကြလို့ ပြန်လာဖို့အခက်အခဲရှိနေပြီ ဘကြီးသာဉာဏ်တို့၊ ဦးလေးထွန်းသာတို့တောင် ဟိုဟာပေါင် ဒီဟာရောင်းနဲ့ ငွေရှာနေကြရတယ်လေ၊ အဲဒါတွေထက်စာရင် ငါ့အဖေက တော်သေးတယ်၊ တခါတည်း ငွေရှာရတာ၊ ငါ့လုပ်ရပ်တောင်မှန်သေး"

"တော်စမ်းပါ မိုးမြင့်ရာ နင် အဲဒီငွေကို ဘကြီးနွားရောင်းပြီး ပေးလိုက်ရတာ နင်လည်းအသိသားပဲ၊ နင်ငွေရပြီး ရန်ကုန်ရောက်တာနဲ့ ဘာမှမလုပ်တော့ဘဲ၊ အပျော်အပါးနဲ့ လောင်းကစားလုပ်မိလို့ ကုန်၊ ဟော... ကုန်တော့ ရွာပြန်လာ၊ နောက်ပြီး တောင်လိုလို၊ မြောက်လိုလိုနဲ့ လည်ရာပြန်စားရေးလုပ်နေတာ ငါလည်းသိတယ်၊ ငါလည်းမြင်တယ်၊ နင်ဘာငြင်းမလဲ"

"ဟာ... ခင်သဲ နင်ကတစ်ဖက်သတ်ကြီးပါလား... ငါလည်း ငါ့အမှားသိပြီး ပြင်ဖို့ကြိုးစားရင်း ခြေငြိမ်နေပါပြီဟာ"

"အေး... အဲဒီလို ခြေငြိမ်နေလို့ ပြောတာပေါ့ဟ၊ နောက်ပြီး နင်တကယ် ဟိုမှာအဆင်မပြေနိုင်လို့ ပြန်လာတောင် ငွေပါလာရင် တော်တာပေါ့၊ အခုတော့ ဘကြီးမှာ လယ်တို့၊ ဆောင်းသီးနှံတို့လုပ်ဖို့ အရင်းလည်း ပျောက်၊ ရွာထဲမှာ အများအလယ် ရှက်ဖို့လည်းကောင်း၊ နင်ကလည်း ပြန်မပြောနားမထောင်နဲ့၊ အဲဒီစိတ်တွေနဲ့ပဲ ကျန်းမာရေး ထိခိုက်သွားတာမဟုတ်လား၊ အမေတောင် မကြာခဏသွားကြည့်ပေးနေတာ ငါလည်းအသိပါဟာ၊ နောက်ပြီး အခုလို တစ်ရွာလုံးကလူငယ်တွေ တက်တက်ကြွကြွနဲ့ ပြန်လည်ထူထောင်ရေးကာလမှာ ပါဝင်ကြ၊ တစ်ဦး လိုအပ်ချက်၊ တစ်ဦး ဝိုင်းကူညီကြနဲ့ အဲဒီအထဲမှာလည်း နင်မပါဘူး ဘကြီးလည်း ကျန်းမာရေးမကောင်းတော့ နင်တို့အလုပ်ခွင်လယ်ကွင်... ရွာကိုပြန်အပ်တာနင့်ကြောင့်... မိုးမြင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… မဟုတ်ပါဘူးဟာ၊ လယ်က ရှေစားရေးတို့အဖွဲ့ တာဝန်ယူပြီး မိုးစပါးရော၊ ဆောင်းသီးနှံရော တာဝန်ယူစိုက်ပေးကြတာလေ၊ အခုဆို မနည်းတောင်ကောင်းနေပြီဟ၊ အချိန်တန် သူတို့အဖွဲ့ကို အဖေက လုပ်အားခပေးလိုက်ရင် ပြီးရောမဟုတ်လား၊ အဲဒါ ငါကဘာလုပ်ရမှာလဲ… နင်ကလည်း ငါသိချင်တာ၊ မေးတာကတစ်မျိုး၊ နင်က တလွဲပြောနေတာပဲဟာ… စိတ်တောင်ညစ်လာပြီ"

"စိတ်ညစ်ရင် ပြန်လိုက်လေဟာ… ငါကပြောရမှာပဲ… နင်နဲ့ ငါက ဆွေးနွေးသင့်လို့ ဆွေးနွေးနေတာလေ… နင်ပဲ စတာမဟုတ်လား… ကဲ… ငါနဲ့ ဆက်မဆွေးနွေးတော့ဘူးလား"

"ကဲပါ ခင်သဲရာ… ငါက နင့်အချစ်ကို တောင်းခံတဲ့သူဆိုတော့ ဒီလောက်တော့ သည်းခံရမှာပေါ့၊ ကဲ… ပြောပါ၊ ဆရာမလို့ မပြောရဘူး"

"ဒါတောင် ငါက လုပ်အားပေးဆရာမပဲရှိသေးတယ်နော်၊ ဒါပေမဲ့ နင့်ကို ဆရာမစကားနဲ့ပဲ မေးရဦးမယ်၊ နင့်စကားအရ ငါပြောမယ်နော်… ရှေစားရေးတို့လုပ်အားခရလို့ နင်တို့လယ်ရော၊ တို့တစ်ရွာလုံးက လယ်တွေရော လုပ်ပေးနေတာမဟုတ်ဘူး၊ သူတို့က စေတနာအနစ်နာခံပြီး အခုလို တစ်ရွာလုံးထူထောင်ရေးကာလမှာ ကျေးရွာတာဝန်ရှိသူတွေ၊ ဌာနဆိုင်ရာ တွေနဲ့စုပေါင်းပြီး စေတနာသန့်သန့်နဲ့ ကူညီနေကြတာဟဲ့… ဥပမာစကားနဲ့ ပြောရရင် နင်ပုရွက်ဆိတ်အုံကြီးတွေ ရေထဲတို့၊ ရေစီးမြောင်းထဲကို မျောတာ သတိထားကြည့်ဖူးမှာပေါ့"

"ဘာဆိုင်လို့လဲ… ဆရာမကြီးရဲ့… ပုရွက်ဆိတ်မျောတာနဲ့ ငါတို့ဆွေးနွေးတာနဲ့"



"ဆိုင်တာပေါ့ မိုးမြင့်ရာ… အဲဒီပုရွက်ဆိတ်တွေဟာ တစ်ကောင်ချင်းမျောလို့က ရေထဲမှာကြာသွားရင်း သေဖို့ပဲရှိတော့တယ်လေ… ဟော… အများနဲ့ကူးတဲ့ ပုရွက်ဆိတ်အလုံးကြီးတွေ အတွေးလိုက်ကြီးတွေ နင်တွေ့ဖူးမှာပေါ့"

"တွေ့ဖူးတာပေါ့ဟာ… ပုရွက်ဆိတ်ဖောင်ဖွဲ့တာကို ပြောတာ မဟုတ်လား"

"အေး… ဟုတ်တယ်လေ၊ အဲဒီလို ဖောင်ဖွဲ့စုပေါင်းပြီး အလုံးလိုက်ရေထဲမျောပြီး ကူးလိုက်တဲ့ပုရွက်ဆိတ်တွေဟာ ရေထဲမှာမနစ်ဘဲ တစ်နေ နေရာကိုတော့ ရောက်သွားကြတာပဲလေ၊ ဒါပေမဲ့… အဲဒီပုရွက်ဆိတ် အုံဟာ အထက်၊ အောက်၊ အလယ်မျှပြီး ပုရွက်ဆိတ်တွေနဲ့ဖွဲ့ထားတဲ့၊ ပုရွက်ဆိတ်ဖောင်နော်၊ အဲဒီဖောင်မှာပါတဲ့ ပုရွက်ဆိတ်တိုင်း အထက် မှာချည်းနေလို့မရဘူး… မိုးမြင့်၊ အောက်ဖက်မှာ ဖောင်အောက်ခြေတာဝန် ယူရတဲ့ ပုရွက်ဆိတ်တွေ ရေထဲမှာအသေခံ ရေနစ်ခံပြီး တည်ထားတဲ့ အခြေခံအဦးတစ်ခုနော်"

"အေးလေ… အဲဒီလိုဖြစ်နေမှလည်း သူတို့ ရေပေါ် ပေါ်နိုင်မှာပေါ့"

"အေး… ဟုတ်တယ်… အဲဒီလိုပဲ တို့အခုလို ထူထောင်ရေး ကာလမှာ ပုရွက်ဆိတ်တွေလို အထက်အောက် မျှပြီးမနေဘဲ အပေါ်မှာချည်းနေတဲ့ ပုရွက်ဆိတ်တွေချည်းဖြစ်နေရင်တော့ အဲဒီလို ဖောင်ဖြစ်သွားမှာမဟုတ်ဘူး၊ အခုလည်း… တို့ အခုလိုပြန်လည် ထူထောင်ရေးကာလတို့၊ ဟို… ရှေးကြီးတဲ့ကာလတို့လို အချိန်မျိုးမှာ အနစ်နာခံမယ့်သူ၊ ကိုယ်အကျိုး တစ်ခုတည်း၊ ကိုယ့်လုပ်ငန်းတစ်ခုတည်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တဲ့လူတွေသာရှိနေကြရင် ဘယ် အခုလို တို့ရွာအလယ်ထူဖို့ နေနေ သာသာ ရွာတောင်ပျက်သွားပြီပေါ့ဟာ… အခု ရွှေစာရေးတို့လို ရွာက လူငယ်တွေဟာ ပုရွက်ဆိတ်ဖောင်က အောက်ခံတွေလိုပဲသိလား နင်က ဘာနဲ့တူသလဲ ဥပမာပေးရရင် ပုရွက်ဆိတ်ဖောင်ပေါ်မှာလည်း နေသေး၊ သူများတွေကိုက်ချီထားတဲ့ ဥတို့၊ အစားတို့ကို မှီခိုစားနေတဲ့ ပုရွက်ဆိတ် ခေါင်းကြီးကောင်တွေနဲ့ တူနေတာပေါ့ဟာ"

"ဟာ… နင်ကလည်း… ငါ ဒီလောက်မဆိုးပါဘူးဟာ"

"အေး… ငါ့အမြင်တော့ အဲဒီထက်ဆိုးတယ် မိုးမြင့်၊ အဲဒါ ကြောင့် ငါ့သဘောကို အပြတ်ပြောရရင် နင် ငါ့ကိုမချော်လင့်ပါနဲ့၊ ငါလည်း နင့်ကိုစဉ်းစားလို့မရဘူး၊ သူငယ်ချင်းတွေလို ဆက်နေပါဟာ"

"သြော်… နင့်သဘောက ဒီလိုကိုး၊ ငါက ရွှေစာရေးတို့လို ရွာဘုံ ကျွန်မခံလို့ နင်က ငါ့ကိုမရွေးတာပေါ့၊ ဒီမှာခင်သဲ နင့်မေတ္တာကို ရပြီးမှ လက်ထပ်ချင်လို့ ဒီစကားပြောတာနော်၊ ငါမပြောလည်း နင်နဲ့ငါကို လူကြီးချင်းစကားစရှိတယ်ဆိုတာ နင်မမေ့နဲ့နော်၊ ကဲ… ငါသွားမယ် ခရာမကြီး"

"မိုးမြင့်… နင် တစ်ခုမှတ်ထားလိုက်ဦး၊ နင့်လို နိုင်ငံခြားရူး ရူးပြီးမှမထူးလို့ မထူးဇာတ်ခင်းတဲ့လူကို ငါတို့က စာခြောက်ရုပ်လိုပဲ သဘောထားတယ်ဟေ့…၊ ဟန်ပြ စာခြောက်ရုပ်သက်သက် အသိတရား မရှိ ခံစားချက် ဗလာ၊ ပထမတော့ စာလေးတွေကကြောက်ကြ၊ ပုံပြေးကြ နောက်တော့ ကောက်ရိုးရုပ်မှန်းသိတော့ စာခြောက်ရုပ်ရဲ့ခေါင်းပေါ်၊ လက်ပေါ်တို့တောင် တက်နားကြတာ… နင်တွေ့ဖူးသားပဲ… အဲဒီလိုပဲ မိုးမြင့်၊ နင့်ရဲ့အဖြစ်က စာခြောက်ရုပ်လိုပဲဆိုတာလည်း မှတ်ထားလိုက်ဦး"



"အေးလေ… နင်ပြောအားရှိတုန်း ပြောထားပေါ့ ခင်သဲရာ…၊ မိုးပြတ်က စာပုတ်တဲ့တစ်နေ့ကျမှ စာခြောက်ရုပ်နဲ့ နှစ်ပါးသွားနေရဦးမယ်၊ မိုးမြင့်ဆိုတဲ့အကောင်က လိုချင်တာဆိုရင် ရအောင်ယူတတ်တယ်နော်"

မိုးမြင့်စကားကို ခင်သဲချက်ချင်းသဘောပေါက်သည်။ ခင်သဲ မိဘတွေနှင့် မိုးမြင့်ဖခင် ဦးချစ်မောင်တို့ကား မိသားစုတွေလိုနေထိုင် သွားလာနေကြသူတွေ၊ ခင်သဲဖခင် ဦးဘိုးခင်ရှိစဉ်က ဦးချစ်မောင်နှင့် လည်ပင်းဖက်ပေါင်းခဲ့ကြသော သူငယ်ချင်းတွေ။ သူတို့ရင်ထဲတွင် ခင်သဲနှင့် မိုးမြင့်ကို ပေးစားဖို့ ရည်ရွယ်ထားကြသူတွေ။ အခု ခင်သဲဖခင် ဦးဘိုးခင်ကား မရှိတော့။ သို့သော် မိခင်ကြီးနှင့်တော့ အဆက်အဆံ မပျက်ကြ။ ဒါကြောင့်ပင်လျှင် မိုးမြင့်ဘာကိုရည်ရွယ်၍ ပြောလိုက်သည်ကို ခင်သဲ ဒက်ကနဲသိသည်။ သို့သော် ခင်သဲအား စာခြောက်ရုပ်လိုလူစား မျိုးနှင့် ဘဝလက်တွဲဖော်မလုပ်နိုင်သလို၊ သူမမှာလည်း စာခြောက်ရုပ်လိုမျိုး အဝမဟုတ်၊ ခင်သဲ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိသည်။

ဖွ ဖွ ဖွ ဖွ ဖွ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ရိုးပြတ်တောက စာပူတယ်… ဟုတ်လား… ရွှေစာရေး"

"ဟုတ်တယ်လေ… အခု ရိုးပြတ်တောက စာပူနေပြီဟ… ဒီလိုဟာ အခုတို့တစ်တွေ တော်သလင်းလကစိုက်ခဲ့တဲ့ စပါးတွေ၊ အခု တန်ဆောင်မုန်းကျော်တာနဲ့ ရိတ်သိမ်းနေကြပြီလေ မတ်ပဲတွေ၊ ပဲတီစိမ်းတွေလည်း နတ်တော်လကုန်လောက် စိမ်းရတော့မှာ နေကြာတွေကတော့ နင်မြင်တဲ့အတိုင်း တစ်ကွင်းလုံး ပန်းမွေ့ယာကြီးခင်းထားတဲ့အတိုင်းပဲ"

"အေး… အဲဒါတော့ ငါလည်းသိသားပဲ၊ မနေ့ကတောင် ဘကြီးဒိုးမောင်လယ်မှာ ကောက်ရိတ်အကူချလို့ ငါတို့ဝိုင်းကူကြသေးတယ်၊ ဒါနဲ့… နေပါဦး… နင်ပြောတဲ့ ရိုးပြတ်တောက စာပူတယ်ဆိုတဲ့ စကားနဲ့ ဘာဆိုင်လို့လဲ"

"ဆန္ဒမစောပါနဲ့ ဆရာမကြီးရာ… အမေးကလည်း ထူလိုက်တာ၊ ဒီလိုဟ… တို့ရွာမှာ အစောဆုံးရေကျလို့ စပါးပြန်စိုက်တာ ကိုရင်ကျားမောင်ဆိုတာ နင်သိတယ်နော်"

"မသိပဲနေပါ့မလား ရွှေစာရေးရာ၊ ငါတို့တောင် ကောက်စိုက်ခဲ့သေးတဲ့ လယ်ပဲ"

"အဲဒီ ကိုရင်ကျားမောင် စပါးရိတ်ပြီးတာ၊ အားလုံးထက် ရက် (၂၀) လောက်စောတယ်ဟ၊ အဲဒါကြောင့် သူ့လယ်ရိတ်တဲ့အချိန်မှာ



ရေဟောက်ကျတာတောင် မြေနင်းမခံသေးဘူး၊ မြေက ပျော့နေတုန်းပဲ၊ အဲဒီအခြေအနေကိုတွေ့သွားတဲ့ ဒို့ကျေးရွာမန်နေဂျာ ကိုတိုးမြင့်က စပါးလမိုင်း စမ်းထားဖို့ စီစဉ်လိုက်တာပဲ"

"စပါး လမိုင်းထားတာ ဟုတ်လား"

"ဟုတ်တယ်ဟ… စပါးလမိုင်းထားတာ၊ အခု စပါးနှံတွေတောင် ထွက်နေပြီ"

"ဟင်… ဟုတ်လား… စိတ်ဝင်စားစရာပဲ၊ ပြောပြပါဦးဟ၊ ဘယ်လိုထားတာလဲ"

"ဒီလိုဟ… စပါးလမိုင်းထားမယ့်အစီအစဉ်ရှိတော့ စပါးရိတ်တဲ့အချိန်မှာ ရိုးပြတ်ကို (၃) လက်မ၊ (၄) လက်မလောက်ထားပြီး ရိတ်လိုက်တယ်လေ၊ ရိတ်ပြီးတော့ ရေကိုပါးပါးတင်ပြီး ယူရီးယားဓာတ်မြေဩဇာ တစ်ဧက (၇) ပြည်၊ (၈) ပြည်လောက် ပက်လိုက်တယ်လေ၊ ဟော အခု ရက် (၂၀) သားလောက်မှာ ရိုးပြတ်ထဲကထွက်လာတဲ့ သားပင်ကနေ အနှံတွေထွက်လာပြီလေ၊ အဲဒါကြောင့် ရိုးပြတ်က စာပူနေတာပေါ့၊ အဲဒါကြောင့် ကိုရင်ကျားမောင်သားတွေတောင် ဝါးလက်ခုတ်တီးပြီး စာခြောက်နေရတယ်ဟ"

"ဪ ဒီလိုလား၊ ဒါဆို နင်တို့လယ်ထဲက စပါးတွေရိတ်ပြီးရင် လမိုင်းထားမှာပေါ့"

"အေးပေါ့ဟ… ဒီလိုနှစ်မျိုးမှာ စပါးထွက်ဖို့ သိပ်အရေးကြီးတယ်လေ၊ နောက်ပြီး ရာသီဥတုအခြေအနေက နောက်မိုးလည်းကောင်းထားတယ်လေ၊ ရေတင်ရင်လည်း ရေသိပ်မကုန်နိုင်ဘူး၊ အဲဒါကြောင့် စပါးရိတ်ပြီး ရေတင်၊ ဓာတ်မြေဩဇာကျွေးနေတော်

www.burmeseclassic.com

www.burmeseclassic.com



ပက်လိုက်ရင် အနည်းဆုံး တစ်ဧက (၂၀) (၂၅) တင်းလောက်ကတော့ သေချာနေပြီတဲ့ဟ"

"ဟာ… ဟုတ်လား… ဒါဆို တို့ရွာသားတွေ တစ်ခါစိုက်ထားတဲ့ စပါးက (၂) ခါရပြီပေါ့ ရေမြုပ် ပျက်စီးသွားတဲ့စပါးခင်းတွေအတွက် အထွက်နှုန်းအစားထိုးနိုင်ပြီပေါ့၊ ဝမ်းသာစရာနော်"

"အေး… အဲဒီ အထွက်နှုန်းထက်သာအောင် လုပ်နိုင်တဲ့နည်းလမ်း ရှိသေးတယ်ဟ၊ အဲဒါက စပါးရိတ်ပြီးလို့ နည်းနည်းခြောက်သွားရင် ရိုးပြတ်ကိုမီးရှို့၊ ရေတင် ဓာတ်မြေဩဇာပက်လိုက်ရင် ဒါထက်ထွက်တယ်တဲ့"

"ဟာ… ဒါဆို နင့်လယ် အဲဒီလိုလုပ်ပါလားဟာ"

"အေး တစ်ဧကလောက်တော့ စမ်းကြည့်မယ်ဟာ၊ ကျန်တဲ့ဧကတွေမှာတော့ ကိုရင်ကျားမောင်လယ်ထဲကနည်းအတိုင်း လုပ်မှာဟ ဘာဖြစ်လို့လည်းဆိုတော့ မီးရှို့ပြီးအပင်ပြန်ခွေးတဲ့နည်းက အမြစ်ကဒူးကနေ အပင်တွေပြန်ပေါက်လာတော့ စပါးသက်တမ်းက… ဟိုနည်းထက် ကြာသွားတယ်။ စပါးပင်တွေလည်း ပိုကောင်းတယ် အထွက်နှုန်းလည်း ပိုလာတယ်ဟ။ တစ်ဧကကို တင်း (၄၀) လောက်အထိ ထွက်နိုင်တယ်ဟ။ အဲဒါတွေကလည်း ကိုတိုးမြင့်တို့ရွာနက စမ်းသပ်တွေ့ရှိချက်တွေပဲ။ ရေတော့ ပိုတင်ရတာပေါ့ အဲဒါကြောင့် လက်တွေ့ အကျိုးအမြတ် ယှဉ်ကြည့်လို့ရအောင် စိုက်မှာဟ"

"အေး… ကောင်းတယ် ရွှေစာရေး၊ အခုလို စိုက်ပျိုးရေးဌာနက စမ်းသပ်တွေ့ရှိချက်တွေကို ငါတို့တောင်သူတွေထဲက လက်တွေ့ စိုက်ပျိုးကြည့်ပြီး အကောင်အထည်ဖော်လို့ ကိုယ့်အရပ်၊ ကိုယ့်ဒေသ ရာသီ



ဥတုစတဲ့ အခြေအနေတွေနဲ့ကိုက်ညီပြီး အကျိုးရှိကြမယ်ဆိုရင် လုပ်ကြမှာပဲဟ။ ဒါပေမဲ့ တို့တောင်သူလယ်သမားအများစုက သမားရိုးကျနည်းပဲ သုံးချင်တာက များကြတယ်လေ။ ဒါကြောင့် နင်တို့လိုတောင်သူမျိုးတွေ များများလိုတယ်လေ"

"လုပ်ပြန်ပြီ ဆရာမကြီးကလည်း… ငါ့ကို မြှောက်နေပြန်ပါပြီ"

"မဟုတ်ပါဘူးဟယ်… ငါတကယ်ပြောတာပါ"

"အေးပါဟာ… နင်ပြောတဲ့ရည်ရွယ်ချက်ကို ငါသိပါတယ်။ ဘာပဲဖြစ်ဖြစ် တို့လယ်ကွင်းတော့ ဒီနှစ် ရိုးပြတ်က စာပုနေပြီပေါ့ဟာ။ ဘကြီးဒိုးမောင်တို့ဆိုရင် သူ့လယ်အတွက် စာခြောက်ရုပ်ကြီးတောင် လုပ်ပြီး အခုတတည်းက ကန်သင်းဆုံမှာ ထောင်ထားတယ်ဟ။ အဝတ်အစားတွေဝတ်ပေးပြီး မြေအိုးအမဲကြီး ခေါင်းမှာမှောက်စွပ်ပြီး ထုံးနဲ့ မျက်လုံးတွေ၊ ဝါးစပ်တွေရေးပြီးထားတော့ တကယ့်လူကျနေတာပဲ"

"ရွှေစာရေး… စာခြောက်ရုပ်ဆိုလို့ အခုမှသတိရလို့ ပြောရဦးမယ်၊ နင်စာခြောက်ရုပ်လိုရင် မိုးမြင့်ဆီ သွားပါလားဟ"

"တော်စမ်းပါ ခင်သဲရာ… နင့်မိုးမြင့်က စာခြောက်ရုပ်တောင် ဖြစ်ဖြစ်မြောက်မြောက် လုပ်တတ်ဖို့နေနေသာသာ အိမ်တောင် တပ်လို့လား"

"ဒီလို ရွှေစာရေးရ… သူတို့ အဲဒီလို အိမ်မကာလို့ ပြောလိုက်တာ၊ နင်ကြည့်လေ တို့ကျေးရွာ ဖြန့်လည်ထူထောင်ရေးကာလမှာရော၊ ဘကြီးချစ်မောင်က အလုပ်လုပ်ဖို့ ရန်ကုန်လွှတ်လိုက်တဲ့ကိစ္စမှာရော ဒီ ထိထိရောက်ရောက် ဖြစ်လာလို့လဲ၊ တို့ရွာရေ ရပ်ရေးဆို ဘာမှမ[illegible]ဘူး၊ အဲဒါကြောင့် သူ့မှာ ဘာခံယူချက်၊ ခံစားချက်၊ ရည်မှန်းချက်တွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ဗလာမို့ ငါက စာခြောက်ရုပ်နဲ့ ဟိုတစ်နေ့က နှိုင်းပြောမိလိုက်တယ်လေ။ အဲဒါ သူကစိတ်ဆိုးသွားသေးတယ်"

"သြော်... ဟုတ်လား... အေးဟာ... ရွာတွေမှာလည်း ဒီလိုလူစားမျိုးတွေ ရှိတော့ရှိနေကြမှာပဲဟာ၊ ယော... အခု သူလက်ကြောမတင်းတာနဲ့ ဘကြီးချစ်မောင်လေ ဦးကျော်သိန်းတို့နဲ့တိုင်ပင်ပြီး ဒီနှစ်မိုးမှာလည်း ငါတို့အဖွဲ့ကသူတို့လယ်ကို ဆက်တာဝန်ယူပေးရဦးမယ်လေ"

"အေးဟာ... ဘကြီးချစ်မောင်အတွက် စိတ်မကောင်းစရာဘဲ၊ ဒါနဲ့ ရွှေလိပ်ပြာတို့လယ်တွေရော"

"ရွှေလိပ်ပြာတို့လယ်က ခေါင်ခင်မှူးတူ ကိုဖိုးမောင်နဲ့ ကိုကျော်လင်းတို့ လုပ်ကြတယ်လေ။ ခေါင်ခင်မှူးနဲ့အဆက်အသွယ်ရှိတယ်လေ။ အိမ်ကိုလည်း သူတို့စောင့်ပေးနေကြတာ။ အခု သူတို့လယ်ထဲမှာ နေကြာတွေတောင် ပွင့်နေပြီဟ"

"အေးဟာ... သူတို့လယ်ဘက်တွေတော့ ငါမရောက်ဘူးဟ။ ရွှေလိပ်ပြာကိုတော့ ငါအမြဲသတိရတယ် နင်ရော ရွှေစာရေး"

"ငါလည်း သတိရပါတယ်ဟာ... ဒါပေမဲ့ အခုအချိန်မှာ သတိမရအားဘူးလို့ ပြောရမှာပဲ၊ ရွာမှာ ကျန်းမာရေးကောင်းတဲ့သူတို့၊ ရွာပြန်ပြီး ရောက်မလာသေးတဲ့လူတို့ လယ်တွေကို အဖွဲ့တွေနဲ့ဝိုင်းကူလုပ်ပေးနေရတယ်လေ"

"ခေါ်လှဘူးတို့ ခေါ်စာမတို့လယ်တွေကို ဒီနှစ်နွေ ငါကိုယ်တိုင်သီးသန့်လုပ်ပေးနေရလို့ လယ်ကေတောင် (၂၀) ကျော်နေပြီဟ"

"ဟင်... ဒါဆို နင်က လယ်သူဌေးပေါ့"



"မဟုတ်ပါဘူးဟာ... အကူအညီတောင်းလို့ ဦးလေးကျော်သိန်းတို့ရွာလူကြီးတွေ အစီအစဉ်နဲ့လုပ်ပေးရတာပါ။ ဟို... စကားများလို ပေါ့ဟာ၊ နွေ နွေ ကျွန်တော်ရ မိုးဦးကျသူများလယ် ဆိုသလိုပေါ့ဟ ဟား... ဟား...."

ရွှေစာရေးကား သူစကား သူသဘောကျပြီး ရယ်နေသည်။

"အေးလေဟာ... ဒါတော့လည်း ဒါပေါ့၊ ဘာပဲဖြစ်ဖြစ် အခုလိုအဖွဲ့လိုက်ရော တစ်ဦးချင်းရော ဝိုင်းကူလုပ်မပေးကြရင် ဒီလိုနှစ်မျိုးမှာ မြေလွတ် မြေလပ်တွေ ကျန်နေမှာပေါ့ဟာ၊ အခုဆို ဝိုင်းဝန်းဆောင်ရွက်လိုက်ကြတော့ တို့ကွင်းကြီး စိမ်းစိုသွားတာပေါ့၊ ယော... အခုဆို အပိုဆုအနေနဲ့ ရိတ်ပြီး ရိုးပြတ်တောစပါးတွေ ထွက်သေးတယ်ဆိုတော့ ရိုးပြတ်တောကတောင် စာပူပြီလေ"

"အေး... ဒါပေမဲ့ ခင်သဲ... ရိုးပြတ်က စာပူပေမယ့် ငါကတော့ မပူဘူး"

"ဘာလည်းဟ နင့်စကားက"ခင်သဲက နားမရှင်းသဖြင့် မေးလိုက်လျှင် ရွှေစာရေးက ပြုံးပြုံးဖြင့်

"ရိုးပြတ်ကစာပူရင် နင့်စာခြောက်ရုပ်ကြီးမိုးမြင့်ကို ခေါ်မှာပေါ့ဟ ဒီလောက်တော့ အသုံးဝင်မှာပေါ့နော်"

ရွှေစာရေးစကားကြောင့် ခင်သဲ ဒေါသဖြစ်သွားကာ

"နင့်ဟာနင် ခေါ်ချင်ခေါ် မခေါ်ချင်နေပေါ့၊ ဘာ ငါ့မိုးမြင့်လဲ ငါနဲ့ ဘာမှမပတ်သက်ဘူးဟင်း"ဟု ပြောရင်း နှုတ်ခမ်းစူနေသည်။

ခင်သဲကို ရွှေစာရေးကကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... တောဝါသူငယ်ချင်းရာ နင်ကလည်း အမိပွာယ်တစ်မျိုးကောက်နေပြန်ပါပြီ၊ ဟား... ဟား..."

ရွှေစာရေး အားရပါရရယ်ရင်း နောက်ကြောင်းနေမှန်းသိသဖြင့် ခင်သဲကဝါ လိုက်ရယ်နေမိသည်။ ထိန်ပင်အထက်မှ စာကလေးများက တကျီကျီတစာစာအသံပေးကာ သူတို့စကားပြောနေရာ ကန်သင်းဆုံနှင့်ဝေးရာ လယ်ကွင်းဘက်သို့ ပျံသန်းသွားကြသည်။ စာကလေးများ နိမ့်ချည်မြင့်ချည်ဖြင့် အုပ်စုဖွဲ့ပျံသန်းနေရာမှ တဖြည်းဖြည်း မြင်ကွင်း၌ ရိုးပြတ်ကွင်းတွေဘက်သို့ ရောက်သွားကြသည်။ ထိုစာကလေးများကို ကြည့်ရင်း ရွှေစာရေးနှင့်ခင်သဲတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးနေမိလျက်သား ဖြစ်သွားကြတော့သည်။

# အခန်း (၁၈)

"လာ... ဗျို့ ဦးနိုးဓောင်... မျှော်နေတာနဲ့ အတော်ပဲ"

"ဟော့... မောင်တိုးမြင့်တို့ပါလား... ဩော်... ဆရာကိုတင်ငွေလည်း ပါတာကိုး၊ ဘယ်တုန်းကရောက်နေကြသလဲ"

"ဟာ... ဘကြီး သိပ်မကြာသေးပါဘူး၊ ကျွန်တော်တို့အဖွဲ့ ဒီနေ့စာရင်းတွေပြီးပြတ်အောင် လုပ်ကြမလို့"

"ဩော်... ဟုတ်လား၊ ဒါနဲ့ ဘာစာရင်းများလည်း ဆရာတို့ရဲ့"

ဦးနိုးမောင်မေးစကားကြောင့် ကိုတင်ငွေက ဦးကျော်သိန်းကို လှည့်ကြည့်လိုက်သလို၊ ဦးကျော်သိန်းမှလည်း-

"ဒီလို... ကိုနိုးမောင်ရေ၊ ကျွန်တော်တို့အုပ်စုမှာ အနိမ့်ကွင်းတွေ ရှိသေးတယ်မဟုတ်လား၊ အဲဒီကွင်းထဲက တောင်သူ (၅) ဦးလောက်က ရေကျတဲ့အချိန်ကလည်းနောက်ကျတော့ ပဲစိုက်ရတာလည်း တော်တော် နောက်ကျသွားတယ်လေ၊ အဲဒီတော့ တပို့တွဲလပြည့်ကျော်မှ ပုရစ်ကျတော့ ပုရစ်ကိုက်ခံရတာနဲ့ ပဲတွေပျက်သွားတယ်လေ၊ အဲဒါ သူတို့ထုတ်ထားတဲ့ ပဲကြွေး၊ ထွန်ယက်ခ။ အဲဒါတွေ နည်းနည်းကျန်နေတယ်ဗျ၊ အဲဒါတွေ စာရင်းလုပ်ပြီး ဆိုင်းငံ့စနစ်လုပ်ဖို့ အခြေအနေမှန် စာရင်းပြုစုမလို့ဗျ"

"ဟုတ်လား... ဒါနဲ့ နေစမ်းပါဦးဗျာ၊ အဲဒီအဖွဲ့တွေ ကွင်းလယ် စုက ကိုဘိုးသာတို့၊ ဟို... ခေါ်မယ်ဆင်တို့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



“ဟာ… သိပ်ဟုတ်တာပေါ့ ကိုဒိုးမောင်ရာ၊ သူတို့အဖွဲ့ပါ သူတို့က သမရိုးကျနှစ်တွေမှာတောင် ရေမြှုပ်ချင်မြှုပ် ကြတာဗျ၊ ဒါပေမဲ့ သူတို့သတ္တိက စပါးနှစ်ခါစိုက် သုံးခါစိုက် ပြန်စိုက်ရလည်း စပါးရအောင် စပါးဖြစ်အောင်လုပ်ကြတဲ့ လယ်သမားတွေဗျ၊ နောက်တစ်ချက်ကလည်း မိဘဘိုးဘွားလုပ်ကိုင်စားသောက်လာတဲ့ သူတို့လယ်မြေတွေကို ဘာအခက်အခဲရှိရှိ မစွန့်ဘဲ အစဉ်အဆက်လုပ်ကိုင်စားသောက်နေကြတဲ့ မိသားစုတွေဗျ၊ သိပ်ပြီး ကိုယ့်လယ်၊ ကိုယ့်မြေကို ခင်တွယ်ကြတာဗျ”

ဦးကျော်သိန်းစကားကြောင့် ကိုတင်ငွေအံ့သြသွားသည်။

“ဟာ… ဟုတ်လား ဦးလေး၊ ဒါဆို တကယ့်စံပြ တောင်သူ စစ်စစ်တွေပါလားဗျ”ဦးဒိုးမောင်မှလည်း ပြုံးပြုံးကြီးဖြင့်

“ဟုတ်တယ်ဆရာတို့ရေ သူတိုအားလုံးကို ကျွန်တော်တို့ရွာ ကွင်းဘက်ကလယ်တွေကို ဒီနှစ်ပြန်စိုက်ကြတဲ့ကာလမှာ အစားထိုး ချပေး ပေးတာတောင် ငြင်းတယ်ဗျာ၊ သူတို့လယ်တွေမှာ သီးနှံဖြစ်အောင် လုပ်ပါ ရစေတဲ့ တကယ့်လူတွေဗျ”

“ဟုတ်တယ်ဘကြီး ကျွန်တော်လည်းသတိထားမိတယ် သူတို့ ဘိုးဘွားစဉ်ဆက်လုပ်ခဲ့တဲ့ လယ်မြေတွေကို ချစ်ကြခင်တွယ်ကြလို့ နည်းလမ်းမျိုးစုံနဲ့လုပ်ကိုင်နေတာ ဟိုနှစ်က စပါးစိုက်ပြီးတောင် ဖရဲ စိုက်လိုက်ကြသေးတယ် မိုးရောနွေရော တဲဆောက်ပြီး လယ်ထဲမှာအမြဲ နေကြတာဗျ၊ ကိုတင်ငွေရေ နောက်ပြီး ဒီဖန်တောရွာမှာ ကျွန်တော် သတိထားမိသလောက် ကိုယ့်အရပ်ကိုခင်တွယ်သူများပါတယ် တစ်ချို့ ရွာတွေဆိုရင် ရေကြီးတော့ ရွာကတစ်နေရာ ပြောင်းတဲ့သူတွေကများများ တစ်ခြားတစ်နေရာ မိသားစုအလိုက် အလုပ်ထွက်ရှာကြလိုက်ကြနဲ့ ရေကျတာတောင် ရွာကိုလူစုံပြန်မရောက်တော့ လယ်တွေ၊ မြေတွေ



ပြန်စိုက်မှုရှာ တော်တော်ဒုက္ခရောက်ကြရတယ် ဒီမှာတော့ အပြောင်ထွက်တဲ့ လူက အနည်းစုပဲဆိုတော့ စိုက်ပျိုးရေးမှာ ဘာမျှအခက်အခဲမရှိဘူး ကွက်လပ်မကျန် စိုက်ဖြစ်ကြတယ်လေ အဲဒါကြောင့် နောက်ဆက်တွဲအနေနဲ့ အကျိုးအမြတ်ရကြတာပေါ့ အဲဒါ ကိုယ့်ရွာမှာစုစုဝေးဝေးနေပြီး လုပ်ငန်း မှန်လို့ပဲဗျ”

“ဟုတ်တယ်ကိုတိုးမြင့်ရေ ဒါဟာ တစ်နည်းအားဖြင့်တော့ ကိုယ့်ရေမြေတောတောင်သဘာဝကို မြတ်နိုးတွယ်တာလို့ ရလာတဲ့ ဆုလာဒ်လို့ ပြောလို့ရတာပေါ့”

ကိုတင်ငွေမှ ကိုတိုးမြင့်စကားကို ဝင်ရောက်ဖြည့်စွက်ပြောလိုက် သလို ဦးဒိုးမောင်မှာလည်း

“ဒါလည်းဒါပေါ့ ဆရာတို့ရာ ဒီလိုဖြစ်အောင် ဆရာတို့လို ဝန်ထမ်းတွေ မိမိကိုပေးအပ်တဲ့တာဝန်ကို ကျေပြွန်စွာထမ်းဆောင်ကြသလို ကျွန်တော်တို့ရွာသူရွာသားတွေအပေါ်မှာလည်း မေတ္တာမှန်နဲ့ နည်းပေး လမ်းပြ အကျိုးဆောင်တဲ့ကျေးဇူးတွေကြောင့်ပါ အခုလို ကျွန်တော်တို့ ရွာသားတွေ ဒီလိုနှစ်မျိုးမှာ ငွေတွေရ ရွှေတွေဖြစ် အလှူအတန်းတွေ လုပ်နိုင်တာဟာ ဟောဒီက ဌာနဆိုင်ရာဆရာတွေကြောင့်ပါဗျာ”

ဦးဒိုးမောင်စကားဆုံးတော့ ကိုတိုးမြင့်မှ ကိုတင်ငွေဖက် လှည့်ကြည့် ရင်း

“ဟာ ကိုတင်ငွေ ဘကြီးဒိုးပြောသလိုဆို ကျွန်တော်တို့က ရွှေဖြစ် ငွေဖြစ်ဆရာတွေ ဖြစ်နေပါပေါ့လား ဟား… ဟား”

“ဟာ သိပ်ဟုတ်တာပေါ့ဆရာတို့ရာ၊ သိပ်ဟုတ်တာပေါ့ တကယ် ရွှေဖြစ်ငွေဖြစ်ဆရာတွေပါပဲဗျာ ဟားဟားဟား”

www.burmeseclassic.com

www.burmeseclassic.com



ဦးဒိုးမောင်မှ သူစကားသူသဘောကျစွာ တဟားဟား ရယ်ရေသလို အားလုံးကလည်း ဝိုင်းရယ်နေကြသည်။ အားလုံးငြိမ်သွားတော့မှ-

"ကဲ ဦးလေးတို့စကားတော့ကောင်းတယ် ကျွန်တော်တို့ ဟိုဘက်ရွာတွေကူးရဦးမယ် ဒီတောင်သူ (၅) ဦးကို လိုအပ်ရင် နောက်တစ်ခါ ခေါ်ပေးပါဦး ဦးလေးကျော်သိန်း"

"စထနေပါဦးဆရာတို့ ကျွန်တော်လည်း အစကားပြောရင်းစဉ်းစားမိတာတစ်ခုရှိတယ်ဗျာ ဟောဒီ ဒါနဲ့ကိုဒိုးမောင် ဒီငါးယောက်ဟာ လုပ်ရင်းကိုင်ရင်း အခက်အခဲကြုံသွားတာ နောက်ပြီး ဒီနှစ် သူတို့ကိုက်တဲ့ပဲက နောက်ကျမှ ရေကျိုက်ရတော့ ပုရစ်ကိုက်တာနဲ့ကြုံသွားတာ ကိုဒိုးမောင်လည်းသိပါတယ် ဝေါ့ဆလို့တော့မဟုတ်ဘူးဗျ"

"ကျွန်တော်လည်းသိပါတယ် ကိုကျော်သိန်း ဒါကြောင့်လဲ တစ်နှစ်ဆိုင်းငွေ့ဖို့ သူတို့ကိုတောင်းပန်တာပေါ့ဗျာ၊ ရိုးရိုးသားသားပါဗျာ"

"အဲဒါ ကျွန်တော်စဉ်းစားတာပဲ ကိုဒိုးမောင်၊ ဒီလိုဗျာ သူတို့ငါးဦးရဲ့ ဋ္ဌာနဆိုင်ရာကျွေးကျန်ကို ကျွန်တော်တို့လို နောက်ပြီး ရွာထဲမှာ တတ်နိုင်တဲ့လူ သုံးလေးဦးရွေးပြီး ဝိုင်းဆပ်ထားပေးလိုက်ရင် သူတို့ကိုလည်းကူညီရာရောက် ကျွန်တော်တို့ရွာအနေနဲ့လည်း ဋ္ဌာနဆိုင်ရာကြွေးကင်းတဲ့ရွာလည်း ဖြစ်သွားတာပေါ့ဗျာ၊ နောက်နှစ်ပြန်ရဖို့ သူတို့ငါးဦးအတွက် ကျွန်တော့်တာဝန်ထား"

"ဟာ ကောင်းတာပေါ့ဗျာ၊ ဒါလုပ်သင့်ပါတယ်။ ရွာထဲမှာ အထွေအထူးပြောနေစရာမလိုပါဘူး ကိုကျော်သိန်းရာ ကျွန်တော်ရယ် ခင်ဗျားရယ် ကိုရင်ကျားမောင်ရယ်၊ ကျောင်းဒကာကြီး ဦးကြီးငွေရယ် နောက် ရွှေစာရေးပါထည့်လိုက်ဗျာ ကျွန်တော်တို့သဘောပေါက်အော



ပြောလိုက်မယ် နောက်ပြီး ဒီလယ်သမားတွေရဲ့ မိုးဂုဏ်ကိုလည်း ယုံကြည်တယ်ဗျာ ဦးတိုးမောင်စကားကြောင့် ကိုတင်ငွေလည်း အားရဝမ်းသာစွာဖြင့်"

"ဟာ ကောင်းတာပေါ့ ဦးလေးတို့ရာ ဒါဆို ဦးလေးတို့ပန်းတောရွာဟာ ဋ္ဌာနဆိုင်တွေက လေးစားယုံကြည်တဲ့ ရွာတစ်ရွာဖြစ်မှာ သေချာသလို တစ်ယောက်အားနည်းချက်ကို တစ်ယောက်ကဖြည့်ဆည်းကူညီပေးတဲ့ အစဉ်အလာလည်းဖြစ် တာကာလ်ကိုဂုဏ်သတင်းမွှေးနေမယ့် ရွာလေးတစ်ရွာဖြစ်မှာသေချာတယ် ဦးလေးတို့ရာ"

"ကိုကျော်သိန်း ဆရာတို့ ဟိုဘက်ရွာကိုစရူးခင် အဆင်ပြေသွားအောင် ကျွန်တော်ရွာထဲ တစ်ခါတည်းလျှောက်ပြောပြီး ငွေပါ တစ်ခါတည်းယူလာခဲ့မယ် တဲ ကိုတိုးမြင့်က စာရင်းသာကြည့်ထားလိုက်"

ဦးဒိုးမောင်စကားကြောင့် ကိုတိုးမြင့် ကိုကျော်သိန်းကိုကြည့်ရင်း

"ဟာ ဦးလေး ရွှေဖြစ်ငွေဖြစ်ဆရာတွေစာရင်းမှာ ဘကြီးဦးဒိုးမောင်တစ်ယောက် ထည့်လိုက်တော့မို့"

"ဟား... ဟား... ဟား..."

ကိုတိုးမြင့်စကားကြောင့် အားလုံးက ရှက်ချင်းသဘောပေါက်လိုက်သလို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူရယ်မောလိုက်ကြသည်။ ဦးဒိုးမောင်တစ်ယောက် သူဝသီအတိုင်း မိန့်မိန့်ကြီးပြုံးလျက်ထိုင်နေရာမှ ခတ်သုတ်သုတ်ထွက်သွားသည်။

✿ ✿ ✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဟော့ ခင်သန်းဝင်း ဒီအရိပ်လာနားပါဦး နင်တစ်ယောက်တည်းလား"

"ခင်သဲတို့ပါလား နင်တို့အဖွဲ့ကုက္ကိုရိပ်မှာ အဖွဲ့ကြနေပါလား၊ နင်တို့နေရာတွေ အကုန်ပြီးသွားပြီလား ဒီရေအိုးတွေများလှချည်လား"

ကုက္ကိုရိပ်သို့ဝင်လာသူ ခင်သန်းဝင်းမှ ခင်သဲတို့ မလှပိုတို့အုပ်စုကိုကြည့်ရင်း သိချင်တာတွေမေးနေသည်။

"အေး... ငါတို့အဖွဲ့တွေ ပြီးတာကြာပြီ၊ ဒို့သုံးယောက် ဘကြီးဒိုးမောင်လှည်းစောင့်နေတာ ရေအိုးတွေကတော့ ဘကြီးဒိုးမောင်သောက်ရေအိုးတွေလေ ဘကြီးက အခုလိုနွေဦးပေါက်လာရင် ရွာလမ်းဆုံတွေမှာ ရေအိုးစင်တည်နေကျမဟုတ်လား၊ ဒို့လည်း ရေအိုးပိုက်လိုက်ရင်း လှည်းစီးဖို့စောင့်နေတာ နင်အဖော်မရှိရင် ဒို့နဲ့ပြန်လိုက်ပေါ့ဟာ"

"အေး ငါလည်း အရိုးလေးမယ်သုံတို့နဲ့ပြန်လိုက်မလို့ ရှာနေတာဟ အခုမတွေ့တာနဲ့အတော်ဘဲ ဒါနဲ့ လှည်းဆံလို့လား ဟောဟိုမှာ လှည်းမောင်းလာတာ ဘကြီးဒိုးမောင်မဟုတ်လား"

ခပ်ဝေးဝေးကုက္ကိုတောဘက်မှ ဘကြီးဒိုးမောင် လှည်းမောင်းထွက်လာသည်။ ဘကြီးဒိုးမောင်ကား သူ့ဝါသနာအတိုင်း နွားများကိုကြေးခလောက်များဆွဲထားသဖြင့် ခလောက်သံဆူညံနေသည်။



"ဟော့... ခင်သဲတို့ စောင့်နေတာကြာပြီလား ဘကြီးတာဖို့တဲ့နေရာတွေကို ကျော်သိန်းတို့အဖွဲ့တွေနဲ့ လိုက်ကြည့်လို့ကြာသွားတာ ကဲ... ရေအိုးတွေဆင့်ပိုက်ပြီး ထိုင်လိုက်ကြတော့ နေမမြင့်ခင်ပြန်ကြမယ်"

ဘကြီးဒိုးမောင်စကားကြောင့် ခင်သဲတို့အုပ်စု ရေအိုးတွေပေါင်ပေါ်တင်ရင်း လှည်းပေါ်တွင်နေရာယူလိုက်ကြသည်။ ဘကြီးဒိုးမောင်က သူ့နွားနှစ်ကောင် ကြိမ်တို့လိုက်ရင်း

"ကဲ... ဒို့အတွင်းလမ်းကပဲ ပြန်ကြမယ်ဟေ့ ကွင်းလမ်းက နေလည်းပူတယ် နောက်ပြီး ရေအိုးတွေပါတော့ လမ်းကြမ်းရင်မကောင်းဘူးကွဲ့"

အားလုံးကိုတိုင်ပင်သလို ပြောလိုက်လျှင် ခင်သန်းဝင်းက

"ဘကြီးသဘောပဲ ကောင်းပါတယ် ဒါပေမဲ့ဘကြီးနော် နွားတွေတော့ ဖြည်းဖြည်းမောင်း ဘကြီးနွားတွေက ပြိုင်ပွဲဝင်နွားတွေ တော်ကြာကျွန်မတို့လွင့်ကျကျန်ခဲ့ဦးမယ် ဟင်း...ဟင်း"

"ရပါတယ် သမီးတို့ရာ ဘကြီးနွားတွေက ရိုက်မောင်းစရာမလိုပါဘူး ကြိမ်တို့ရုံနဲ့ရပါတယ် ဘကြီးလည်း နွားမရိုက်ပါဘူးကွဲ့၊ ကဲ မြင်တယ်မဟုတ်လား"

ဦးဒိုးမောင်က သူ့နွားနှစ်ကောင် ကြိမ်တို့လိုက် ကြိုးလျှော့လိုက်မြှင့်လိုက် လိုသလိုမောင်းနေသည်။ လမ်းမှာ ရေကာတာဘေးမှလှည်းလမ်းဖြစ်နေသဖြင့် လှည်းပေါင်းစုံမောင်းကြသဖြင့် လှည်းလမ်းချောက်နက်ပြီး ဖုန်ထူနေသည်။ တစ်ချို့နေရာတွင် ဖုတ်တွင်းများပင်ရှိနေတတ်သည်၊ ဦးဒိုးမောင်ကား နွားနှစ်ကောင်အား စုပ်ထိုးလိုက်နွားကိုင်ကြိုး အတင်းအလျှော့လုပ်လိုက်ဖြင့် အလိုက်သင့်မောင်းနေရာလှည်းမှာ ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီး ကွင်းလမ်းထက်စာရင် ဒီလမ်းကတော်တာပေါ့နော် ဒါနဲ့ ဘကြီး ဒီရေကာတာကြီးထပ်မြှင့်လိုက်တော့ ရေစိတ်ချသွားရပြီ ပေါ့နော်"

ခင်သဲမှ လှည်းလမ်းတစ်လျှောက်တွေ့နေရသည့် ဝန်ရေကာ တာကြီးကြည့်ပြီး မေးလိုက်သည်။ ရေကာတာကြီးကို ယခုနှစ်နွေဦး ကာလတွင် စက်အားလူအားဖြင့် ထပ်မြှင့်တင် ပြုပြင်လိုက်ကြသဖြင့် တာဘောင်နေရာ၊ တာအမြင့်ရော ဟီးထနေသည်။ သူတို့အဖွဲ့ပြန်လာချိန် အထိ တချို့နေရာများတွင် တာဘောင်ညှိနေသည့်အဖွဲ့တွေ တွေ့နေသေး သည်။

"ဟာ စိတ်ချရပြီပေါ့ သမီးတို့ရာ အခု တာအမြင့် ယခင်လက်ရှိ ထက် (၃) ပေလောက်မြှင့်လိုက်တာရယ် တာဘောင်ကြီးထပ်ပိုးပြီး (၃) ပေအထူ ဖို့လိုက်တာရယ်ဆိုတော့ ဝန်ရေခံနိုင်ပြီပေါ့ ဟဲ့တောင် ဟိုဘက် ကပ်စမ်း"ဦးဒိုးမောင်မှ ရှေ့မှလှည်းတစ်စီးလာသဖြင့် သူ့နွားတွေ ဘေးကပ် ခိုင်းနေသည်။ နွားစာတိုက်လာသည့်ကောက်ရိုးလှည်းကြီး သူ့တို့ လှည်းဘေးမှဖြတ်သွားသည်။

"ဟုတ်တယ်ဘကြီးရေ ကျွန်မတို့လည်း ပြီးခဲ့တဲ့မိုးတွင်းကအဖြစ် ကြောင့် ရေကိုတော်တော်ကြောက်သွားတယ် အဲဒါကြောင့်လည်း အခုလို ဝန်တာကြီးပြုပြင်တဲ့အချိန်မှာ ကိုယ့်အသိ ကိုယ့်အတွေ့အကြုံတွေနဲ့ယှဉ်ပြီး တက်တက်ကြွကြွလာပြီး တစ်တပ်တစ်အားကူညီလိုက်တာပဲ ဘကြီး"

"ဟာ လုပ်ရမှာပေါ့ ဒီတာတွေ၊ ဒီတမံတွေမကောင်းရင် တို့တစ်တွေပဲ ဒုက္ခရောက်ကြမှာမဟုတ်လား၊ ပြီးခဲ့တဲ့နှစ်ကပဲကြည့် လယ်တွေ စပါးခင်းတွေလည်း ဆုံးရှုံးပျက်စီး၊ လူသူကျွဲနွား တိရစ္ဆာန် တွေလည်း ဒုက္ခရောက်ကြ ဘယ်လောက်ဆိုးကျိုးတွေခံစားရသလဲ ဒါတွေထပ်မဖြစ်ဖို့ ဒီလိုသဘာဝဘေးအန္တရာယ်တွေ ကာကွယ်ဖို့ဆိုရင် တို့ပြည်သူတွေ အသိစိတ်ဓာတ်ရှိရှိနဲ့ ပါဝင်လက်တွဲဆောင်ရွက်ရမှာပဲ စွမ်းဆောင်ရမယ် ဒါမှ စောကယ့်လိုအပ်ချက်တွေလေ ဒါပင်ပန်းတယ်လို့ မထင်ကြနဲ့"

"မပင်ပန်းပါဘူးဘကြီး အခုလို ကျွန်မတို့လယ်တွေပြီးလို့ နားတဲ့ အချိန်မှာ တစ်မနက်ခင်းလုပ်အားလေးနဲ့ တက်ညီလက်ညီ အသိစိတ်ရှိရှိ ဆောင်ရွက်လိုက်တာနဲ့ တကယ့်တန်ဖိုးမဖြတ်နိုင်တဲ့ လုပ်ငန်းကြီးတစ်ခု အဖြစ် ပြီးမြောက်သွားကြရတဲ့ ရပ်ရွာနဲ့ချင်လူပြည်သူများနဲ့ ကျွဲနွား တိရစ္ဆာန်ကအစ ဒုက္ခရောက်ကြတဲ့ ရေဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရာ လည်းရောက် ကျွန်မတို့လယ်မြေတွေအတွက်လည်း မပူပင်ရဆိုတော့ တုသိုလ်လဲရစမ်းလှည်းဝပေါ့ ဘကြီးရာ"

ခင်သဲမှ ဦးဒိုးမောင်စကားကို အားရစမ်းသာစွာ ဖြည့်စွက်ပြော နေသည်၊ တဖြည်းဖြည်းနှင့်လှည်းမှာ ရေကာတာကြီးဘက်မှလမ်းလွှဲကာ ဇုသိမ်မုံရွာ ကားလမ်းမကြီးအက်သို့ရောက်လာသည်။ ကားလမ်း တစ်လျှောက် ယခင်လက်ကျန် ကုက္ကိုပင်ကြီးများအပြင် ယခုစိုက်ပျိုး ထားသော ကျွန်းပင်များ၊ ရှားပီတောက်ပင်များကြောင့် လမ်းတစ်လျှောက် အရိပ်ကောင်းရနေပြီဖြစ်သည်။

"ခင်သဲ··· ဒါနဲ့ သမီး စာမေးပွဲရောဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ် ဘကြီး၊ ဆရာကြီးကလဲ အစစကူညီပေးပါ တယ်"

"အေး ကြိုးစားသမီး ကောင်းတယ် တို့ပန်းတောရွာခံ အခု မလေးတွေရှိလာပြီဆိုတော့ ဒို့ရွာရဲ့ဂုဏ်တစ်ခုဘဲကွဲ့ ဒါနဲ့ ဆရာကြီးဒီရက် ပိုင်းမမြင်မိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဘကြီး ဆရာကြီးက… သမီးတို့ကျောင်း ပြင်ဖို့ကိစ္စ နောက်ပြီး ပညာရေးကိစ္စတွေနဲ့မြို့သွားတာ သုံးလေးရက်ရှိပြီဘကြီး"

"ဩော်ဟုတ်လား ဆရာကြီးဦးစစ်ရှိန်ကတော့ ရွာအတွက် အားကိုးထိုက်တဲ့ဆရာကြီးဘဲ ရွာကအင်အားအပြင် ပညာရေးဌာနက အကူအညီ အထောက်အပံ့အတွက် ကြိုးစားနေမှာပေါ့ ရေဒဏ်ထိထားတော့ ကျောင်းက မပြင်ဆင်လို့မဖြစ်ဘူးလေ ဘကြီးတို့တောင် ရေမြုပ်ထားလို့ ပျက်စီးနေတဲ့ ရွာလမ်း မြေဖို့ပြီး မြစ်ကျောက်ခင်းဖို့ စီစဉ်ထားပြီးပြီကွဲ့"

"ဟုတ်လား ဘကြီး ဒါဆိုသိပ်ကောင်းတာပေါ့ ကျမတို့ လမ်းကလည်းကောင်း နောက်ပြီး ဦးလေးကျော်သိန်းတို့စီစဉ်မှုနဲ့ ဆရာတော် ကျောင်းကနေ တစ်ရွာလုံးမီးပေးဖို့စီစဉ်ထားတာနဲ့ဆိုရင် ကျွန်မတို့ရွာလေး မြို့နဲ့မခြားတော့ဘူးပေါ့နော်"

တစ်ချိန်လုံး ငြိမ်ပြီးနားထောင်နေသည့် မလှပိုမှဝင်ပြောလိုက်သည်။ မလှပိုစကားကြောင့် ခင်သန်းဝင်းတစ်ယောက် ခင်သဲကိုမျက်ရိပ်ပြလိုက်ရင်း

"ကဲခင်သဲ ဘယ်နဲ့ရှိစ တို့ရွာကွမ်းတောင်ကိုင် မလှပိုတော့ တို့ရွာလေး မြို့ဖြစ်ချင်နေတာကြာပြီထင်တယ်၊ သူ့အဆက် ကျော်ကျော်က မြို့ကဆိုတော့ ဟို… ကျေးရွာဝါဒသီချင်းထဲကလို အခုများတော့…မာတ် မီးရောင်ထိန် "

သီချင်းဆိုပြလိုက်ရာ မလှပိုမှ ခင်သန်းဝင်းကျော ထုလိုက်ရင်း

"တော်စမ်းပါ ခင်သန်းဝင်းရယ် ငါကအကောင်းပြောတာပါဟ အခုဆို ငါတို့ရွာလေး ဒို့ငယ်ငယ်ကနဲ့ ဘယ်မှာတူတော့လို့လဲ၊ ရွာ မူလတန်းကျောင်းကိုလည်း ကျောင်းဆောင်သစ်တွေတိုးလာ နောက်ပြီး ကျန်းမာရေးဆေးခန်းနဲ့ ရွာစာကြည့်တိုက်နဲ့မို့လား ရွာမီးလင်းလာရင် မြို့နဲ့



မခြားဘူးပေါ့နော် ဘကြီးဒိုးမောင်"

"မလှပိုပြောတာ သိပ်ဟုတ်တာပေါ့ကွယ် ဘကြီးတို့ခေတ်ကနဲ့ ကွာပါ့ကွာ အခုဆိုရွာမှာ ကာရာအိုကေနဲ့ တီဗွီနဲ့ စလောင်းစက်နဲ့ ဘကြီးတို့ ငယ်ငယ်ကနဲ့ဆို အကွာကြီး ကွာသွားပြီကွဲ့ ဟဲ့သား တို့ရွာဝင်တော့မယ် လှမ်းထားစမ်း"

လှည်းမှာလည်း ကားလမ်းမကြီးဘေးမှ ရွာလမ်းသို့ ချိုးကွေ့လိုက်သည်။ ထိုစဉ် ရွာလမ်းဆုံတွင် အဝေးပြေးကားတစ်စီး ထိုးရပ်လိုက်တာ တွေ့လိုက်ရသဖြင့် ခင်သန်းဝင်းမှပင်

"ဟဲ့ ကားရပ်တယ်ဟော့ ဒို့ရွာက ဘယ်သူပါလာသလဲမသိဘူး"

"ဟာ… ဟိုမှာ အိတ်ကြီးတကားကားနဲ့ ပုတွကွဆင်းလာတာ တက်ပုမဟုတ်လား"

"အေး ဟုတ်တယ်၊ မလှပိုရေ… တက်ပုပဲ၊ ဟော့ တက်ပု… နင်အိတ်ကြီး တင်ပေးလိုက်မလား"

"ဟာ… ခင်သဲတို့ပါလား… ဘကြီးဒိုးမောင်လှည်းနဲ့ ဘယ်က ပြန်လာတာလဲ၊ ဘကြီး ကျွန်တော်လည်း လှည်းကြုံလိုက်ချင်တယ်ဗျို့"

တက်ပုမှလှမ်းအော်ပြောရင်း အိတ်ကြီးမနိုင်မနင်းနှင့် ပြေးလာသည်။

ဘကြီးဒိုးမောင်က

"ဖြည်းဖြည်းလာပါတက်ပုရာ၊ ငါစောင့်နေပါ့မယ်… ကဲ… အဲ့တင်လိုက်ကြဦး"

"နင် ဘယ်က ပြန်လာတာလဲ တက်ပု"ခင်သဲက လှည်းပေါ် အမ်ပိုင်းရောက်နေသော တက်ပုကိုမေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တက်ပု… လှည်းပေါ်သို့ရောက်ပြီး ခဏကြာပြီးမှ–

"အမယ်လေး… ဟူး… မောလိုက်တာ၊ ရန်ကုန်က ပြန်လာတာဟ၊ သွားတာ သုံးလေးရက်ရှိပြီ၊ တီဗွီသွားဝယ်တာ၊ တို့မြို့က ဈေးနဲ့ သိပ်မကွာတာနဲ့ မဝယ်ခဲ့တော့ဘူး၊ အဲဒါ ရန်ကုန်ရောက်တုန်း ရွာစာကြည့်တိုက်အတွက် ရွှေစာရေးမှာတဲ့စာအုပ်တွေ ဝယ်လာခဲ့တာ"

"အေး… ကောင်းတယ်ဟေ့၊ ငါတို့ စာတွေတဝကြီး ဖတ်ရတာပေါ့၊ ဝမ်းသာတယ်ဟာ"

ခင်သန်းဝင်းမှာ အားရဝမ်းသာပြောနေသည်။ တက်ပုက လက်မ ထောင်ပြရင်း

"အေး… အဲဒါထက်ဝမ်းသာစရာစကား ငါ့မှာပြောဖို့ ပါလာသေးတယ်ဟ"

"ဟေ… ဟုတ်လား၊ ဘာများလည်း ပြောစမ်းပါဦး" သိချင်စိတ်ဖြင့် မလှပိုကမေးနေသည်။

"ဒီလိုဟ… နားထောင်ကြ၊ လာမဲ့ ကမ်းမီးဆန်းဒေးမှာ ငါတို့ သူငယ်ချင်း ရွှေလိပ်ပြာတစ်ယောက် နိုင်ငံခြားသဘော်လိုက်နေတဲ့ ကိုထွန်းဇော်လတ်ဆိုတဲ့လူနဲ့ မြရိပ်ညိုဟိုတယ်မှာ မင်္ဂလာဆောင်တော့မှာတဲ့ဟ"

"ဟောတော့" တတ်ပုစကားကြောင့် ခင်သဲအံ့ဩသွားသည်။ တက်ပုက ခင်သဲကိုကြည့်ရင်း

"ဘာလဲဟ ခင်သဲ၊ နင်ကလည်း အလန့်တကြားနဲ့၊ အခုဟာက ရွှေလိပ်ပြာ သူဌေးသားနဲ့ရတာဟ"

"အေးလေဟာ… ညည်းက ဘာဟောတော့လည်း၊ ရွှေလိပ်ပြာ



ကံကောင်းတာပဲနော်၊ သဘော်သားဆိုတော့ ပိုပြီး ပြည့်စုံလာတာပေါ့နော်၊ ငါတို့သူငယ်ချင်းအခြေအနေ သွားကြည့်ချင်လိုက်တာ"

ခင်သန်းဝင်းက အားတက်သရော်ပြောနေသော်လည်း ခင်သဲက ငြိမ်နေသည်။ တက်ပုမှ ဆက်၍

"အေးဟုတ်တယ်၊ သွားသင့်တယ်၊ ဒေါ်ရွှေမှုံကလည်း ရွာက လူတွေလာနိုင်ရင် လာဖို့ ဘကြီးထွန်းသာကတစ်ဆင့် စာရေးဖိတ်လိုက်တယ်ဟ၊ သူတို့မင်္ဂလာဆောင်ဖိတ်စာတော့ တစ်စောင်ထဲပါတယ်၊ ဖိတ်စာတစ်စောင် တစ်ထောင်ကျတယ်ဆိုလားပဲ၊ အဲဒါကြောင့် စာရေးဖိတ်လိုက်တာ၊ ကမ်းမီးဆန်းဒေးအမီ လာကြဖို့ ဖိတ်လိုက်တယ်ဟ"

တက်ပုမှ ဝမ်းသာအားရပြောနေသလို၊ ဦးဒိုးမောင်တစ်ယောက် နွားစုပ်သပ်၍ လှည်းရပ်လိုက်ရင်း နောက်လှည့်ကြည့်လိုက်ကာ

"နေပါဦး တက်ပုရ… မင်းပြောနေတဲ့ မခင်မှုံသမီး မင်္ဂလာဆောင်အစီအစဉ်ထဲမှာ ကမ်းနီးကမ်းဝေးဆိုတာ ဘာလဲ၊ ရေထဲမှာ ဆောင်းဦးမှာလား"

"ဟင်း… ဟင်း… ဟင်း" လှည်းပေါ်ပါလာသူမိန်းကလေးများ ဦးဒိုးမောင်စကားကြောင့် ဝိုင်းရယ်လိုက်ကြသလို၊ တက်ပုတစ်ယောက် ရှုံ့မဲ့မဲ့ဖြစ်သွားကာ…

"ဟာ… ဘကြီးကလည်း ကမ်းနီးကမ်းဝေးမဟုတ်ပါဘူးဗျ၊ ကမ်းမီးဆန်းဒေးပါ၊ လာမဲ့ တနင်္ဂနွေနေ့ပေါ့ဘကြီးရာ"

"အေး… ဒါဆိုလည်း အဲဒီလိုပြောပေါ့ကွာ၊ မင်းက ရန်ကုန်ကို နေ့တစ်နေ့ကမှ သွားတာယ်၊ မှတ်လိုက်တဲ့ ဘိုလို… ဟဲ့နွား" ဘကြီး ဒိုးမောင် တစ်ဆက်တည်းပြောလိုက်သည့် စကားကြောင့် ရယ်စရာဖြစ်သွားသလို

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း… ဟင်း… ဟင်း"မိန်းကလေးတစ်သိုက် သဘော ကျစွာရယ်လိုက်ကြသလို တက်ပုခေါင်းကုတ်လိုက်ရင်း…

"ဒေါ်လေးခင်မှုံတို့ ပြောစကားအရ ပြောတာပါဘကြီးရေ ကျွန်တော်ကတော်သေး သူ့သမက် ကိုထွန်းဇော်လတ်ဆို ဗမာလို့ သိ မပြောဘူးဗျ၊ ဒေါ်လေးခင်မှုံဆိုတာလည်း ဝတ်စားထားလိုက်တာ ဗွီဒီယို ထဲက အမေခန်းရိုက်တဲ့မင်းသမီးကြီးကျနေတာပဲ… ရွှေလိပ်ပြာဆိုလည်း နှင်တို့မှတ်မိမှာမဟုတ်ဘူး၊ နဂိုကဖြူတဲ့အသားဆို ဥလို့၊ နောက်ပြီး မျက်နှ တွေကလည်း ကာလာစုံနဲ့၊ စကတ်နဲ့… နောက်ပြီး…"

တက်ပုစကားမဆုံးလိုက်ရ ဦးဒိုးမောင်မှ

"တော်ပါတော့ တက်ပုရာ၊ မင်းမှာလည်း မခင်မှုံတို့အကြောင် ငှိုကာချဲ့နေလိုက်တာ မင်းသိထားဖို့က သူ စာနဲ့ဖိတ်လိုက်တယ်ဆိုတာ သူတို့အကြောင်း ကြွားရုံသက်သက်ပဲကွ၊ နောက်ပြီး မင်းတို့သွားတယ် ထားဦး၊ ဘယ်နေရာ နေရမှန်းမသိဖြစ်နေမယ်ဆိုတာ သေချာတယ်သိလား မင်းလည်းလူ့ငယ်လုပ်နေပြီး ဗဟုသုတနည်းလိုက်တာ ဖိတ်စာရမှ အဲ ဟိုတယ်မှာဆောင်တဲ့မင်္ဂလာဆောင်က ဝင်လို့ရတယ်ကွ၊ ကမ်းနီးကမ်းဝေ ရဲ့၊ မှတ်ထားအုံး ဟား… ဟား"

ဦးဒိုးမောင်စကားကြောင့် တက်ပုငြိမ်ကျသွားသည်။ ခင်သဲ အဖွဲ့လည်း တခစ်ခစ်ဖြစ်နေကြသည်။ လှည်းမှာလည်း ရွာထဲရောက် ဖြစ်သဖြင့် ဦးဒိုးမောင်စုတ်ထိုးကာ နွားကြီးတင်းတင်းဆွဲရင်း နွားတွေ အပြေးလျှော့နေလေပြီ။

* * * * *

## အခန်း (၂၀)

"ဘာကွ… တက်ပု… ရွှေလိပ်ပြာ လက်ထပ်တော့မယ်၊ ဟုတ်လား… ဟော့ကောင် ပြောစမ်း"

"အောင်မယ်လေး… လန့်လိုက်တာ ရွှေစာရေးရာ… ရွှေလိပ်ပြာ လက်ထပ်တယ်ပြောတာနဲ့၊ မင်းကဘာဖြစ်သွားရတာလဲ၊ ရော့… ဟောဒီမှာ သူ့မင်္ဂလာဆောင်ဖိတ်စာ"

တက်ပုက သူယူလာသောဖိတ်စာကိုပြသည်။

"ထားစမ်းပါကွာ၊ ဒီဖိတ်စာလည်း ငါမဖတ်ချင်ဘူး၊ ဒီမှာတက်ပု မင်းကတော့ ဘာမှသိမှာမဟုတ်ဘူး၊ ငါ့ဘဝမှာ မျှော်လင့်ချက်ဆုံးရှုံးရပြီ ကွာ…"

"ဟာ… ရွှေစာရေး၊ ရွှေလိပ်ပြာလက်ထပ်တာနဲ့ မင်းမျှော်လင့်ချက် ဆုံးရှုံးတာ ဘယ်လိုပတ်သက်လို့လဲသူငယ်ချင်းရာ၊ မင်းနဲ့ငါနဲ့က ငယ်ပေါင်း တွေ၊ ငါသိအောင်လည်း ပြောပါဦးကွာ"

တက်ပုမှ တကယ်သိချင်သဖြင့် မေးနေသည်။ ရွှေစာရေး လယ်ကွင်းပြင်ကြီးဘက် အဝေးတစ်နေရာကို ကြည့်ရင်း…

"အေး… တက်ပုရာ၊ မင်းက ငါပြောသင့်တဲ့လူမို့တော့ ပြောရမှာပေါ့ကွာ၊ တို့ငယ်ငယ်ကတည်းက မင်းရယ်၊ ငါရယ်၊ လှမြန့်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေလိပ်ပြာတို့ ခင်သဲတို့ဆိုတာ အတူကစား၊ အတူကျောင်းသွား၊ တတွဲတွဲ နေခဲ့ကြတာနော်"

"ဟုတ်တယ်လေကွာ၊ ငယ်ငယ်ကတည်းက ခင်မင်ကြတဲ့ သူငယ်ချင်းတွေပဲ၊ မြို့ကျောင်းတက်တော့တောင်၊ မင်းနဲ့ရွှေလိပ်ပြာ စာသင်ခန်းချင်းလည်း တူတယ်လေကွာ၊ နောက် မင်းရောငါပါ အလယ်တန်းအောင်တော့ ကျောင်းထွက်ခဲ့ကြတဲ့နောက် အခု အနေဝေးသွားကြပေမယ့် အခင်အမင်မပျက်ကြဘူးလေကွာ"

"ဟုတ်တယ်… သူငယ်ချင်း၊ ငါ့အဖေဆုံးတော့ ငါ ကျောင်းဆက်မတက်ဖြစ်တော့ဘူး၊ အဲဒီအချိန်အထိ ငါနဲ့ရွှေလိပ်ပြာဟာ အခင်ဆုံး သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသလို၊ ငါ့ရင်ထဲမှာ ရွှေလိပ်ပြာကို တိတ်တခိုး ချစ်ခဲ့မိတယ်ကွာ၊ ရွှေလိပ်ပြာကလည်း ငါ့ကို အခြားသူတွေထက်ခင်တာ ပိုတာ၊ အရေးပေးတာ ငါအသိဆုံးပါကွာ၊ သူ့ရဲ့ရင်ထဲမှာရော ငါ့ရင်ထဲမှာရော သူငယ်ချင်းထက်ပိုတာ တစ်ဦးအပေါ်တစ်ဦး သူငယ်ချင်းထက် ပိုတာတော့ တို့နှစ်ယောက်အသိဆုံးပါ"

"ဟင်း… မင်းဟာ ဆောင်မတောင်၊ ရေမကျကြီးပါလားကွာ"

"အေးလေကွာ… အဲဒီအခြေအနေမှာပဲ၊ ရွှေလိပ်ပြာနဲ့ငါ အခင်မင်ရှိနေတာ၊ အဆင့်အတန်းခွဲခြားတတ်တဲ့ သူ့အမေကြောင့် ဟိုတစ်နှစ်သင်္ကြန်တွင်းမှာ ငါ့ကို နှိမ့်ချပြောခဲ့တာ မင်းအသိနော်"

"ဟာ… သိပ်သိတာပေါ့၊ အဲဒီနေ့က ကိုကြီးလှဝင်းအပါ တို့တစ်ဖွဲ့လုံး အဲဒီအဘွားကြီးကို စိတ်ဆိုးဒေါသ ဖြစ်ကြရသေးတယ်လေကွာ"

"အေး… အဲဒီကတည်းက ငါ ရွှေလိပ်ပြာကို အရင်ကလို ရင်းရင်းနှီးနှီး မနေရဲတော့ဘူးကွာ၊ သူ့အမေကြီးအကြောင်းလည်း မင်းတို့ အသိမဟုတ်လား၊ ငါနဲ့စကားပြောတာ၊ ဆက်ဆံတာကြားရင် ရွှေလိပ်ပြာလည်း အဆူခံရ၊ အဆိုခံရဆိုတော့"

"အေးကွာ… အဲဒါတွေတော့ ငါသိပါတယ်၊ အခုကိစ္စလည်း မဟုတ်မှလွဲရော အဲဒီအဘွားကြီးအစီအစဉ်ပဲ ဖြစ်ရမယ်ကွ၊ ရန်ကုန်က သူတို့အိမ် ငါရောက်သွားတော့ ဒေါ်ရွှေမှုံဆိုတာ ရှုန်းရှုန်းကိုဝေလို့ မင်းပြောတာနဲ့ဆက်စပ်ကြည့်ရင်း ဖြစ်နိုင်တယ်ကွ၊ ရွှေလိပ်ပြာကတော့ သိပ် ရွှင်ရွှင်ပြပြမရှိဘူး၊ ငါနဲ့လည်း စကားနည်းနည်းပဲပြောတယ်၊ လက်စသတ်တော့ ဒါတွေပဲ… ဒါတွေပဲ…"

"အေးပါကွာ၊ ဒါတွေကတော့ ထားပါတော့၊ သူ့သမီးကောင်းစားရေး စီမံတာပဲ… ဒီကိစ္စမှာ ရွှေလိပ်ပြာဘက်က ငါ့ကိုမျှော်လင့်နေသလို၊ ငါကလည်း မဆောင်ရွက်နိုင်ဘူး၊ သူစီစဉ်တာ ငါလက်မခံနိုင်ဘူးကွာ"

"ဟ… မင်းက ပြောရင်းပြောရင်း ငါမသိတာတွေ များနေပါလား၊ နေပါဦး… ရွှေလိပ်ပြာစီစဉ်တဲ့ကိစ္စက"

"အေးပါ… အစကပြန်ပြောရရင်၊ အဲဒီလို သူ့အမေကြီး အပြောအဆိုခံရတဲ့အချိန်ကစပြီး ငါ ရွှေလိပ်ပြာအပေါ် တကယ်ချစ်နေတယ်ဆိုတာ သိလာရတယ်ကွာ၊ သူ့အမေ ဒေါ်ခင်မှုံရဲ့စကား၊ နောက်ပြီး သူ့အိမ်အဝင်အထွက်ရှိတဲ့ မြို့ကညှိသည်တွေထဲက တို့လိုသက်တူရွယ်တူ ယောက်ျားလေးတွေ၊ တွေ့နေရပြန်တော့၊ ငါ့စိတ်ထဲမှာ အလိုလိုမှုပင် စိတ်တွေဖြစ်နေရသလို၊ ရွှေလိပ်ပြာတစ်ယောက် တစ်ပါးသူတစ်ယောက်နဲ့ ချစ်သွားမှာကို ငါအရမ်းစိုးရိမ်မိတယ်ကွာ"

"ဟ… မင်းဟာကလည်း မပိုင်ဝက်မွေးဆိုသလိုပါလားကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ… အဲဒီလို အခြေအနေမျိုး၊ အဲဒီလိုခံစားချက်မျိုးနဲ့ ငါနေလာခဲ့ရတယ်သူငယ်ချင်း၊ တစ်ခါတစ်ခါ ရွာအလှူပွဲ မင်္ဂလာပွဲတွေမှာ အခြေအနေပေးလို့တွေ့ရရင် တို့နှစ်ယောက် တကယ်ဝမ်းသာအားရ ဖြစ်ကြရတယ်ကွာ၊ အဲဒီလိုအချိန်မျိုးတွေမှာလည်း ငါ့အချစ်ကိုဖွင့်ဟဖို့ မပြောရက်ဖြန့်ဘူးကွာ"

"ဟာ… မင်းဟာကလည်းကွာ"

"ဟုတ်တယ် သူငယ်ချင်း၊ အဲဒီလိုနေလာရင်းနဲ့ ဝဋ်တာကျိုးတဲ့ နှစ်က သူတို့မိသားစု ရန်ကုန်ကိုပြောင်းမယ်ဆိုတော့ ငါ့ရင်ထဲမှာစလောင် ဆူပြီး မခံစားနိုင်တော့ဘူးကွာ၊ နောက်ဆုံးကွာ ငါစိုးရိမ်မိသလို၊ ရွှေလိပ်ပြာကို လက်လွှတ်ဆုံးရှုံးခံရတာ၊ ငါတကယ်ချစ်နေတာ၊ သူမသိ လိုက်ရမှာ ငါအဖြစ်မခံနိုင်ဘူး၊ ငါ့ဘဝမှာ ချစ်တယ်ဆိုတဲ့စကားကို ငါ့ရင် ထဲမှာ ပထမဆုံးချစ်ခဲ့ရသူကိုပဲ အရင်ဆုံးပြောချင်တယ်ကွာ"

"ဒါဆို… မင်းပြောဖြစ်ခဲ့သေးလား"

"အေး… အဲဒီအချိန်တွေမှာ ခင်သဲကို ချစ်တဲ့အကြောင်း ဖွင့်ပြောပြီး"

"ဟာ… မင်းဟာကလည်း မင်းပဲ ပထမဆုံးပြောချင်တာ ရွှေလိပ်ပြာဆို… ရှုပ်ကုန်ပြီကွာ"

"နားထောင်ပါသူငယ်ချင်း၊ ခင်သဲကိုတိုင်ပင်ပြီး ရွှေလိပ်ပြာကို ချစ်တဲ့အကြောင်း ခင်သဲကတဆင့်အကူအညီတောင်း ပြောနိုင်းရတယ် လေကွာ"

"ဪ… ဒီလိုလား ခင်သဲကို အောင်သွယ်လုပ်နိုင်းတာပေါ့ အဲဒီတော့ ရွှေလိပ်ပြာက…"



"အဲဒီအခြေအနေမှာ ရွှေလိပ်ပြာက ခင်သဲဆီစာရေးပြီး ငါ့ကို သူ့သဘောထားပြောခဲ့တယ်ကွ၊ သူပြန်လာတဲ့အထိစောင့်ဖို့နဲ့ ရွာပြန်လာတဲ့ အချိန်မှာ ငါ့အတွက် ဝမ်းသာရမယ့်အဖြေ ပေးမယ်ဆိုတဲ့အကြောင်း၊ ကတိ ပေးခဲ့တယ်ကွာ"

"ဟာ… မင်းအဲဒီအခြေအနေဖြစ်ပြီးမှ ဆက်မကြိုးစားဘူးလား"

"ကြိုးစားတာပေါ့ သူငယ်ချင်းရာ… သူ့အစ်ကိုဝမ်းကွဲ ကိုကျော်လင်းက ငါ့အပေါ် ညီတစ်ယောက်လိုခင်တာ မင်းလည်းအသိ၊ သူက ငါနဲ့ရွှေလိပ်ပြာကို နီးစပ်စေချင်တယ်ကွ… သူကတစ်ဆင့် ငါ အဆက်အသွယ်ရတယ်ကွ၊ ရွှေလိပ်ပြာက ရန်ကုန်ကိုတက်လာပြီး သူများ တွေလို အလုပ်လုပ်ဖို့ သူ့မိခင်မသိစေဘဲ အကူအညီပေးမဲ့အကြောင်း၊ ကိုကျော်လင်းနဲ့ ရန်ကုန်လိုက်လာခဲ့ဖို့ သုံးခါတိတိ ခေါ်ခဲ့တယ်ကွ"

"ဟာ… ဒါတောင် မင်း လိုက်မသွားဖြစ်ဘူးပေါ့"

"ဟုတ်တယ်သူငယ်ချင်း… ငါလိုက်မသွားဖြစ်ဘူး၊ လိုက်ကို မလိုက်တာ၊ မင်းအသိပဲကွာ၊ တို့ ဒီရွာမှာမွေးတယ်၊ ဒီရွာမှာကြီးတယ်၊ ဒီရွာရဲ့ရေသောက်ပြီး တို့မိဘတွေလည်း ဒီရွာမှာပဲခေါင်းချသွားကြပြီ၊ အဲဒီတော့ ငါဒီက မခွာချင်ဘူးကွာ၊ နောက်ပြီး… မင်းစဉ်းစားကြည့် တို့ရွာမှာ သဘာဝဘေးအန္တရာယ်ကြုံလာတော့ တို့လူငယ်တွေကို လူကြီး တွေက အားကိုးကြသလို၊ တစ်ရွာလုံးကလည်း အားကိုးကြတယ်လေကွာ၊ နောက်ပြီး ကျောင်းထဲမှာစုစုဝေးဝေးနေကြရတော့ အားလုံးအပေါ် အိမ်ထဲမှာနေတဲ့မိသားစုတွေလိုဖြစ်ပြီ၊ ငါလိုတစ်ကောင်ကြွက်သားက အားလုံးကို တစ်မိသားစုထဲလိုမြင်တယ်၊ ခင်တယ်၊ သံယောဇဉ်ရှိတယ်ကွာ၊ အဲဒါ ငါ့ရင်ထဲက တကယ့်စိတ်ထားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ… ဒါလည်းမှန်တာပေါ့၊ ငါလည်း ရွာကိုမခွဲနိုင်ဘူးကွာ"

"အေး… အဲဒီတော့ ငါ့ကို ရွှေလိပ်ပြာခေါ်တာ မသွားနိုင်ဘူးပေါ့ကွာ၊ ရှင်းရှင်းပြောရရင် ငါတို့ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခွင့်ရခဲ့တဲ့ လယ်ငါးဧကကိုလည်း ငါခင်တွယ်တယ်၊ အခုဆို ပိုဆိုးတာပေါ့ကွာ၊ ယာယီလုပ်ခိုင်းတဲ့လယ်တွေ အကြောင်းကြောင်းကြောင့် ဆက်လုပ်နေရတာ မင်းလည်းအသိမဟုတ်လား၊ နောက်ပြီး တို့ရွာတို့မြေလည်း သူတို့ ရွာမှာရှိစဉ်ကလို မဟုတ်ကြတော့ဘူးလေကွာ၊ သီးထပ်၊ သီးညှပ်၊ နွေစပါးနဲ့ မအားရသလို စိုက်ပျိုးရေးနဲ့ဝင်ငွေတိုးပြီး အစစအရာရာ တစ်ရွာလုံး တိုးတက်နေကြပြီကွာ၊ ဒီလိုဖြစ်လာတာ တို့သွေး၊ တို့ချွေး၊ တို့လုပ်အား၊ တို့စေတနာတွေ အုပ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ စုပေါင်းပါဝင်လာကြတဲ့ ရလဒ်တွေ မဟုတ်လားကွာ"

"ဟာ… ဒါသိပ်မှန်တာပေါ့၊ တို့ရွာ ဒီလိုဖြစ်လာတာ တို့ရွာမှာ လက်ရှိနေထိုင်ပြီး ဆိုးတူကောင်းဘက်လုပ်ကိုင်နေတဲ့ တို့ရွာသားတွေရဲ့ လုပ်ဆောင်ချက်ပဲကွာ၊ လုပ်အားကွ၊ ရွာကိုစွန့်သွားတဲ့လူတွေ မပါဘူးကွ"

"ထားပါတော့ကွာ၊ သူတို့လည်း ပါသင့်သလောက်ပါကြမှာပေါ့၊ အေး… အဲဒီလိုရလဒ် အသီးအပွင့်ကို မပျက်စေချင်ဘူး၊ အဲဒီလိုဖြစ်ခဲ့တာ ငါတို့လူငယ်တွေ အထူးသဖြင့် မင်းတို့ငါတို့ သက်ဦးတို့အဖွဲ့ကြောင့်လို့ တစ်ရွာလုံးက ရိုးသားစွာထင်ကြသလို၊ အားကိုးနေကြတယ်မဟုတ်လား၊ အဲဒါကြောင့်လည်း ငါ ရွာမကမခွာသင့်ဘူးလို့ ခံယူမိတယ်ကွာ၊ အဲဒီ အသိစိတ်က ငါ ရွှေလိပ်ပြာကိုချစ်တဲ့စိတ်ကို အနိုင်ယူသွားတယ်ကွာ"

ရွှေစာရေးပြောရင်း အဝေးတစ်နေရာကြည့်နေရာမှ တက်ပုကို ကြည့်လိုက်သည်။ တက်ပု ရွှေစာရေးပုခုံးကိုဖက်လိုက်ရင်း…



"လေးစားတယ် သူငယ်ချင်း… မင်းမှန်တယ်၊ ဒီလိုသတ္တိမွေးရမယ်၊ ဒီမှာသူငယ်ချင်း သူ့နဲ့လွဲလည်း ဘာမှပူစရာမလိုဘူး ငါတစ်ယောက်လုံးရှိတယ်၊ ဒီမှာ တို့ရွာမှာ မင်းနဲ့သင့်တော်တဲ့ မိန်းကလေးတွေ များမှများ၊ ကွမ်းတောင်ကိုင်မလှပိုတို့၊ ဟို… ရွာတောင်ပိုင်းက မြမြဝင်းတို့၊ ပန်းနုတို့ဆိုရင် မြို့သူတွေထက်တောင်လှသေး၊ နောက်ပြီး မင်းအပေါ် သံယောဇဉ်လဲရှိ၊ အိုကွာ… မင်းဖွင့်ဟပြောရင်း မငြင်းမဲ့ ခင်သဲလည်း ရှိနေတယ်ကွာ"

"ဟာ… တက်ပုရာ မင်းကလည်း အကောင်းပြောနေရာက ငါ့ကို အချစ်ဈေးသည်ဖြစ်အောင် လုပ်နေပါလား၊ ငါ့ရင်ထဲကတကယ့် မေတ္တာကို မင်းပြောသလို အလျော့အတင်း အရောင်းအဝယ်သဘောမျိုး အပြောင်းအလဲလုပ်ဖို့မလွယ်ဘူးကွ၊ အခုချိန်မှာ ငါသူတို့ကို သူငယ်ချင်းတွေထက်မပိုတာအမှန်၊ အခုအချိန်ထိ ငါ့ရင်ထဲမှာ ရွှေလိပ်ပြာပဲ နေရာယူတုန်းပဲကွာ"

"အေးကွာ… သူငယ်ချင်းရာ၊ မင်းကို အပြောင်းအလဲလုပ်ပြီး ချစ်ဖို့ပြောတာမဟုတ်ပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန် မင်းစိတ်ပြောင်းတဲ့အခါ၊ အိမ်ထောင်ပြုဖို့သင့်တော်တဲ့အချိန် စဉ်းစားနိုင်အောင်ပါ၊ အခု ငါပြောလိုက်ကတည်းက မင်းစိတ်ထဲမှာ မလှပိုတို့ ခင်သဲတို့မျက်နှာလေးတွေ ပေါ်လာပြီ။ အဲဒီလိုပေါ်လာ စိတ်ကူးထဲမကြာမကြာရောက်လာတဲ့ မိန်းကလေး တစ်ယောက်ယောက် မင်းမှာ မလွဲမသွေ ရှိကိုရှိလာတော့မှာကွာ၊ အဲဒါ ဒသိစိတ်ကွ၊ မသိစိတ်၊ အဲဒီမသိစိတ်က သိလာတဲ့အခါ မင်းနဲ့ အသင့်တော်ဆုံးသူကို ရွေးပေါ့ကွာ…"

တက်ပုက လူတတ်ကြီးလုပ်ပြီး အချစ်အကြောင်းတွေပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ… ဒီနေ့အထိတော့ ငါ့စိတ်တွေမပြောင်းလဲသေးပါဘူးကွာ၊ နောက်ပြီး ငါ့မှာ စိုက်ပျိုးရေးလုပ်ငန်းအပြင် ဆရာကြီးဦးစစ်ရှိန်က ခင်သဲတစ်ယောက် အလုပ်လုပ်ရင်း (၁၀) တန်းအောင်တာနမူနာပြပြီး ငါ့ကိုလည်း စာကြိုးစားခိုင်းလို့ ကျောင်းစာတွေကြိုးစားနေတာမင်းလည်းအသိပါကွာ…"

"အေးကွာ… အဲဒါတော့ ငါလည်းအားပေးတယ်သူငယ်ချင်း၊ ငါကတော့ စာတွေပေတွေနဲ့ မနီးစပ်တော့ဘူးကွာ၊ မင်းကတော့ ကျေးရွာစာကြည့်တိုက်မှူးဆိုလည်းဟုတ်။ ရွာကစာရင်းဇယားတွေနဲ့ လုံးပန်းနေရဆိုတော့ စာနဲ့ပေနဲ့ နီးစပ်တယ်ပေါ့ကွာ၊ ကြိုးစားသူငယ်ချင်း၊ မင်းအတွက်ဆရာတော်ဦးကျည်ပွေ့လည်း နမူနာရှိပါတယ်ကွာ… ကျည်ပွေ့ အတက်ပေါက်နိုင်တာပေါ့"

"ဟ… တက်ပုက အကောင်းပြောလိုက်၊ အရွန်းဖောက်လိုက်ကွာ၊ မင်းဗီဇက ပျောက်မှာမဟုတ်ဘူး၊ မင်းပေးတဲ့ အကြံဉာဏ်တွေလည်း ငါကျင့်သုံးပါမယ်ကွာ… ဉာဏ်ကြီးရှင်ရယ်"

"ငါတကယ်ပြောတာကွ၊ တို့ရွာပဲကြည့် သဘာဝဘေးအန္တရာယ်ကြုံတာကို နည်းစုံလမ်းစုံနဲ့ ဖြစ်နိုင်တဲ့အလုပ်တွေရှာပြီး တိုးတက်အောင်လုပ်ကြလို့ အောင်မြင်ကြပြီမဟုတ်လား၊ အဲဒီတော့ တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုတဲ့စိတ်ဓာတ် တို့ရွာသားတွေမှာကိန်းအောင်းနေကြပြီလေ၊ မင်းလည်း ဒါပဲပေါ့၊ ကဲ… ငါသွားမယ်သူငယ်ချင်း၊ မင်းလည်း ရေပေါက်လိုက်ကြည့်ရဦးမှာမဟုတ်လား…"

"ရပါတယ်သူငယ်ချင်း၊ ငါ့လယ်နွေစပါးခင်းတွေက ရေမြောင်းတွေတိုင်းဖောက်ပြီးသား၊ ရေတာင်တဲ့ရေတင်စက် ဆီမပြတ်ဖို့ပဲ ဂရုစိုက်ရတာကွ၊ ကဲ… ငါရေတင်စက်ဘက်သွားလိုက်ဦးမယ်၊ မနက်ဖြန်ဆရာကြီးဖိတ်ထားတဲ့ ကျောင်းအစည်းအဝေးမှာ ဆုံမယ်ဟေ့"



"အေးပါကွာ… ငါစောစောလာခဲ့ပါမယ်၊ ကျောင်းအစည်းအဝေးဆို ငါရှေ့ကရောက်နေမယ် သူငယ်ချင်း၊ ဆရာမလေး မှုမှုသိန်းရှိမှာလေကွာ… ဟား… ဟား…"

တက်ပုကား ပြောရင်း ရွာဘက်ပြန်ထွက်သွားသည်။ ရွှေစာရေးကား သူတို့စကားပြောနေရာ ကုက္ကိုပင်ရိပ်မှထွက်ကာ ရေတင်စက်ဘက်သို့ထွက်လာခဲ့သည်။ အဝေးတစ်နေရာ ဥယျာဉ်တောအတွင်း ဥသြတွန်သံကြားရသူအပေါင်းကို လွမ်းစရာဖန်နေသည်နှယ်၊ ရွှေစာရေးမျက်စိတစ်ဆုံးရှိနေသော လယ်ကွင်းပြင်ကြီးဘက် အကြည့်ရောက်သွားသည်။ တပေါင်းလအတွင်းရောက်လာပြီဖြစ်၍ လယ်ကွင်းထဲမှ လက်ပံပင်၊ ပေါက်ပင်တွေမှာ အပွင့်တွေ ရဲရဲနီနေလေပြီ။

⁂ ⁂ ⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သမီး...သမီး သူငယ်ချင်းတွေကို မင်္ဂလာဆောင်ဖိတ်စာ ဖိတ်တာ စုံပြီလား"

"သမီးအတွက် သိပ်မလိုပါဘူးမေမေ၊ ကိုထွန်းဇော်လတ်တို့ဖက်ကဖိတ်တာနဲ့ ပြည့်စုံနေပါတယ်၊ နောက်ပြီး သမီးမှာလည်း မြို့က သူငယ်ချင်းတွေ သိပ်မရှိပါဘူး၊ အသိတွေလောက်ပါပဲ"

"အေး... အဲဒါပြောတာပေါ့သမီးရယ်၊ သမီးအသိမိတ်ဆွေတွေ၊ လုပ်ငန်းအရ ဆက်ဆံရသူတွေကို ပြောတာပေါ့ကွယ်၊ ရွာကသူငယ်ချင်းတွေတော့ ဖိတ်မနေပါနဲ့တော့၊ သူတို့လာလည်း အခက်အခဲတွေရှိကြမှာ၊ ရွာတော့ အကြောင်းကြားတဲ့အနေနဲ့ တက်ပုလာတုန်းက ဖိတ်စာတစ်စောင်နဲ့ စာတစ်စောင်တော့ ပေးလိုက်သေးတယ်၊ ဒါလည်း ရည်ရွယ်ချက်က ငါ့သမီး အဆင့်အတန်းမြင့်မြင့်ထဲက သားသမီးနဲ့ အိမ်ထောင်ချထားတာ သိစေချင်တဲ့သဘောပါ..."

"ထားပါတော့မေမေရယ်၊ ဒါတွေမပြောနေပါနဲ့၊ သူတို့လာလည်း အဆင်ပြေမှာမဟုတ်သလို သမီးလည်း မဖိတ်ပါဘူး၊ သူတို့လာလို့ အဆင်ပြေအောင်လုပ်ရင်လည်း ကိုထွန်းဇော်လတ်တို့ဖက်ကလည်း ကြိုက်မှာမဟုတ်သလို မေမေလည်း ကြိုက်မှာမဟုတ်ပါဘူးလေ၊ ဒီအခြေအနေရောက်မှတော့ သမီးဘဝကို စက်ရုပ်တစ်ရုပ်လိုပဲသဘောထားပါတယ်"



"သမီး... ဒီစကားပြောပြန်ပြီလား၊ ဘာလည်း ကျေးတောရွာကို တမ်းတနေတာလား၊ နောက်ပြီး ရွှေစာရေးလိုလူမျိုးနဲ့ ဆုံချင်သေးလို့လား..."

"အို... မေမေရယ်၊ ဒါတွေမပြောနေပါနဲ့၊ သမီးရင်ထဲမှာ ဘာမှမရှိတော့ပါဘူး၊ ဒါပေမဲ့ သမီးမွေးတဲ့ရွာနဲ့ ရွာကသူငယ်ချင်းတွေကိုတော့ မေ့လို့မရတာအမှန်ပဲ မေမေ"

"အေး... မေ့လို့မရပေမယ့် ငါ့သမီး ရွာကို ပြန်နေဖို့တော့ မစဉ်းစားနဲ့တော့၊ ရွာကအိမ်နဲ့ပစ္စည်းတွေလည်း အပြတ် သံယောဇဉ်ဖြတ်လိုက်တော့မယ်၊ အခု မောင်ထွန်းဇော်လတ်မိဘတွေက တိုက်နဲ့ကားနဲ့ သမီးကိုထားမှာ၊ နောက်ပြီး မောင်ထွန်းဇော်လတ်ကလည်း သမီးအပေါ် ချစ်ရှာပါတယ်ကွယ်၊ ဒီမှာသမီး သမီးနဲ့မေမေ နှစ်ယောက်တည်းစကား... သူတို့က ကိုယ့်ထက်အများကြီးသာတယ်၊ အခုလိုအခြေအနေမျိုးဖြစ်သွားတာ၊ ငါ့သမီး ကံကောင်းတာပဲ၊ ဒီလိုဖြစ်လာတာကလည်း သမီးဒေါ်လေးမခင်ယုံရဲ့ ဝင်ဆွဲမှုလေ၊ ဘာပဲဖြစ်ဖြစ် ဆင်စီးပြီးမြင်းရံတာပဲပေါ့"

"အို... မေမေရယ်၊ သူတို့ဘာသာ ပစ္စည်းဥစ္စာပဲ သာရင်သာမယ်၊ သမီးတို့တောသူတောင်သားတွေရဲ့ စိတ်နေသဘောထား ရိုးသားဖြူစင်မှုကိုတော့ မီမှာမဟုတ်ပါဘူး မေမေရယ်..."

"တော်ပါတော့ မရွှေလိပ်ပြာရယ်၊ ညည်းမှာလည်း ညည်းအဖေစိတ်၊ အဖေ့သွေးကတော့ အပြည့်ပဲ၊ ညည်းအဖေနဲ့ညားလို့ မေမေတော့ တောရောက်ပေမယ့် တောစိတ်တော့မပေါက်ဘူး၊ တောစိတ်မမွေးနိုင်ဘူးအေ့၊ ဒီနေ့ကစပြီး တောစကား တောပျောက်တော့၊ အမယ်လေးတော်... ပြော မပြောချင်းဘူး..."

www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့တော့ မေမေရယ်၊ ကဲ… သမီး ဘာတွေလုပ်ရမလဲ။ ဘာတွေ ကြိုတင်ပြင်ဆင်ရမှာလဲ…"

"သမီး ဘာမှလုပ်စရာမလိုဘူး၊ မေမေ သမီးဒေါ်လေးနဲ့တိုင်ပင်ပြီး အားလုံးစီစဉ်ထားပြီးပြီ၊ ဒီနေ့ မောင်ထွန်းအော်လတ် လာခေါ်မယ်၊ ဟော… ပြောရင်းဆိုရင်း ကားတောင်ဝင်လာပြီ၊ ဖြိုးဖြိုးရွှင်ရွှင်နေနော် သမီး"

အနောက်တိုင်းဝတ်စုံကို အကျအနဝတ်လာသော ထွန်းအော်လတ် ဧည့်ခန်းသို့ ဝင်လာသည်။

"ဟော… အန်တီ၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်၊ ဆောရီးနော်… ဩော်… ဒါနဲ့ ရွှေ နေမကောင်းဘူးလား၊ ကိုယ် ဘာကူညီပေးရမလဲ၊ မင်္ဂလာပွဲအတွက် အတွေးတွေများပြီး ပင်ပန်းနေသလား၊ ကိုယ်ဘာလုပ်ပေးရမလဲ ပြော…"

"ဘာမှမဖြစ်ပါဘူး၊ ကိုထွန်းအော်လတ်၊ ညက ညဉ့်နက်အထိ စာတွေ အဖတ်များသွားလို့ပါ ရပါတယ်"

"ဟာ… ရွှေကလည်း၊ ကိုယ့်အပေါ်ဆက်ဆံတာ တစိမ်းဆန်နေတုန်းပဲကွာ၊ ကိုယ်တို့လက်ထပ်မယ့်ကိစ္စတောင် ပြီးသလောက်ဖြစ်နေပြီပဲ၊ အော်… ဒါနဲ့ အန်တီ၊ ရွှေနဲ့ကျွန်တော် မင်္ဂလာပွဲအတွက် လိုအပ်မယ့် ကိစ္စတွေ နှစ်ဦးသဘောတူညီနိုင်း ကြိုတင်ပြင်ဆင်စရာတွေ တန်းစီနေပြီ၊ ခေါ်သွားခွင့်ပြုပါဦး၊ ပြန်ရောက်ချိန်တော့ နည်းနည်းနောက်ကျမယ် အန်တီ…"

"အေးပါကွယ်၊ မင်းညီမလည်းစောင့်နေတာ နံနက်ကတည်းကပဲ၊ ကဲ… မင်းလည်း လက်ဖက်ရည်သောက်လိုက်ပါဦး"



"အို… အန်တီ… အပြင်ကျမှ ကျွန်တော်တို့နှစ်ယောက် တစ်ဆိုင်ဆိုင်မှာ အတူတူသွားသောက်လိုက်တော့မယ် ကဲ… ရွှေလိပ်ပြာ အားလုံးပြင်ဆင်ပြီးရင် သွားကြစို့"

ရွှေလိပ်ပြာက ဘာမှပြန်မပြောမိ၊ ထွန်းအော်လတ်နောက်က စက်ရုပ်တစ်ခုနှယ် ကားဘက်သို့ ထလိုက်လာသည်။ ဒေါ်ခင်မှုံကား သူတို့နှစ်ယောက်ကို အိမ်ပေါက်ဝမှ ကျေနပ်စွာ ပြုံးပြုံးကြီးကြည့်လျက်…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟာ… ဟုတ်လား ကိုကျော်သိန်း ဝမ်းသာပါတယ်ဗျာ၊ ဒါ စေတနာအကျိုးပေးတာပဲ"

"ဟုတ်တယ်… ကိုဒိုးအောင်ရေ၊ ကျွန်တော်လည်း ဝမ်းသာတာပေါ့ဗျာ၊ ရွှေစာရေး (၁၀) တန်းအောင်တာရယ်၊ ကျွန်တော်တို့ရွာမှာ ရွာစာရေးတစ်နေရာ လစ်လပ်သွားတာရယ် အဆင်သင့်သွားပြီ၊ အားလုံးက ရွှေစာရေးကို သဘောကျကြတယ်လေ၊ လူငယ်တွေထဲမှာ (၁၀) တန်းအောင်တွေ၊ ဘွဲ့ရတွေရှိနေကြပေမယ့်၊ သူတို့ကိုယ်တိုင်ကိုက ရွှေစာရေးကို ဦးစားပေးရွေးကြတယ်ဗျ၊ နောက်ပြီး ဌာနဆိုင်ရာတွေရော၊ ကျွန်တော်တို့ ကျေးရွာအဖွဲ့ကရော ထောက်ခံအားပေးမှုအပြည့်ရှိကြတော့ အခုလို အခက်အခဲမရှိ ဖြစ်သွားတာပေါ့ဗျာ၊ သူ့အတွက်လည်း ဘဝအာမခံချက် ကောင်းတဲ့ ဝန်ထမ်းဘဝရောက်သွားတာ၊ အားရတယ်ဗျာ" ကျေးရွာလူကြီး ဦးကျော်သိန်းကလည်း အားရဝမ်းသာ ရှင်းပြနေသည်။

"ဟုတ်တယ်ဗျာ… အခုလို ရွှေစာရေး ကျေးရွာစာရေးဖြစ်တာ အားလုံးသိရင် တစ်ရွာလုံးကဝမ်းသာကြမှာဗျ၊ ဟုတ်ပြီဗျို့၊ အခုမှ ရွှေစာရေး ဆိုတဲ့နာမည်နဲ့လိုက်အောင် တကယ့်ရွှေစာ ရေးမယ့် ရွှေစာရေးဖြစ်ပြီဗျို့ စာရေးဖြစ်ပြီ"

ဦးဒိုးမောင်မှ ပြုံးပြုံးကြီးပြောနေသလို…



"အေးဗျာ… ဝညတ်သွားရာ ခတ်သက်ပါဆိုသလို၊ ရွှေစာရေးဟာ ငါးရွေးစာရေး မဟုတ်တော့ဘူး ငါးမဟုတ်တော့ဘူး၊ ရွှေမှရွှေ ဒါမှ တကယ့် ကျွန်တော်တို့ရွာရဲ့ စံပြလူငယ်တစ်ယောက်ဗျို့၊ ပြောစမှတ်ဖြစ်ပြီဗျာ၊ ဒါ့အပြင် အခုလည်း အထူးအောင်မြင်ဖြစ်ထွန်းနေတဲ့ သူ့နေ့စပါး (၁၅) ဧကမှာ စံပြအထွက်နှုန်းတိုင်းတာဖို့တောင် မနေ့က စိုက်ပျိုးရေး ဒု-မန်နေဂျာ ကိုဉာဏ်ထွန်းတို့ ဆင်းကြည့်သွားပြီဗျ"

"ဟာ… ဟုတ်လား… ကိုကျော်သိန်း၊ အေးဗျာ အရာရာကြိုးစားမှုနဲ့ အောင်မြင်နေတဲ့ ဒီသူငယ်အတွက် တစ်ကောင်ကြွက်လည်း ဖြစ်နေပြန်ဆိုတော့ အိမ်ထောင်ထိန်းသိမ်းမယ့် အိမ်ရှင်မတော့ ရွေးပေးဦးမှ ထင်တယ်ဗျို့…"

ဦးဒိုးမောင်က ရွှေစာရေးအိမ်ထောင်ရေးကို လူကြီးပီပီ စဉ်းစားပြီး ပြောလိုက်သည်။

"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့မေ့နေတယ်၊ ရွာထဲက သင့်တော်တဲ့ အိမ်ထောင်ရှင်မတော့ ရွေးပေးဦးမှဗျို့၊ သူ့သဘောအတိုင်းကတော့ အလုပ်ထဲနစ်နေတာနဲ့ သိပ်စဉ်းစားမှာမဟုတ်ဘူး၊ အခုလို ရပ်ရွာစာရေးဖြစ်လာတော့ ပိုဆိုးမှာပေါ့ဗျ"

ဦးကျော်သိန်းမှ ရွှေစာရေးအကြောင်းအစင်းသိမို့ ထပ်ဆင့်ပြောလိုက်သည်။

"ဟုတ်တယ် ကိုကျော်သိန်းရေ၊ ကျွန်တော်တို့အနေနဲ့က ဖအေဆိုလည်းဟုတ်ရဲ့၊ အမေဆိုလည်းဟုတ်ရဲ့ မဟုတ်လား၊ ခင်ဗျားရော တာဝန်ရှိတယ်လေ၊ အဲဒီတော့ သင့်တော်မယ့်ကလေးမ တစ်ယောက်ယောက်ရဲ့ မိဘဆွေမျိုးတွေနဲ့ ဆွေးနွေးတိုင်ပင်ကြဖို့ ရွေးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ အဲဒါ ကျွန်တော့်တာဝန်ယူပါတယ်၊ နောက်တစ်ခုက လာမယ့်နှစ် နတ်တော်လဆို ကျွန်တော်တို့ရွာ ဘုရားဆင်းပွဲတော်ကြီး ကျင်းပဖို့ အလှည့်ရောက်ပြီနော်၊ ကိုဒိုးမောင် အဲဒါလည်း မမေ့နဲ့ဦးဗျို့"

"ဟာ ဒါတော့ ကျွန်တော့တာဝန်ထား၊ ဘုရားဆင်းပွဲတော်မှာ နိပါတ်တော်ခင်းဖို့ရယ်၊ မြို့တက်ပြီး ဓာတ်ငှားဖို့ရယ် မပူနဲ့ဗျို့၊ သုံးနှစ်မှ တစ်ကြိမ်ကျင်းပတဲ့ ဘုရားပွဲတော်မို့ တစ်ရွာလုံးက အားခဲနေကြတာ မဟုတ်လား၊ အခုတောင် ကွင်းထဲမှာ အလုပ်လုပ်ရင်း နိပါတ်တော်အတွက် အဆိုတွေ၊ အပြောတွေ ကျင့်နေကြပြီဗျို့။"

"ဟာ… ဒါကြောင့် ကိုဒိုးမောင်က ရဲရဲကြီးကို ပြောနေတာပဲ၊ အေးဗျာ ကျုပ်တို့ပန်းတောရွာကလည်း သူများတွေပြောသလို တစ်ပုဒ် ဆန်းတဲ့ ပန်းတောရွာနဲ့ ညီပါ့ဗျာ၊ အဆိုဆိုလည်း မိုက်ခွက် အနှား မထားကြ၊ အကဆိုလည်း ဓာတ်စင်တောင် ကျိုးကျအောင်ကတဲ့ ရွာသားတွေဗျ… ဟာ… ဟား… ဟား…"

"ဒါမှလည်း တစ်ရွာတစ်ပုဒ်ဆန်းမှာပေါ့ ကိုကျော်သိန်းရယ် မဟုတ်ဘူးလား"

ဦးဒိုးမောင်ကား သူ့အကျင့်အတိုင်း ပြုံးပြုံးကြီးပြောလိုက်သည်။

❀ ❀ ❀ ❀ ❀

# အခန်း (၂၃)

"ဟော့… ရွှေစာရေး… အလုပ်တွေများနေပါလားကွ၊ ငါပြန်လာ ပြီဟေ့"

အဝေးမှလှမ်းပြောရင်း ခပ်သွက်သွက်လျှောက်လာနေသည့် လူမွန်ကြောင့် ရွှေစာရေးအံ့ဩဝမ်းသာသွားသည်။

"ဟာ… လူမွန်… မင်းပြန်လာပြီပေါ့"

"အေး… ငါ ရွာကို အပြီးပြန်လာတာကွ၊ မင်းတို့တွေ လယ်ထဲမှာ နွေစပါးတွေ စုပေါင်းရိတ်သိမ်းပွဲလုပ်နေကြတယ်ကြားလို့ အိမ်မှာအထုပ်အပိုးချပြီး ငါတစ်ပါတည်း ကွင်းထဲဆင်းလိုက်လာ တာဟေ့… ဟိုမှာ ထက်ပုမဟုတ်လား"

"အေး ဟုတ်တယ်ကွ၊ ဟိုဖက်မှာ ခင်သဲတို့ ခင်သန်းဝင်းတို့ အဖွဲ့တွေလည်းရှိတယ်၊ လာကွာ၊ ဟိုကုက္ကိုပင်ရိပ် သွားစကားပြောရအောင်၊ မင်းလည်း နိုင်ငံခြားကပြန်လာတယ်သာပြောတယ် အသားတွေ မည်းလာ တယ်နော်"

"အေးကွာ၊ အသားမည်းတာ နောက်မှငါရှင်းပြမယ်၊ မင်းတို့အဖွဲ့ တွေ တွေ့ရတာဝမ်းသာသလို ငါရွာပြန်ရောက်တာ မျက်စိတောင် လည်သွားတယ်ကွာ၊ တို့ရွာက အခုသုံးနှစ်အတွင်း အရမ်းတိုးတက်သွား တာပဲကွာ၊ ငါသွားတုန်းကနဲ့ ဘာမှမဆိုင်ဘူး၊ အိမ်တွေကအစ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားပါလား… ဟော့ တက်ပု ငါပြန်ရောက်ပြီဟေ့… လာပါဦး"

လူမွန်က စကားတွေ အားရဝမ်းသာ အဆက်မပြတ်ပြောနေသလို ကန့်သင်း နှစ်ချောင်းကျော်လောက်မှ တက်ပုကို လှမ်းအော်ခေါ်နေသည်။

"ဟာ… လူမွန်ပါလား… ဟော့ကောင် မင်းပြန်လာတာလား"

"အေးကွာ ပြန်လာပြီသူငယ်ချင်းရေ၊ သွားတုန်းကတော့ ရည်မှန်းချက်တစ်ခွဲသားနဲ့ သွားလိုက်တာပဲ၊ တကယ်သွားတော့လည်း မမျှော်လင့်ထားတဲ့ အခက်အခဲတွေ ကြုံရတယ်ကွာ၊ ရန်ကုန်မှာလည်း မနည်းကြာသွားတယ်၊ နောက် နိုင်ငံခြားရောက် မရောက်ခင်က မိုးလား ကဲလားပြောထားတဲ့အလုပ်ကလည်း ဟိုကျတော့ ကျုရာအလုပ်လုပ်ရတာ များပါတယ်ကွာ၊ ဟိုမှာလည်း လယ်ထဲခြံထဲ ဆင်းလုပ်ရတာ နေကပူ ခိုင်းတဲ့လူကဆူနဲ့ စားသာပါဘူးကွာ၊ မင်းတို့မြင်တဲ့ အသားအရောင်သာ ကြည့်ပေတော့"

လူမွန်က သူနိုင်ငံခြားသွား အလုပ်လုပ်သည့်အတွေ့အကြုံကို ရှင်းပြနေသည်။ တက်ပုမှ လူမွန်ကို ပခုံးဖက်လိုက်ရင်း

"ဟာ… သူငယ်ချင်းက တို့ဆီမှာ လယ်လုပ်ရတာရိုးလို့ နိုင်ငံခြား သွားပြီး လယ်လုပ်တာပေါ့ ဟုတ်လား"

"အေးကွာ အဲဒီလိုပြောရမလိုဖြစ်နေတာပေါ့၊ ငါတို့သွားတဲ့ အဖွဲ့တွေ တော်တော်များများ ကုမ္ပဏီခိုင်ခိုင်မြဲမြဲမရှိပါဘူးကွာ၊ နောက်ပြီး ငါတို့နဲ့ဆက်စပ်တဲ့လူတွေက စိုက်ပျိုးရေးခြံ ဟင်းခင်းခြံတွေနဲ့ အဆက်အစပ် ရှိတော့ ငါတို့လည်း အဲဒီလုပ်ငန်းခွင်ထဲ ရောက်သွားတာပေါ့ကွာ၊ မလုပ် လို့လဲ မဖြစ်ဘူးလေ၊ လုပ်ငန်းမရှိရင်ပိုဆိုးတော့မှာပေါ့၊ အဲဒါကြောင့်လည်း



ရောက်မိတဲ့အတူတူ မထူးတော့ဘူးဆိုပြီး…"

"ဟား ဟား မင်းဟာက လူမွန်ရယ် ဝက်ဖြစ်မှ ချေးမကြောက် ဆိုသလို ဖြစ်နေတာပေါ့ ဟားဟား"

တက်ပုမှ လူမွန်စကားမဆုံးခင် ဖြတ်ပြောရင်း သဘောကျစွာ ရယ်နေသည်။ ရွှေစာရေးမှ လူမွန်ကိုကြည့်ရင်း

"အေးကွာ စိတ်မကောင်းပါဘူး၊ ငါတို့က မင်းအဆင်ပြေနေပြီ မှတ်တာ ဒါနဲ့ ဟိုကောင်တွေရော"

"သူတို့လည်း ပြန်လာပြီကွ ရွာစွန်ပြီး သွား၊ ဟိုဟာရောင်း၊ ဒီဟာရောင်းနဲ့၊ ရင်းပြီးမှ အဆင်မပြေဘူးဖြစ်တော့ ရှက်တာနဲ့က အခြေအနေမှန်ကို ဘယ်ပြောကြမလဲကွာ၊ အဲဒါကြောင့် မင်းတို့လည်း မသိတာပေါ့" လူမွန်မှ သူငယ်ချင်းများကို ပွင့်ပွင့်လင်းလင်းရှင်းပြနေသည်။

"ဒါနဲ့နေပါဦး လူမွန်ရ မင်းနိုင်ငံခြားမှ လယ်ထဲလုပ်ရတာ၊ တို့ရွာမှာ လယ်ထဲဆင်းကြသလို သီချင်းလိုက်ဆိုလိုက် တစ်ဦးနဲ့တစ်ဦး နောက်လိုက်၊ ပြောင်လိုက်၊ ကောက်စိုက်မလေးတွေနဲ့ ရောလိုက်နဲ့ ပျော်ခဲ့ပြီပေါ့"

"ဟာ… တော်စမ်းပါတက်ပုရာ ပျော်ဖို့နေနေသာ၊ ငါ့မှာ ပင်ပန်း လည်းပင်ပန်း လူမျိုးခြားတွေရဲ့ အမောင်းလည်းခံရဆိုတော့၊ နေ့တိုင်း ငရဲကျနေသလို ခံစားရတယ်ကွာ၊ ဒီကြားထဲ ရေခြား၊ မြေခြားရောက်တော့မှ ကိုယ့်မြေကိုယ့်ရွာ ကိုယ့်လူမျိုးတွေရဲ့ အေးချမ်းမှု၊ စာနာမှုတွေကို ပိုပြီး တမ်းတလာမိတယ်ကွာ၊ ရွာကိုလည်းလွမ်း၊ မင်းတို့ကိုလည်းသတိရ၊ နောက်ဆုံး အလှူအတန်းတွေ ဒို့လယ်ထဲဆင်းတာတွေကအစ ဝါတွင်းသြ ဘွန္တောပဟစ်တာအစ သတိရလိုက်တာကွာ။ ဟိုမှာ အဲဒီလိုဝမျိုး ရောက်လာမှ ငါတန်ဖိုးမဖြတ်နိုင်တဲ့အသိတစ်ခု ဝင်ခဲ့တယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



လူမွန် စကားကိုရှည်လျားစွာပြောရင်း ရင်ထဲကခံစားချက်တွေ ထုတ်ဖော်နေသည်။ ရွှေစာရေးက-

"ကဲ ပြောစမ်းပါဦးသူငယ်ချင်းရာ မင်းအသိ"

"ဒီလိုကွာ… ဟိုနိုင်ငံမှာလိုသာ ငါတို့ နေပူမရှောင်၊ မိုးရွာမရှောင် သူများနိုင်းတာလုပ်သလို၊ ငါတို့မြေ၊ ငါတို့လယ်၊ ငါတို့အလုပ်တွေမှာသာ အချိန်ပြည့်လုပ်ရင် တို့ ဒီလိုဝင်ငွေရမှာပဲကွ၊ နောက်ပြီး ငါတို့ နဖူးကချွေး မြေမကျအောင် လုပ်ခဲ့ရတဲ့လုပ်အားတွေ၊ အချိန်တွေဟာ ငါတို့အဖြစ်ရှိ ကြုံတဲ့လူတိုင်း တကယ်တွက်ကြည့် မြင်ကြည့်မယ်ဆိုရင် ကိုယ့်အတွက် လည်း ဘာမှအကျိုးမဖြစ်၊ ကိုယ့်တိုးဘွားပိုင်ခြံတွေ၊ မြေတွေအတွက်လည်း မဟုတ်၊ ကိုယ့်နိုင်ငံရေမြေအတွက်လည်း မဟုတ်ဘူး အဲဒါတွေ သိလာ ရတဲ့အခါ ငါအလုပ်လုပ်ရတာ စိတ်ထဲမှာမပါသလို၊ အခိပ္ပာယ်မရှိတော့ ဘူးလို့ ထင်လာတယ်ကွာ"

"အေး… ဟုတ်တာပေါ့ကွာ၊ မင်းတို့အဖြစ်က ဘာနဲ့တူသလဲ ဆိုတော့ နွားထီးနို့ညစ်ရသလို နေမှာပေါ့"

"ဟာ… တက်ပုကလည်း လုပ်ပြန်ပြီကွာ၊ စပ်တူမွေးတဲ့ နို့စား နွားမခေါင်းပိုင်း တာဝန်ယူရတဲ့လူဆို တော်သေးကွာ"

တက်ပုစကားကြောင့် လူမွန်က အရွှန်းဖောက်လိုက်သည်။

"အေးကွာ… ဘာပြောပြော မင်းတို့ပြောတဲ့အတိုင်းပါပဲ ဘာမှမထူးပါဘူး၊ အဲဒါကြောင့် ကိုယ့်နိုင်ငံ ကိုယ့်မြေ၊ ကိုယ့်ရပ်ရွာကို ပြန်ချင်တာပေါ့၊ အခုအခြေအနေပေးတာနဲ့ ပြန်ခဲ့တာ၊ အပြန်ခရီးအတွက် ငါ့အဖေတော့ နိုင်းနွားကြီးတစ်ရှဉ်း ရောင်းလိုက်ရတယ်ကွာ"



"အေးကွာ… စိတ်မကောင်းပါဘူး၊ မင်းတို့ ကိုယ့်ရွာအေသ အတွက် သွားမိတော့လည်း အောင်မြင်စွာပြန်လာတာ မြင်ချင်တာပေါ့ကွာ၊ အခုလိုဖြစ်လာတော့လည်း အားမငယ်ပါနဲ့ကွာ၊ ငါတို့နဲ့ လက်တွဲပေါ့"

ရွှေစာရေးစကားကြောင့် လူမွန်အားတက်ရွှင်လန်းစွာဖြင့်

"အေးကွာ… ငါလည်း ဒီလိုပဲစဉ်းစားထားပါတယ်၊ ဒါပေမယ့် အရမ်းနောက်ကျသွားတယ်ကွာ၊ ငါနိုင်ငံခြားသွားလို့ ကုန်သွားတဲ့ငွေသာ မင်းတို့လိုစိုက်ပျိုးရေးလုပ်ငန်းတွေမှာသာ အသုံးပြုရင် ဘယ်လောက် ကောင်းလိုက်မှာလဲကွာ၊ ငါ ရွာကထွက်သွားတဲ့ သုံးနှစ်အတွင်းမှာ စီးပွား ရေး၊ လူမှုရေးတွေ အရမ်းတိုးတက်ပြောင်းလဲသွားပြီးကွာ… အခုပဲ မင်းရဲ့နွေစပါးခင်းကြီး ကြည့်ပြီး၊ ငါအားရမိတယ်ကွာ၊ စပါးတွေလည်း အရမ်းထွက်မှာပဲကွာ၊ မင်းတို့ကို အားကျတယ်ကွာ"

"အေး… စပါးအထွက်နှုန်းကတော့ ပျမ်းမျှ ၁၂၀ ရှိတယ်ကွာ၊ ဒီမှာသူငယ်ချင်း မင်းလည်း နောက်မကျသေးပါဘူးကွာ… မင်းလည်း ပြောင်းလဲလာတဲ့အသိ၊ နောက်ပြီး ခံယူချက်နိုင်နိုင်မာမာနဲ့သာ ကြိုးစားရင် ပိုပြီး အောင်မြင်မှာကွ၊ တို့လည်း ဝိုင်းကူမယ်လေကွာ"

ရွှေစာရေးက အားပေးသလို တက်ပုမှလည်း

"ဟုတ်တယ်လူမွန်၊ မင်းက ငါတို့ထက် သာတဲ့အချက်တောင် ရှိသေးတယ်ကွ"

"ဟော့ကောင်တက်ပု ငါက မင်းတို့ထက် ဘာသာလို့လဲ"

"ဟ… မင်းက တို့တောင်သူလယ်သမားတွေထဲမှာ ရှားရှား ပါးပါး နိုင်ငံခြားပြန်လယ်သမားကြီးလေကွာ လူရွှန်လူမွန် ပေါ့ကွာ… ဟား… ဟား"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ တက်ပုရာ၊ နိုင်ငံခြားနဲ့လယ်သမားနဲ့ မတွဲပါနဲ့ ငါကြောက်လွန်းလို့ပါ၊ အခုအချိန်တစပြီး ရိုးရိုးလယ်သမားအဖြစ်နဲ့ ငါ့နွား တစ်ရှဉ်းနဲ့ လယ်ထဲမှာ ကြိုးစားတော့မယ်ကွာ၊ မင်းတို့မှ တကယ့် ထူးချွန် လူမွန်တွေပါကွာ"

"ဟာ… မင်းကလည်း နိုင်ငံခြားကနေလာမှ နိုင်းနွားနဲ့ လယ်ထဲ ဆင်းရတာယ်လို့ကွာ၊ မင်းမမြင်ဘူးလား၊ တို့လယ်ကွင်းတွေထဲမှာ စက်တွေနဲ့ လုပ်နေကြတာလေ"

"အေးကွာ… မင်းပြောတာ ဟုတ်တော့ဟုတ်ပါတယ်၊ ငါ အလွန်ချစ်တဲ့ နိုင်းနွားကြီးနှစ်ကောင် ငါ့အတွက်နဲ့ ဦးလေးဘိုးမြကို ရောင်းလိုက်ရတယ်ဆိုတော့ အဲဒီနွားကြီးတစ်ရှဉ်းကို ငါ့ဦးလေးဆီက ရအောင်ပြန်ဝယ်ပြီး လယ်ထဲဆင်းမှာကွ"

တက်ပုစကားကို လူမွန်က အကျိုးကြောင်းပြ ရှင်းပြလိုက်သလို၊ တက်ပုမှ လက်ကာပြရင်း

"ဟာ… လူမွန် နေဦး၊ မင်း လွဲနေပြန်ပြီကွာ၊ ကျွဲပြန်၊ နွားပြန်ဆို လက်ခံလို့မရဘူးကွ"ဟု ပြောလိုက်သဖြင့် လူမွန်ခေါင်းကုတ်ပြီး ကြည့်နေသလို ရွှေစာရေးမှ

"ဟာ… တက်ပုရာ၊ ဒါတွေ ရေးကအစွဲအလမ်းတွေပါကွာ၊ တကယ်သာ အပြန်တွေ လက်မခံဘူးဆိုရင် မင်းသူငယ်ချင်းလူမွန်လည်း လူပြန်မဟုတ်လား၊ ဒါဆို တို့ရွာမှာ သူလည်း လက်ခံလို့ဘယ်ရမလဲ၊ နိုင်ငံခြားပြန်မို့ ဟား…ဟား…"

ရွှေစာရေးစကားကြောင့် လူမွန် ပြာပြာသလဲပုံစံဖြင့်–

"ဟာ… နိုင်ငံခြားတော့ ပြန်မပို့ပါနဲ့ကွာ၊ မသွားပါရစေနဲ့တော့၊



ကိုယ့်ဒေသ ကိုယ့်အရပ်မှာပဲ ဆားနဲ့ပဲ စားပါရစေတော့ကွာ"

"ဟား… ဟား… ဟား…"လူမွန်စကားကြောင့် ရွှေစာရေးနှင့် တက်ပု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူရယ်လိုက်သည်။

"ကဲ… နောက်မှ တို့သူငယ်ချင်းတွေ စကားဝအောင်ပြောကြမယ်ကွာ၊ ဒီနေ့… တိုက်ဆိုင်နေတဲ့ စပေါင်းကောက်ရိတ်ပွဲကို ဝင်နွှဲလိုက်ဦးမယ်ကွာ၊ ငါလည်း ကိုယ့်ရွာကိုယ့်မြေကလယ်ထဲမှာ တံစဉ်ကိုင် စပါးမရိတ်ရတာ ကြာပြီ၊ လာကွာ၊ ရွှေစာရေး… ကောက်ရိတ်တဲ့ဘက် သွားကြရအောင်"

လူမွန်မှ စပါးရိတ်နေကြသည့် အဖွဲ့များဖက်သို့ ဦးဆောင်ထွက်သွားကြသည်။ စပါးရိတ်နေသည့်နေရာမှ ရွာသူရွာသား၊ သူငယ်ချင်းများ လူမွန်ကိုတွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာနေကြသလို၊ တစ်ယောက် တစ်ပေါက် ဝိုင်းမေးမြန်းနေကြသည်။ လူမွန်မှ လူစုံအောင်မဖြေနိုင်ဘဲ၊ တံစဉ်တစ်ချောင်းဆွဲယူကာ အားပါးတရ ဝင်ရိတ်နေတော့သည်။ ထိုစဉ် ခပ်လှမ်းလှမ်းကန်သင်းဆုံမှ အိုးစည်ဒိုးပတ်သံများ ပျံ့လွင့်ထွက်နေသော အသံချဲ့စက်မှ

"ကောက်ရိတ်သိမ်းပွဲဆင်နွှဲနေကြတဲ့ ပန်းတောရွာသူရွာသားများ ခင်ဗျာ၊ ဟိုး… မြောက်ဘက်က လူ့အုပ်စုထဲမှာ နိုင်ငံခြားပြန် လယ်သမားကြီးဖြစ်တဲ့ ကိုလူမွန်တစ်ယောက် နိုင်ငံခြားကပြန်ရောက်လျှင် ရောက်ခြင်း၊ နိုင်ငံခြားမှာလုပ်ခဲ့တဲ့ ကောက်ရိတ်တဲ့အတွေ့အကြုံကို အသုံးပြုပြီး ကောက်ရိတ်ပွဲ ဝင်ရောက်ဆင်နွှဲနေပါတယ်ခင်ဗျား၊ ဆက်လက်ပြီး မကြာမီကာလအတွင်းမှာလည်း နိုင်ငံခြားပြန် လယ်သမားကောက်ရိတ် အဖွဲ့များ တဖွဲဖွဲ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်းနဲ့ ကြေငြာပါက

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမြန်လယ်သမားကြီး ကိုလှမွန်ထံတွင် ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်ခင်ဗျာ"

"ဝေးယေားယေား… ရွှီး… ရွှီး"

အများကြားအောင် တက်ပုဟာသနေ၍ ကြေညာပေးနေရာ ကောက်ရိတ်ပွဲလာသူအားလုံး ပွဲကျသွားသလို၊ လှမွန်ရိတ်နေသည့် အုပ်ဘက်မှ လက်ခုပ်တီးသံ၊ လက်ခေါက်မှုတ်သံတွေ ဆူညံသွားသလို ဒိုးပါတ်ဝိုင်းမှ

"ယေား… လား… လေး မောင်တို့ ဝါး"

ညာသံပေး၍တီးလိုက်သံ ကွင်းလုံးညံ့မျှ အသံထွက်လာသလို ရွှေဝါရောင်လယ်ကွင်းကြီးအလယ် စပါးရိတ်သိမ်းနေကြသည့် ပန်းတောရွာသူရွာသားများ၏ ကောက်ရိတ်တံစဉ်များ နေရောင်ခြည်အောက်တွင် ဝင်းကနဲ လက်ကနဲ အရောင်တွေလက်နေအောင် သူတို့၏လက်များကား အားမာန်အပြည့်ဖြင့် သွက်လက်မြန်ဆန်လျှက်။

ᨄ ᨄ ᨄ ᨄ ᨄ

## အခန်း (၂၄)

တန်ခူးလပြည့် ကျော်လာပြီဖြစ်၍ သင်္ကြန်ရက်နီးလာပေပြီ၊ ဟိုရွာ၊ သည်ရွာမှ သင်္ကြန်အိုးစည်သံတွေ ကြားနေရသည်။ အနောက်ရိုးမကို ဖြတ်တိုက်လာသည့် လေအသင့်ဝယ် မိုးနံ့လေးတွေတောင် ပါလာချေပြီ၊ သင်္ကြန်ရက် အကြိုကာလများတွင် ပန်းတောရွာ တစ်ရွာလုံးကား အိုးစည် ဒိုးပါတ်၊ ဦးရွှေရိုးအကများဖြင့် အလှူခံကြ၊ ရွာဘုံ စုပေါင်းရှင်ပြုပွဲကို နှစ်ဆန်း (၁) ရက်နေ့တွင် ကျင်းပမှာမို့ တစ်ရွာလုံးမအားကြတော့ပြီ၊ ထိုအထဲတွင် ရွာရှိ လူငယ်အမျိုးသားအမျိုးသမီးများကား ပို၍ အလုပ်ရှုပ်ကြသည်။ ယောကျ်ားလေးများက မဏ္ဍပ်ဆောက်၊ ထင်းခွဲ၊ စဉ့်အိုးငှား၊ ရေတွေကြိုဖြည့် အလှူအတွက်ဝေယျာဝစ္စ ကြိုတင်လုပ်ကြသလို၊ မိန်းကလေးများက ဆန် စပါးလုံးရွေး၊ ပရိတ်အိုးတွေပြင်ကြ၊ သောက်ရေအိုးတွေရေဖြည့် ရဟန်းသံဃာတော်၊ ဥပုသ်သီတင်း စောင့်သူများနှင့် လူကြီးသူမများအတွက် အလှူပွဲတွင် ကျွေးမွေးဧည့်ခံရန် ပစ္စည်းများဝယ်ကြသဖြင့် ကိုယ်စီတာဝန်တွေ ပြည့်နေသည်။ ရွှေစာရေး၊ လှမွန်၊ တက်ပု၊ ခင်သဲ၊ မှုမှုသိန်း၊ ခင်သန်းဝင်းတို့အဖွဲ့အား မြို့သို့ ဈေးတက်ဝယ်ရန် တာဝန်ကျသည်။

"ခင်သဲ ပညာရေးမှူးရုံး ဝင်စရာရှိတာ တစ်ပါတည်းဝင်လာခဲ့ပေတော့ မနက်ဖြန် သင်္ကြန်အကြိုနေ့နော်"

"အေး… ငါသိပါတယ်၊ ဈေးဝယ်ပြီးရင် နှင်းဖို့ ဆိုကြွားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေတော့၊ မူမူသိန်းတို့ ဝယ်စရာပစ္စည်းစာရင်း စစ်ကြည့်လိုက်ဦး"

"အေး… တို့ဝယ်တာတော့ စုံပြီ၊ လှမွန်တို့အုပ်စုရော ဘယ်ရောက်သွားပြီလဲ ခင်သဲ"

"ဟိုဘက်ဈေးဝမှာ တွေ့ခဲ့တယ် ပစ္စည်းတွေတော ရွာဆိုက္ကားတွေနဲ့ တင်ထားပြီးပြောတယ်၊ ယော… ဟိုမှာ ပြောရင်းဆိုရင်း တက်ပုလာပြီ"

ခင်သဲက တက်ပုကိုမြင်လျှင် လက်ယပ်ခေါ်လိုက်ရင်း

"တက်ပု နင်တို့မှာလည်း စောင့်လိုက်ရတာ အားလုံး ဝယ်စရာစုံပြီလား"

"အေးပါ… ခင်သဲရာ ဟိုကောင်နှစ်ယောက်ထွက်လာရင် ပြီးပါပြီ၊ ကဲဆိုက္ကားဂိတ်သွားကြစို့၊ ဟိုမှာ ရွာကဆိုက္ကားတွေ အစောင့်ခိုင်းထားတယ်"

"အေး… တို့ဖက်ကတော့ အားလုံးဝယ်စရာတွေစုံပြီဟေ့၊ ယော… ဟိုမှာလာနေပါပြီ၊ ကိုယ်တော်ချောနှစ်ယောက်"

ပြောရင်း ရွှေစာရေးနှင့်လှမွန် အနားရောက်လာပါသည်။

"ကဲ… နင်တို့အားလုံး ဈေးဝယ်ပြီးပြီမဟုတ်လား၊ ပြန်ကြမယ်လေ၊ နင်တို့မိန်းကလေးတွေ ဆိုက္ကားနဲ့ လိုက်ရင်လိုက် မလိုက်ရင် ငါတို့ဆိုင်ကယ်နောက်က တစ်ယောက်စီလိုက်ခဲ့ကြ တက်ပုနဲ့ နောက်တစ်ယောက်က ဆိုက္ကားနဲ့ပြန်ကြပေါ့"

လှမွန်က အပြန်ခရီးအတွက် လှုတွက်ပြီး စီစဉ်နေသည်။ တက်ပုမှ

"အေးကောင်းတယ်၊ ငါ ကိုမြင့်ကျော်တို့ဆိုက္ကားအဖွဲ့နဲ့ ပြန်လိုက်မယ်ကွာ၊ မင်းတို့အရင်သွားရင် ရွာထိပ်ကားလမ်းကကြိုဖို့ လွှတ်လိုက်ကြဦး။



မူမူသိန်း နင်လည်း ဆိုက္ကားနဲ့ပြန်လိုက်ပေါ့"

"အဟိ" ခင်သန်းဝင်းမျက်နှာကား ပြောင်စပ်စပ်အနေအထား။

"ဟဲ့… နင်က ဘာရယ်တာလဲ၊ မျက်နှာပိုးကို မသေဘူး" မူမူသိန်းစကားကြောင့် ခင်သန်းဝင်း မျက်နှာတည်လိုက်ကာ

"ဘာမှမဟုတ်ပါဘူးဟာ… တက်ပုဆိုက္ကားကယ်ရီယာပေါ် တက်လိုက်တာ သဘောကျသွားလို့ပါ။ ဘာလဲ နင်က အိုးမလုံ့အုံ့ပွင့် နေပြန်ပါပြီ"

"ဘာအိုးမလုံ အုံ့ပွင့်ရမှာလဲ၊ အဲဒါဆို ငါ ဆိုက္ကားနဲ့ပြန်မလိုက်တော့ဘူး၊ နင်လိုက်သွား"

မူမူသိန်းစကားကြောင့် ခင်သဲက-

"ကဲပါ မူမူသိန်းရာ… ခင်သန်းဝင်းက မြို့အတွက် အပ်ချုပ်ဆိုင်မှာ အကျီအတိုင်းတွေ ဝင်တိုင်းရဦးမယ်၊ သူနဲ့ငါ ကိုယ်လုံးကိုယ်ထည်တူတော့ သူအဝင်ခိုင်းထားတာ၊ နင်ပဲ ဆိုက္ကားနဲ့ပြန်လိုက်ဟာ၊ ငါ မြို့နယ်ပညာရေးမှူးရုံးဝင်ရင် ခဏစောင့်နိုင်တဲ့လူနောက် လိုက်ရမှာနော်၊ ကဲ သွားကြမယ်၊ ငါ ဘယ်သူနဲ့လိုက်ရမှာလဲ"

ခင်သဲစကားဖြတ်ရင်း သွားဖို့လာဖို့ ဆော်ဩနေသည်။

လှမွန်က

"နင်က ရွှေစာရေးနဲ့ လိုက်ဟာ၊ ငါ ရွာစောစောရောက်မှ ဖြစ်မယ်၊ သကြံန်မကျခင် နွားတွေ ကာကွယ်ဆေးထိုးဖို့ချိန်းထားခဲ့မိလို့၊ ခင်သန်းဝင်းကို ငါခေါ်သွားလိုက်မယ်၊ ရွှေစာရေးက ခင်သဲစောင့်ခေါ်ပေါ့" လှမွန်စကားကြောင့် တက်ပု ဆိုက္ကားပေါ်မှနေ၍

"ကဲ… မင်းအစီအစဉ်အတိုင်းပဲပေါ့၊ မင်းက နိုင်ငံခြားပြန်ကြီးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ယော့ကောင် ဟုတ်တယ်ကွ၊ မင်း နွားကြီးတွေတော့ဂရုစိုက်၊ မင်းနွားကြီး နှစ်ကောင်က နွားပြန့်နွားကြီးတွေနော်"

တက်ပုစကားကြောင့် လှမွန်လက်ကာပြလိုက်ရင်း

"တော်စမ်းပါ တက်ပုရာ၊ ဒီ နွားပြန့်တို့လူပြန့်တို့ ငါကြောက်လွန်းလို့ပါ။ ကဲ… မင်းတို့ ဆိုင်းသွားတွေလည်းထွက်တော့၊ ငါတို့သွားနှင့်ပြီ၊"

လှမွန်စကားကြောင့် တက်ပုသဘောကျစွာ ရယ်နေသည်။

"ဟား… ဟား… ဟား…"

တက်ပုရယ်သံမဆုံးမီ လှမွန် ဆိုင်ကယ်စက်နှိုးလိုက်သည်။ ရွှေစာရေးကတော့ ခင်သဲကို ဆိုင်ကယ်နောက်မှာတင်လာရင်း ပညာရေးမှူးရုံးရှေ့ ရပ်ပေးလိုက်ရင်း မယ်စလီဝင်ရိပ်တွင်စောင့်နေသည်။

"ရွှေစာရေး၊ ရုံးကိစ္စခဏစောင့်ရဦးမယ်၊ စောင့်ဦးနော်၊ နင်ရော ဘယ်သွားစရာရှိသေးလဲ"

အငြင်ဘက် မယ်စလီပင်အောက်တွင်စောင့်နေသော ရွှေစာရေးကို ခင်သဲထွက်လာပြောသည်။

"သွားစရာမရှိတော့ပါဘူးဟာ၊ ဒါဆိုလည်း ဟိုအရိပ်ခုံတန်းလေးပေါ်ကနေ စောင့်ကြရအောင်"

သို့ဖြင့် ရွှေစာရေးနှင့်ခင်သဲ မယ်စလီပင်အောက် ခုံတန်းလေးတွင် ထိုင်လိုက်ကြသည်။

"ဪ… ဒါနဲ့ ရွှေစာရေး မြို့နယ်ရုံးကစာတွေ၊ ဟိုနေ့ ဦးလေးကျော်သိန်းကို ပေးလိုက်တယ်နော်"

"အေး… အားလုံးရပြီးပြီ၊ လာမယ့်နှစ် တို့ရွာအတွက် စီမံကိန်းလျာထားချက်စာရင်းတွေလေ၊ အသေးစိတ် တစ်ဦးချင်းလည်း တာဝန်ပေးပြီးပြီ"



"အေးဟာ… တို့ရွာလေး အခုလို စိုက်ပျိုးရေးကိုအခြေခံပြီး တိုးတက်လာတော့ ငါ အရမ်းဝမ်းသာတယ်ဟာ၊ လယ်လုပ်သူတွေလည်း ဝင်ငွေတိုး ရွာက လယ်လုပ်သားတို့၊ နေစားသမားတို့လည်း အလုပ်မပြတ်တော့၊ တစ်ခြား တစ်နေရာသွားပြီး အလုပ်မရှာရတော့ပဲ ကိုယ့်ရွာမှာတင် ဝင်ငွေတွေရ၊ တစ်ရွာလုံး အုံးအုံးကျွက်ကျွက် တက်ညီလက်ညီနဲ့ အလုပ်ခွင်တွေထဲမှာ မပြတ်ရှိနေကြတော့ အရမ်းပျော်စရာကောင်းတယ်ဟာ၊ အခုလုပ်မယ့် ရွာဘုံအလှူပွဲလည်း အားရစရာပဲဟာ၊ ရွာသားတွေစုံတော့၊ အခုကတည်းက စည်ကားနေပြီလေ၊ လာမယ့်နှစ်တွေမှာ ဘုရားပွဲ၊ ဆသိန်ပွဲမို့ တို့ရွာ ပိုပျော်စရာကောင်းဦးမှာ"

"အေးပါဟာ… အခုလို စီးပွားရေးအဆင်ပြေလာကြတော့ ရွာသားတွေလည်း စိတ်ချမ်းချမ်းသာသာနဲ့ ရှုရေးတန်းရေးမှာ ကိုယ်တိုင်ဆိုယ်ကျ ပါဝင်လာကြတာပေါ့၊ ဘကြီးဒိုးမောင်တောင် ရွာစာကြည့်တိုက်ကို ဒါထက်ကောင်းအောင် ဆောက်ပြီး လှူဦးမှာဟ"

"ဟာ… ဘကြီးကတော့ ရွာအပေါ် တာဝန်ကျေတယ်နော်၊ တို့ရွာကတော့ သုံးသီးစားနဲ့ စည်ပြေသဲကဗျာထဲကလို ဖြစ်သွားပြီနော်၊ ဒါနဲ့ ရွှေစာရေး သူများတွေလည်း စီးပွားရေးအဆင်ပြေကြလို့ လှူကြတန်းကြနော်၊ နင်လည်း နေ့စပါး၊ ပဲမျိုးစုံနဲ့ သူဌေးဖြစ်နေပြီ၊ ရွာအတွက် လှူဦးနော်၊ ဘာလည်း မိန်းမယူဖို့ ကြိတ်စုနေတာလား"

"ကြိတ်စုနေတာမဟုတ်ပါဘူးဟာ၊ ငါလည်း ရွာအဝင်လမ်းဆိပ်မှာ အဝေး၊ အမေနားမည်နဲ့ ဇရပ်တစ်ဆောင်ဆောက်ဖို့ ဘကြီးတို့နဲ့ တိုင်ပင်ထားပါတယ်ဟာ၊ မိန်းမယူဖို့ကိစ္စကတော့ နင်လည်း ငါ့အကြောင်းသိပါဟာ၊ အခုလည်း နင်နဲ့တိုင်ပင်ရဦးမယ်"

ရွှေစာရေးစကားကြောင့် ခင်သဲ မျက်လုံးအဝိုင်းသားဖြင့်ကြည့်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဘာတိုင်ပင်မှာလဲ၊ နင်ရွေးထားတဲ့သူကို၊ ရွှေလိပ်ပြာ ပြောနည်းအတိုင်း ပြောပေးရဦးမှာလား၊ ဒါမှမဟုတ် နောက်ထ ငါရွေးပေးရဦးမှာလား၊ ကဲ… ပြောလေ"

ရွှေစာရေးကာ ခင်သဲမျက်နှာကို မမြင်ဖူးသလိုကြည့်နေသည်။ နေပူဒဏ်ခံနိုင်ရန် သနပ်ခါးထူထူမွှမ်းထားသော ခင်သဲမျက်နှာပေါ်ဝယ် ချွေးစလေးတွေ စို့နေသည်။ ပြူးချိုချိုမျက်နှာပေါ်ဝယ် ကြည်လင်ဝင်း နေသော မျက်ဝန်းများတွင် စိတ်နေစိတ်ထားကောင်းမွန်ပြီး၊ ရိုးသားမှု အထင်းသားပေါ်နေသည်။ ရွှေစာရေး ပင့်သက်ရှူလိုက်ရင်း တစ်ဖက်လှည့် လိုက်ကာ အဝေးတစ်နေရာကိုကြည့်ရင်း…

"ခင်သဲ… ငါပြောတာကို နင် သေသေချာချာနားထောင်ပေး ဟာ၊ နင်လည်း ငါ့အကြောင်းအသိသားပဲ၊ အချစ်ရေးနဲ့ပတ်သက်လို့ ရွှေလိပ်ပြာကို ချစ်မိပြီးကတည်းက ငါဘယ်သူ့ကိုမှ မချစ်ခဲ့မိဘူးဟာ… နောက်တော့ ငါ့ရင်ထဲမှာ ရွှေလိပ်ပြာလိုချစ်ရမယ့် နောက်တစ်ယောက် ဘဝအသိနဲ့ အစားထိုးဝင်ရောက်လာတယ်ဟာ"

"ဟင်… နင့်မှာ ချစ်သူရှိနေပြီပေါ့" ခင်သဲအမေးတွင် စိုးရိမ်သံ စွက်နေသလိုလို

"အေး… ရှိတယ်၊ ဒါပေမဲ့ သူ့ကိုဖွင့်မပြောရသေးဘူး၊ ပြောပြီ ရင်လည်း တစ်သက်လုံး အိမ်ထောင်ဖက်အဖြစ်ရွေးချယ်ဖို့ ဆုံးဖြတ်ထား တယ် ခင်သဲ၊ အဲဒါပြောမယ် ပြောမယ်နဲ့ မပြောဖြစ်ခဲ့ဘူး၊ ငါ့ရင်ထဲမှာ မျိုသိပ်ထားရတာကြာပြီ၊ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်အခွင့်အရေးရလို့…"

ရွှေစာရေးကား ပြောလက်စကားဖြတ်လိုက်ရင်း အဝေးတစ်နေရာ ကြည့်နေရာမှ ခင်သဲကို ကြည့်လိုက်သည်။

"ဟင်… ရွှေစာရေး နင်က ဘယ်သူ့ကို ဘယ်မှာ ဒီ…



ဒါနဲ့ ငါက [illegible]ညီ…"

ခင်သဲကား ရွှေစာရေးကိုပြန်ကြည့်ရင်း အထစ်ထစ်အငေါ့ငေါ့ ပြန်မေးနေသည်။ ရွှေစာရေးလက်ကာပြလိုက်ရင်း…

"နေပါဦး ခင်သဲရာ၊ ငါ့စကားနားထောင်ပါဦး… ငါအခုမှ ပြောရမှာဟာ၊ ဒီမှာခင်သဲ နင်နဲ့ငါ ငယ်ပေါင်းကြီးဖော်တွေနော်၊ ငါ့ရင်ထဲမှာ ရှိတဲ့ အရှိအတိုင်း၊ အမှန်အတိုင်းခံစားချက်ကို ဖွင့်ပြောပါရစေတော့၊ နင့်ကို ငါချစ်တယ်ဟာ၊ နောက်ပြီး ငါတို့ ဘဝအတူ တည်ဆောက်ကြရ အောင်လား ခင်သဲရယ်…"

"ဟင်"

"ဟုတ်တယ် ခင်သဲ၊ ငါတကယ်ပြောတာပါဟာ၊ ဘာလဲ နင် ငါ့ကိုမယုံဘူးလား"

"ယုံပါတယ် ရွှေစာရေး၊ ဒါပေမဲ့ နင်စဉ်းစားရမယ့်အထဲမှာ ငါမပါသင့်ပါဘူးဟာ၊ ရွာမှာ နင့်အရည်အချင်းနဲ့ဆို ငါထက်သာတဲ့မိန်းက လေးတွေ နင်ရွေးရမှာ၊ အဲဒါလည်း နင့်အတွက် ငါ့ရဲ့တကယ်စေတနာပါ"

"တော်ပါတော့ ခင်သဲရာ၊ ဘာလည်း ငါ ရွှေလိပ်ပြာကို ချစ်ခဲ့မိဖူးလို့လား၊ ဒါမှမဟုတ် မိုးမြင့်နဲ့ နင် လူကြီးချင်း စီစဉ်ထားလို့ စကားတွေလွှဲပြောနေတာလား"

"တော်… ရွှေစာရေး နင်ပြောတာ တစ်ခုမှ မဟုတ်ဘူးဟာ၊ ငါပြောတာကလည်း အခုလိုအချိန်မှ ဖူးတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေတဲ့ နင်ဟာ အစစ ငါ့ထက်သာမယ့် မိန်းကလေးတစ်ယောက်ယောက်ကို ရွေးချယ်စေချင်လို့ပါ၊ အဲဒါလည်း နင့်ဘဝ ဒီထက်ပို တိုးတက်စေချင်လို့ ပါဟာ၊ တစ်လွဲမထင်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး… ဒါဆိုလည်း ငါထပ်ပြောမယ်၊ နင့်ကို ငါတစ်က
ချစ်ခဲ့မိပြီဟာ၊ နောက်ပြီး ငါ့ဘဝတစ်လျှောက်လုံးအတွက် ဘဝကြင်
အဖြစ် လက်တွဲပါရစေ၊ အဲဒါ ငါ့ရဲ့ရင်ထဲကစကားပဲ ခင်သဲ ငါ့
အဖြေပေးပါနော်"

ရွှေစာရေးစကားကြောင့် ခင်သဲခေါင်းငုံ့လိုက်ရင်း အသံခပ်တိုးတို
ဖြင့်

"ရွှေစာရေးရယ်… ငါ မိန်းကလေးတစ်ယောက်ပါ၊ ငါ့
စဉ်းစားခွင့် ပေးပါဦးဟယ်၊ တို့အရွယ်တွေက ငယ်တော့တာလည်း မဟု
တော့ဘူး၊ နောက်ပြီး အမေ့ကိုလည်း တိုင်ပင်ကြည့်ချင်သေးတယ်ဟာ
နင့်ဆန္ဒလည်း ငါသိရပြီးပဲ၊ ဒါပေမယ့် နင်နဲ့ငါက အချစ်အတွက် ရင်ခု
ရမယ့်အချိန်မဟုတ်ပါဘူး၊ ဘဝအသိနဲ့ ဆုံးဖြတ်ကြရမှာပါဟယ်၊ ငါပြေ
တာ နင်နားလည်ပါတယ်ဟာ၊ ဆန္ဒမစောပါနဲ့"

ရွှေစာရေး အဝေးတစ်နေရာသို့လှမ်းကြည့်ရင်း ငြိမ်နေသည်
ခင်သဲလည်း နှုတ်ပေါက်ပေါ်စီးကျလာသည့် ချွေးပေါက်ကလေးများကို လက်ဖ
လားဖြင့် ခပ်ဖွဖွသုတ်နေသည်။ ထိုစဉ် ရှားရှားပါးပါး လေနုအေးလေ
စ်ချက် ဝှေလာသည်။ ထိုလေနုအေးလေးအရှိန်ကြောင့် မယ်ဇလီပင
အထက်မှ ရွက်ခြောက်လေးတွေ ဝေါခနဲလွင့်ကျလာသည်။ တ
ရွက်ဝါလေးများ မြေတွင်ပြန့်ကျဲနေသလို၊ တချို့ရွက်ခြောက်လေးမျ
လေဟုန်စီးလျက် အဝေးသို့လွင့်ပါသွားကြသည်။ မယ်ဇလီပင်
အောက်ရှိ လူနှစ်ဦး၏ စိတ်များသည်လည်း…။

## အခန်း (၂၅)

"အဲဒါပါပဲ မသော့မေ၊ ကျွန်တော်နဲ့ ကိုမောင်ခင်တို့က သူငယ်
ချင်းတွေဖြစ်သလို အရမ်းလည်းခင်ကြတာ၊ သူ မဆုံးခင်ကတည်းက
ကျွန်တော်နဲ့ သူနဲ့ သားပေးသမီးယူကိစ္စ ပြောထားကြတာလေ၊ မသော့မေ
လည်း သိမှာပါ၊ အခုဟာက ကျွန်တော်သား မိုးမြင့်ကလည်း ခင်များသမီး
ဆရာမလေးခင်သဲကို မေတ္တာရှိဆိုတော့…"

"ဟုတ်ပါတယ် ကိုချစ်မောင်၊ ကျွန်မလည်းသိပါတယ်၊ ဒီကိစ္စကို၊
သမီးဆန္ဒလည်း ကျွန်မ တီးခေါက်ကြည့်ပါရစေဦး"

"ကျွန်တော်လည်း အခုဖြစ်ရမယ် ပြောတာမဟုတ်ပါဘူး၊ ဒါပေမဲ့
အခုကကျွန်တော်သားကလည်း ရန်ကုန်ကပြန်လာပြီး ခြေမငြိမ်တော့၊
ဒီတောင်ရက်သားများကျရင် ထိန်းသိမ်းမယ့်သူကောင်းရင် အဆင်ပြေလာ
သားလို့လည်း မျှော်လင့်တယ် မသော့မေ၊ အဲဒါကြောင့် သားသမီးတွေ
သိစ္စအဆင်ပြေရင်၊ ကျွန်တော်ပိုင်ဆိုင်တာတွေ သူတို့အတွက် အကုန်
ထည့်လိုက်မယ်ဗျာ၊ ကျွန်တော့်အတွက် မပူရပါဘူးဗျာ"

"ဟုတ်ကဲ့… ကိုချစ်မောင်၊ မောင်မိုးမြင့်ကိုချစ်တာ၊ အလိုလို
တာတော့ ကျွန်မသိပါတယ်၊ ဒီတစ်ရက် နှစ်ရက်အတွင်း သမီး
ားကို မေးလိုက်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ကျွန်တော်ပြန်ဦးမယ်… မသော့မေ… ယော တူ

ခင်သဲတောင် ကျောင်းကပြန်လာမှကိုး"

"ဟုတ်ကဲ့… ဦးလေးချစ်မောင်၊ ပေါက်ပြားထမ်းပြီး ဘယ်

လှည့်လာတာလဲ"

"လယ်ထဲကလှည့်လာတာ ခင်သဲရေ… မိုးလေးတစ်ပြိ

နစ်ပြိုက်ရွာပြီဆိုတော့ လယ်ထဲဆင်းပြီး ပျိုးခင်းနေရာ သွားရှင်းတာ

"သြော်… ဟုတ်သားပဲ၊ မနေ့က မိုးလေးတစ်ဖွဲဖွဲရွာ

လယ်သမားတော်တော်များများ ပျိုးခင်းကြဲဖို့ ကြိုပြီး လုပ်ကြပြီပေါ့

ဦးလေး"

"အေးပေါ့ကွယ်… အချိန်မီစိုက်၊ စောစောစိုက်မှ သီးထပ်

မိကြမှာလေ၊ ကဲသွားပြီ တူမကြီးရေ"

ဦးချစ်မောင် ပေါက်ပြားထမ်းကာ ထွက်သွားသည်။

"သမီး အဝတ်အစားလဲပြီးရင် ခဏကွယ်"

"ဟုတ်ကဲ့ မေမေ"ခင်သဲကျောင်းဝတ်စုံလဲပြီး ဒေါ်သော့မေအ

ရောက်လာသည်။

"ဒီလို သမီးရေ… အခုနက ကိုချစ်မောင်လာတာ အကြော

တယ်၊ သမီးကိုတစ်ခါတည်း အမေအသိပေးလိုက်တော့မယ်"

"ဘာများလဲ အမေ… ဘာအကြောင်းများလဲ"

ဒေါ်သော့မေ ခင်သဲကိုသေသေချာချာကြည့်လိုက်ရင်း

"သမီး… ကိုချစ်မောင်တို့က သမီးနဲ့ သူ့သားကို ပေးစာ

တယ်ကွဲ့၊ နောက်ပြီး သမီးအဖေနဲ့ကလည်း ဟိုးကတည်းက ပြေ



ဖူးရှိတယ်လေ… အဲဒါ သမီးဆန္ဒ အမေသိချင်တယ်ကွယ်"

ခင်သဲ ဒေါ်သော့မေအနားကပ်ပြီး ထိုင်လိုက်ရင်း

"အမေ… သမီးစိတ်ထဲ ရှိတာ အမှန်အတိုင်းပြောရရင် မိုးမြင့်လို

ချောင်ခြောက်ဆယ်လုပ်ပြီး မိဘလည်းမကူညီ၊ ရွာမှာလည်း လူဝို

စ်ယောက်ဖြစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို သမီး အိမ်ထောင်ဖက်

ဖြစ်လက်ခံရမှာ ရှက်တယ်အမေ"

"အဲဒါကြောင့်လည်း သူ့အဖေက သူ့သားပုံစံပြောင်းအောင်

အိမ်ထောင်ချထားပေးချင်တာပေါ့၊ သမီးလိုမိန်းကလေးမျိုးနဲ့ဆို အစစ

ပြောင်းလဲလာလိမ့်မယ်လို့ မျှော်လင့်တယ်လေ၊ အဲဒါကြောင့် သမီးနဲ့ဆို

ပိုင်ပစ္စည်းတွေ ခန်းဝင်ထည့်မယ်တောင် ပြောတယ်သမီးရေ"

"အမေ… သမီးတော့ မထင်ဘူး၊ မိုးမြင့်က ပြင်လို့ရမယ်

ထဲမှာပါတောင် သမီးစိတ်ညစ်ဖို့က သေချာတယ်အမေ၊ နောက်ပြီး

သမီးကို သူ ချစ်ရေးဆိုဖူးတယ်အမေ၊ အဲဒီအချိန်ကတည်းက သမီး

သူတို့ ပြုပြင်ဖို့ ပြောခဲ့သေးတယ်။ ဘာမှ ပြောင်းလဲမလာဘူးအမေ၊

နောက်ပြီး သူ့အမေပိုင်ပစ္စည်းအားကိုးနဲ့ အိမ်ထောင်ရေးမှာ အသုံးချချင်ပုံ

ရတယ်အမေ၊ အဲဒီကွန်ရက်ထဲ သမီး ဝင်မပါရစေနဲ့အမေရယ်…"

"အေးလေ… ငါ့သမီးပြောတာလဲ ဟုတ်တာပဲ၊ ဒါနဲ့ သမီးမှာ

ကြည်ရွယ်ထားတဲ့သူ၊ နောက်ပြီး ရည်ငံနေတဲ့သူ ရှိနေပြီလားသမီး၊ ရှိရင်

လည်း အမေ့ကိုပြောနော်၊ နောက်တစ်ခါ ကိုချစ်မောင်လာရင် တစ်ပါတည်း

ပြောလိုက်တော့မယ်"

"ရှိတော့ ရှိပါတယ် အမေရယ်၊ ဒါပေမယ့် သမီး စဉ်းစားတုန်းပဲ၊

အမေသိသင့်တဲ့ အချိန်ကျ ဖွင့်ဟတိုင်ပင်ပါ့မယ်အမေ၊ အမေ့သမီးက

www.burmeseclassic.com

www.burmeseclassic.com



အမေတစ်ခု သမီးတစ်ခု၊ နောက်ပြီး သမီးအနေနဲ့က ရွာက လေးစားကြ
ကျောင်းဆရာမလည်း ဖြစ်နေပြန်တော့၊ သမီး အကျည်းတန်မဲ့အလုပ်
မလုပ်ပါဘူးအမေ၊ အမေ့မျက်နှာလည်း အိုးမဲ မသုတ်ပါဘူးအမေ
စိတ်ချပါ"

"သာဓုကွယ်...သာဓု...သာဓု၊ ငါ့သမီးလေးကို အမေ
စိတ်ချပါတယ်ကွယ်"

ဒေါ်သောင်းမေကား သူ့သမီးမျက်နှာကို ပြုံးပြုံးကြီးကြည့်ရင်း
ပြောနေသည်။ ခင်သဲရင်ထဲတွင်တော့ ရွှေစာရေးမျက်နှာပေါ်လာသလို
"ရွှေစာရေးရယ်... နင့်ကိုငါ မငြင်းပါဘူး၊ တစ်နေ့ကျရင် အမေ့ကို
ဖွင့်ဟတိုင်ပင်ပြီး၊ နင်လိုချင်တဲ့အဖြေ ပေးမှာပါဟယ်" ဟု စိတ်ထဲက
ပြောနေမိသည်။

✤ ✤ ✤ ✤ ✤

## အခန်း (၂၆)

"ရွှေလိပ်ပြာ ရွာပြန်လာတယ်ခင်သဲရေ"

ခင်သဲ ကျောင်းဆင်းချိန်အိမ်အပြန်၊ ခင်သန်းဝင်း သူ့အိမ်မှ
ထွက်လာပြီး၊ အားရဝမ်းသာဆီးပြောသည်။

"ဟုတ်လား... ခင်သန်းဝင်း ဘယ်တုန်းက ပြန်လာတာလဲ၊
နင် တွေ့ပြီးပြီလား၊ သူရွာမှာ ဘယ်လောက်ကြာကြာနေမှာလဲ"

"အပြီးပြန်လာတာလို့ပြောတယ်၊ ငါသိတာနဲ့ သူ့အိမ်သွားတော့
အမျိုးတွေဝိုင်းဝိုင်းလည်နေလို့ စကားကောင်းကောင်း မပြောဖြစ်ခဲ့ဘူးဟ၊
သိရသလောက် သူ့ယောက်ျားနဲ့ အပြီးကွာရှင်းပြီး အပြီးပြန်လာတာလို့
လည်းပြောတယ်" ခင်သန်းဝင်းစကားကြောင့် ခင်သဲ ရင်ကို ဖိလိုက်ရင်း

"အို... ဘယ်လိုဖြစ်ရတာလဲဟာ၊ ဒေါ်လေးခင်မှုံ ဆုံးသွား
တာ ဒီမိုးဦးကျကမှ မဟုတ်လား၊ အခုလဲ ရွှေလိပ်ပြာ အိမ်ထောင်ပြိုကွဲ
တယ်ဆိုတော့"

ခင်သဲ ပြောလက်စ စကားဖြတ်ထားရင်း ခင်သန်းဝင်းကို ရိုဝေစွာ
ကြည့်နေသည်။ ခင်သန်းဝင်းလည်း စိတ်မကောင်းစွာဖြင့်...

"အေးဟာ... ဒေါ်လေးခင်မှုံသာရှိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး
ဒီနေ့တော့ နေလိုက်ဦးမယ်ဟာ၊ မနက်ဖြန်ကျမှ နင်နဲ့ငါ သူ့အိမ်သွားကြရ
အောင်"

www.burmeseclassic.com

www.burmeseclassic.com



"အေး… အဲဒီအစီအစဉ်ကောင်းတယ်၊ အခုဒီနေ့တော့ အမျိုး တွေနဲ့ မြို့ကပါလာတဲ့ ပစ္စည်းတွေချပြာယ်၊ သိမ်းဟယ်နဲ့ အလုပ် ရှုပ်နေတယ်လေ"

"အေး ခင်သန်းဝင်း မနက်ဖြန်မှ တွေ့မယ်၊ ငါသွားပြီ"

ခင်သဲနှုတ်ဆက်ပြီး အိမ်ဘက်ပြန်လာသည်။ လမ်းတွင် ရွှေလိပ်ပြ နှင့် ပတ်သက်၍ သူမရင်ထဲဝယ် အမည်မသိဝေဒနာတွေ ခံစားနေရသည် ဝမ်းသာတာလား၊ ဝမ်းနည်းမိတာလား သူမဝေခွဲတတ်။ နောက်ရက် တော့ ခင်သဲ၊ ရွှေလိပ်ပြာကိုသွားတွေ့သည်။ ရွှေလိပ်ပြာမှာ အလှမပျ သော်ငြား၊ စိတ်ထောင်းသဖြင့် နွမ်းနယ် ပန်းလျနေရှာသည်။ မိခင်ကချ အိမ်ထောင်ကပျက်ဖြစ်လာသော ငယ်သူချင်းကို ခင်သဲ ကရုဏာဖြစ်မိ အမှန်ဝင်။

"ဟုတ်တယ် ခင်သဲရယ်… ငါလည်းဖြစ်ပြီးမှ မထူးတော့ ဆိုပြီး အဆင်ပြေအောင် သည်းခံနေရတာ၊ အမေကလည်းရှိသေးတ မဟုတ်လား၊ အခုတော့ သူ့အကျင့်စရိုက်တွေ အမှန်အတိုင်းပေါ်ပြီး ခု အဆင့်ထိရောက်သွားတာပဲ၊ အမေလည်းဆုံးပြီဆိုတော့ ငါရွာကို အပြ ပြန်လာခဲ့တာပဲ"

ရွှေလိပ်ပြာက သူ့အိမ်ထောင်ရေးအခြေအနေကို ပြောပြနေ သည်

"အေးဟာ… ငါတို့ စိတ်မကောင်းပါဘူး၊ နင်အခုဘယ် စီစဉ်ထားသလဲ"

"အေး… အခုတော့ ငါ့အစ်ကိုဝမ်းကွဲ ကိုကျော်လင်းတို့ တိုင်ပင်ပြီး ငါဒီမှာပဲအခြေချပြီး လယ်တွေပြန်လုပ်တော့မယ်ဟာ၊ အားလုံ ဆွေမျိုးတွေကလည်း ကူညီကြတယ်လေ။ နဂိုကတည်းက မြို့မှာ မနေ တဲ့ ငါ ရွာမှာအပြီးနေဖို့ ပြန်လာတာပေါ့ဟာ၊ ညှိုးသည်အနေနဲ့ ပြန်လာ



ဟုတ်ဘူး၊ ပန်းတောရွာသူတစ်ယောက်အနေနဲ့ ပြန်လာတဲ့ ငါ့ကို ရင်ကလို ဆက်ဆံကြပါတယ်နော်…"

ရွှေလိပ်ပြာစကားကြားတော့ ခင်သန်းဝင်းက ခပ်တည်တည်ဖြင့်

"တို့ကတော့ လက်ခံပါတယ်၊ နင့်အမျိုးသားက မပြတ်ဘူးဆို း လိုက်ခေါ်လာရင်ကော"

"အမယ်လေး… ခင်သန်းဝင်းရယ်၊ သူလည်း လိုက်မလာပါ ဘူး၊ သူက အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်သွားပြီးလေ၊ နောက်ပြီး လို ပွေရှုပ်တတ်တဲ့ယောကျ်ားနဲ့ ငါ ဘယ်လိုမှပတ်သက်စရာ လမ်း ရှိတော့ပါဘူးဟယ်၊ အခုလို ဖြစ်ခဲ့ရတာကလည်း ကိုယ့်ရဲ့ ကံတရား ကြွင်းပဲလို့ ဆိုရမှာပေါ့ဟာ"

"ထားပါတော့ ရွှေလိပ်ပြာရယ် ဘာပဲဖြစ်ဖြစ် နင် တို့ပန်းတော ရွာလေးကို ပြန်ရောက်လာတဲ့အချိန်မှာ လူသစ်စိတ်သစ်နဲ့ ဘဝသစ် ထူထောင်ရမှာပေါ့ အဲဒီအတွက်လည်း ဘာမှမပူနဲ့၊ ငါတို့ရှိတယ်၊ နင့်ကိုလည်း ပန်းတောရွာသူတစ်ယောက်အနေနဲ့ရော တို့ရဲ့သူငယ်ချင်း တစ်ယောက်အနေနဲ့ရော နွေးထွေးစွာ ကြိုဆိုလျက်ပါ ရွှေလိပ်ပြာရယ်"

ခင်သဲ ရွှေလိပ်ပြာလက်ကလေးကို ဆုပ်ကိုင်လိုက်ရင်း လှိုက် လှိုက်လှဲလှဲပြောနေသည်။ ခင်သဲကိုကြည့်နေသော ရွှေလိပ်ပြာ မျက်နှာ တလေးမှာ ပြုံးနေသော်လည်း မျက်လုံးထဲတွင် မျက်ရည်များစို့နေသည်။

"ဝမ်းသာပါတယ်သူငယ်ချင်းရာ… ငါလေ ရွာပြန်ရောက် လာတာ အမှောင်အဖွဲ့က လွတ်လာသလိုခံစားရတယ်ဟာ"

"အေး… အခုလို နင်ရွာပြန်ရောက်နေတာ ရွှေစာရေးတို့ လူမှန်ရို သာသိရင် သိပ်ဝမ်းသာကြမှာ အခု သူတို့က မြို့မှာ ပြည်သူ့စစ်သင်တန်း သွားတက်နေတယ်လေ၊ တက်ပုရွှေ သက်ဦးတို့အဖွဲ့တော့ ရွာမှာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး သူတို့တစ်တွေနဲ့တော့ မနေ့ကတည်းကတွေ့ပြီးပါပြီ လှမှန်တို့ကို ငါသတိရပါတယ်ဟာ"

ခင်သန်းဝင်းမှလည်း ရွှေလိပ်ပြာလက်ကလေးကို ကိုင်လိုက်ရင်း မျက်နှာကိုကြည့်လိုက်ကာ

"သူတို့ကလည်း နင်ပြန်လာတာသိရင် ဝမ်းသာကြမှာ လူကြုံရင်ပြောလိုက်ပါ့မယ်... အခုလို မြို့ကပြန်လာပြီး ချောလှနေတော့ တောသူနဲ့မတူတဲ့ ပန်းတောရွာသူကို သူတို့တောင်မှတ်မိပါ့မလား ဟယ်"

"မြှောက်မနေစမ်းပါနဲ့... ဒီလောက်လည်းမဟုတ်ပါဘူး ခင်သန်းဝင်းရယ်...သြော်... ဒါနဲ့ တို့သူငယ်ချင်းတွေ ပြောလိုက်ဦး ဆရာတော်ကျောင်းမှာ လာမယ့် သီတင်းပတ်မှာ အကျွေးအမွေးတွေ လှူစရာရှိတယ်နော်၊ ဝိုင်းကူကြဦး"

"အမယ်လေး... ရပါတယ် ရွှေလိပ်ပြာရယ်... စိတ်ချ ညလာအိပ်ပြီးကို စားမယ်၊ သြော်... အပြောမှားသွားလို့ ညလာအိပ်ပြီး ဝိုင်းကူမယ်လို့"

"ဟင်း... ဟင်း..." ခင်သန်းဝင်းစကားကြောင့် ရွှေလိပ်ပြာရော ခင်သဲပါရယ်လိုက်ကြသည်။ ခင်သဲစိတ်ထဲတွင်တော့ ရွှေလိပ်ပြာ စကားကြောင့် ရေကြီးစဉ်ကာလ ကျောင်းမှာနေခဲ့ရပုံလေးတွေ ချက်ချင်း သတိရမိလိုက်သည်။

"ကဲ... ရွှေလိပ်ပြာ... ငါတို့အားလုံးရှိတယ်နော်၊ နင် စိတ်ချမ်းသာအောင်သာနေ၊ ကျောင်းသွားဖို့လည်းရှိသေးတယ်၊ သွားလိုက်ဦး မယ်နော်"



ခင်သဲနှင့် ခင်သန်းဝင်းက နှုတ်ဆက်ပြီး ပြန်သွားကြသည်။ ခင်သဲနှင့် ခင်သန်းဝင်းတို့ နှစ်ယောက်ကိုကြည့်ရင်း ငယ်စဉ်က အကြောင်းအရာတွေ ရွှေလိပ်ပြာ စိတ်ထဲအစီအရီပေါ်လာသည်။ သူ၏ ငယ်သူငယ်ချင်းများမှာ သူ့အပေါ် ငယ်စဉ်ကလိုပင် ဘာမှမပြောင်းလဲ၊ အခင်အမင် မပျက်ကြ၊ သူမအနေနဲ့လည်း သူငယ်ချင်းများနှင့် စကားပြောရသည်မှာ လွတ်လပ်နေသည်။ စိတ်ကြည်နူးနေသည်။ သည် အရသာကို ရွှေလိပ်ပြာ ဟိုးငယ်စဉ် ကလေးဘဝအရွယ်က ခံစားခဲ့ဘူး သည်။ သြော် အခုတော့လည်း ပန်းတောမြေ ပြန်လည်ခြေချမိသည့် အချိန်မှာလည်း ရွှေလိပ်ပြာ ကြည်ကြည်နူးနူးပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဟော့... ရွှေစာရေး၊ အသံတွေထွက်ပြီး ဘာတွေဖတ်နေတာလဲ၊ ငါတို့အဖွဲ့ မင်းကို လိုက်ရှာနေတာကွ၊ ဒီနေ့ သင်တန်းနားတုန်း ညနေ မြို့ဦးစေတီ ကုသိုလ်ယူဖို့သွားကြမှာ၊ ကိုကြီးထွန်းဓော်လည်း ပါတယ်"

ဟာ... လူမွန်... အေးကွ၊ အရိပ်ထဲဝင်ပါဦး၊ ကိုကြီးထွန်းဓော်တို့ ကျော်ဆွေတို့လည်း ပါလာတာကိုး"

"အေးကွာ... ငါတို့တင်မဟုတ်ဘူး၊ တို့တပ်စိတ်တစ်ခုလုံး သွားမှာကွ၊ အဲဒါ မင်းကိုလိုက်ရှာနေတာ၊ မင်းက စောစောကတည်းက ပျောက်သွားတာကိုး၊ စာအုပ်တွေတစ်ထပ်ကြီးနဲ့ အဆောင်နောက်နေတာကိုးကွ"

"ဟုတ်တယ် ကိုကြီးထွန်းဓော်ရေ၊ အစီအစဉ်မသိတော့လည်း ဒီသင်တန်းနားရက်လေးမှာ စာအုပ်လေးတွေဖတ်နေတာပါ"

"ဘာစာတွေလဲကွ၊ ရုပ်ပြကာတွန်းတွေလား၊ ဝတ္ထုလား"

"ရုပ်ပြတွေမဟုတ်ပါဘူး ကိုကြီးထွန်းဓော်ရာ၊ ကျွန်တော်ဝါသနာပါတဲ့ ကဗျာတွေဖတ်နေတာပါ၊ အခုနကတောင် ကျောင်းတုန်းကသင်ရတဲ့ ကဗျာတွေထဲမှာ ကျွန်တော်အကြိုက်ဆုံးကဗျာတစ်ပုဒ်ကို အသံထွက်ဖတ်မိလိုက်တာပါ"



"သြော်... ဟုတ်လား၊ အခုနက ကြားလိုက်တာဘာတဲ့၊ ကျန်တောင်းသင့်၏လို့ ကြားလိုက်သလားလို့"

"ဟုတ်တယ်... ကိုကြီးထွန်းဓော်၊ အထက်တန်း ကဗျာစာအုပ်ထဲက ဆရာဓော်ကျီရေးထားတဲ့ "သင်သေသွားသော်" ကဗျာလေးပါ"

"ဟော... ဟုတ်လား၊ ကိုကြီးကတော့ အတန်းပညာနည်း တော့ မသင်ရဘူးကွာ"

"ဒီလိုပါ ကိုကြီးထွန်းဓော်ရာ၊ ကဗျာဆရာကြီးက ကိုယ့်ဒေသ၊ ကိုယ့်အရပ်၊ ကိုယ့်လူမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးတတ်ဖို့၊ လူဖြစ်ရတာ တခဏတာမှာ မသေခင် ကိုယ့်မွေးရာမြေ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံမှာ အခုနက ကြားတဲ့အတိုင်း ဘာသာ၊ သာသနာ စတဲ့အရာတွေကို မြတ်နိုးတတ်ရုံတင်မကဘူး၊ တစ်ခုခုတိုးတက်ပြီးကျန်ခဲ့ဖို့၊ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်ကြိုးစားကြဖို့ တိုက်တွန်းနိုးဆော်ထားတဲ့ ကဗျာတစ်ပုဒ်ပါ ကိုကြီး"

"ဒါ သိပ်ကောင်းတဲ့ရည်ရွယ်ချက်ပဲ... ရွှေစာရေးရ၊ ဒီကဗျာဆရာရဲ့ ကဗျာတွေကိုတော့ ဖတ်ဖူး ကြားဖူးပါတယ်၊ ဒါနဲ့ ကဗျာလေးက..."

"ဟုတ်ကဲ့ ကဗျာခေါင်းစဉ်က၊ သင်သေသွားသော်တဲ့ ကဗျာစာသားတွေက -

သြော် လူဖြည်လောက၊ လူ့ဘဝကား ၊
အိုရ နာရ ၊ သေရဦးမည်၊
မှန်ပေသည်တည့်။
သို့ပြီးတကား ၊ သင်သေသွားသော်
သင့်ဖွားရာမြေ ၊ သင်တို့မြေသည်

www.burmeseclassic.com

www.burmeseclassic.com



အခြေတိုးမြင့် ၊ ကျွန်ကောင်းသင့်၏
သင်၏မျိုးသား ၊ စာစကားလည်း
ကြီးပွားတက်မြင့် ၊ ကျွန်ကောင်းသင့်၏
သင်ဦးချရာ ၊ အမျှဝေရာ
စေတီသား နှင့် သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျှက်ဝင်းလျှက်၊ ကျွန်စေသတည်း ။... တဲ့"

ရှေ့စာရေးကား ကဗျာအပိုဒ်များ တစ်ပိုဒ်ပြီးတစ်ပိုဒ်၊ အသံနေအသံထားဖြင့် မှန်မှန်ရွတ်ဆိုပြလိုက်ရာ၊ အားလုံးငြိမ်လျှက်နားထောင်နေကြသလို၊ ကိုကြီးထွန်းဓော်က ခေါင်းတညိတ်ညိတ်လုပ်ရင်း

"သိပ်ကောင်းတဲ့ ကဗျာစာသားတွေပဲကွာ၊ ငါတို့တော့ အဲဒီကဗျာရဲ့ ရည်ရွယ်ချက်အတိုင်း အုတ်တစ်ချပ် သဲတစ်ပွင့် ပါရမယ်ကွ"

"ဟာ... ကိုကြီးထွန်းဓော်ကလည်း အခုလည်း ကိုကြီးတို့ကျွန်တော်တို့ ပါနေပြီပဲ၊ အခုတက်နေတဲ့ ပြည်သူ့စစ်သင်တန်းပဲကြည့်လေဗျာ၊ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာ၊ ကာကွယ်စောင့်ရှောက်မို့အိုဗျာ... နောက်ဆုံး ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ကာကွယ်ဖို့အခြေခံစစ်ပညာသင်တန်းတွေ ကြိုးစားသင်ယူနေတာကိုက ဒီရည်ရွယ်ချက်တွေပါနေပြီပဲဗျာ၊ ဆရာကြီးတင်မောင်ဆို မကြာခဏပြောနေတာမဟုတ်လား၊ ဟောဒီ သူငယ်ချင်းလူရွှန်ဆို နိုင်ငံခြားသွားပြီးမှ အမြင်မှန်ရလို့ ကိုယ့်ရပ်၊ ကိုယ့်ရွာ ပြန်လာတာလေ"

"ဟေ့... ဟုတ်လား၊ အေးကွာ... ကောင်းတယ်ကွာ၊ ငါတို့လို ကျေးလက်ကလယ်သမားလူငယ်တွေ၊ နောက်ပြီး ဝန်ထမ်းလူငယ်တွေ၊ အလုပ်သမားလူငယ်တွေ အခုလို စုစုစည်းစည်းနဲ့ တိုင်းပြည်



ကာကွယ်ရေး ပြည်သူ့စစ်သင်တန်းတွေ တက်နေကြတာကိုက အခုနက ပြောတဲ့ တိုင်းပြည်အတွက် ကျွန်ခံဖို့ကွ၊ ကျွန်ခံဖို့"

"ဟေး... ဒီအဖွဲ့တွေ၊ ဘာတွေ ကြုံနေတာလဲ"

ပြောရင်းဆိုရင်း အနားရောက်လာသူ သင်တန်းမှူးဖြူ တပ်ကြပ်ကြီး တင်မောင် အသံကြောင့် အားလုံးလှည့်ကြည့်လိုက်ရင်း ရှေ့စာရေးကပင် သွက်လက်စွာဖြင့်

"ဟာ... ဆရာကြီးပါလား၊ ဘာမှမကြုံပါဘူးဆရာကြီး၊ ဆရာကြီးဓော်ဂျီရဲ့ သင်သေသွားသော် ကဗျာ ဲတဲက ကျွန်ခံသင့်တယ် အကြောင်းတွေ ပြောနေတာပါ"

"သြော်... ဒီလိုလား၊ ဒီကဗျာကို ဆရာကြီးလည်း သင်ခဲ့ဖူးပါတယ်၊ ရည်ရွယ်ချက်ကတော့ အခု ငါတို့ လူငယ်တွေ မျိုးဆက်သစ်တွေအတွက် တိုက်တွန်းထားတာပဲကွ၊ အဲဒီကဗျာကို ဆွေးနွေးနေကြတာပေါ့ ဟုတ်လား"

တပ်ကြပ်ကြီး တင်မောင်စကားဆုံးတော့ သူတို့အဖွဲ့ထဲမှ အသက်ကြီးဆုံးဖြစ်သလို၊ အခုသင်တန်းမှ အသိအကျွမ်းဖြစ်ရပေမဲ့ အစ်ကိုကြီး တစ်ယောက်လိုဖြစ်နေသော ကိုထွန်းဓော်မှ အားလုံးကို ကြည့်လိုက်ရင်း

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်ညီတွေအားလုံး သင်တန်းတက်ရတဲ့ ရည်ရွယ်ချက်တွေ၊ တန်ဖိုးတွေပါ ဆွေးနွေးနေကြတာပါ။ ဆရာကြီး ဘုရားသွားမယ့်အစီအစဉ်က ဆရာကြီးပြောထားတဲ့အတိုင်း မပြောင်းဘူးနော်"

"ဟုတ်ကဲ့... ကိုထွန်းဓော်၊ အစီအစဉ်မပြောင်းပါဘူး၊ ကျွန်တော်စီစဉ်ရာတွေ၊ စီစဉ်ထားပါတယ်၊ လိုအပ်တဲ့ပစ္စည်းတွေလည်း စုထား

www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီ၊ ဘုရားရောက်ရင်၊ သန့်ရှင်းရေးလုပ်ဖို့ရယ်၊ ဆောက်လက်စ အုတ်တံတိုင်းအတွက် အုတ်ခဲသယ်ဖို့ရယ်ပါ။ ကျွန်တော်တို့ သင်တန်း ဆရာငါးဦးစလုံး လိုက်မှာပါ။

တပ်ကြပ်ကြီးတင်မောင်မှ အစီအစဉ်ပြောနေသလို တစ်ချိန်လုံး နားထောင်နေသူ ကျော်ဆွေမှ

"ဟာ… ဆရာကြီး ကျွန်တော်တို့ အဖွဲ့တွေလည်း နေမကောင်းတဲ့လူကလွဲရင် အားလုံးလိုက်မယ် ဆရာကြီး၊ ပြောလည်းပြောပြီးပြီခင်ဗျာ"

ကျော်ဆွေ စကားကြောင့် တပ်ကြပ်ကြီးတင်မောင် အားလုံးကို ကြည့်လိုက်ရင်း

"ကောင်းတယ်ကွာ၊ တို့လဲ့ည်းရတဲ့အချိန်လေးမှာ အမျိုးဘာသာ သာသနာအတွက် လုပ်သင့်တဲ့အလုပ်ကိုလုပ်ကြတာပဲ၊ အဲဒါ မင်းတို့ အားလုံး ဆွေးနွေးနေတဲ့ ကဗျာထဲကလို သင်ဦးချရာ၊ အမျှဝေရာ စေတီသာ နှင့်သစ္စာအရောင်ဉာဏ်တန်ဆောင်လည်း ပြောင်ဝင်းလျှက် ကျန်စေသတည်း။ အဓိပ္ပာယ်လိုပေါ့ကွာ"

တပ်ကြပ်ကြီးတင်မောင် စကားဆုံးတော့ ကိုထွန်းဇော် တစ်ယောက် တပ်ကြပ်ကြီးတင်မောင်ကို ပြုံးပြုံးကြီးကြည့်ရင်း

"ဟုတ်တယ်ဆရာကြီး၊ ကျွန်ုပ်ကို ကျွန်ရမယ်၊ ကျွန်ရမယ် ကျွန်ရမယ်ဆိုတာ အဲဒါကိုပြောတာခင်ဗျာ"

အားလုံးတက်ကြွသော အပြုံးကိုယ်စီဖြင့် ကိုထွန်းဇော်ကို ငြိမ်တူ ကြည့်လိုက်ကြသည်။

ဣဣဣဣဣ

## အခန်း (၂၈)

"ခင်သဲ ငါတောင်းထားတဲ့အဖြေလေး မသိရသေးပါလား… တစ်ဝါကျွတ်သွားပြီဟာ ဘုရားပွဲအမီအဖြေပေးပါလားဟာ"

"ခဏနေပါဦး ရွှေစာရေး… နင့်လည်းငါပြောချင်၊ မေးချင်နေတာနဲ့အတော်ပဲ… ခဏနော်… ကလေးတွေသန့်ရှင်းရေးလုပ်နေတာ ခဏကြည့်ပြီးပြောလိုက်ဦးမယ်"

သီတင်းကျွတ်ကျောင်းပိတ်ရက်အတွင်း ကျောင်းမရောက်ခဲ့ သည့် ခင်သဲ ကျောင်းအတွေတွေလုပ်သား ကိုကြီးလှဝင်းနှင့် စတုတ္ထတန်းမှ ကျောင်းသားလေးငါးဦးခေါ်ကာ ကျောင်းသန့်ရှင်းရေးလုပ်နေသည်။ လိုအပ်သည်များကို ရွှေစာရေး လာကူလုပ်ပေးသည်။

"ကဲ… နင် ငါ့ကိုဘာမေးမှာလဲ ခင်သဲ" အနီးပြန်ရောက်လာသူ ခင်သဲကို ရွှေစာရေးမေးလိုက်သည်။

"ဒီမှာ ရွှေစာရေး… ငါမေးတာတော့ နင်မှန်မှန်ဖြေရမယ် နော်"

"အောင်မယ်လေး ဆရာမကြီးရယ် ငါ့ကိုလည်း နင့်တပည့်တွေ ပြောနည်းအတိုင်း ပြောနေပါလားဟာ၊ အဲ… ငါကဘာမှန်မှန်ဖြေရမှာလဲ"

"ဒီလိုဟာ အခုဆိုရင် ရွှေလိပ်ပြာ ရွာပြန်ရောက်နေပြီနော်၊ နောက်ပြီး နင်နဲ့လည်းမကြာခဏ တွေ့ကြတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ… ရွှေလိပ်ပြာ ရွာပြန်ရောက်နေတယ်၊ အခုဆို သူတို့လုပ်ခွင့်ရတဲ့ လယ်တွေ ပြန်ဦးစီးလုပ်နေတယ်၊ ငါလည်း လိုအပ်တဲ့ အကူအညီ တတ်နိုင်သလောက်ပေးတယ်၊ နည်းလမ်းတွေပြောပြတယ်၊ အဲဒါကြောင့် မကြာခဏတွေ့နေရတာပေါ့ဟ… အဲဒါ ဘာဆန်း သလဲ"

"အေး… အဲဒါမဆန်းပေမယ့် ဆန်းတဲ့အကြောင်းလေး ငါမေးချင်တယ် ပြောချင်တယ် နင်စိတ်ထဲမှာရှိတဲ့အတိုင်း ဖြေပါပြောပါ ငါ့ကိုလည်း မငဲ့ပါနဲ့"

ခင်သဲ စကားကြောင့် ရွှေစာရေး ခေါင်းကုတ်လိုက်ပြီး

"ဟာ… နင့်စကားကလည်း အဆန်းပါလား၊ တစ်မျိုးကြီးပဲဟာ"

"အေး… အဲဒါကြောင့် ငါပြောတာပေါ့၊ တစ်မျိုးတော့ ဆန်းမယ်လေ၊ ဒီမှာ ရွှေစာရေး နင်… ရွှေလိပ်ပြာကို ချစ်ခဲ့တယ်နော်"

"ဟ… နင်ကလည်း အဲဒီချစ်တယ်ဆိုတဲ့စကားက ဟိုးလွန်ခဲ့တဲ့ သုံးနှစ်ကျော် လေးနှစ်လောက်အထိမှန်ပေမယ့် သူအိမ်ထောင်ကျပြီးတဲ့နောက် ငါ့အနေနဲ့ ဘယ်လိုပြောရမလည်း ခင်သဲရယ်… ဟို… လေ…"

ရွှေစာရေး စကားမဆုံးခင် ခင်သဲက ဖြတ်၍

"အေး… ငါလိုချင်တာ အဲဒါပဲ၊ နင့်စကားအရ နင်ဟာ တစ်ချိန်က ရွှေလိပ်ပြာကို တစ်ကယ်ချစ်ခဲ့တယ်ဆိုတဲ့ အဖြေပဲ၊ နင် ပြန်စဉ်းစားကြည့်လေ ရွှေလိပ်ပြာကို နင်ငယ်ငယ်ကတည်းက ချစ်ခဲ့တယ်၊ သူ ရှန်ကုန်သွားတော့မယ်ဆိုတော့ နင် သူ့အပေါ်ချစ်တဲ့အချစ် မျိုသိပ်မထားနိုင်တော့ဘူး၊ ဖွင့်ဟခဲ့တယ်၊ သူ့အချစ်ကို စောင့်ခဲ့တယ်၊ နောက်



ဘယ်လိုမှ မဆုံနိုင်တဲ့အဖြေကျမှ နင်စိတ်ပြောင်းပြီး ဘဝပေး အသိနဲ့ ငါ့ကိုချစ်ရေးဆိုခဲ့တာ မဟုတ်လား"

"ဟာ… မဟုတ်ဘူး ခင်သဲ၊ နင်ပြောသလိုလည်း မဟုတ်ဘူး၊ ငါ့ဦးနှောက်နဲ့ ဆုံးဖြတ်တဲ့အသိက နင့်အပေါ်ချစ်တဲ့စိတ်ကို ဖြစ်စေခဲ့တာပါ၊ နင့်ကို ငါတကယ်ချစ်ရဲ့လားလို့ ငါ့စိတ်ကို အထပ်ထပ်မေးခဲ့သလို၊ တကယ်လည်း ငါ့ရဲ့နှလုံးသားမှာ နင့်ကိုနေရာပေးနိုင်ခဲ့တယ်၊ ချစ်ခဲ့တယ်၊ အဲဒါကြောင့်လည်း ချစ်ရေးဆိုခဲ့တာပါဟာ၊ ရွှေလိပ်ပြာကို မျှော်လင့်ချက်မရှိတော့လို့ဆိုတဲ့ စကားကိုတော့ ငါ လက်မခံနိုင်ဘူးဟာ"

"အေးလေ… အခုလို မေးရတာ ပြောရတာ နင် ငါ့ကို ချစ်ရေးဆိုတာ တန်ဖိုးမထားလို့၊ မယုံလို့မဟုတ်ပါဘူးဟာ၊ နင့်ရင်ထဲမှာ တကယ့်မေတ္တာရှိခဲ့တဲ့ ရွှေလိပ်ပြာ ဒီအခြေအနေနဲ့ပြန်လာတော့ နင့်စိတ်ထဲက ဘာပဲပြောပြော ရွှေလိပ်ပြာအပေါ် မသိစိတ်ကတိမ်းသွားမှာအမှန်ပဲ၊ တကယ်လည်း နင်နဲ့ရွှေလိပ်ပြာက တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ရှိခဲ့ကြတာ ငါသိထားတယ်လေ"

"ဟာ… ခင်သဲ အဲဒီလို ဖြစ်သွားစရာအကြောင်းမရှိဘူးဟာ၊ နောက်ပြီး နင်ပြောတဲ့ နောက်လူတို့ အချိန်တို့ဆိုတာ အချစ်နဲ့မဆိုင်ပါဘူး၊ ငါနဲ့ရွှေလိပ်ပြာ ဘာမှမပတ်သက်တော့ဘူး၊ ပတ်လည်းမပတ်သက်ချင်ဘူး၊ ငါသိတာ နင့်ကိုချစ်တယ်၊ တို့နှစ်ယောက်ဘဝထူထောင်ကြမယ် ဒါပဲ"

"ဆရာမ… သားတို့ သန့်ရှင်းရေးလုပ်ပြီးပြီ ဘာဆက်လုပ်ရမလဲ"

"ြော်… သားထူးအောင်ခန့် မင်းတို့အဖွဲ့ပစ္စည်းတွေသိမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြန်လို့ရပါပြီ၊ ကိုကြီးလှဝင်းကို ကျောင်းအခန်းတံခါးတွေပိတ်ပြီးမှပြန်လို့ ပြောလိုက်နော်”

“ဟုတ်ကဲ့ ဆရာမ… သားတို့သွားပြီ၊ ဦးရွှေစာရေးရှိတော့ ဆရာမကို မစောင့်တော့ဘူးနော်”

“အေး… အေး”

ကျောင်းသားလေးအုပ်စု ထွက်သွားတော့မှ ခင်သဲလည်း ကျောင်းအုတ်ခုံလေးတွင် ထိုင်လိုက်ရင်း…

“ရွှေစာရေး နင်ယောကျ်ားလေးတစ်ယောက်ပါ၊ အမှန်ကို အမှန်အတိုင်း ဝန်ခံစမ်းပါ၊ ငါတောင် မိန်းကလေးတစ်ယောက်အနေနဲ့ နင့်ကို ပွင့်ပွင့်လင်းလင်းပြောနေတာပဲဟာယ်၊ တကယ်လည်း ရွှေလိပ်ပြာ အိမ်ထောင်ကျသွားတဲ့အထိ နင်ချစ်လျှက်နဲ့ စွန့်လွှတ်ပြီး အနစ်နာခံပြီး ရပ်ရေး ရွာရေးအတွက် ဦးစားပေးခဲ့တယ်ဆိုတာ ငါ့ကို တက်ပုပြောလို့ သိပြီးပါပြီ၊ အဲဒါ မုန်းလို့ကွဲကွာခဲ့ရတာမဟုတ်ဘူးနော်၊ အခု ရွှေလိပ်ပြာနဲ့ ပြန်တွေ့ရတော့ ချစ်တဲ့လူကို ပြန်တွေ့ရတာပဲ၊ မုန်းတဲ့လူကို ပြန်တွေ့ရ တာမှ မဟုတ်တာ၊ ငါပြောတဲ့စကားက နင့်ကိုယ်စား ငါခံစားချက်နဲ့ သုံ့ပြီး ငါကိုယ်တွေ့ပြောတာ ရွှေစာရေး”

“ဘာ… နင့်ကိုယ့်တွေ့ဟုတ်လား… ခင်သဲ… နင်… နင့်မှာ ရည်းစားတွေ ချစ်ရမယ့်သူတွေ့ထားပြီပေါ့ ဘယ်တုန်းက… ဘယ်သူနဲ့ ချစ်ခဲ့…”

“ငါ ပြောတာဆုံးအောင်နားထောင်စမ်းပါ ရွှေစာရေးရာ၊ ငါ ရှင်းရှင်းပြောမယ်၊ ရင်ထဲကအရှိအတိုင်းပြောမယ်၊ နင် ရွှေလိပ်ပြာကို ငါကနေတစ်ဆင့် ပြောပေးဖို့ အသိပေးတဲ့အချိန်မှာ ငါတကယ်ခံစားသွား ရတယ် ရွှေစာရေး အဲဒါ ဘာ့ဖြစ်လို့လည်းဆိုတာ နင် ငါ့ကို မမေး



သင့်တော့ဘူး၊ ဒါပေမယ့် ငါ နင့်အပေါ်မုန်းမသွားခဲ့ဘူး၊ နင်စိတ်ချမ်းသာတာ ပျော်ရွှင်တာတွေ့ရရင် ငါစိတ်ချမ်းသာတယ်၊ ငါကျေနပ်တယ်၊ နင် စိတ်မဆင်းရဲစေချင်ဘူး အဲဒါကြောင့်”

“ဟာ… ခင်သဲရာ… ငါနည်းနည်းတောင်မသိခဲ့ဘူးဟာ… ဒါဆို နင် ငါ့အပေါ်မှာ ဟိုတုန်းကတည်းက ချစ်… ချစ်နေတာပေါ့ နော်”

“မေးမနေပါနဲ့ ရွှေစာရေးရယ်၊ အဲဒါကြောင့် ရင်ထဲကအရှိကို အမှန်အတိုင်းပြောပါလို့၊ အထပ်ထပ်ပြောနေတာပေါ့၊ ငါက မိန်းကလေး ပါ ရွှေစာရေးရယ်၊ ယောကျ်ားလေးလိုတော့ ဘယ်ဟုတ်ပါ့မလဲဟာ၊ နင် နားလည်ပါတယ်၊ အဲဒီလို မိန်းကလေးတစ်ယောက်အနေနဲ့ အခုထိ ဒီအတိုင်းပဲ ခံစားရတုန်းဆိုရင် နင့်အနေနဲ့လည်း ရွှေလိပ်ပြာအပေါ် ဘယ်လိုခံစားရမယ်ဆိုတာ…”

“တော်ပါတော့ ခင်သဲရာ၊ ငါအမှန်အတိုင်းပြောရရင် ရွှေလိပ်ပြာကို မုန်းသွားလို့၊ မေ့သွားလို့ ချစ်ရေးဆိုတာလည်း မဟုတ်ဘူး၊ သူနဲ့ အခုလိုပြန်ဆုံရတော့ တစ်ခါတစ်လေစိတ်ကူးထဲ အတင်းဝင်ရောက် လာတာလည်း မှန်တယ်၊ သူ့မျက်နှာပေါ်က အပြုံးချိုချိုကို ငါရင်မဆိုင်ဝံ့ ဘူး၊ ဒါကြောင့်လည်း မလွှဲသာတဲ့အရေးအကြောင်းရှိမှသာ ဆုံတယ်၊ တွေ့တယ်၊ အဲဒါကြောင့် အခုအချိန်မှာ နင့်ကိုငါပြောခဲ့သလို ဦးနှောက်နဲ့ ဆုံးဖြတ်ရမဲ့အချိန်ပါ၊ ဘဝမှာဖြစ်ချင်တာထက် ဖြစ်သင့်တာကိုလုပ်သင့် ပါတယ်၊ ငါ့ဖက်က နင့်ကိုရွေးတာ၊ ချစ်တာ မှန်တယ်၊ အဲဒါကြောင့် ကျန်ခဲ့တာတွေ မတွေးပါနဲ့ ခင်သဲရာနော်…လို့”

ရွှေစာရေးကား ခင်သဲပခုံးကိုင်လှုပ်ရင်းမေးနေသည်။ ခင်သဲ ထိုင်ရာမှ ထလိုက်ရင်း

“ကျန်ခဲ့တဲ့ဖြစ်ရပ်တွေကို ပြောနေတာမဟုတ်ဘူး အခုအခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေကို ပြောနေတာ ရွှေစာရေး၊ ငါလိုချင်တဲ့အဖြေ နင်ပြောပြီးသွားပြီ၊ ငါသိချင်တာလည်း ဒါပဲ၊ အဲဒီတော့ နင့်စိတ် နင်မညာပါနဲ့၊ ငါ့ခံစားချက်နဲ့ရင်းထားတဲ့အသိနဲ့ ယှဉ်ပြီးပြောတာ၊ အဲဒီတော့ နင် ရွှေလိပ်ပြာနဲ့ ဘဝထူထောင်ဖို့ လက်တွဲဖို့ ကြိုးစားပါဟာ၊ အခုအချိန်မှာ ရွှေလိပ်ပြာဟာ ဘဝသစ်တစ်ခုနဲ့ တစ်ယောက်တည်း လျှောက်လှမ်းနေရတဲ့အချိန်မှာ နင်ဖေးကူရမယ်၊ အဲဒါ နင်ပြောတဲ့ ဖြစ်သင့်တာလုပ်တာပဲ ရွှေစာရေး ... ကဲ... ငါသွားတော့မယ်"

ပြောရင်း မပြေးရုံတမည် ထွက်သွားသည့် ခင်သဲကို ရွှေစာရေး မတားနိုင်လိုက်၊ ခင်သဲ စကားများအား သူ့ရင်ထဲကခံစားချက်ကို တကယ်သိနေသလိုပြောနေသည့်အလား၊ ခင်သဲ ဘယ်လိုဖြစ်နေသည်ကိုလည်း သူသိလိုက်ရပြီး အံ့ပုန်းလှမသိသည့် ခင်သဲ၊ တစ်ဖက်ကလည်း ငယ်ငယ်ကတည်းကချစ်ခဲ့ရသည့် ငယ်ချစ်ဦး၊ ရွှေစာရေး ခေါင်းတွင်တွင်ခါလိုက်ပြီး ထလိုက်ရင်း လေးလံသောခြေလှမ်းများဖြင့် အိမ်အပြန်ဘဲ လယ်ကွင်းဘက် ထွက်လာမိသည်။

◈◈◈◈◈

## အခန်း (၂၉)

"ငါပြောခဲ့တဲ့စကားတွေက ရွှေစာရေးလည်း ပြောပြီးပြီ ရွှေလိပ်ပြာ၊ နောက်ပြီး နင်နဲ့ ငါနဲ့က သူငယ်ချင်းတွေလည်းဖြစ် ငယ်ငယ်ထဲက ညီမတွေလိုနေခဲ့ကြတာ အဲဒါကြောင့် အခုလို ပွင့်ပွင့်လင်းလင်းတိုင်ပင်တာပေါ့ သူငယ်ချင်းရာ"

"နင့်စကားကြားရတော့ ငါဝမ်းနည်းမိသလို နင့်အပေါ်လည်း ကိုယ်ချင်းစာပါတယ် သူငယ်ချင်းရာ၊ အခုလို ပြောတာတွေလည်း သဘောပေါက်နားလည်ပါတယ်၊ ရွှေစာရေးအနေနဲ့လည်း ငါနဲ့လွဲခဲ့ပြီး ချစ်သူရွေးတဲ့နေရာမှာ နင်ကလွဲပြီး ဖြစ်သင့်တဲ့လူဆိုတာလည်း မရှိပါဘူးလေ၊ နင်ကလဲ ဘာကိုမှထည့်စဉ်းစားစရာမလိုဘဲ ရွှေစာရေး အချစ်ကို လက်ခံသင့်တယ်ဟာ"

"နင်ပြောတာမှန်ပါတယ် သူငယ်ချင်း ရွှေစာရေး နင့်အပေါ် ဘယ်လောက်ချစ်တယ် သံယောဇဉ်ရှိတယ်ဆိုတာ ငါအသိဆုံးပါ နောက်ပြီး နင်နဲ့သူ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက် သံယောဇဉ်ရှိတယ်ဆိုတာ နင်တို့အသိဆုံးပါ ဘဝပေးအခြေအနေတို့ကြောင့် ကွဲကွာသွားကြရတာမဟုတ်လား၊ အခုလိုအချိန်မျိုးမှာ နင့်အပေါ် ရွှေစာရေး ဘယ်လို သဘောထားမယ် ဘယ်လို ဖြစ်နေတယ်ဆိုတာ ငါ တယ် သူငယ်ချင်း၊ အဲဒါကြောင့် ရွှေစာရေးဖက်က ဖွင့်ပြောလာရင် ချမ်းမိရင် တွေက စီစဉ်လာရင် နင်လက်ခံသင့်တယ်လို့ ထင်တယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"အို… မဖြစ်နိုင်တော့ပါဘူး ခင်သဲရာ… ငါတို့ဘဝတွေက အချိုးအကွေ့တွေ ဖြစ်ကုန်ပြီလေ… ငါလည်း အိမ်ထောင်ကျခဲ့၊ အိမ်ထောင်ပြိုကွဲခဲ့ပြီ၊ နှင့်ကိုလဲ ရွှေစာရေးက ချစ်တဲ့အကြောင်း ဖွင့်ပြောပြီး အဖြေတောင်းထားတဲ့ကာလ နေပါစေတော့ သူငယ်ချင်း၊ ကိုယ့်လမ်းကိုယ်လျှောက်လို့ရပါပြီဟယ်"

"မရဘူး သူငယ်ချင်း၊ နှင့်ကိုရှင်းရှင်းပြောရရင် တစ်ဦးနဲ့တစ်ဦး မကွယ်ဝှက်တမ်းပြောကြကြေးဆိုရင် ရွှေစာရေးက နှင့်ကိုချစ်တဲ့ အကြောင်းပြောပေးဖို့ အကူအညီတောင်းတဲ့အချိန်မှာ ငါ ဘယ်လိုခံစား သွားရသလဲလို့ နှင် မေးပါဦးလား၊ အဲဒီအချိန်မှာ ငါ ရွှေစာရေးကို ကြည့်ပြီး ငိုချင်နေတယ်၊ ဝမ်းနည်းနေတယ်၊ ငါ့စိတ်ကူးယဉ်အိပ်မက် လေးတွေ ပြိုကွဲသွားပြီလို့ ခံစားလိုက်ရတယ်၊ နှင် သဘောပေါက်ပါ တယ် ရွှေလိပ်ပြာ၊ ဒါပေမယ့် တစ်ဖက်ကလဲ… နှင်ဟာ ငါအလွန်ချစ် တဲ့ခင်တဲ့ သူငယ်ချင်းဖြစ်နေသလို၊ ရွှေစာရေးဟာလည်း ငါ့ရဲ့ ငယ်ပေါင်း သူငယ်ချင်း၊ နောက်ပြီး ငါ တိတ်တခိုး ချစ်မြတ်နိုးခဲ့ရတဲ့သူ။ ဒါကြောင့် နှင်တို့နှစ်ယောက်ကို…"

"မပြောပါနဲ့တော့ ခင်သဲရာ၊ ငါ စိတ်အရမ်းထိခိုက်ရတယ်ဟာ၊ အဲဒီလောက်အထိ ငါဘာမှမသိခဲ့ဘူး၊ မထင်မိခဲ့ဘူးဟာ…"

"ဟုတ်တယ်လေ ရွှေလိပ်ပြာ၊ နှင်လည်း သိစရာမလိုဘူးလို့ ငါထင်တယ်၊ အခုတောင် ဒီလိုပြောရတာလည်း ပြောသင့်တဲ့အချိန်မို့ပါ၊ နောက်ဆုံး နှင့်အပေါ် ရွှေစာရေးချစ်တယ်ဆိုတာ သိရတဲ့အချိန်မှာတောင် ငါ ဘယ်လိုမှ ရွှေစာရေးကို မမုန်းနိုင်ခဲ့မိဘူး၊ အချစ်မပျယ်ခဲ့ဘူး၊ ဒါရင်ထဲက အရှိကိုအရှိအတိုင်းပြောတာ၊ တစ်ခါတစ်လေ မျှော်လင့်မိတဲ့ အထိ တောင်ဖြစ်သွားမိတယ်၊ ရွှေစာရေးမှာလည်း နှင် ရွာကထွက်ဟဲ့



အချိန်၊ နှင်က သူ့ကို မြို့ကိုခေါ်တဲ့အချိန်၊ နောက် နှင်အိမ်ထောင်ကျသွား တဲ့အချိန်တွေမှာ သူအရမ်းခံစားရတဲ့ကာလတွေပါ၊ ငါတို့က တစ်ရွာထဲ မှာအတူနေကြတဲ့ သူငယ်ချင်းတွေဆိုတော့ သိနေတာပေါ့ဟာ…"

ခင်သဲ စကားကိုဖြတ်လိုက်ရင်း ကျလာသည့်မျက်ရည်ကို လက်ဖမိုးနှင့်သုတ်နေသည်။ ရွှေလိပ်ပြာမျက်ဝန်းတွင် မျက်ရည်တွေရှိ လျှက်

"အဲဒီလို ခံစားဖူးတဲ့ လူတစ်ယောက် နှင် အခုလိုအခြေအနေ မျိုးနဲ့ ရွာပြန်ရောက်လာတယ်ဆိုတော့ သူ့ရဲ့ရင်ထဲမှာ ဘယ်လိုဖြစ်သွား နိုင်သလဲ နှင်စဉ်းစားဦးလေ၊ တစ်ဖက်မှာလည်း ငါ့ကို ချစ်ရေးဆိုထား မိပြီး သူ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ သူ့ကို ငါပေးမယ့်အဖြေကို အပြီး ရုပ်သိမ်းလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ရွှေစာရေးဟာ နှင့်အတွက်နဲ့ အပြော အဆိုခံပြီး အချစ်စစ်အချစ်မှန်နဲ့ ချစ်ခဲ့တဲ့သူမို့ နှင်စဉ်းစားပေးပါ။ နောက် ပြီး ရွှေလိပ်ပြာက နှင့်ကို ပြန်ပြီးမျှော်လင့်နေတယ်လို့ ငါ ပြောလိုက်ပါရ စေ၊ ပြောခွင့်ပြုပါဟာ၊ ငါလည်း အိမ်ကစီစဉ်ထားတဲ့ မိုးမြင့်ကို လက်ခံ လိုက်တော့မယ်ဟာ…"

"ဟို… ခင်သဲ နှင်… မိုးမြင့်ကိုမချစ်ဘဲ လက်မခံပါနဲ့၊ အနစ်နာမခံပါနဲ့ နောက်ပြီး ရွှေစာရေးကိုလည်း အဲဒီလိုမပြောပါနဲ့၊ ငါ တောင်းပန်ပါတယ်ဟာ…

"ရွှေလိပ်ပြာရယ်… ကိုယ့်စိတ်ကိုယ်မညာပါနဲ့ဟာ၊ ဒီအခြေ အနေမျိုးမှာ နှင်တို့နှစ်ယောက် ပြန်ပေါင်းထုတ်ရမယ့်ဘဝပါ။ ငယ်ငယ် ကတည်းက အတူကစား၊ အတူနေ၊ အတူစား၊ အတူကျောင်းသွား၊ နောက်တော့ချစ်တတ်၊ ကြိုက်တတ်တဲ့အရွယ်မှာ ချစ်ခဲ့ဖူးတဲ့သူတွေ မဟုတ်လား၊ အဲဒါကြောင့် ပြောလိုက်ချင်တာပါ၊ စဉ်းစားပါ ရွှေလိပ်ပြာ ရယ်…"

www.burmeseclassic.com

www.burmeseclassic.com



ခင်သဲစကားကြောင့် ရွှေလိပ်ပြာ မျက်ရည်စတွေကျလာသည်။ အဝေးတစ်နေရာလှမ်းကြည့်ရင်း…

"ခင်သဲရယ်… အားလုံးစိတ်ချမ်းသာအောင် ငါလုပ်ပေးပါ မယ်၊ အဓိက နင်ပေါ့၊ ဒါပေမယ့် ငါ့ကိုတော့ စဉ်းစားခွင့်ပေးပါဦး ခင်သဲ ရယ်…"

ရွှေလိပ်ပြာစကားကြောင့် ခင်သဲ အားရဝမ်းသာစွာဖြင့် ရွှေလိပ် ပြာလက် ဆုပ်ကိုင်လိုက်ကာ…

"ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်၊ စဉ်းစားပေးပါနော်၊ ကဲ… ငါပြန်တော့မယ် သူငယ်ချင်း…"

နှုတ်ဆက်ကာ ရွှေလိပ်ပြာ၏နှစ်ဆောင်ပြိုင်အိမ်ကြီးပေါ်မှ ဆင်းလာ ခဲ့သည်။ ရွှေလိပ်ပြာတစ်ယောက် လသာဆောင်ဘက် ထွက်လာရင်း ခြံဝသို့ရောက်သွားပြီဖြစ်သော ခင်သဲကိုကြည့်ကာ ခင်သဲ ပြောသွားခဲ့ သောစကားများ နားထဲမှမထွက်တော့၊ စကားသံများ ပဲ့တင်ထပ်နေသည်။

ဩဩဩဩဩ

## အခန်း (၃၀)

"ပြောချင်တာတော့ အဲဒါပါပဲ လူမွန်ရာ၊ အခုလိုဖြစ်နေတဲ့ အခြေအနေမျိုးမှာ ငါ့အနေနဲ့ တစ်ခုခုဆုံးဖြတ်ပြီး ပြတ်သားလိုက်မှ ဖြစ်မယ်ဟ"

ရွှေလိပ်ပြာက၊ သူမနှင့်ပတ်သက်နေသည့် ရွှေစာရေးကို ခင်သဲ တို့ အကြောင်းတွေကို လူမွန်အားရှင်းပြနေသည်။

"အဲဒီတော့ နင်က ဘယ်လိုပြတ်သားပြီး ဘာ ဆုံးဖြတ်မှာ လဲဟ"

လူမွန်က ရွှေလိပ်ပြာကိုကြည့်ရင်း မေးလိုက်သည်။

"ဒီလိုဟာ… လူမွန်ရာ၊ နင်လည်းကြားဖူးမှာပေါ့ ငါစဉ်းစား ထားတာတစ်ခုက အတုလက်ထပ်ဖို့ကိစ္စဟ"

ရွှေလိပ်ပြာက ပြောလက်စ စကားကိုဖြတ်ထားရင်း လူမွန်ကို ကြည့်နေသည်။ လူမွန်က မျက်မှောင်ကြုတ်လိုက်ရင်း

"အေးလေ… ကြားဖူးသားပဲ၊ နိုင်ငံခြားမှာဆို ဒါတွေမဆန်းဘူး လေ၊ အဲဒါနဲ့ ဘာဆိုင်လို့လဲဟ"

"ဩော်… လူမွန်ကလည်း နားဝေးနေပြန်ပါပြီ၊ ငါ ရှင်းရှင်း ပြောမယ်ဟာ၊ သူတို့နှစ်ယောက် အမြန်နီးစပ်ရေးအတွက် တို့နှစ်ယောက် ပေါင်းပြီး ကူညီမှဖြစ်မယ်၊ အဲဒီတော့ နင်နဲ့ ငါနဲ့…"

www.burmeseclassic.com

www.burmeseclassic.com



ရွှေလိပ်ပြာက ခေါင်းငုံ့သွားကာ ပြောလက်စ စကားကိုဖြတ်လိုက်သည်။ လူမွန်မှ ခေါင်းကုတ်ရင်း

"သြော်... ငါသိပြီ၊ ခုဇက အဲဒီပုံစံမျိုးဖြစ်အောင်စီစဉ်လိုက်ရင်၊ ရွှေစာရေးရော၊ ခင်သဲပါ နှင့်အပေါ်ငှဲ့စရာမလိုတော့ပဲ၊ သူတို့နှစ်ယောက် မြန်မြန်နီးစပ်သွားမယ်လို့ ထင်တာမဟုတ်လား၊ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ရွှေလိပ်ပြာရယ်... လူကြီးတွေသိရင် လက်ခံပါ့မလား။ နောက်ပြီး တို့ရွာ အနေအထားလည်း ထည့်စဉ်းစားရမယ်လေ၊ ဒါမျိုး သူတို့ သဘောပေါက်ပါ့မလား"

"အေး....အဲဒါတွေ နောက်မှ အဖြစ်မှန်ကို အသိပေးကြတာပေါ့ဟာ၊ အားလုံးကို အခုနေတိုင်ပင်ရင် ဘယ်သူမှ လက်ခံကြမှာမဟုတ်ဘူး၊ တို့ရွာကထွက်သွားပြီးမှ တိုးတိုးတိတ်တိတ် လူကြီးတွေကို စာရေး အသိပေးခဲ့မယ်လေ၊ အားလုံးရှည်မှန်းချက်ပြည့်မှ လူကြီးတွေက တစ်ခင့် ဖွင့်ပြောကြရင် သူတို့လည်းအံ့သြဝမ်းသာ၊ အမြင်ရှင်းသွား၊ တို့ကိုလည်း ကျေးဇူးတင်၊ ရွှေစာရေးနဲ့ခင်သဲတို့လည်း အမြန်နီးစပ်သွားကြ၊ မကောင်းဘူးလား"

ရွှေလိပ်ပြာက သူတွေးထင်ထားသည်များ လူမွန်ကို ရှင်းပြနေသည်။ လူမွန်က ရွှေလိပ်ပြာအစီအစဉ်ကို သဘောကြသွားသည်။

"အေး...အဲဒါကောင်းတယ်၊ ငါသဘောပေါက်ပြီ အခုအချိန်မှာ ဒီလိုမှမလုပ်ရင် မဖြစ်တော့ဘူးနော်၊ ကဲ နင်လဲ ပိပိရိရိလုပ်၊ သူများတွေယုံအောင် ငါလဲ ပိပိရိရိလုပ်မယ်၊ ရွာကထွက်မဲ့အချိန်နဲ့ အစီအစဉ်တွေကို အသေးစိတ်ညှိနှိုင်းကြတာပေါ့၊ ကဲ....ငါပြန်လိုက်ဦးမယ်၊ ရွှေလိပ်ပြာ"

"အေး......အေး"



လူမွန်ကား ရွှေလိပ်ပြာ အိမ်ပေါ်မှဆင်းပြန်လာရင်း လမ်းတစ်လျှောက်လုံး၊ ရွှေလိပ်ပြာ ပြောသည့်စကားများ၊ ရွှေစာရေးနှင့် ခင်သဲတို့ အကြောင်းများစဉ်းစားနေမိသည်။ ထို့အတူ သူနှင့် ရွှေလိပ်ပြာတို့၏ အစီအစဉ်ကြောင့် ရွှေစာရေးနှင့် ခင်သဲတို့၏ ပျော်ရွှင်စရာ ကောင်းသော နေ့ရက်တွေဖြစ်လာမည်ကို အတွေးစိတ်ကူးဝယ် ပုံဖော်လျက်၊ ကျေနပ်လျက်ရှိသည်။

"ဟေ့ကောင် လူမွန်....ဘာတွေစဉ်းစားလွန်နေတာလဲ၊ ငါ့ကို တောင် မမြင်ပါလား၊ ဘယ်ကပြန်လာတာလဲ"

"ဟာ... တက်ပု... ဟိုကွာ... ရွှေလိပ်ပြာတို့အိမ်က ပြန်လာတာကွ"

"ဟေ.. ဟုတ်လား... အခုရွှေလိပ်ပြာအိမ်မှာရှိတယ်ပေါ့၊ သူ့အစ်ကို ကိုကျော်လင်းရောတွေ့ခဲ့လား၊ သူတို့မောင်နှမတွေနဲ့ တိုင်ပင်ထားတဲ့ကိစ္စ၊ စာရောက်လာလို့ကွ"

"ဟ... ဘာများလည်း တက်ပုရ၊ ငါမသိရဘူးလား၊ ဘာကိစ္စလဲ"

"ဒီလိုကွာ... မီးကိစ္စပါ"

"ဘာလဲကွ မီးကိစ္စဆိုတာ၊ မင်းဟာက အလန့်တကြားနဲ့"

"ဒီလိုပါကွာ... ရွာမှာပေးနေတဲ့ အင်ဂျင်မီးအပြင်၊ အခု အိမ်တိုင်းရွာတိုင်းမီးလင်းဖို့ နွားချေးကထွက်တဲ့ ဓာတ်ငွေ့နဲ့ အင်ဂျင်လည်ပြီး မီးထွန်းနိုင်ဖို့ နိုင်ငံအနှံ့ ကျေးလက်ဒေသတွေမှာ ကြိုးပမ်းနေကြပြီကွ၊ ရွှေလိပ်ပြာတို့နဲ့ တိုင်ပင်ထားတာရှိလို့ အသေးစိတ်စီစဉ်စရာတွေ သွားပြောလို့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ဘယ်လို နွားချေးဓာတ်ငွေ့နဲ့ လည်မဲ့မီးဟုတ်လား"

"ဟုတ်တယ် လှမွန်၊ မင်းမှာလည်း နိုင်ငံခြားပြန်ဖြစ်နေပြီး ဗဟုသုတနည်းရန်ကောကွာ၊ တီဗွီတွေ၊ သတင်းစာတွေ သေသေချာချာ ကြည့်ဦး၊ အခု တို့နိုင်ငံမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ နည်းပညာ ပံ့ပိုးမှုနဲ့အတူ တို့တစ်တွေ မွေးမြူထားတဲ့ ကျွဲတွေ၊ နွားတွေရဲ့ ချေးတွေ ကို၊ စနစ်တကျ တည်ဆောက်ထားတဲ့ အုတ်ကန်ထဲမှာသိုလှောင်ပြီး ဓာတ်ငွေ့ထုတ်၊ အဲဒီ ဓာတ်ငွေ့နဲ့ အင်ဂျင်စက်လည်း လျှပ်စစ်ထွက်၊ တစ်အိမ်ထောင်မှသည် တစ်ရွာလုံးမီးလင်း၊ မီးထွန်းလို့ရပြီကွ"

"ဟာ… တယ်ဟန်ကျပါလား"

"အေး အဲဒါတင်မဟုတ်ဘူး၊ မင်းတစ်ပါတည်းသိအောင် ပြောလိုက်မယ်၊ ဓာတ်ငွေ့ထုတ်ပြီးသွား နွားချေး၊ ကျွဲချေးအပေါင်းကို လည်း အာနိသင်ပိုရှိတဲ့ သဘာဝမြေဩဇာအဖြစ် စိုက်ပျိုးရေးမှာ အသင့် သုံးလို့ ရသေးတယ်ကွ"

"ဟာ… သိပ်ကောင်းတဲ့အစီအစဉ်ပါလား တက်ပု၊ မင်းက သေသေချာချာသိနေတယ် ဟုတ်လား"

လှမွန်စကားကြောင့် တရွက်ဗိုင်တွေ ချိုင်းကြားညှပ်ထားရင်း လက်တစ်ဖက်မှ လက်မထောင်ရင်ကော့လိုက်ရင်း

"ဘာလဲ… မင်းက မယုံလို့လား၊ မင်းတို့ ရွာစာရေးတို့ ပြည်သူ့ စစ်သင်တန်းတက်တဲ့ရက်က၊ အခုလက်ရှိအသုံးပြုနေတဲ့ ကျောက်ဆည် မြို့နယ်ထဲသွားပြီး လေ့လာခဲ့ပြီးပြီကွ၊ ငါက သိချင်တာ လေ့လာချင်တာရှိ ရင် စိတ်မြန်ကိုယ်မြန်ဆိုတာ မင်းလည်းအသိသားပဲ၊ ဟိုက ရွာတွေမှာ နီဝဓာတ်ငွေ့ခေါ်တဲ့ နွားချေးကထွက်တဲ့ ဓာတ်ငွေ့တွေနဲ့ မီးစက်တွေ လည်ပြီး တစ်ရွာလုံး မီးကို ထိန်လို့လင်းလို့"



"ဟာ… ယုံပါတယ် တက်ပုရာ၊ မင်းက ဂယနထာသိနေ တော့ အံ့သြသွားတာပါဟာ၊ ဒါဆို တို့ ကျေးလက်ပြည်သူလူထုအတွက် အမှိုက်ထဲက ရွှေဖြစ်တဲ့ ကိန်းပေါ့"

"အေး… ပြောလို့ရတာပေါ့ကွာ… ဒါပေမယ့် တစ်ရွာလုံး မီးလင်းဖို့ဆိုရင် နွားချေးလှောင်ကန်တို့၊ အင်ဂျင်စက်တို့ မီးကြိုး၊ မီးချောင်း တို့အတွက် အရင်းအနှီးက အသင့်အတင့်ရှိနေပြန်တော့ တို့ရွာမှာ တစ်ပိုင်တစ်နိုင် စံပြအနေနဲ့ အလိုက်အထိုက်ငွေကြေးလည်းတတ်နိုင်၊ စိတ်ဝင်စားမှုလည်းရှိတဲ့ ရွှေလိပ်ပြာတို့ မိသားစုနဲ့၊ ဟိုရွာအရှေ့ပိုင်းက ဘကြီး ကြီးငွေရယ် ရှေ့ပြေးနမူနာလုပ်ဖို့ ဆွေးနွေးထားတာကွာ၊ အခု ဌာနဆိုင်ရာအဖွဲ့တွေ လာရောက်ပံ့ပိုးတည်ဆောက်တော့မှာမို့ ရွှေလိပ်ပြာ အစ်ကိုတွေနဲ့ လုပ်စရာရှိတာတွေ တိုင်ပင်မလို့ကွ၊ ဟောဒီမှာ ပုံစံတွေ ရော ထွက်ချက်ထားတာတွေ ရော ပါလာတယ်၊ တို့ရွာဘုရားပွဲအမီ မှန်းထားတယ်ကွ၊ နောက်မှ အသေးစိတ် မင်းကို ပြောဦးမယ်"

ပြောရင်း တက်ပုမှ ရွှေလိပ်ပြာတို့ အိမ်ဘက်သွားရန် ခြေလှမ်း ပြင်နေသည်။ လှမွန်က -

"အေး… ကောင်းတယ် တက်ပု၊ အကောင်အထည် မြန်မြန်ဖော်ကွာ၊ လက်တွေ့မြင်ရတော့ စိတ်ဝင်စားတဲ့ ကိုရွာသားတွေ၊ တစ်ဦးတစ်ယောက်တည်း မတတ်နိုင်ရင် စုပေါင်းအကောင်အထည် ဖော်ကြတာပေါ့ကွာ"

"အေး… အဲဒီအတွက် ငါကြိုးစားနေတာကွ၊ ဒါမှ ဒီရွာမှာ တက်ပုက ဇီဝမြေဩဇာနဲ့ မီးလင်းရေး စံပြလူသားဖြစ်မှာကွ၊ ကဲ… ငါသွားပြီ…"

"အင်း"… "အို…"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... လူတောင်မမြင်ဘူးလား ဖယ်စမ်း၊ တကယ်ထဲ ကျွဲလိုက်နွားလိုက်လို့ ပြေးလာတာကျနေတာပဲ... ဟင်း..."

တက်ပု၊ လှမွန်ကို နှုတ်ဆက်ပြီး ကဗျာကယာလှည့်အထွက်၊ ရွာတောင်ပိုင်း အပျိုကြီး မနှင်းမေကို ဝင်တိုက်မိသဖြင့် အပျိုကြီးရင်ခွင်ထဲသို့ ခေါင်းရောက်သွားသဖြင့် မနှင်းမေ ဒေါပွသွားခြင်းဖြစ်သည်။ တက်ပုမှ ခြေကားရား လက်ကားရားဖြင့်

"ဟာ... မတော်လို့ပါ မနှင်းမေရာ၊ ဟောဒီ လှမွန်ကို မီး... မီး... အကြောင်း ရှင်းပြရင်း လောသွားလို့ပါ၊ တောင်းပန်ပါတယ်ဗျာ ချော်... ချော်..."

"ဟင်း... ဘာမီးလဲ... လူကိုက ပုသလောက် ဗျာယာခတ်နေတာပဲ"

လှမွန်တစ်ယောက် အပျိုကြီး မနှင်းမေနှင့် တက်ပုအဖြစ်ကြောင့် တဖက်လှည့်ပြီး ရယ်လိုက်မိသည်။

*****

# အခန်း (၃၁)

"ရွှေလိပ်ပြာနဲ့ လှမွန် ခိုးရာလိုက်ပြေးပြီတဲ့..."

"ဟယ်..." "ဟယ်..." "တကယ်..." စသည့်အသံများ အလုပ်လုပ်နေသည့်အဖွဲ့အသီးသီးမှ ပြောနေကြသည်။ ပန်းတောရွာဘုရား ပွဲတော်နီးလာသဖြင့် ပွဲတော်ကျင်းပမည့် ကျောင်းဝန်းကြီးအတွင်း ရွာသူ ရွာသားများမှ သန့်ရှင်းရေးလုပ်၊ ငါးခုတ်၊ ဓာတ်ရုံဆောက်၊ နီးဖျာနေကြရာ လူစုံနေသည်။ ရွှေစာရေးနှင့် တက်ပုအား ငါးခုတ်သည့်အဖွဲ့တွင်ပါသည်။ ဝါးရုံများမှ ဓာတ်ရုံဆောက်မည့်နေရာ ဝါးထမ်းပို့ပြီး ပြန်လာသည့် တက်ပုမှ ရွှေစာရေးကို လက်တို့ခေါ်လိုက်ပြီး...

"ရွှေစာရေး... ခင်း ကြားပြီးပြီလား"

"ဘာများလဲ... တက်ပုရ၊ ငါက ဘာကြားရမှာလဲ"

"အို... ဟိုကွာ ညက ရွှေလိပ်ပြာနဲ့ လှမွန် ခိုးရာလိုက်ပြေးပြီကွ"

"ဟင်း... ဟုတ်ရဲ့လားကွ၊ သူတို့နှစ်ယောက်အကြောင်း ဘာသံမှလည်း မကြားမိပါလား"

"ဟာ ဘာသံမှမကြားပေမယ့် အခု ဟုတ်နေပြီကွ၊ ဘကြီးဒိုးမောင်တောင် လှမွန့်အဖေ ဦးသာညဏ်နဲ့ သူတို့နောက် လိုက်စုံစမ်းတယ်လို့ ကြားတယ်၊ အဲဒါကြောင့် ဒီနေ့ ဘကြီးဒိုးမောင်ကို မတွေ့တာကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဒါဆို သေချာလောက်ပြီပေါ့၊ ဪ… ရွှေလိပ်ပြာ… ရွှေလိပ်ပြာ…"

"ဟောကောင်… ရွှေစာရေး၊ မင်းမျက်နှာ ဘာဖြစ်သွားရတာလဲကွာ…"

"ဟာ လာမှမဖြစ်ပါဘူး တက်ပုရာ၊ ကဲ ဟိုဘက်ဝါးရုံဘက် သွားကြရအောင်…"

"နေစမ်းပါဦး ရွှေစာရေးရာ ငါသိပါတယ်၊ မင်းရယ် ခင်သဲရယ် ရွှေလိပ်ပြာရယ် အကြောင်းသိပြီးပါပြီကွာ၊ ကဲ… သူငယ်ချင်း ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ သူတို့ ဖူးစာကံပါလို့ အခုလို ဖြစ်သွားကြတာပေါ့ကွာ…"

"ဟာ… မင်းကလဲ ငါ့ဘာမှ စိတ်မကောင်းဖြစ်စရာ မရှိပါဘူးကွာ၊ အံ့ဩလို့ပါ၊ ကဲလာ ဟိုအဖွဲ့တောင် ဝါးရုံပြောင်းသွားပြီ သွားစို့…" ဟုပြောရင်း ရွှေစာရေးလှည့်ထွက်သွားသည်။

ရွှေစာရေးက ဘာမှမဖြစ်သလို ဟန်ဆောင်ပြောလိုက်ရပေမဲ့၊ သူ့ရင်ထဲမှာ ပဟေဠိတစ်ပုဒ်ကို ခံစားရသလိုဖြစ်နေလေသည်။ ခင်သဲတို့ အမျိုးသမီးဝိုင်းတွင်လည်း ထိုသတင်းပျံ့နှံ့နေပေပြီ။

"ဟောကောင်… ဝါးရုံပြောင်းတာ အသာထား၊ ဟိုမှာ အမျိုးသမီးအဖွဲ့တွေ၊ အစားအသောက်လာပို့နေပြီကွ၊ အဲဒီဘက်သွားစို့" တက်ပုမှ ပြောလိုက်သည်။

"ဟာ… ငါ မစားချင်ပါဘူး၊ တက်ပုရာ၊ ဒီအချိန်မှာပဲ နားတော့မယ်၊ မင်းအရင်သွားနှင့်၊ ပြီးမှ ပြန်လာခဲ့"

"ဟာ မင်းက ဆာပြီးဟန်လုပ်နေပြန်ပြီ၊ ကဲ ဒါဆို ဒီအချိန်တော့ မနေနဲ့၊ ဟိုတန်ဆောင်းထဲမှာ ဝင်နေ၊ ငါ မင်းအတွက် ထမင်းလျက်ဖြစ်ဖြစ် ပဲလှော်ဖြစ်ဖြစ် ယူလာခဲ့မယ်၊ ခင်သဲကို ငါ ခေါ်လာခဲ့မယ်"



"အေးပါကွာ၊ သွား သွား"

တက်ပုကား အကျွေးအမွေးဝိုင်းဘက် ထွက်သွားသည်။ မကြာပါ ခင်သဲနှင့် မှုမှုသိန်းတို့ တက်ပုနှင့်အတူ တန်ဆောင်းဘက်ပါ လာသည်။ ရွှေစာရေးကား တန်ဆောင်းအုတ်တိုင်မှီ၍ ရွှေလိပ်ပြာနှင့် လူမွန်အကြောင်း စဉ်းစားနေမိသည်။

"ဘယ်မှာလဲ ရွှေစာရေး… ဒီမှာ ရေနွေးကြမ်းရော ပဲလှော်ပါ ပါတယ်၊ ကဲ… နှင့်လူခေါ်"

"အေးဟ… ဒီကောင်ကို ဒီမှာစောင့်နိုင်းတာ ဘယ်ရောက်နေတယ် မသိဘူး။ ဒါနဲ့ ခင်သဲနှင့် မှုမှုသိန်း ရွှေလိပ်ပြာနဲ့ လူမွန်တို့ အကြောင်း ကြားပြီးပြီပေါ့နော်… ဘကြီးဒိုးမောင်တို့ မြို့မှာ ရှာတွေ့လို့ ဟိုမှာတင် တရားရုံးမှာ လက်ထပ်ပေးခဲ့ပြီတဲ့…"

"အေး… ငါလည်းကြားတယ်၊ ရွှေလိပ်ပြာ ဘယ်လိုဖြစ်သွားတယ် မသိဘူးနော်"

မှုမှုသိန်းက ဝင်ပြောသည်။

"ဟ… နင်ကလည်း ဘယ်လိုဖြစ်ရမှာလဲ၊ သူ လူမွန်ကို ချစ်လို့ လိုက်ပြေးတာပေါ့ဟ၊ ရှင်းရှင်းလေးရယ်"

တက်ပုစကားကြောင့် ခင်သဲ ခေါင်းခါလိုက်ကာ…

"ငါ မစဉ်းစားတတ်အောင်ပဲဟာ၊ ရွှေစာရေးတော့ ခံစားရပြန်ပြီပေါ့ဟာ…"

"အေး… ဟုတ်တယ် ခင်သဲ၊ ရွှေစာရေး ခံစားရမယ်ဆိုတာလဲ ဟုတ်နိုင်တယ်၊ ဒါပေမယ့် အဲဒီခံစားချက် တာရှည်ခံစားရဖို့ နင့်အပေါ် မူတည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… တက်ပု၊ နင် ဘာပြောတာလဲ"

"ငါ့ကို မသိဘူးလို့ ထင်နေသလား ခင်သဲ၊ နင်တို့ချွေးချေးရေ တာ ကျောင်းလုပ်သားလုပ်နေတဲ့ ကိုကြီးလှဝင်းက တစ်ဆင့် ငါအားလုံး သိခဲ့ရပြီ၊ ငါ့ကို မညာနဲ့၊ အခု ရွှေလိပ်ပြာက သူ့ဘဝ သူဖန်တီးသွားပြီ၊ နင်ရှောင်ပေးစရာ မလိုတော့ဘူး၊ ရွှေစာရေးကိုလည်း မနှိပ်စက်ပါနဲ့ဟာ၊ သူ့ဘဝကိုစာနာပြီး နင်အဖြေပေးလိုက်ပါတော့ဟာ"

"အို… တက်ပု၊ နင်ကလည်း တစ်မျိုးပါလား၊ အခြေအနေနဲ့ အချိန်အခါလေး စောင့်ကြည့်ပါဦးဟယ်"

"ကြည့်မနေနဲ့တော့ ခင်သဲ၊ နေမြင့်လေ အရူးရင့်လေဆိုသလို ဖြစ်နေဦးမယ်၊ တော်ကြာ နင်တို့အကြောင်း တစ်ရွာလုံး မောင်းခတ်လိုက်မှာနော်၊ ကဲ… ရွှေစာရေးကို ဘယ်လိုပြောပေးလိုက်ရမလဲ…"

"ဟုတ်တယ် ခင်သဲ နင်တို့အကြောင်းကို ငါလည်းအသိ၊ တက်ပု ကိုပြောခိုင်းလိုက်ပေါ့၊ မဟုတ်ဘူးလား၊

မှုမှုသိန်းက ဝင်ပြောလိုက်သည်။ တက်ပုက -

"အေး… ဟုတ်တယ် ခင်သဲ မှုမှုသိန်းပြောတာမှန်တယ်၊ အခုပဲ ငါရှာပြီး ပြောလိုက်တော့မယ်"

တက်ပုက မှုမှုသိန်းကို မျက်စပစ်ပြရင်း ပြောနေသည်။

"အမယ် တက်ပု၊ နင်ကတစ်ဆင့်ပဲ ပြောရဦးမှာလား၊ သူ့ ကာယကံရှင် ရှိပါတယ်နော်… ဟင်း… ဟင်း…"

ခင်သဲ သူ့စကားသူသဘောကျသလို မချိုမချဉ်မျက်နှာပေးဖြင့် တက်ပုကို ကြည့်နေသည်။ ထိုစဉ် တန်ဆောင်းအုတ်နံရံအကွယ်မှ ရွှေစာရေး ထွက်လာပြီး…



"ကာယကံရှင်က ချစ်တယ်ဆိုတဲ့စကား ကြားချင်ပါသတဲ့ ခင်များ"

"ဟင်… ရွှေစာရေး၊ တက်ပု… ဒါ နင်တို့ဉာဏ် အကွက်ပဲ လား၊ မကောင်းဘူး ငါသွားတော့မယ်၊ နင်တို့ မကောင်းဘူးဟာ… နင်တို့ အကြံတူတွေပေါ့"

ရှက်ပြုံးလေးပြုံးရင်း သူတို့အပါးမှ ထွက်ပြေးသွားသည့် ခင်သဲ ကို ကြည့်ရင်း ရွှေစာရေး၊ တက်ပုနှင့် မှုမှုသိန်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။ အဝေးရောက်သွားပြီဖြစ်သော ခင်သဲကိုကြည့်ကာ ရွှေစာရေးရင်ထဲဝယ် အပျော်လေးများ စီးဝင်လျက်။

ဩဩဩဩဩ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ကိုကျော်သိန်းရေ… ရွှေစာရေးနဲ့ ဆရာမလေးခင်သဲ မင်္ဂလာလက်ထပ်ပွဲကတော့ တစ်ရွာလုံးက ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လုံးပန်းနေကြပြီဗျ၊ ကျွန်တော်တို့အနေနဲ့ စနစ်တကျလေးဖြစ်ဖို့ အားထည့်ပြီးမှ…"

"ဟုတ်တယ်… ဟုတ်တယ်… ကိုဒိုးမောင်ရေ၊ မြို့နယ် တာဝန်ရှိလူကြီးတွေရော၊ ဌာနဆိုင်ရာ ဝန်ထမ်းခေါင်းဆောင်များများရော၊ ရွှေစာရေးနဲ့ ခင်မင်ရင်းနှီးကြတဲ့ သူတွေမဟုတ်လား၊ အဲဒီတော့ မင်္ဂလာပွဲမှာ ဧည့်သည်တွေလည်းများမှာ၊ ကျွန်တော်တို့ အခုလို ကြိုတင်ညှိထားတော့ မမှားဘူးပေါ့ဗျာ…"

"အေးဗျာ… အခုလို မင်္ဂလာရက် သတ်မှတ်ပြီးပြီဆိုတော့ နေရာထိုင်ခင်းကိစ္စ၊ ကျွေးမွေးဧည့်ခံရေးကိစ္စ၊ အားလုံး ဒီရက်အတွင်းက စမှတ်ကာကြမယ်ဗျို့…"

"ဟုတ်တယ် ကိုဒိုးမောင်ရေ၊ အဲဒါကြောင့်လည်း ရွာမိရွာဖတွေအပြင် လူငယ်အဖွဲ့ခေါင်းဆောင်တွေ၊ ကာလသားခေါင်းဆောင်၊ ကာလသမီးခေါင်းဆောင်တွေရော၊ ကာယကံရှင်နှစ်ယောက်ရောခုံပြီး ဆွေးနွေးကြဖို့ ဒီနေ့ ချိန်းထားတယ်ဗျ…"



"အေးဗျာ… ကောင်းတယ်၊ ဟော… ပြောရင်းဆိုရင်း ရွှေစာရေးတို့တောင် လာပြီဗျ၊ ဟိုနောက်က ကိုသာညွှန့်နဲ့ ကိုချစ်မောင်လည်း ပါလာတယ်ဗျို့…"

"ဘကြီးဒိုးမောင်တို့တောင် ရောက်နေကြပြီ၊ ကျွန်တော်တို့ ရေပ်ဆောက်တဲ့နေရာ ခဏသွားကြည့်နေလို့ပါ ဘကြီး"

"အေးကွာ… မကြာသေးပါဘူး၊ မနေ့ကပဲ ငါလည်း ရေပ်ဆောက်တဲ့ဆီ ရောက်ခဲ့သေးတယ်ကွ၊ မောင်သက်ဦးတို့အဖွဲ့လည်း ဝိုင်းကူနေကြတယ်၊ လက်သမားဆရာ ဦးအောင်ညွှန့်တို့အဖွဲ့ကလည်း စိတ်ချရပါတယ်ကွာ၊ မင်္ဂလာပွဲရက်အမီ ပြီးမှာပါကွာ…"

"ဟုတ်တယ် ဘကြီး၊ ဒါမှလည်း မင်္ဂလာပွဲပြီးတာနဲ့ ရေပ်ရေစက်ချပါ တစ်ခါတည်း လုပ်ချင်လို့ပါ"

"အေး… အေး… ကောင်းတယ်ကွာ၊ ဟော့ မင်းတို့ လူငယ်အဖွဲ့တွေရော မလာကြသေးဘူးလား"

"လာနေကြပါပြီ ဘကြီး၊ သူတို့အဖွဲ့အားလုံး ရွာလယ်ဝိုင်းကြည့်တိုက်မှာ လူစုနေကြတယ်"

"ဟော ပြောရင်းဆိုရင်း လာကြပြီကွ၊ ကဲ… လာကြဟေ့… ဘကြ၊ ကဲ… တက်ပုရေ၊ ဖျာတွေဆွဲခင်းပေးကွာ၊ ကိုကျော်သိန်းအိမ်ကတော့ လက်နည်းတယ်ဟေ့"

တက်ပုက လှုပ်ရှားလောက် မြေမြန်လက်မြန်ဖြင့် ဖျာတွေခင်းပေးနေသည်။ အားလုံးထိုင်မိသည်နှင့် ကိုကျော်သိန်းမှ…

"ကဲ… အားလုံးစုံသလောက်ဖြစ်နေပြီဆိုတော့ ရွှေစာရေးနဲ့ ဆရာမလေးမခင်သဲတို့ရဲ့ မင်္ဂလာပွဲအကြောင်းကို ပြောကြရအောင်၊ အမေးကြတဲ့အတိုင်း လာမယ့်တနင်္ဂနွေနေ့မှာ ရက်ရာဇာ ရက်ကောင်းလည်းဖြစ်သလို မင်္ဂလာရက်သတ်မှတ်ပြီးပါပြီ၊ ဒီမင်္ဂလာပွဲမှာ တာဝန်ကိုယ်စီခွဲဝေ

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ပြီး ဆောင်ရွက်ပေးကြဖို့ပါပဲ၊ အခုလို ခေါ်ရတာလည်း အကြောင်းရှိပါတယ်၊ ပထမအချက်အနေနဲ့ အခု မင်္ဂလာပွဲဟာ တို့ရွာက မင်္ဂလာပွဲတွေထက် နေရာစုံက ဧည့်သည်တွေများများမှာမို့ ခေါ်ယူတိုင်ပင် တာဝန်ခွဲပေတာဖြစ်သလို ဒုတိယအချက်အနေနဲ့ ဒီမင်္ဂလာပွဲကစပြီး ဒို့ရွာ မူလတန်းကျောင်း၊ ကျောင်းဆောင်သစ်မှာ လုပ်မှာဖြစ်လို့ပါ…"

"ဟင်…" "ဟာ…" "ဘယ်လို…"

စသည့်အသံများထွက်လာသလို တက်ပုမှလည်း

"ဟင်… ဦးလေးကျော်သိန်း၊ မင်္ဂလာဆောင်ကို ရွာထဲမှာ မလုပ်ဘဲ ကျောင်းမှာဆိုတော့…"

"ကဲ… နားထောင်ပါ ရှင်းပြပါမယ်၊ အဲဒီလို ဘာလို့ စီစဉ် ရသလဲဆိုရင် အခုမင်္ဂလာပွဲကနေ စံပြလုပ်ပြလိုက်ချင်လို့ပါ။ အားလုံး စဉ်းစားကြည့်ပါ၊ မင်္ဂလာလက်ထပ်ပွဲတစ်ခုလုပ်ရင် အမိုးအကာ၊ အပြင် အဆင်မဏ္ဍပ်တွေမှာ ကုန်မယ့်သုံးမယ့်ငွေကို တွက်ကြည့်လိုက်ရင် တို့တောရွာအနေနဲ့ အနည်းဆုံးသောင်းဂဏန်းပဲ၊ အဲဒီတော့ ဒီလိုကုန်မယ့်ငွေကို မူလတန်းကျောင်းဆောင်သစ်မှာ ကျင်းပခြင်းအားဖြင့် အကျိုး မသက်သာပေဘူးလား၊ အဲဒီလို ကုန်မယ့်ငွေ၊ သုံးမယ့်ငွေကို အ.မ.က ကျောင်းအတွက် လှူလိုက်ရင် ငွေဖြုန်းတီးရာလည်းမရောက်၊ ကျောင်းမှာ လည်း ရန်ပုံငွေတိုး ဘယ်လောက် ကောင်းလိုက်မလဲ၊ စဉ်းစားကြည့် နောက်ပြီး မိုးရွာမှာလည်းမပူရ၊ နေရာထိုင်ခင်းကအစ ဘယ်လောက် ကောင်းသလဲ…"

အားလုံးက ဦးကျော်သိန်းစကား ငြိမ်နားထောင်သလို ဦး မောင်မှလည်း…



"နောက်ပြီး တစ်ခုရှိတာက မင်းတို့ ကျောင်းမှာဆောင်တော့ အိမ်တွင်းကြိုးတာတို့၊ အိမ်ပြင်ကြိုးတားတာတွေလည်း မရှိ၊ ဆေးလိပ် မသောက်ရနယ်မြေဆိုတော့ ဆေးလိပ်လည်းမသောက်ရတော့ ဆေးလိပ် ဖိုး မကုန်သလို ကျန်းမာရေးရှုထောင့်ကကြည့်ရင်လည်း သိပ်ကောင်း၊ သတို့သမီး၊ သတို့သားတားတဲ့ ကြိုးဖိုးတို့၊ ဆေးလိပ်ဖိုးတို့ဆိုတာ တကယ် မြင်တတ်ကြည့်တတ်ရင် မလိုအပ်ပဲ ကုန်တဲ့ငွေတွေပဲ၊ တစ်ခါ တစ်လေ ကြိုးတားလို့ ရန်ပွားတာအထိ ရှိခဲ့ကြဖူးတယ်မဟုတ်လား၊ ထားတော့ အဲဒီကုန်ငွေတွေကို တစ်ပွဲစာတွက်ကြည့်၊ တစ်နှစ်စာ တွက်ကြည့်၊ (၁၀) နှစ်အတွက်ကြည့် ဘယ်လောက်အတိုင်းအတာရှိ သွားမလဲ၊ ကဲ… အဲဒါတွေလည်း ထိန်းရာရောက်မသွားပေဘူးလား"

ဦးနိုးမောင်စကားအဆုံး တက်ပုမှ…

"ဟာ… ဟုတ်တယ်နော် ဘကြီး၊ ဒီလိုရည်ရွယ်ချက်၊ ဒီလို တွက်ပြတော့ ကျွန်တော်သဘောက်ခံပါတယ်၊ ဖြစ်သင့်ပါတယ်"

"ကဲ… အဲဒီတော့ တို့ကျောင်းအုပ်ဆရာကြီးနဲ့ရော၊ ကျောင်း ကော်မတီတွေနဲ့ရော တိုင်ပင်ညှိနှိုင်းပြီးပြီ ဟောဒီမှာရောက်နေတဲ့ ကိုချစ် မောင်တို့ ကိုသာဥာဆိတို့လည်း သဘောတူကြတယ်၊ မင်းတို့လူငယ် တွေသာ အသိမပေးရသေးတာ၊ အဲဒီတော့ နောက်နောင် ကိုယ့်[illegible] အချင်းချင်းပဲ ဆောင်ဆောင်၊ တစ်ခြားရွာသားနဲ့ပဲ ဆောင်ဆောင် ကျောင်းမှာလုပ်ကြရင်၊ ဟော… ကျောင်းအတွက်လည်းအကျိုးရှိ၊ မင်းတို့ လူငယ်တွေ မဏ္ဍပ်ဆောက်တာတို့ ဖျက်တာတို့ ငှားတာတို့ ပြန်ပို့ရတာ တို့ဆိုတာတွေ မရှိတော့ ကိုယ်နဲ့သက်ဆိုင်တဲ့ အလုပ်တွေမှာ အချိန်ပေးနိုင် တာပေါ့၊ မင်္ဂလာပွဲအကြိုနေ့ကျမှ အားနဲ့အင်နဲ့လုပ်ကြရင် အားလုံးဝိုင်းကြည့် ပိုအားထည့်နိုင်တာပေါ့"

ဦးကျော်သိန်းစကားကြောင့် ခြံအောင်မှ အားတက်သရောဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဟုတ်တယ် ဦးလေး၊ ကျွန်တော်တို့ ရွာသားတွေလည်း ရွေ၊ မိုး၊ ဆောင်း နိုက်ပျိုးရေးတွေနဲ့ မအားရတော့ ဦးလေးပြောတာ သိပ်မှန်တယ်၊ အားလုံးသဘောပေါက်အောင် ပြောရမယ်၊ လုပ်ပြရမယ်၊ ဒါပေမယ့် ဦးလေး စာသင်ကျောင်းဆိုတော့ ကလေးတွေစာသင်တဲ့နေ့ရက်တွေနဲ့ တိုက်နေရင် ဘယ်လိုလုပ်မလဲ"

"ဟာ… ဟုတ်တယ် ဦးလေး၊ မြဆောင်ပြောတာလည်း စဉ်းစားရမယ် ဘကြီး" တက်ပုက ဝင်ပြောနေသည်။ ဦးဒိုးမောင် ပြုံးပြုံးကြီးလုပ်ခံနေရင်း…

"ဟာ… ဒါက လွယ်ပါတယ်ကွာ၊ ကျောင်းပိတ်တဲ့နေ့ လုပ်ကြတာပေါ့၊ မင်္ဂလာရက်တွေကလည်း များသောအားဖြင့် စနေ၊ တနင်္ဂနွေ လုပ်လာကြပြီလေ၊ ဒါမှမဟုတ်လဲကွာ၊ ငါတို့ရွာမှ ရွာဘုံဇရပ် ရှိတာပဲ၊ နောက် မင်္ဂလာဆောင် ခပ်သေးသေးဆို စာကြည့်တိုက်ရှိတယ်၊ ရှမ်းပြည်နယ်မှာဆို သာရေး၊ နာရေးအားလုံး ဘုံဇရပ်မှာပဲ လုပ်ကြတာကွ၊ သိပ်အဆင်ပြေတယ်…"

"ဟာ… ဘကြီးဒိုးမောင်ပြောတာဆို ဘာမှ အခက်အခဲမရှိဘူး၊ ဟုတ်တယ်၊ မှန်တယ်၊ လုပ်မယ် ဘကြီး"

တက်ပုကား အားပါးတရ ဆွေးနွေးလိုက်၊ ပြောလိုက်ဖြင့် တက်ကြွနေသည်။ ထို့ကြောင့်ပင်လျှင် အနီးရှိ မြဆောင်မှ

"ကဲ… တက်ပု၊ မင်းချည်းပဲပြောနေ၊ အားလုံးဆန္ဒ တင်ပြဆွေးနွေးကြပါစေဦး၊ လူပုသလောက် တော်တော်လေရှည်တဲ့အကောင်၊ အဲဒါကြောင့် မင်းသန်းနာမည်ပျောက်ပြီး တက်ပုဖြစ်နေလို့ တော်သေးတယ်"

"ဟား… ဟား… ဟား"

အားလုံးမှ ဝိုင်းရယ်လိုက်ကြသလို ဦးကျော်သိန်းမှ…



"ကဲ… ကဲ… ရွှေစာရေးတို့ ခင်သဲတို့ ဆန္ဒကရောကွဲ"

ခင်သဲကပြုံး၍ ခေါင်းညိတ်လိုက်သလို ရွှေစာရေးမှလည်း…

"ကောင်းပါတယ် ဦးလေး၊ ကျွန်တော်တို့ သဘောတူပါတယ်၊ အစဉ်အလာကောင်းတစ်ခုလည်း ဖြစ်သွားတာပေါ့…"

ဦးဒိုးမောင်မှလည်း ပြုံးပြုံးကြီးဖြင့်

"အေး… မင်းတို့ မင်္ဂလာစုံတွဲကတော့ တို့ရွာရဲ့ စံပြစုံတွဲဆိုလည်း မမှားဘူးဟေ့၊ မင်းတို့နှစ်ယောက်ကိုလည်း အားလုံးက ဖူးစာဆုံစေချင်ကြတယ်၊ နှစ်ယောက်စလုံးကလည်း ရွာအပေါ်မှာ သံယောဇဉ်ရှိပြီး၊ ရွာတိုးတက်အောင် လုပ်နေကြတဲ့သူတွေဆိုတော့ ရှေ့သွားနောက်လိုက်ညီတယ်ဟေ့၊ မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့"

"ဟာ… အဲဒါတော့ ဟုတ်တယ် ဘကြီး၊ ကျွန်မတို့အားလုံးလည်း ဆရာမလေးမခင်သဲ၊ အို… ခေါ်ရတာ တစ်မျိုးကြီးပဲ၊ ခင်သဲပဲ ခေါ်နေကြဆိုတော့ အားရပါးရ ခင်သဲပဲခေါ်ပါရစေ၊ ခင်သဲနဲ့ ရွှေစာရေး မနီးစပ်မှာ စိတ်ပူနေတာ၊ တစ်ခြား တစ်နယ်တစ်ရွာသားနဲ့ ဖူးစာဆုံသွားမှာ စိုးရိမ်လိုက်တာရှင်၊ ဟော… အခု သူတို့နှစ်ယောက် ဇနီးမောင်နှံဖြစ်သွားတော့ ကျွန်မတို့ စိတ်အေးသွားရတာပေါ့…"

ခင်သန်းဝင်း အားပါးတရပြောနေသလို၊ ရွာလယ်ပိုင်း အမျိုးသမီးခေါင်းဆောင် မစောမေက…

"ခင်သန်းဝင်း ပြောတာ မှန်လိုက်တာရှင်၊ ကျွန်မတို့လည်း ဆရာမလေးခင်သဲကို ဟိုလိုဒီလိုကြားနေတာရယ်၊ ရွှေစာရေးလည်း ရွာထဲက ထင်ကြေးနဲ့ ပြောတာလေးတွေကြားရတော့ ညတောင် အိပ်မပျော်ဘူး၊ သူတို့အကြောင်းတွေးရင်း ဆုတောင်းပေးနေရတာ"

"ဟာ… ဆုတောင်းပေး၊ ဆုတောင်းပေး မကြီးစော၊ ဒါမှ နောက်ဘဝအပျိုကြီးမဖြစ်မှာ" တက်ပု အရွှန်းဖောက်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သော စကားကြောင့် မစောမေမျက်စောင်းထိုးလိုက်သည်။ အားလုံးက ပြုံးစိစိ၊ တက်ပုမှ ဆက်၍

"မကြီးစောမေပြောတာ ကျွန်တော်လည်း လက်ခံပါတယ်၊ အခုလို ကိုယ့်မြေကိုယ့်ဒေသ ကိုယ့်အရပ်ကိုချစ်တဲ့ သူတို့နှစ်ယောက်ညားတော့ ကိုယ့်မြေ၊ ကိုယ့်ဒေသ ကိုယ့်ရွာကိုချစ်တဲ့ သားတွေသမီးတွေ ထွန်းကား..."

"ဟာ... တက်ပု၊ ဘာတွေပြောနေတာလဲ နေစမ်း..."

ဘကြီးဒိုးမောင်မှာ ဟန့်လိုက်လျှင် တက်ပုခေါင်းပုသွားပြီး...

"ကျွန်တော်ပြောတာ... ဟို... ဟို..."

"တော်ပါတော့ တက်ပုရာ၊ ရှင်းမပြပါနဲ့တော့၊ တို့အားလုံး သဘောပေါက်ပါတယ်၊ ခင်းဖာလေ မြဲဆောင်ပြောသလို လူပုသလောက် စကားကြောကို ရှည်တယ်..."

"ဟာ... ဘကြီးဒိုးမောင်ကလည်း အကျွင့်ပါနေလို့ပါ၊ လူမရှည်ရတော့ လေရှည်ရတာပေါ့ ဘကြီးရာ၊ နားလည်ပေးပါ ခင်ဗျာ..."

"ဟား... ဟား... ဟား..." "ဟင်း... ဟင်း...ဟင်း..."

တက်ပုစကားကြောင့် အိမ်ပေါ်ရှိသူအားလုံး သဘောကျစွာရယ်လိုက်သည်။ အားလုံးရယ်သံဆုံးတော့မှ ရွှေစာရေး ဓါးဆန့်လိုက်ရင်း...

"ဟုတ်ကဲ့၊ အခုလို စကားတွေကြားရတော့ ဝမ်းလည်းသာပါတယ်၊ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ နှစ်ယောက်ကို တစ်ရွာလုံးက ချစ်ခင်လိုလားကြသလို၊ ကျွန်တော်တို့ကလည်း



ဂိုးမြေကျ ပေါင်းသင်းပြီး ရပ်ကျိုးရွာကျိုး ဆထက်တံပိုးလိုးပြီး ဆောင်ရွက်ပါမယ်လို့ ကတိပြုပါတယ်..."

"ဖြောင်း... ဖြောင်း... ဖြောင်း..." တိုင်ပင်မထားဘဲ လက်ခုပ်သံတွေ ထွက်လာသည်။ အားလုံးက ပြုံးလို့ ရွှင်လို့... ဘကြီးဒိုးမောင်က သူ့ဝသီတိုင်း ပြုံးပြုံးကြီးဖြင့်...

"အေး... သာခုကွယ် သာခု သာခု၊ အဲ... ရွှေစာရေးတို့ မင်္ဂလာပွဲအတွက် တာဝန်ခွဲဝေ၊ စီစဉ်ကြရအောင်"

ထိုစဉ် အပျိုကြီးမစောမေမှ မတ်တပ်ရပ်လိုက်ရင်း။

"နေပါဦး ဘကြီးဒိုးမောင်၊ ရွာမိရွာဖတွေနဲ့ ကျွန်မတို့အဖွဲ့တွေ ဆုံတုန်း တစ်ခုပြောပါရစေဦး..."

"ဘာများလည်း မစောမေ၊ ထိုင်ပြောပါကွယ့်..."

"ဒီလိုပါ ဘကြီး ကျွန်မတို့ရွာမှာ ခိုးရာလိုက်ပြေးတယ်ဆိုတာ တော်တော်ရှားသွားပြီ၊ အခု ဘကြီးသာညာဏ်သား မောင်လှမွန်နဲ့ ရွှေလီမြှာကိုစွ၊ ခိုးရာလိုက်ပြေးပြီး မြို့မှာလက်ထပ်တယ်၊ လက်မှတ်ထိုးတယ် ကြားတယ်၊ ဒါလည်း ကြားရတဲ့သတင်းပါ၊ ဘာမှ တိတိကျကျ မရှိပါဘူး၊ ကျွန်မတို့ ဆန္ဒကတော့ ရွာမှာ လူကြီးစုံရာနဲ့ မင်္ဂလာဆောင်စေချင်ပါတယ်၊ ဒါမှ ကျွန်မတို့ရွာရဲ့ အစဉ်အလာမပျက်မှာပါ၊ ဒီလိုမှမဟုတ်ရင် ရွာနာမည်ပျက်ပါတယ် ဘကြီးတို့..."

မစောမေစကားအဆုံး မောင်သက်ဦးမှလည်း...

"ဟုတ်ပါတယ် ဘကြီး၊ ကျွန်တော်လည်း စောင့်ကြည့်နေတာပါ၊ ဒါဟာ ရွာလွှန်ရှက် တိုက်သလိုဖြစ်ပါတယ်၊ ကာလသားခေါင်းဆောင် ကိုကြီးလှဝင်းတို့လည်း ကျွန်တော့်ကိုပြောနေပါတယ်၊ ကျွန်တော်တို့ ဘာအကူအညီပေးရမလဲ ပြောပါခင်ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"အေး… ဘာအကူအညီမှတော့ လိုမယ်မထင်ဘူးကွဲ့၊ မောင်လှမွန်တို့ ရွှေလိပ်ပြာတို့ ဒီလိုဖြစ်သွားရတာ သူတို့မှာအကြောင်းရှိမှာပေါ့ကွယ်၊ ရွာကိုပြန်မလာဖြစ်သေးတာလည်း ပါမှာပေါ့၊ ဘကြီး သူတို့နဲ့တွေ့ပြီး ကိုသာဉာဏ်နဲ့ တိုင်ပင်ပြီး အားလုံးကျေနပ်သည်အထိ တာဝန်ယူပါတယ်"

ဦးဒိုးမောင်စကားအဆုံး ဦးသာဉာဏ်မှ အားလုံးဖက်လှည့်လိုက်ရင်း…

"ဟုတ်ပါတယ်ကွယ်၊ ဒီကိစ္စအားလုံးကို ကိုဒိုးမောင်ကို အပ်ထားပါတယ်ကွယ်၊ ကိုဒိုးမောင် ပြောပြလိုက်ပါဗျာ…"

"နေပါစေ ကိုသာဉာဏ်၊ ကျွန်တော် နောက်တော့ ရှင်းပြလိုက်ပါ့မယ်၊ စီစဉ်စရာလေးတွေလည်း ကျန်သေးတယ်၊ ခဏတော့သည်းခံပြီး စောင့်လိုက်ပါဦးကွယ်၊ ကဲ… ရွှေစာရေးတို့ မင်္ဂလာပွဲအတွက် စီစဉ်ကြရအောင်…"

"ဦးဒိုးမောင်စကားဆုံးတော့ တက်ပုမှ

"ဟုတ်တယ် ဘကြီး၊ ရွှေစာရေးတို့ ခင်သဲတို့ မင်္ဂလာပွဲကို လှမွန်နဲ့ ရွှေလိပ်ပြာ မင်္ဂလာပွဲကိုလည်း အပြတ်နွှဲလိုက်ချင်တာဗျ" တက်ပုစကားအဆုံး အပျိုကြီးမစောမေကလည်း…

"ဟဲ့ တက်ပု၊ နင်က မင်္ဂလာဆောင်တွေအပြတ်နွှဲမှာလား၊ အပြတ်စားမှာလား ရှင်းအောင်ပြော…" ဟုပြောလိုက်ရာ အားလုံး ဝိုင်းရယ်သံသောသောညံသွားတော့သည်။

ဩဩဩဩဩ

## အခန်း (၃၃)

"ကဲ… မင်းတို့ ငါတို့လုပ်တဲ့အလုပ်က ရည်ရွယ်ချက်တစ်မျိုးနဲ့ လုပ်တာပဲ၊ ဒါပေမယ့် ရွာမှာတော့ အဲဒီလိုဖြစ်နေကြပြီ၊ မင်းတို့နှစ်ယောက်က မြို့မှာနေကြ၊ ကြားဖူးကြဆိုတော့ ဒီလိုစီစဉ်တာကို အဆန်းမဟုတ်ပေမယ့် ရွာကတော့ ရှေးရိုးသမားတွေများတော့ ဒီလိုစီစဉ်တာ လက်ခံကြမှာ မဟုတ်ဘူး၊ အဲဒီတော့ တို့အကောင်းဆုံးဖြစ်အောင် စဉ်းစားရလိမ့်မယ်"

ဘကြီးဒိုးမောင် တွေးတွေးဆဆဖြင့်ပြောနေသလို၊ ရွှေလိပ်ပြာက

"ဟုတ်ပါတယ် ဘကြီး၊ အခုလိုလုပ်ရတာလည်း ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်း ခင်သဲအတွက်ရော၊ ရွှေစာရေးအတွက်ရောတကယ့်စေတနာအမှန်နဲ့ပါ၊ ဘာမှထည့်မတွက်မိပါဘူး ဘကြီးရယ်၊ အခုလို လုပ်လိုက်ရင် ရွှေစာရေးလည်း စိတ်နှစ်ခွဖြစ်စရာမလို၊ ခင်သဲအနေနဲ့လည်း ကျွန်မအတွက် ငဲ့နေစရာမလိုပဲ သူတို့နှစ်ဦး အချစ်ရေးဖြောင့်ဖြူးပြီး သာသာယာယာနဲ့ ဖြစ်သွားစေချင်တဲ့ဆန္ဒပါ ဘကြီးရယ်…"

"ငါ့သမီးစိတ်ထား မှန်ပါတယ်ကွယ်၊ အေး… ဒီအကြောင်းတွေ အစအဆုံးသိရတော့၊ အားလုံးကလည်း သားတွေ သမီးတွေလိုဖြစ်နေလေတော့ စိတ်မကောင်းပါဘူးကွယ်၊ လှမွန်အတွက် ထည့်တွက်တောင် ငါ့သမီးအတွက် နစ်နာသွားသလို ပြောစရာတွေလည်း ဖြစ်နေပြီကွယ်…"

www.burmeseclassic.com

www.burmeseclassic.com

ဦးဒိုးမောင် စိတ်မကောင်းစွာ ပြောနေသလို ဦးသာညွှန့်မှလည်း•

"အေး… အဲဒါတွေကြောင့်လည်း ဘကြီးအနေနဲ့ ကိုဒိုးမောင်ကို လွှဲခဲ့တာပေါ့၊ မင်းတို့လူငယ်ကိစ္စ ဘကြီးနားမလည်ဘူးလေ၊ ငါ့တူမနဲ့ ဘကြီးသား လူမွန်က ရွှေစာရေးနဲ့ ခင်သဲတို့နှစ်ယောက် နီးစပ်စေချင်တဲ့ ဆန္ဒနဲ့ ရွာမှာ နိုးရာလိုက်ပြေးသလိုဖြစ်အောင် တစ်ပြိုင်နက်တည်း ရွာထဲက တစ်ယောက်တစ်နေရာထွက်သွား၊ မြို့မှာ လက်မှတ်ထိုး လက်ထပ်လိုက်ပြီ ပြောထား၊ နောက် သူတို့ မင်္ဂလာပွဲကျမှ ပြန်လာ၊ အားလုံးကို ရှင်းပြလိုက်ရင် ကိစ္စပြီးသွားပြီလို့ ထင်ခဲ့ကြတာ၊ လုပ်ခဲ့ကြတာ၊ အခုတော့ ရွာမှာ ဒီလိုမဟုတ်တော့ဘူး… တူမရေ၊ ဒီလိုဟိုလို လုပ်ပါတယ်လို့ပြောရင် ရှင်းပြရင်လည်း ယုံကြမှာမဟုတ်သလို ဘကြီးတို့ ကိုဒိုးမောင်တို့ကိုလည်း အားလုံးက လက်မခံသင့်တဲ့အလုပ်မှာ ကြံရာပါထင်ပြီး အကြည်ညိုပျက်ကြတော့မှာ၊ ဖွင့်ပြောပြရင်လည်း သင့်တော်မှာမဟုတ်တော့ဘူး၊ ရွာကလည်း လက်ခံကြမှာ မဟုတ်တော့ဘူး၊ ငါ့တူမကို ညှိနှိုင်းတိုင်ပင်ဖို့ လိုက်လာခဲ့ကြတာကွဲ့…"

ဦးဒိုးမောင်မှလည်း "ဒီလိုကွဲ့… သမီးရဲ့၊ အိမ်ထောင်ပြုဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး၊ ဤသုံးမျိုးချက်မပိုင် နောင်ပြင်ရန်ခက်သည့် အမျိုးဆိုသလို အိမ်ထောင်တစ်ခုပြုတော့မယ်ဆိုရင် မှားရလေအောင် နောင်တမရကြလေအောင် ကြိုတင်စဉ်းစားပြီး ဆုံးဖြတ်ရတဲ့အလုပ်ကွဲ့၊ ဒါကြောင့် ဟိုးရှေးတုန်းကများဆိုရင်၊ တစ်ဦးကိုတစ်ဦး ချစ်မိပြီးရင် သုံးနှစ် သုံးမိုး စောင့်ကြည့်ကြတယ်၊ အဲဒီနောက်မှ လူကြီးမိဘတွေ၊ ဆရာသမားတွေ အသိပေးပြီး မိသားဖသားပီပီ တောင်းရမ်းယူကြသတဲ့၊ အခုခေတ်ကြတော့လည်း အခုမြင်၊ အခုကြိုက်၊ အခုလိုက်၊ အခုတွဲ ဆိုသလို ဖြစ်တာတွေ များကုန်ကြပြီ သမီးရေ…"



"ဟုတ်ပါတယ် ဘကြီး သမီးလည်း ကိုယ်တွေ့ကြုံသင့်သလောက် ကြုံခဲ့ရပါပြီ ဘကြီးရယ်"

"အေးကွယ်… အဲဒါကြောင့်လည်း ဘကြီးပြောချင်တာက၊ ငါ့သမီးနဲ့ မောင်လူမွန်တို့အဖြစ်က ဘာနဲ့တူသလဲဆိုတော့ ပေါ့စေချင်လို့ ကြောင်ရုပ်ထိုး ဆေးအတွက်ကြောင့်လေး ဆိုသလိုပဲ၊ အများမေးငေါ့စရာ ဖြစ်သွားတယ်ကွယ့်၊ ဒါကလည်း မင်းတို့ကို အပြစ်ပြောနေတာမဟုတ်ဘူး၊ ဘကြီးတို့အနေနဲ့လည်း တပည့်မကောင်း၊ ဆရာ့ခေါင်း၊ သားသမီးမကောင်း၊ မိဘခေါင်းဆိုသလို ဖြစ်ခဲ့ရပါပြီကွယ်၊ အဲဒါကြောင့်လည်း ဘကြီးအနေနဲ့က သမီးမိခင် မခင်မှုံလည်းမရှိ၊ မခင်ယုံကလည်း ခရီးလွန်နေတော့ တစ်ဝမ်းကွဲဘကြီးအနေနဲ့ အမိလည်း ဘကြီး။ အဖလည်း ဘကြီး ဆိုသလို နေရာမှာနေပြီး သမီးကိုနားချချင်တာက အခုကိစ္စကို သမီးအနေနဲ့ အကောင်းဆုံးဖြစ်အောင် လက်ထပ်တဲ့အထိ စဉ်းစားပေးစေချင်တယ်ကွယ်"

"အို… ဘကြီး… ဒီအထိမစဉ်းစားနိုင်ပါဘူး ဘကြီးရယ်၊ နောက်ပြီး လူမွန်က လူရိုး လူလွတ်၊ သမီးက အိမ်ထောင်ကျခဲ့တဲ့ မိန်းမတစ်ယောက်ဆိုတော့"

"အဲဒါတွေ သမီးမစဉ်းစားနဲ့၊ ထည့်မတွက်နဲ့တော့ ဘကြီးတို့ အခုရုံးကုန်ကို ပုသိမ်ကနေလှည့်လာတာ၊ လူမွန်ကိုလည်းတွေ့ပြီးပြီ ပြောပြီးပါပြီ၊ သူကလည်း သမီးသဘောတူရင် ပြီးတာပဲတဲ့၊ လူကြီးတွေက သင့်တော်လို့စီစဉ်ရတဲ့ ကိစ္စ နာခံပါ့မယ်တဲ့ကွယ်"

ဦးဒိုးမောင်စကားဆုံးတော့ ဦးညွှန့်ကလည်း…

"ဟုတ်တယ် တူမကြီးရေ… ဘကြီးနဲ့ ဆုံးသွားတဲ့ မင်းအဖေ သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေ သားသမီးချင်းလက်ဆက်ပေးဖို့ထိ

www.burmeseclassic.com

www.burmeseclassic.com

ကတိထားခဲ့ဖူးတယ်၊ သမီးအမေ ဒေါ်ခင်နှံ့နဲ့လက်ထက်ကြတော့ ဘကြီး အရင်လို အဝင်အထွက်မရှိခဲ့ဘူးလေ၊ တူမကြီးအမေကလည်း စိတ်တစ်မျိုးကွဲ၊ အဲဒါကြောင့် ဘကြီးအနေနဲ့ သူငယ်ချင်းမို့ သဘောတူပြီးသားပါ၊ မိန်းမသားတစ်ယောက်အနေနဲ့ တာဝန်ကြီးပါတယ်ကွယ်၊ မောင်တစ်ကျိပ်ပင် ရှိလင့်ကစား၊ အိမ်ထောင်ပြုသင့်တဲ့အရွယ်မှာ ခင်ပွန်းယောကျ်ားမရှိတဲ့ မိန်းကလေးများက အလံမရှိတဲ့ ရထားဆိုသလို၊ မတင့်တယ်ပါဘူးကွယ်၊ အဲဒါကြောင့်လည်း ငါ့တူမကြီး စဉ်းစားပါကွယ်"

"ဟုတ်တယ် သမီး ရွှေစာရေးတို့ ခင်သဲတို့ အခုလို သူတို့နှစ်ယောက် မြိန်မြိန်နီးစပ်စေချင်တဲ့အနေနဲ့လုပ်ခဲ့တဲ့ လုပ်ဇာတ်ကို အတည်ပြုလိုက်ပါကွယ်၊ ဖူးစာမှန်လို့ အခုလိုဖြစ်ရတဲ့ ကံပါလာတယ်လို့ပဲ ပြောပါရစေတော့"

ဦးဒိုးမောင်စကားကြောင့်...

"ကျွန်မစဉ်းစားပါရစေဦး ဘကြီးတို့ရယ်၊ ဒီအကြောင်းတွေလုပ်ရတဲ့အကြောင်းတွေကိုလည်း ရွှေစာရေးတို့ ခင်သဲတို့ ဖွင့်မပြောပါနဲ့၊ မသိပါစေနဲ့နော်... ဘကြီး..."

"အေးပါကွယ်... ဘကြီး ဘယ်သူ့ကိုမှ မပြောပါဘူး၊ တစ်ရွာလုံးကို ပြောပြရှင်းပြမယ့် အစီအစဉ်ကိုလည်း ဖျက်လိုက်ပါပြီ၊ အဲဒီလို ရှင်းမပြရအောင်လဲ ငါ့သမီးက စဉ်းစားပေးပါကွယ်... ကဲ... ဘကြီးတို့ ညနေကားနဲ့ ရွာပြန်နှင့်မယ်၊ ကဲ... ကဲ... ငါ့သမီးလည်း နားလိုက်ဦး"

ရွှေလိပ်ပြာသည် အိပ်ခန်းထဲဝင်လာရင်း သက်ပြင်းတွေခါခါချနေမိသည်။ သူမအတွေးထဲဝယ်၊ သူ့အပေါ် သံယောဇဉ်မကုန်သည့် ရွှေစာရေး၊ သူ့အပေါ်နားလည်မှုဖြင့် နောက်ဆုတ်ပေးနေသည့် သူငယ်



ချင်းတောင်း ခင်သဲ၊ ဒီလိုသောင်မတင် ရေမကျဖြစ်နေသည့် အချိန်မျိုး တွင် သူမစိတ်ကူးကို လူမှန်နဲ့တိုင်ပင်ခဲ့သည်။ ရွှေစာရေးနှင့် ခင်သဲ နီးရေးအတွက် သူတို့ ဒီဇာတ်လမ်းကိုခင်းခဲ့သည်။ ခင်းခဲ့သည့်အတိုင်း အောင်မြင်ခဲ့သည်။ အားလုံးကပံ့ပိုးမှုဖြင့် ရွှေစာရေးတို့ မင်္ဂလာပွဲ စောစီး စွာဖြစ်ခဲ့သည်။ ရှေ့လာမည့်လက ပြာသိုလမို့ တောရွာများတွင် မင်္ဂလာ မဆောင်ကြ၊ ပြာသိုလ၊ "တပေါင်းငှက်တောင် အသိုက်မပြောင်း"ဟု ဘကြီးဒိုးမောင်က မကြာခဏပြောဖူးသည်။ အခုတော့လည်း ရွှေစာရေး ခင်သဲအပေါ် အချစ်တွေပုံသွားသလို၊ ခင်သဲကလည်း ရွှေလိပ်ပြာအပေါ် ငဲ့နေစရာမလိုပဲ သူမတစ်ဖက်သတ်ချစ်ခဲ့သည့် ရွှေစာရေးအပေါ် ချစ်သက်သေပြနိုင်ခဲ့ပြီ၊ လူမှန်နှင့် ရွှေလိပ်ပြာတို့နှစ်ယောက်အပေါ် သူတို့ ဘယ်လိုထင်ကြမလဲ၊ ဘာပဲထင်ထင် တစ်ရွာလုံးက နီးစပ်စေချင် သည့် ရွှေစာရေးနှင့် ဆရာမလေး ခင်သဲကား မင်္ဂလာပွဲပျော်ရွှင်စွာ နွဲကြပေတော့မည်။ ရွှေစာရေးနှင့် ခင်သဲတို့ကား ဒီရွာ၊ ဒီမြေ ပန်းတော ရွာသားတွေကို ချစ်ကြသူတွေမို့ သူတို့အားကိုးသည့် ရွာမှာ ထာဝရ မြင်ချင်ကြသည်။ သည်ဆန္ဒတွေ အခုတော့ပြည့်ခဲ့ပြီ၊ ဒါတွေအားလုံးကို လည်း ရွှေစာရေးမင်္ဂလာပွဲအပြီးမှာ ဘကြီးဒိုးမောင် ရှင်းပြပေးမည်။ အခုတော့ ရှင်းမပြသင့်တော့၊ အစီအစဉ် တစ်မျိုးဖြစ်သွားပေပြီ။

"ဟင်း..."ခနဲနေအောင် ရွှေလိပ်ပြာ သက်ပြင်းရှည်ကြီးချမိလိုက်သလို၊ သူမအတွက် စဉ်းစားစရာတွေ၊ ဆုံးဖြတ်စရာတွေ တစ်ပုံတစ်ပင်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ရွှေစာရေးနဲ့ ဆရာမလေးတို့ မင်္ဂလာပွဲကတော့ မြိမ့်မြိမ့်သဲသဲပဲ ဟော့၊ ပရိသတ်ကလည်း များမှများ ကျောင်းသစ်မှာလုပ်လိုက်တာ အံကိုက်ပဲဟော့"

ဦးကျော်သိန်းမှ အားရဝမ်းသာစွာ ပြောပြနေသလို၊ အနား ရောက်နေသော မောင်သက်ဦးမှလည်း

"ဟုတ်တယ် ဦးလေးရေ မြို့နယ်တာဝန်ရှိ လူကြီးတွေရော၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေကလည်းစုံ၊ နောက်ပြီး ဆရာမလေး ခင်သဲရဲ့ ပညာရေးဌာနက ဆရာမလေးတွေကလည်း လာရောက်အားပေးကြတော့ ဒီမင်္ဂလာဆောင်မျိုး ကျွန်တော်တို့ရွာမှာ ရှားမှရှားပဲ၊ အရပ်ကိုတင်မိန့်တို့အဖွဲ့ ထမင်းတွေထပ်ချက်ရိုးရော။ ပေါင်းဖို့ရော စီစဉ်နေရပြီ ဦးလေး"

"အေးကွာ ဒါလည်း သူတို့နှစ်ယောက်က လူချစ်လူခင်ပေါတဲ့ သူတွေ မဟုတ်လား၊ ဒီ့တစ်ရွာလုံးကဆို သူတို့နှစ်ယောက်အပေါ် သံယောဇဉ်ရှိကြတာ၊ ရွှေစာရေးကလည်း ရွာပေါ်ရပ်ပေါ်မှာ ဘယ်တုန်းကများ သူရှောင်ငါတဲ့အလုပ်ရှိခဲ့ဘူးလို့တုန်း"

"ဟုတ်တယ် ဦးလေးရေ၊ တစ်ရွာလုံး မီးခိုးတိတ်စားကြသောက်ကြ လက်ဖွဲ့ကြနဲ့၊ တကယ့်အားရစရာကြီးပဲ"



"ဒါနဲ့မောင်သက်ဦး မကြာခင် မင်္ဂလာအစီအစဉ် စလိုက်ကြရအောင်၊ ဧည့်သည်တွေလည်း စုံသလောက်ရှိပြီ၊ သူတို့လည်း လိုက်နှုတ်ဆက်နေတာရပ်ပြီး ပြင်ဆင်နိုင်းလိုက်တော့ဟေ့"

"ဟုတ်ကဲ့ ဦးလေး ကျွန်တော်ပြောလိုက်ပါမယ်၊ ဦးလေး လိုအပ်ရင် ကျွန်တော့်ကိုခေါ်လိုက်၊ အဖွဲ့တွေအားလုံး အရံသင့်ပဲ"

ရွှေစာရေးတို့ မင်္ဂလာပွဲကား မူလတန်းကျောင်းသစ် တစ်ခုလုံး မင်္ဂလာပွဲလာသူတွေပြည့်နေသည်။ အကျွေးအမွေးကတော့ တောသဘာဝ အတိုင်း ၁၂ မျိုး ဟင်းချိုနှင့်၊ ငါးပိဆီချက်နှင့် ဝက်သားဟင်းကျွေး သည်။ စားသူတွေကလည်း အားရပါးရရှိကြသလို၊ အလှူကြီးတစ်လှူလို ဖြစ်နေသည်။ ဝက်သားကိုလည်း မောင်သက်ဦးတို့ မွေးမြူရေးခြံမှ တာဝန်ယူစီစဉ်ပေးသည်။ သတို့သား ရွှေစာရေးနှင့် သတို့သမီးခင်သဲတို့ကား ပျော်တပြုံးပြုံး၊ တစ်ရွာလုံးက ရွာသူရွာသားတွေကလည်း တရုန်းရုန်းဖြစ်နေကြသည်။

"ဟော့ ရွှေစာရေး မင်းတို့ပြင်ဆင်ပြီးရင်၊ မင်္ဂလာတိသိတ် ခြောက်ဖို့ အချိန်နီးပြီ၊ အစီအစဉ်စတော့မယ်"

အနားရောက်လာသူ ရွှေစာရေးတို့မင်္ဂလာစုံတွဲကို ဦးကျော်သိန်းမှ ပြောနေသည်။ ရွှေစာရေးမှ ပရိတ်သတ်အတွင်း မျက်လုံးကစား၍ ဟိုဒီကြည့်ရင်း

"နေပါဦး ဦးလေးရ ဒါနဲ့ မင်္ဂလာစကားပြောမဲ့ ဘကြီးဒိုးမောင် တစ်ယောက် တစ်မနက်လုံးမမြင်မိပါလား၊ ဘယ်သူပြောမှာလဲ ဦးလေး"

ဟုပြောသလို ခင်သဲမှလည်း မျက်လုံးအဝိုင်းသားနှင့်

"ဟုတ်တယ် ဦးလေး ခင်သဲလည်း ဧည့်ခံရင်း သတိထား ကြည့်မိတယ်၊ လူလည်းမတွေ့၊ အသံလည်း မကြားမိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ စိတ်ပူမနေကြနဲ့ အချိန်ကျရောက်လာမှာပါ၊ ကဲ… ပြင်ဆင်ပြီးရင် အသင့်လုပ်ထား"

"ဟုတ်ကဲ့ ဦးလေး" ရွှေစာရေးတို့မင်္ဂလာစုံတွဲ ဦးကျော်သိန်း အပါးမှ ထွက်သွားသလို ဦးကျော်သိန်းလည်း တစ်ချက်ပြုံးလိုက်မိ သည်။ ထို့နောက် အသံချဲ့စက်နားသွားကာ အစီအစဉ်တွေပြောနေသည်။ မကြာပါချေ၊ အသံချဲ့စက်မှတစ်ဆင့် ထွက်ပေါ်လာသော ဦးကျော်သိန်း အသံကို ကြားလိုက်ရသည်။

"မင်္ဂလာပွဲကို လာရောက်ချီးမြှင့်ကြတဲ့ ဧည့်ပရိသတ်ကြီး ခင်ဗျား အခုအချိန်ကစပြီး ကျွန်တော့် ရွာရဲ့အားထားရတဲ့ လူငယ်တစ်ဦးလည်းဖြစ်၊ ရပ်ရွာအရေးတာဝန်ထမ်းဆောင်နေတဲ့ မောင်ရွှေစာရေးနဲ့ ဆရာမလေး မခင်သဲတို့ မင်္ဂလာလက်ထပ်ခန်းစပါတော့မယ်၊ မင်္ဂလာမောင်နှံမှ နေရာယူ ပေးပြီး မင်္ဂလာစကားမြွက်ကြားမဲ့ ဦးဒိုးမောင် အချိန်မီ ရောက်လာသင့်ပါပြီ ခင်ဗျား" ဟုပြောလိုက်စဉ်၊ သတို့သား ရွှေစာရေးကို တက်ပုနှင့် မောင်သက်ဦး ခြံရံလျက်၄င်း၊ သတို့သမီးမခင်သဲကို မှုမှုသိန်းနှင့် ခင်သန်းဝင်းတို့ကတွဲ၍၄င်း မင်္ဂလာစင်မြင့်သို့လာနေကြသည်။ မင်္ဂလာ ဧည့်ခံပွဲတွင် ရောက်ရှိနေသူများမှ မတိုင်ပင်ရဘဲ ရှုက်ခုပ်တွေတီး၊ လက်ခေါက်တွေမှုတ်လိုက်ကြရာ ကျောင်းဆောင်သစ် တစ်ခုလုံး ဟိန်း ထွက်နေတော့သည်။ ထိုစဉ် ဦးဒိုးမောင်လည်း ပြုံးပြုံးကြီး စင်မြင့်ပေါ်သို့ တက်လာပြီး မင်္ဂလာအစီအစဉ်တွေ ဆောင်ရွက်ပေးနေတော့သည်။ ရွှေစာရေးနှင့် ခင်သဲလည်း တစ်မနက်လုံး မတွေ့ရသည့် ဦးဒိုးမောင်ကို တွေ့လိုက်သဖြင့် ဝမ်းသာအားတက်နေသည်။ သူတို့ နှစ်ယောက်စလုံး ဦးဒိုးမောင်ကို အားကိုးကြသည်မဟုတ်ပါလား။

"ကဲ အခုချိန်ကစပြီး သတို့သားမောင်ရွှေစာရေးနဲ့ သတို့သမီး မခင်သဲတို့ အကြင်လင်မယားတွေ ဖြစ်သွားကြသလို၊ ရာသက်ပန်မြေ



ကျ ပေါင်းသင်းနိုင်ပါစေလို့ ဆုတောင်းပေးကြပါ။ သူတို့ကလည်း တစ်သက်လုံးရိုးမြေကျပေါင်းသင်းမဲ့ မြေချစ်သူစုံတွဲပါ"

ဦးဒိုးမောင်စကားကြောင့် တီးတိုးသံတွေထွက်လာသလို တချို့ ကလည်း မြေချစ်သူစကားကို သဘောမပေါက်ကြပေ။ ဦးဒိုးမောင်မှ သူ့စကားကိုပြန်ဆက်လိုက်သည်။

"ဒီလိုပါခင်ဗျား သူတို့မင်္ဂလာမောင်နှံကို မြေချစ်သူလို့ပြောရ တာ အကြောင်းရှိပါတယ်၊ ကိုယ့်အရပ် ကိုယ့်မြေ၊ ကိုယ့်ရွာကိုင်တွယ် ပြီး၊ ဒီရွာရဲ့ကောင်းကျိုးမှန်သမျှ အစက်အခဲအမျိုးမျိုးကြားက ကြိုးစား ဆောင်ရွက်ခဲ့သူတွေထဲမှာ စိတ်တူကိုယ်တူ နှစ်ဦးစလုံးဖြစ်ကြလို့ မြေချစ်သူ တွေလို့ပြောလိုက်တာပါ မှန်ပါတယ်နော်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ မှန်တယ်" အသံများနှင့်အတူ လက်ခေါက်မှုတ်သံတွေ ပေါ်လာပြန်သည်။ ထိုစဉ် ဦးဒိုးမောင်မှ လက်ကာ ပြလိုက်ရင်း

"ဒါကြောင့်လည်း ရွာကိုချစ်ကြတဲ့သူနှစ်ယောက် ဖူးစာဆုံတာ အားလုံးကဝမ်းသာကြပြီ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဝမ်းသာပါတယ်" ပျော်ရွှင်စွာ ဝိုင်းပြောကြ သလို ရွှေစာရေးတို့ ခင်သဲတို့လည်း တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး ပြုံးနေကြသည်။

"ကဲ… အဲဒီလိုထပ်မံပြီး အံ့ဩဝမ်းသာရအောင် နောက်ထပ် မြေချစ်သူ စုံတွဲတစ်တွဲကို ဒီမင်္ဂလာပွဲမှာပဲ လက်ထပ်ပေးပါရစေ၊ အဲဒါကတော့"

ပြောရင်း ဦးဒိုးမောင် အချက်ပြလိုက်ရာ မင်္ဂလာစင်မြင့်ပေါ်သို့ စင်မြင့်အောက်မှတစ်ဆင့် လှမွန်နှင့် ရွှေလိပ်ပြာတို့ထွက်လာရာ၊ အားလုံးက အံ့အားသင့်နေပြီးမှ ရုတ်တရက်လက်ခုပ်တီးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သူတို့နှစ်ယောက်ကလည်း တစ်ရွာလုံးက မင်္ဂလာလက်ထပ်ပွဲဆင်နွှဲစေဖို့ ဆန္ဒရှိနေတဲ့ စုံတွဲပါ၊ ဒီအစီအစဉ်ကို ကျွန်တော်တို့ကိုကျော်သိန်းတို့ တိုင်ပင်ပြီး အားလုံးကိုအသိမပေးဘဲ အံ့ဩဝမ်းသာသွားအောင် ဆောင်ရွက်ပေးလိုက်တာပါ၊ ကျွန်တော်တို့ ရွာသူရွာသားအားလုံး ကျေနပ်ကြလိမ့်မယ်လို့ ထင်ပါတယ်"

"ကျေနပ်ပါတယ်" "လက်ထပ်ပေးပါ" "ဒါမှ ရွာဝုဏ်ရှိမှာ" စသည့်အသံများထွက်လာသလို တက်ဝုဝု မင်္ဂလာစင်မြင့်ပေါ်ကနေ

"ဘကြီး ရွှေစာရေးတို့ မင်္ဂလာစုံတွဲကို မြေချစ်သူတို့ ပြောတာတော့ ဟုတ်ပါပြီ၊ လှမွန်တို့ ရွှေလိပ်ပြာတို့ကို မြေချစ်သူလို့ပြောတာတတက်ပု စကားကြောင့် ဦးဒိုးမောင် ပြုံးပြုံးကြီးလုပ်လိုက်ရင်း

"တက်ဝုရာ ခင်းမှာလည်း တောသားလည်းဖြစ်သေး၊ ဗိုက်မှာလည်း ချက်ကြိုးနဲ့ပါလားဆိုသလို ဖြစ်နေပြန်ပါပြီ၊ လှမွန်ရော ရွှေလိပ်ပြာရော ကိုယ့်အရပ်၊ ကိုယ့်မြေချစ်ကြလို့ ရွာတောင်ပြန်ရောက်နေပြီပဲကွာ၊ သူတို့လည်း မြေချစ်သူတွေပေါ့၊ မင်းသူငယ်ချင်းလှမွန်ဆို နိုင်ငံခြားကတောင် ပြန်လာသေးတာ၊ မဟုတ်ဘူးလားကွ"

ဦးဒိုးမောင်စကားကြောင့် အားလုံးသဘောပေါက်ကြသလို၊ အားရဝမ်းသာဖြစ်နေကြသည်။ ဦးဒိုးမောင်မှ လှမွန်နှင့် ရွှေလိပ်ပြာတို့အတွက် မင်္ဂလာအစီအစဉ်တွေလုပ်ပေးနေသလို ရွာသူရွာသားများလည်း ဦးဒိုးမောင်အစီအစဉ်ကို သဘောကျနေသည်။

"ကဲ… မြေချစ်သူတို့ မင်္ဂလာပွဲကြီးတော့ အောင်မြင်သွားပါပြီ၊ တစ်ခုအသိပေး ဖိတ်ကြားချင်တာကတော့ ဒီနေ့ မင်္ဂလာနှစ်ပွဲဆိုတော့ သုံးမင်္ဂလာဖြစ်သွားအောင် စီစဉ်ထားပါတယ်၊ အဲဒါကြောင့် ညနေ

BURMESE CLASSIC .com



၃ နာရီမှာ ဆရာတော့်ကျောင်းမှာ ကျင်းပပြုလုပ်မယ့် သူတို့ မင်္ဂလာမောင်နှံများရဲ့ မင်္ဂလာဦးအလှူတွေဖြစ်တဲ့ ပန်းတောရွာ ဘုန်းကြီးကျောင်းတိုက်ကြီး ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေ၊ ကျေးရွာမူလတန်းကျောင်းအတွက် အလှူငွေ၊ နောက်ပြီး ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ် လှူဒါန်းပွဲကို တက်ရောက်ချီးမြှင့်ရင်း မကာသနမဖက်ဘဲ အခုလို မင်္ဂလာပွဲ ဆင်နွှဲလို့ သက်သာသွားတဲ့ ကုန်ကျမယ့်ငွေတချို့ရဲ့ အများအကျိုးအတွက် တာသွားပုံ၊ အထောက်အပံ့ဖြစ်ပုံတွေမျက်မြင်ကြည်နူးပီတိဖြင့် သာဓုခေါ်နိုင်ရန် မပျက်မကွက် တက်ရောက်ကြပါဦးလို့ အားလုံးကိုယ်စား ဖိတ်ကြားပါတယ် ခင်ဗျာ"

ဦးဒိုးမောင်စကားဆုံးတော့ ကြားရသူအပေါင်းအားလုံး သဘောကျသွားကြသလို မင်္ဂလာမောင်နှံများကိုလည်း ဝိုင်းဝန်းချီးမွမ်း ဂုဏ်ပြုနေကြလေ၏။ ထိုစဉ် ဦးဒိုးမောင်အနားကို လူပျိုကြီးကိုလှဝင်းတစ်ယောက် ခပ်သွက်သွက်ရောက်လာပြီး

"ဘကြီး အခုမင်္ဂလာပွဲကို ရောက်နေကြတဲ့ မြို့က လူကြီးမင်းများနဲ့ ဧည့်သည်တွေက ကျွန်တော်တို့ ပန်းတောရွာ ဒိုးအဖွဲ့ကို အခုဧည့်ခံပေးဖို့ တောင်းဆိုနေပါတယ်။ အဲဒါ ကျွန်တော်တို့ ဘယ်လိုစီစဉ်ရမလဲ ဘကြီး" ဟု ခပ်တိုးတိုး ပြောလိုက်လျှင်

"ဟော… ဟုတ်လား၊ ဒါနဲ့ မင်းတို့ ညနေ အလှူငွေပေးအပ်ပွဲမှာ ဧည့်ခံဖို့ အဆင်သင့်ပြင်ထားတယ် မဟုတ်လား၊ အဲဒီတော့ ဒီလိုလုပ်ကွာ မင်းအဖွဲ့တွေ ခပ်မြန်မြန်စုလိုက် ဘကြီး အစီအစဉ်ကြေညာပေးလိုက်မယ်" ဟု ပြောလိုက်လျှင် ကိုလှဝင်းကလည်း ခပ်သုတ်သုတ်ထွက်သွားသည်။ ဦးဒိုးမောင်လည်း မင်္ဂလာပွဲတွင် စကားပြောဆိုစားသောက်နေကြသော ပရိသတ်ကိုကြည့်ရင်း အသံချဲ့စက်မှ ကြက်စမ်းလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပွဲလာ ပရိသတ်ကြီးခင်ဗျား၊ မြို့ကလူကြီးမင်းများ၊ ဧည့်သည်များ တောင်းဆိုချက်အရ ကျွန်တော်တို့ ပန်းတောရွာ ဇာတ်ဆောင်၊ တစ်နည်းအားဖြင့် ကျွန်တော်တို့မြို့နယ်၊ ခရိုင်၊ တိုင်းရဲ့ ဇာတ်ဆောင်ဖြစ်တဲ့ ဆိုကရေးတီးပြိုင်ပွဲကြီးမှာ ဆုတံဆိပ်တွေ အကြိမ်ကြိမ် ရခဲ့တဲ့ ရွှေတံဆိပ်ဆုရ ပန်းတောရွာဒိုးအဖွဲ့က အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ဧည့်ခံဖျော်ဖြေပေးမယ့်အကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား"

ဦးဒိုးဆောင်စကားဆုံးတော့ လက်ခုပ်သံများ၊ လက်ခေါက်သံများ ညံထွက်လာသလို၊ မရေးမနှောင်းမှာပင် ကိုလှဝင်း၊ ကိုပြောက်ကျားတို့ ဦးဆောင်သည့် ပန်းတောရွာဒိုးအဖွဲ့ စင်မြင့်ပေါ်တက်ရောက်လာပြီး ဆုရစဉ်တယဟုဉ်ပြိုင်ခဲ့သည့် အစီအစဉ်တွေ တင်ဆက်နေလေတော့၏။ ဧည့်ပရိသတ်များကလည်း သဘောကျနှစ်သက်စွာ အားပေးနေကြလေ၏။ ရွှေစာရေး၊ လှမွန်တို့ စုံတွဲတွေကလည်း ပရိသတ်များ လိုက်လံနှုတ်ဆက်ရင်း အားပေးနေလေ၏။

အားလုံးအစီအစဉ်များ ပြီးဆုံးသည့်အခါ ဒိုးပတ်ဝိုင်းအဖွဲ့ကို လှမွန်တို့၊ ရွှေစာရေးတို့က ဆုငွေတွေချီးမြှင့်ပေးကြ၏။ မင်္ဂလာပွဲလာသူ အားလုံးကလည်း လက်ခုပ်တီးအားပေးလျှက်။ ထိုစဉ် လှမွန်က-

"ကိုလှဝင်းတို့ ကိုပြောက်တို့အဖွဲ့တွေ ကောင်းတယ်ဗျာ၊ နိုင်ငံတော်အဆင့် ဆုရခဲ့တယ်ဆိုတာ ကျွန်တော် အခုမှသိရတာယ်ဗျာ၊ ကျွန်တော်တို့ ကခဲ့ ပါဝင်ခဲ့တုန်းကလို ရွာက သာမန်ဒိုးပတ်ဝိုင်းပဲ ထင်နေတာဗျ"

ဟု ပြောလိုက်လျှင် ကိုပြောက်ကျားမှာ ဦးရွှေရိုးကနေသည့် ထီးကို တစ်ချက်ခွေလိုက်ရင်း

"မောင်လှမွန်ရာ၊ တို့ ဒိုးပတ်ဝိုင်းလည်း ရွာက သာမန်ဝိုင်း မဟုတ်တော့သလို တို့ပန်းတောရွာအပါအဝင် တစ်နယ်လုံးမှာလည်း



ရွှေရုန့် သင်းနေကြပြီကွ" ဟု ပြောလိုက်ရာ လှမွန် အံ့ဩဟန်နှင့် "ခင်ဗျာ" ဟု ပြောလိုက်ရာ ကိုလှဝင်းမှဝင်၍

"မချာနဲ့မောင် ကိုပြောက်ကျားပြောတာမှန်တယ်၊ တို့တစ်နယ်လုံးကို အကဲခတ်လေ့လာကြည့်ဦးလေကွာ၊ နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံက ပံ့ပိုးကူညီမှုနှင့်အတူ အရင်က တစ်သီးစားကနေ အခု နှစ်သီးပေါ သုံးသီးစားတောင် ဖြစ်လာပြီလေကွာ၊ မိုးစပါး၊ နွေစပါး၊ ပဲ၊ ပြောင်း၊ နေကြာပန်း၊ နှမ်းတွေ ရာသီအလိုက် မပြတ်စိုက်နေကြသလို၊ ဂေါ်ဖီ၊ မုန်လာ၊ ဆလပ်၊ သခွါး၊ ရုံးပတီကစပြီး ဟင်းသီးဟင်းရွက်ခြံတွေကလည်း လှုတိုင်းစိုက်နေကြပြီလေ။ နွေရေ၊ မိုးရေ မပြတ်ရှိနေတဲ့ တို့နယ် တို့ရွာတွေမှာ အမှန်တကယ်ကို မြေကြီး ရွှေသီးနေပြီကွ၊ ငွေဖြစ်နေပြီကွ၊ အဲဒါကြောင့် တို့ပန်းတောမြေ ရွှေရုန့်သင်းနေပြီလို့ တို့တစ်တွေပြောနေတာပေါ့ မဟုတ်ဘူးလား မောင်ရဲ့"

ဟု ဝင်ရောက် ရှင်းလင်းပြောပြလိုက်လျှင် လှမွန်လည်း ကိုလှဝင်း စကားကို သဘောပေါက်သွားကာ ဝမ်းသာအားရဖြင့် "ဟာ… ကိုလှဝင်း ပြောတာ ဟုတ်တယ်ဗျား ကျွန်တော် မြင်တွေ့ ကြည့်တတ်ရင် ကျွန်တော်တို့မြေ ရွှေရုန့်သင်းနေပြီပေါ့နော်" ဟု ပြောလိုက်သည်။

ရွှေစာရေးမှ အားလုံးကို ပြုံးရွှင်စွာကြည့်ရင်း

"ဒါတင်ဘယ်ဟုတ်မှာလည်း လှမွန်ရ၊ ပန်းတောမြေ ရွှေရုန့်သင်းတဲ့အပြင်၊ ယောဒိကာ မင်းတို့ ငါတို့ ပါဝင်တီးမှုတ်ကပြခဲ့တဲ့ ပန်းတောဒိုးသံဟာလည်း နိုင်ငံတော်ရဲ့ မြန်မာ့ရိုးရာအမွေ ထိန်းသိမ်း ဖော်ထုတ်မှုနှင့်အတူ စင်ပေါ်ရောက်ချီးမြှင့်ခံခဲ့ရလို့ တီဗီဖန်သားက တစ်ဆင့် မိုးကိုလျှံထွက်လာတာလည်း မြင်ကြည့်ဦးကွာ၊ ပန်းတောဒိုး မိုးသို့လျှံပြီး ပြောလို့ရသလို တို့လယ်ကွင်းထဒိုး မိုးသို့လျှံပြီလို့ ပြောလို့ရပြီကွ" ဟု ဇာတ်သိမ်းသွား

www.burmeseclassic.com

www.burmeseclassic.com



ပြောနေလျှင် အားလုံး အားရရွှင်မြူးစွာဖြင့် "ရွှေစာရေးပြောတာ မှန်တယ်၊ ဟုတ်တယ်" အသံများ တစ်ပြိုင် တည်း ပေါ်ထွက်လာသလို ဒိုးအဖွဲ့ ခေါင်းဆောင် ကိုလှဝင်းမှလည်း

"ကဲ... ကိုပြောက်နဲ့အဖွဲ့သားတို့ရေ... ပန်းတောမြေ ရွှေရုံ့ သင်းပါလို့ လယ်ကွင်းကနိုး မိုးသို့လျှံအောင် တိုးလို့ တစ်ဖန်တီးလိုက်ကြစို့ဟေ့" ဟု အသံနေအသံထားဖြင့် တိုင်လိုက်ရာ အားလုံးအဖွဲ့သား များက တညီတညာတည်းဖြင့်

"ဟေးလားဟေ့ ခေါင်တို့ ဝါး" တစ်ညီတစ်ညာတည်း သံပြိုင် လိုက်ရင်း ဦးရွှေရိုးအကာမြိုင်မြိုင်ဖြင့် ထွက်ပေါ်လာသည့် ဒိုးပတ်သံမှာ တကယ်ပင် မိုးသို့လျှံတက်နေလေတော့၏။

BURMESE CLASSIC .com

*****

www.burmeseclassic.com